www.burmeseclassic.com

တက္ကသိုလ်

# ရှေဂပင်းဝံ့ဒေါင်

တ ကု ဟု န် ဇာ ဝ မ်း ကျ န့် စ န်း ယီ

ခေါင်းလောင်းသံ နှင့် သွေးနီမိတ်

စာစဥ်(၃)



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# ခေါင်းလောင်းသံနှင့်သွေးနိမိတ်

(စာစဉ်-၃)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၂၅၀
တန်ဖိုး ၁၀၀/–ကျပ်

**ထုတ်ဝေသူ**
ဒေါ်ခင်မာရီ၊ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅– လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



# စာစဉ်(၃)

ထိပ်တန်းစားသောက်ဆိုင် . . . ။

ထိုစားသောက်ဆိုင်သည် ရန်ချုံးမြို့၏ စည်ကားသော လမ်းမကြီးပေါ်တွင်ရှိသည်။

အမည်နှင့်လိုက်ဖက်အောင်ပင် ထိပ်တန်းကျသော စားသောက်ဆိုင်ဖြစ်သည်။

ဤမြို့ရှိ စားသောက်ဆိုင်အားလုံး ထိုဆိုင်ကိုမီသောဆိုင် လုံးဝမရှိပါ။

အပြင်အဆင် အမွှမ်းအမံကောင်းသောကြောင့်ပင်လော။

မဟုတ်ပါ။

ထိုစားသောက်ဆိုင်၏ အပြင်အဆင်အမွှမ်းအမံသည် စည်သည့်စားသောက်ဆိုင်မှ လိုက်မမီအောင် ညံ့ဖျင်းလွန်းသည့်ဘက်၌ ထိပ်တန်းကျနေသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမျှမကသေးပါ. . . .။

ထိုပြင် ဤစားသောက်ဆိုင်မှ စားသောက်ဖွယ်ရာများသည် မည်သည့်စားသောက်ဆိုင်မျှ လိုက်၍မမီအောင် ညံ့လွန်းသည့်ဘက်၌ ထိပ်ဆုံးနေရာယူထားသည်။

ထိုဆိုင်မှရောင်းသော နှစ်မျိုးအရက်သည် တစ်ခါတစ်ရံရေသောက်ရသည်ဟု ထင်မှတ်မှားအောင်ပင် ညံ့သည့်နေရာတွင် နံပါတ်တစ်ဖြစ်၏။

ဤသို့ ညံ့လွန်းသောဘက်၌ ထိပ်တန်းကျလှသဖြင့် ဆိုင်၏အမည်နှင့် အင်မတန်မှပင် လိုက်လျောညီထွေရှိပေသည်။

ဤမြို့ရှိ မည်သည့်စားသောက်ဆိုင်မျှ လိုက်၍မမီအောင် ညံ့သည့်ဘက်၌လည်း ထိပ်ဆုံးမှ နေရာယူထားပေသည်။

သို့သော် စားသောက်ဖွယ် ဈေးနှုန်းမှာ ဤမြို့ရှိ မည်သည့်စားသောက်ဆိုင်မှ လိုက်မမီအောင်ပင် ဈေးပေါပေသည်။

ထို့ကြောင့် ဤ'ထိပ်တန်း'စားသောက်ဆိုင်သည် ဈေးနှုန်းချိုသာသည့်ဘက်၌ ပထမဂဏန်း ထိပ်တန်းမှပင် ဖြစ်ပါသည်။

သို့ဖြစ်၍လည်း ညံ့တာကိုမှ ကြိုက်ပါသည်ဆိုသော လူများဖြင့် စည်ကားနေလေတော့သည်။

* * *



ရှန်းချူးမြို့၏ လူအစည်ကားဆုံးသော အချိန်သည် ညနေစောင်းအချိန် ဖြစ်သည်။

ထိပ်တန်းစားသောက်ဆိုင်၏ လူအစည်ကားဆုံးအချိန်သည် ညစာစားချိန် ဖြစ်ပါသည်။

ယခု ညစာစားချိန်နီးပြီဖြစ်၍ ထိပ်တန်းစားသောက်ဆိုင်စည်ကားစပြုလာပြီ ဖြစ်ပါသည်။

စားသောက်ဆိုင်ထဲ၌ စားပွဲလွတ်အနည်းငယ်သာ ကျန်နေလေသည်။

ထိုအချိန်တွင် စားသောက်ဆိုင်ထဲသို့ လူရွယ်တစ်ယောက် ဝင်ရောက်လာလေသည်။

ထိုလူရွယ်၏မျက်နှာသည် ပင်ပန်းနွမ်းနယ်ဟန်ရှိပြီး သူ၏ခန္ဓာကိုယ်ပေါ်ရှိ အဝတ်အစားများတွင် ဖုန်မှုန့်များ လိမ်းကျံလျက်ရှိသောကြောင့် ခရီးဝေးနှင်လာဟန် ပေါ်လွင်နေပေသည်။

ထိုလူရွယ်မှာ ချီယင်းဝေပင် ဖြစ်ပါသည်။

ချီယင်းဝေသည် စားသောက်ဆိုင်ထဲသို့ ဝင်ရောက်လာသော လွတ်နေသော စားပွဲ၌ ဝင်ရောက်ထိုင်ပြီး မိမိ၏အနီးသို့ရောက်လာသော ဆိုင်လုလင်ကို စားသောက်ဖွယ်ရာများ မှာကြားလိုက်လေသည်။

ထို့နောက် သူသည် စားသောက်ဆိုင်ကို တစ်ချက်ဝေ့ကြည့်ကာ အကဲခတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် စားသောက်ဆိုင်ထဲသို့ လူတစ်ယောက် ဝင်လာလေသည်။

ထိုလူ၏ ဟန်ပန်မှာ မာနကြီးပြီး သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း သိသာပေသည်။

ထိုလူ၏ရုပ်ရည်မှာ ရွက်ကြမ်းရေကျိုမျှဖြစ်သော်လည်း ခန့်ညားသောအသွင် ဆောင်နေပေသည်။

ထိုလူ၏အသက်မှာ သုံးဆယ့်ခြောက်နှစ်ခန့်ရှိပြီ ဖြစ်သော်လည်း အမြဲတမ်း သန့်ရှင်းသပ်ရပ်သော အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားသဖြင့် အသက်သုံးဆယ်ခန့်ဟု ထင်မှတ်ရပေသည်။

ချိုယင်းဝေသည် ထိုလူကို မြင်တွေ့လိုက်သည်နှင့် မိမိ၏ဦးခေါင်းကိုငုံ့ကာ မမြင်ဟန်ဆောင်လိုက်လေသည်။

စားသောက်ဆိုင်ထဲသို့ ဝင်လာသောလူမှာ ရှယုထင်းဖြစ်ပါသည်။

သူသည် သိုင်းလောက၌ နာမည်ကျော်ကြားသော သိုင်း သမားတစ်ယောက်ဖြစ်ပြီး သိုင်းလောကသားများက သူ့ကို အစ် ကိုကြီးရှဟု ခေါ်လေ့ရှိကြသည်။

သို့သော် သူ့တွင် အပေါင်းအသင်း များများစားစား မရှိချေ။

အကြောင်းမှာ သူသည် မာနကြီးသလောက် သဘော



ထား အလွန်သေးသောကြောင့် ဖြစ်ပါသည်။

ချိုယင်းဝေနှင့် ရှယုထင်းတို့သည် သိရုံမျှသာ သိကြပြီး အကျွမ်းတဝင်မရှိလှပေ။

အဘယ်ကြောင့်ဆိုသော် ချိုယင်းဝေသည် ရှယုထင်းနှင့် အပေါင်းအသင်းလုပ်ရန် စိတ်မကူးသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ချိုယင်းဝေသည် ရှယုထင်းဝင်လာသည်ကို မြင်တွေ့သည်နှင့် ဦးခေါင်းကိုငုံ့ကာ မမြင်ချင်ဟန်ဆောင်နေခြင်း ဖြစ်ပါသည်။

သို့သော် ရှယုထင်းက ချိုယင်းဝေကိုမြင်တွေ့သွားပြီး ပြုံးရွှင်သော မျက်နှာဖြင့် ချိုယင်းဝေရှိရာစားပွဲသို့ တန်းတန်းမတ်မတ် လျှောက်လာလေတော့သည်။

ထို့နောက် သူသည် ချိုယင်းဝေ၏စားပွဲ၌ ဝင်ထိုင်လိုက်ပြီး ချိုယင်းဝေအား ပြုံး၍နှုတ်ဆက်ကာ. . .

"ဘယ်လေတိုက်လို့ ဒီဘက်ရောက်လာတာလဲ"

ချိုယင်းဝေကပြုံး၍ ပြန်လည်နှုတ်ဆက်လိုက်ပြီး. . .

"ကိစ္စလေးတစ်ခုကြောင့် ရောက်လာတာပါ"

ရှယုထင်းက မိမိအနီးသို့ရောက်လာသော ဆိုင်လုလင်အား စားသောက်ဖွယ်ရာများ မှာကြားပြီး ချိုယင်းဝေအား တစ်ချက်ကြည့်ကာ. . .

"ဘာကိစ္စနဲ့ လာတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု စပ်စုလိုက်လေသည်။

ချီယင်းဝေက. . .

"စူးခုံးယက်ကို လာရှာတာပါ"

ထိုစဉ် ဆိုင်လုလင်တစ်ဦးသည် ချီယင်းဝေ မှာယူထားသောစားသောက်ဆိုင်ဖွယ်ရာများကို လာရောက်ချပေးလိုက်လေသည်။

ဆိုင်လုလင် ပြန်လည်ထွက်ခွာသွားပြီးနောက် ရှယုထင်းက ချီယင်းဝေကိုကြည့်ကာ. . .

"ခင်ဗျားနဲ့သူနဲ့ ရန်ငြိုးရှိလို့လား"

ချီယင်းဝေက ခေါင်းကို ခါယမ်းပြသည်။

"မရှိပါဘူး"

"ရန်ငြိုးရန်စ မရှိဘဲနဲ့ ခင်ဗျားက ဘာလို့လိုက်ရှာရတာလဲ"

ချီယင်းဝေက ပြုံးလိုက်ပြီး. . .

"ရန်ငြိုးရန်စရှိမှပဲ လိုက်ရှာရတော့မှာလား"

ရှယုထင်း ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"မဟုတ်သေးဘူးလေ၊ လူတစ်ယောက်ကို ဘယ်သူက အကြောင်းမဲ့လိုက်ရှာမှာလဲ၊ အကြောင်းတစ်ခုခုတော့ ရှိမှာပေါ့"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"သူ့ဆီမှာ သိုင်းပညာသင်ချင်လို့ပါ"



ရှယုထင်းက ရုတ်တရက် ရယ်မောလိုက်ပြီး. . .

"လက်စသတ်တော့ ခင်ဗျားက ရယ်စရာပြောနေတာကိုး"

"တကယ်ပြောတာပါ၊ ကျွန်တော် သူ့ဆီမှာ သိုင်းပညာသင်ချင်လို့ လိုက်ရှာနေတာပါ"

ရှယုထင်းကပြုံး၍. . .

"ထားလိုက်ပါတော့၊ ဒါနဲ့ စူးခုံးယက်က သိုင်းပညာသိပ်တော်လို့လား"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"သူ့ရဲ့သိုင်းပညာကို ကျွန်တော် မကြောက်ပါဘူး"

"ဒါဆိုရင် အကြောင်းတစ်ခုတော့ ရှိရမယ်၊ ဘာဖြစ်လို့ ဒီလောက်တောင် ယှဉ်ပြိုင်ချင်နေရတာလဲ"

ချီယင်းဝေက. . .

"သူ့ကိုယှဉ်ပြိုင်ချင်တာက သူ့မှာ ထူးခြားချက်တစ်ချက်ရှိနေလို့ပဲ"

"သူ့သိုင်းပညာက ဘာများထူးခြားချက် ရှိနေလို့လဲ"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"ရှိတာပေါ့၊ သူက သိုင်းပညာကို လူသတ်ဖို့အတွက် လေ့ကျင့်ထားတာ"

ရှယုထင်းက ဦးခေါင်းကို တစ်ချက်ခါယမ်းလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောတာ ကျုပ်တော့ နားမလည်နိုင်အောင် ဖြစ်နေပြီ"

ချီယင်းဝေက. . .

"ဒီလိုလေ၊ သူက လူသတ်တာကို အနုပညာတစ်မျိုးလို့ သဘောထားတယ်"

ရှယုထင်းက ဦးခေါင်းတစ်ချက်ကုတ်လိုက်ပြီး. . .

"ရှင်းလေ ရှုပ်လေဖြစ်နေပါလား"

ချီယင်းဝေက. . .

"အနုပညာသမားဟာ သူ့ရဲ့အနုပညာပြောင်မြောက်အောင် အမြဲကြိုးစားနေသလို စူးခုံးယက်ကလဲ သူ့သိုင်းပညာနဲ့ လူသတ်ဖို့ အမြဲကြိုးစားနေတယ်"

"ခင်ဗျားပြောသလိုဆိုရင် စူးခုံးယက်ဟာ လူသတ်တာ ဝါသနာပါတယ်ပေါ့"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

ထိုစဉ် ဆိုင်လုလင် နောက်ထပ်တစ်ခေါက် ရောက်လာပြီး ရှယုထင်း မှာကြားထားသော စားစရာများ လာပို့ပေးလေသည်။

ထိုဆိုင်လုလင် ထွက်ခွာသွားမှ ရှယုထင်းက. . .

"ဒါဖြင့် ခင်ဗျား သူ့ကိုစိန်ခေါ်တုန်းက မယှဉ်ပြိုင်ဘဲ ဘာလို့ထွက်ပြေးသွားတာလဲ"



ချီယင်းဝေက. . .

"ကျွန်တော် ခင်ဗျားကို ရှင်းရှင်းလေးပြောထားပြီးပြီပဲ၊ သူဟာ လူသတ်တာကို ဝါသနာပါတာ၊ သိုင်းပညာယှဉ်ပြိုင်ချင်တာ မဟုတ်ဘူး"

ရှယုထင်းက. . .

"ခင်ဗျားသဘောက သူဟာ ခင်ဗျားနဲ့သိုင်းပညာ မယှဉ်ပြိုင်ဘဲ ခင်ဗျားကိုချောင်းပြီး လုပ်ကြံမယ်ဆိုတဲ့ သဘောလား"

ချီယင်းဝေက မိမိ၏ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်ပြီး. . .

"ဒါကိုတော့ ကျွန်တော်လဲ သေသေချာချာ မပြောတတ်ဘူး၊ ဒါပေမယ့် ကျွန်တော် စိန်ခေါ်တာကို သူကလက်မခံဘဲ နောက်ဆုတ်သွားပြီး နောက်မှ သူက တစ်မျိုးတစ်ဖုံကြံချင်ကြံမှာပေါ့"

"အဲဒီလိုကိစ္စ ဖြစ်နိုင်လို့လား"

"ဖြစ်မလာဘူးလို့ အစ်ကိုကြီးရှက အာမခံနိုင်မလား"

ရှယုထင်းက ပခုံးနှစ်ဘက်ကိုတွန့်၍ လက်ကာပြလိုက်ပြီး. . .

"နေပါစေ၊ အာမ မခံပါရစေနဲ့၊ ဒါနဲ့နေပါဦး၊ ကျုပ်တစ်ခုမေးပါရစေ"

"ဘာလဲ စူးခုံးယက် ဘယ်ဂိုဏ်းကလဲဆိုတာ မေးမလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ချိုယင်းဝေက. . .

"သူ ဘယ်ဂိုဏ်းကလဲဆိုတာ အတိအကျတော့ ကျွန်တော်လဲ မသိဘူး၊ သူပြောပုံအရဆိုရင် သူဟာ ဝူးစွမ်းတောင်ဝူးဘွားဘွားရဲ့တပည့်လို့ ပြောတယ်"

ချိုယင်းဝေ၏စကားကြောင့် ရှယုထင်း မျက်လုံးပြူးသွားပြီး အံ့ဩသောလေသံဖြင့်. . .

"ဘာ. . . သူက ဝူးဘွားဘွားရဲ့တပည့်တဲ့၊ ဟုတ်လား"

ချိုယင်းဝေက ဦးခေါင်းကိုညိတ်ကာ. . .

"သူပြောတာပဲလေ"

"ဝူးဘွားဘွားဟာ လူကောင်းတစ်ယောက်ပါ၊ သူ့မှာဒီလို တပည့်မျိုးရှိတာ အံ့ဩစရာပဲ"

"လောကမှာ အကောင်းနဲ့အဆိုးဆိုတာ စွန်တွဲပြီး ရှိနေကြတာပဲ၊ ဝူးဘွားဘွားဆီမှာ သူလိုတပည့်မျိုးရှိတာ ထူးဆန်းလို့လား"

ရှယုထင်းက ပြုံးလိုက်ပြီး. . .

"အင်း. . . ကျုပ်တောင် စူးခုံးယက်ဆီ သိုင်းပညာသင်ချင်လာပြီ"

ချိုယင်းဝေက သူ၏အရက်ခွက်ကို ရှယုထင်းအား မြှောက်၍ပြလိုက်ပြီး. . .



"အစ်ကိုကြီးရှကို တစ်ခုတောင်းပန်ပါရစေ"

ရှယုထင်းက မျက်ခုံးကိုပင့်ကာ. . .

"တောင်းပန်စရာ ကိစ္စရှိလို့လား"

ချိုယင်းဝေက ခေါင်းညိတ်လိုက်ပြီး. . .

"အစ်ကိုကြီးရှ. . . သူ့ကိုတွေ့တဲ့အခါ အသေမသတ်ဖို့ တောင်းပန်ပါတယ်"

"ဘာဖြစ်လို့လဲ"

ချိုယင်းဝေက ပြုံးလျက်. . .

"ကျွန်တော်ကလဲ သူ့ဆီမှာ သိုင်းပညာ မသင်လိုက်ရ ရင် ဝမ်းနည်းမိမှာစိုးလို့ပါ"

ရှယုထင်းက ချိုယင်းဝေ၏စကားကို သဘောကျဟန်ဖြင့် တဟားဟားရယ်မောလိုက်ပြီး သူ၏အရက်ခွက်ကို ချိုယင်းဝေထံ မြှောက်ပြကာ. . .

"စိတ်ချ၊ သူ့ဆီမှာ ခင်ဗျား သိုင်းပညာ သင်ရပါစေ့မယ်လို့ ကျုပ် ကတိပြုပါတယ်"

ထိုစဉ် သူတို့အနီးသို့ မိန်းကလေးတစ်ယောက် ရောက်လာပြီး. . .

"ဩော်. . . ရှင်ပေးခဲ့တဲ့ ကတိ မေ့နေပြီထင်တယ်၊ ဒီရောက်လာပြီး အေးအေးဆေးဆေး စားသောက်နေလိုက်တာ"

ဟု ရန်တွေ့လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏စကားသံကြောင့် ချိုယင်းဝေသည် ရုတ်တရက် ငေးကြောင်ကာ ဦးခေါင်းကိုမော့၍ မိန်းကလေးကို ကြည့်လိုက်လေသည်။

မိန်းကလေးသည် အသက် နှစ်ဆယ့်ငါးနှစ်ခန့်ရှိပြီး အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားလေသည်။

ချိုယင်းဝေသည် ထိုမိန်းကလေးကို မသိပါ။

ထို့ကြောင့် သူသည် အံ့အားသင့်စွာဖြင့် မိန်းကလေးကို ငေးကြောင် ကြည့်နေမိလေသည်။

ထိုစဉ် ရှယုထင်းသည် မိန်းကလေးကိုမော့၍ကြည့်လိုက်ပြီး မိန်းကလေးကို မြင်တွေ့လိုက်သည်နှင့် ပြုံး၍ပြလိုက်လေသည်။

သို့ဖြစ်၍ ချိုယင်းဝေသည် ထိုအမျိုးသမီးမှာ ရှယုထင်း၏ဇနီးဖြစ်လိမ့်မည်ဟု တွေးမိပြီး ရုတ်တရက်ထိုင်ရာမှထကာ. .

"အစ်မကြီး ထိုင်ပါခင်ဗျာ"

ဟုပြောကာ နေရာထိုင်ခင်း ပေးလိုက်လေသည်။

ပြီးမှ ချိုယင်းဝေသည် ရှယုထင်းထံ လှမ်း၍ကြည့်လိုက်ပြီး. . .

"အစ်ကိုကြီးရှကသာ အစ်မကြီးနဲ့ ချိန်းထားတယ်လို့ စောစောကပြောရင် ကျွန်တော် အခုလို လေကြောမရှည်ပါဘူးဗျာ"



ဟု ရယ်မော၍ ပြောလိုက်လေသည်။

ချိုယင်းဝေ၏ စကားကြောင့် မိန်းကလေး၏မျက်နှာသည် နီရဲ၍သွားပြီး စားပွဲတွင် ဝင်ရောက်ထိုင်လိုက်လေသည်။

ရှယုထင်းက ချိုယင်းဝေကို ပြုံးပြလိုက်ပြီး. . .

"ခင်ဗျားကတော့ လုပ်တော့မယ်၊ ကျုပ် မိတ်ဆက်ပေးတာစောင့်ပါဦးဗျာ"

ဟု ပြောလိုက်ပြီး မိန်းကလေးဘက်သို့လှည့်ကာ. . .

"သူက အခုတလော နာမည်ကြီးလာတဲ့ ငွေဓားသိုင်းသမား ချိုယင်းဝေဆိုတာပေါ့"

ဟု ချိုယင်းဝေနှင့် မိတ်ဆက်ပေးလိုက်လေသည်။

ထို့နောက် ချိုယင်းဝေကို ကြည့်လိုက်ပြီး. . .

"သူကတော့ ဝတ်ရုံနီဒေဝီရဲ့တပည့် ကျူးကုလျမ်းဆိုတာပဲ"

ထိုအခါမှ ချိုယင်းဝေသည် ရှယုထင်းနှင့် ကျူးကုလျမ်းတို့သည် ဇနီးမောင်နှံ မဟုတ်မှန်းသိရှိသွားပြီး သူသည် မျက်နှာပူသွားပြီး ကျူးကုလျမ်းကို ပြုံးပြကာ တောင်းပန်စကားပြောလိုက်လေသည်။

ရှယုထင်းက. . .

"ကဲ. . ညီမ ဘာစားမလဲ"

ဟု မေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးကုလျမ်းက ဦးခေါင်းကိုငုံ့လျက်. . .

"ရပါတယ်၊ ဘာပဲဖြစ်ဖြစ် ကြိုက်တာမှာလိုက်ပါ"

ဟု ပြောလိုက်လေသည်။

ရှယုထင်းက ဆိုင့်လုလင်တစ်ဦးအား လှမ်းခေါ်လိုက်ပြီး ကျူးကုလျမ်းအတွက် စားသောက်စရာကို လှမ်း၍မှာကြားလိုက်လေသည်။

ကျူးကုလျမ်းက ချီယင်းဝေကို တစ်ချက်လှမ်း၍ ကြည့်လိုက်ပြီး. . .

"ရှင် ဒီမြို့ကို အလည်လာတာလား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဟုတ်ကဲ့. . အလည်သက်သက်ပါပဲ"

ကျူးကုလျမ်းက မပွင့်တပွင့်လေးပြုံးကာ. . .

"ကိစ္စရှိရင် ပြောပါ၊ ကျွန်မတို့ ကူညီပါ့မယ်"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. . .

"ဟုတ်ကဲ့. . . အလည်သဘောမျိုး လာတာဆိုတော့ ကိစ္စအထူးမရှိပါဘူး၊ ကျေးဇူးတင်ပါတယ်"

ဟု ပြန်လည် ပြောလိုက်လေသည်။

ပြီးမှ သူသည် ကျူးကုလျမ်းကို တစ်ချက်စိုက်ကြည့်လိုက်ပြီး. . .

"ဒါနဲ့ ညီမလေးက ဝတ်ရုံနီဒေဝီရဲ့တပည့်ဆိုတော့ တိမ်း



ဆွေကျူးကို သိသလား"

ဟု မေးလိုက်လေသည်။

ကျူးကုလျမ်းက သူမ၏ဦးခေါင်းကို ညိတ်ပြလိုက်ရင်း

"သိပါတယ်၊ သူနဲ့ကျွန်မက ဆရာတစ်ယောက်တည်းပါ၊ ဘာလဲ ရှင်က သူနဲ့ရင်းနှီးလို့လား"

ချီယင်းဝေကို ပြန်လည် မေးခွန်းထုတ်လိုက်လေသည်။

ချီယင်းဝေက ပြုံးလိုက်ပြီး. . .

"မရင်းနှီးပါဘူး၊ သိရုံပဲရှိပါတယ်"

ဟု ပြောလိုက်လေသည်။

ကျူးကုလျမ်းသည် ချီယင်းဝေကို ပြန်လည်ကြည့်နေရာမှ တစ်စုံတစ်ရာကို သတိရဟန်ဖြင့်. . .

"အြော်. . . ရှင့်ကို ကျွန်မ တစ်ခုမေးပါရစေ"

ချီယင်းဝေက. . .

"ဟုတ်ကဲ့ မေးပါ"

ကျူးကုလျမ်းက. . .

"ရှင်က စူးခုံးယက်ကို စိန်ခေါ်တယ်လို့ကြားတယ်၊ ဟုတ်လား"

ချီယင်းဝေက ဦးခေါင်းကိုညိတ်ကာ. . .

"ဟုတ်ပါတယ်"

ကျူးကုလျမ်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် အနိုင်အရှုံး အခြေအနေ ဘယ်လိုလဲ"

ချီယင်းဝေက...

"မယှဉ်ပြိုင်ဖြစ်သွားပါဘူး"

ကျိုးကုလျှမ်းက အံ့ဩဟန်ဖြင့် မျက်ခုံးလေးပင့်ကာ

"ဘာရယ်၊ စိန်ခေါ်ပြီးမှ မပြိုင်ဖြစ်ဘူး ဟုတ်လား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ မယှဉ်ပြိုင်ဖြစ်ခဲ့ပါဘူး"

ကျိုးကုလျှမ်းက...

"ဘာဖြစ်လို့လဲ"

ချီယင်းဝေက...

"စူးခုံးယက်က ယှဉ်ပြိုင်ဖို့ကို ငြင်းလိုက်လို့ပါ"

ကျိုးကုလျှမ်းက တစ်ချက်ပြုံးလိုက်ပြီး...

"အင်း...ဒါဆို ရှင်ကသူ့ထက် သိုင်းပညာသာလို့ ဖြစ်မှာပေါ့၊ ဒါနဲ့ စကားမစပ်၊ ရှင့်ရဲ့ဆရာက ဘယ်သူပါလိမ့်"

ချီယင်းဝေက သူ၏ဦးခေါင်းကို ခါယမ်းပြကာ...

"ဝမ်းနည်းပါတယ်၊ ဒါကိုတော့ ကျွန်တော် မပြောပါရစေနဲ့"

ကျိုးကုလျှမ်းက မျက်ခုံးလေးပင့်လိုက်ရင်း...

"ဘာလဲ၊ ရှင့်ရဲ့ဆရာဆီမှာ ကျွန်မတို့ တပည့်သွားခံမှာ ကြောက်လို့လား"



ချီယင်းဝေက သိမ်မွေ့စွာ တစ်ချက်ပြုံးလိုက်ပြီး...

"ဆရာက ပြောပြခွင့် မပြုလို့ပါ"

ထိုစဉ် ကျိုးကုလျှမ်းအတွက်မှာထားသော စားသောက်ဖွယ်ရာများ ရောက်လာသဖြင့် ခေတ္တစကားပြတ်သွားလေတော့သည်။

ထို့နောက် သူတို့သည် ထမင်းဟင်းလျာများကို တိတ်ဆိတ်စွာ စားသောက်ကြလေတော့သည်။

ချီယင်းဝေသည် တိတ်ဆိတ်စွာ စားသောက်နေရာမှ ရှယုထင်းနှင့် ကျိုးကုလျှမ်းတို့ကို မကြာခဏ အကဲခတ်ကြည့်နေလေသည်။

သူတို့နှစ်ဦး၏ မျက်နှာသည် တစ်စုံတစ်ခုအား ထိမ်ချန်ထွယ်ဝှက်ထားဟန် ပေါ်လွင်နေလေသည်။

ချီယင်းဝေသည် ရှယုထင်းနှင့် ကျိုးကုလျှမ်းတို့မှုပျက်နေသည်ကို အကဲခတ်မိသဖြင့် မိမိပန်းကန်ကို လက်စသတ်လိုက်ပြီး၊ ထိုင်ရာမှထလိုက်လေသည်။

ထို့နောက် သူသည် ရှယုထင်းနှင့်ကျိုးကုလျှမ်းတို့ကို ပြုံးပြလိုက်ပြီး..

"ကိစ္စရှိလို့ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ဟု နှုတ်ဆက်လိုက်လေသည်။

ရှယုထင်းက ဦးခေါင်းကို ညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျုံးကုလျမ်းက ဦးခေါင်းကို တစ်ချက်ညိတ်၍. . .

"ကျွန်မတို့ ကံမကုန်ရင် ပြန်ဆုံကြသေးတာပေါ့"

ဟု ပြောလိုက်လေသည်။

ထို့နောက် ချီယင်းဝေသည် ရှယုထင်းနှင့် ကျုံးကုလျမ်းတို့ကို နှုတ်ဆက်ကာ စားသောက်ဆိုင်တွင်းမှ ထွက်ခွာသွားလေတော့သည်။

* * *



ချီယင်းဝေသည် အိပ်ပျော်ရန် ကြိုးစားနေသည်။

သို့သော် အတွေးလွန်နေသောကြောင့် အိပ်၍မပျော် အိပ်ရာထဲ၌ တလူးလူးတလိမ့်လိမ့် ဖြစ်နေပေသည်။

ထို့ကြောင့် သူသည် ခုတင်ပေါ်မှထလိုက်ပြီး မိမိအိပ်ခန်းမှ ပြတင်းပေါက်ကို ဖွင့်လိုက်လေသည်။

မိမိငှားရမ်းသော တည်းခိုခန်းသည် ရှန်းချူးမြို့၏ မင်းလမ်းပေါ်တွင်ရှိသောကြောင့် ချီယင်းဝေသည် ပြတင်းပေါက်မှ တဆင့် လရောင်လွှမ်းခြုံထားသော မင်းလမ်းမကြီးကို မြင်တွေ့ရလေသည်။

ထိုစဉ် မြင်းနှစ်စီးသည် မြို့တံခါးရှိရာသို့ ဦးတည်၍ မောင်းနှင်သွားသည်ကို ချီယင်းဝေ မြင်တွေ့လိုက်ရလေသည်။

သူသည် မြင်းနှစ်စီးပေါ်မှလူများကို မြင်တွေ့လိုက်ရသောအခါ မျက်မှောင်ကြုတ်၍သွားလေသည်။

အဘယ်ကြောင့်ဆိုသော် မြင်းနှစ်စီးပေါ်မှ လူများမှာ ရှယုထင်းနှင့် ကျုံးကုလျမ်းတို့ပင် ဖြစ်နေပေသည်။

ချီယင်းဝေသည် သူတို့နှစ်ယောက်ကို မျက်မှောင်ကြုတ်၍ကြည့်နေလိုက်လေသည်။

တစ်ချိန်တည်းမှာပင် ချီယင်းဝေ၏စိတ်ထဲ၌ ရှယုထင်းနှင့်ကျုံးကုလျမ်းတို့၏ ဆက်ဆံပုံမှာ ထူးခြားနေသည်ဟု သတိပြုမိလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေသည် ပြတင်းပေါက်၌ အတန်ကြာအောင်ရပ်၍နေလေသည်။

သူ၏မျက်လုံးများသည် ပြတင်းပေါက်မှတဆင့် အဝေးသို့ မျှော်ကြည့်နေပေသည်။

သို့သော် သူ၏မြင်ကွင်းထဲမှ ရှယုထင်းနှင့် ကျိုးကုလျှမ်းတို့ ပျောက်ကွယ်သွားလေတော့သည်။

အတန်ကြာမှ ချီယင်းဝေသည် သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ပြီး ပြတင်းပေါက်တံခါးကို ပြန်၍ပိတ်လိုက်လေသည်။

ထို့နောက် သူသည် ခုတင်ပေါ်သို့ ပြန်လည်လဲလျောင်းလိုက်ပြီး အိပ်စက်ရန် ကြိုးစားလိုက်လေတော့သည်။

သို့သော် သူ၏မျက်လုံးများ မှိတ်ထားသော်လည်း သူ၏အမြင်အာရုံတွင် စူးခုံးယက်ကို စိန်ခေါ်သည့်နေ့မှစ၍ ဆက်တိုက်ဖြစ်ပျက်ခဲ့သော အကြောင်းအရာများ၏ပုံရိပ်များ တစ်ခုပြီးတစ်ခု ထင်ဟပ်နေလေတော့သည်။

* * *



အတွေးမျှင်များက ချီယင်းဝေကို ရစ်ပတ်ချည်နှောင်ထားလေသည်။

သို့ဖြစ်၍ ချီယင်းဝေသည် အိပ်ရာပေါ်တွင် လဲလျောင်းနေသော်လည်း အိပ်ပျော်ခြင်းမရှိချေ။ အတွေးများက တစ်ခုပြီးတစ်ခုပေါ်လာလေသည်။

မျက်ခုံးမွေးဖြူဖွေးသော ဘုန်းတော်ကြီးက စုစွမ်းကို အဘယ်ကြောင့် မြေအောက်ခန်း၌ ချုပ်ထားရသနည်း။

စုစွမ်းသည် မြေအောက်ခန်း၌ အနှစ်နှစ်ဆယ်နီးပါးနေထိုင်သော်လည်း အသက်မသေသေးသည်မှာ ထူးဆန်း၍နေလေသည်။

ပို၍ထူးဆန်းသည်မှာ စုစွမ်းက ရိကျင်ကျင်ပညာ သင်ကြားခြင်းမရှိဟု ပြောခြင်းပင်ဖြစ်ပါသည်။

ထိုအတွေးနှင့် ဆက်နွယ်ကာ ချီယင်းဝေသည် နောက်ထပ် အတွေးတစ်ခုကို တွေးမိပြန်သည်။

ရိကျင်ကျင်ကျမ်းစာအကြောင်း စုဘွဲ့ရ ဘုန်းတော်ကြီးများသာသိကြ၏။

စူးခုံးယက်နှင့် စုဟိုက်ဘုန်းတော်ကြီးတို့က ရင်းနှီးသည်။

ဤသို့ဆိုလျှင် စုဟိုက်ဘုန်းတော်ကြီးက စူးခုံးယက်အား ရိကျင်ကျင်ကျမ်းစာအကြောင်းကို မပြောခဲ့ပါဟု မည်သူမျှ အာမခံရဲမည်မဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တွေးမိသည်နှင့် ချိုယင်းဝေသည် စူးခုံးယက်အပေါ် ပို၍သံသယရှိလာလေသည်။

တဖန် တုဟူးက သေခါနီးအချိန်တွင် သွေးကြောင်းရာများကို ရေးခြစ်ထားသည်။

ထိုသွေးကြောင်းရာများက မည်သို့ အဓိပ္ပါယ်သက်ရောက်နေသနည်း။

သို့သော် ထိုသွေးကြောင်းရာများသည် တစ်စုံတစ်ခုသော ကိစ္စရပ်များကို ညွှန်ပြပြောဆိုနေသည်မှာ မလွဲပါ။

ဤသို့ဆိုလျှင် ထိုသွေးကြောင်းရာများသည် မည်သည့်ကိစ္စကို ညွှန်ပြနေသတည်း။ သို့တည်းမဟုတ် မည်သူ့ကို ကိုယ်စားပြုနေသနည်း။

ချိုယင်းဝေ စဉ်းစား၍ မတတ်နိုင်တော့ပါ။

ချိုယင်းဝေသည် ထိုပဟေဠိဆန်သော မေးခွန်းများ၏ အဖြေကို စဉ်းစားရင်း နောက်ဆုံး၌ အဖြေရှာ၍မရသော ပြဿနာကို ပိုက်ထွေးလျက် အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားလေတော့သည်။

* * *



သုံးလ၊ (၂၅)ရက်။

ယနေ့သည် (၃)လ၊ (၂၅)ရက်နေ့ ဖြစ်သည်။

တစ်နည်းဆိုလျှင် ချိုယင်းဝေသည် စူးခုံးယက်ကို စိန်ခေါ်ပြီးနောက် ဆယ်ရက်မြောက်သောနေ့ ဖြစ်သည်။

ထိုဆယ်ရက်အတောအတွင်း ချိုယင်းဝေသည် ပဟေဠိဆန်ဆန် ရှုပ်ထွေးသော ပြဿနာများနှင့် ရင်ဆိုင်ခဲ့ရလေသည်။

ထိုပြဿနာများကို ချိုယင်းဝေ မဖြေရှင်းနိုင်သေးပါ။

လာမည့် ရှေ့ရက်များတွင် မည်သို့သော ပြဿနာများကို ရင်ဆိုင်ကြုံတွေ့ရမည်ဟု ချိုယင်းဝေ မပြောတတ်ပါ။

မည်သို့ပင်ဆိုပါစေ. . .

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေသည် အကောင်းဆုံးကို မျှော်လင့်ရန် အဆိုးကိုရင်ဆိုင်ထားပါဟူသော စကားကဲ့သို့ ဖြစ်လာမည့်ကိစ္စရပ်များကိုရင်ဆိုင်ရန် ဆုံးဖြတ်ထားလေသည်။

ထိုသို့ ဆုံးဖြတ်ပြီးနောက် ရှန်းချူးမြို့မှ ထွက်ခွာလာခဲ့လေတော့သည်။

* * *

ရာသီဥတုက ပူသည်လည်းမဟုတ်၊ အေးသည်လည်းမဟုတ်၊ မပူမအေး ဖြစ်ပါသည်။

သို့သော် မိုးအဆက်မပြတ် ရွာသွန်းထားမှုကြောင့် လူသွားလမ်းများသည် ဗွက်အနည်းငယ်ထ၍ နေပါသည်။

(၃)လ၊ (၂၉)ရက်နေ့၏ ညနေပိုင်း၌ ချိုယင်းဝေသည် ကျူးမြို့သို့ ရောက်ရှိလာလေသည်။

ချိုယင်းဝေသည် မြင်းကို မင်းလမ်းအတိုင်း အသားကုန် စီးနင်းလာလေသည်။

သူသည် မင်းလမ်းတလျှောက် တည်းခိုခန်းကို ရှာဖွေနေလေသည်။

ထိုစဉ် ရုတ်တရက် သူ၏ရှေ့၌ လူတစ်ယောက် ရောက်ရှိလာပြီး ချိုယင်းဝေ၏မြင်းဇက်ကြိုးကို ဖမ်းဆွဲထားလိုက်လေတော့သည်။



ထို့နောက် ရယ်မောကာ. . .

"ဘယ်လိုလဲ ချိုယင်းဝေ၊ ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးပါလား"

ဟု ပြောလိုက်လေသည်။

ထိုလူမှာ ချန်ကျူးလန်ပင် ဖြစ်ပါသည်။

ချိုယင်းဝေသည် မြင်းပေါ်မှ ချန်ကျူးလန်ကို တစ်ချက်ကြည့်လိုက်ပြီး. . .

"ခင်ဗျား ဒီကို ဘယ့်နှယ် ရောက်နေတာလဲ၊ ဟန်တီအိရော"

ဟု မေးလိုက်လေသည်။

ချန်ကျူးလန်က. . .

"ဟန်တီအိလား၊ လွန်ခဲ့တဲ့ ရက်ပိုင်းက လမ်းခွဲသွားတယ်"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူသည် ချိုယင်းဝေကို ပြုံး၍ကြည့်လိုက်ပြီး

"ကျုပ်က လမ်းမပေါ်မှာ ရပ်နေတယ်၊ ခင်ဗျားက မြင်းပေါ်မှာ ထိုင်နေတယ်၊ ကျုပ်ကို အားမနာတော့ဘူးလား"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ၊ ကျုပ်က ခင်ဗျားကို အားနာရမှာပေါ့"

ဟုပြောကာ မြင်းပေါ်မှ ဆင်းသက်လိုက်လေသည်။

ပြီးမှ သူသည် ချန်ကျုံးလန်ကိုကြည့်လိုက်ပြီး. .

"ဘာလဲ၊ ခင်ဗျားက ကျုပ်ကို အရက်တိုက်ချင်လို့လား"

ဟု မေးလိုက်သည်။

ချန်ကျုံးလန်က သဘောကျစွာ ရယ်မောလိုက်ပြီး. . .

"ကျုပ်က အရက်တိုက်ရအောင် ကိစ္စရှိလို့လား"

ဟု မေးလိုက်သည်။

ချိုယင်းဝေက. . .

"ခင်ဗျားက ဒီမြို့ကို အရင်ရောက်နေတော့ အိမ်ရှင်ဖြစ်ပြီး ကျုပ်က အခုမှရောက်လာတဲ့အတွက် ဧည့်သည်ဖြစ်နေတယ်လေ၊ ဒါကြောင့် ခင်ဗျားအနေနဲ့ ဧည့်ဝတ်မကျေပွန်မှာစိုးလို့ ကျုပ်က သတိပေးတာပါ"

ဟု ရယ်မောကာ ပြောလိုက်သည်။

ချန်ကျုံးလန်က တဟားဟားရယ်မောလိုက်ပြီး. . .

"ထားပါတော့၊ ဘာပဲဖြစ်ဖြစ် ကျုပ်က အရက်တိုက်ပါ့မယ်"

ဟု ပြန်ပြောလိုက်လေသည်။

ထို့နောက် ချိုယင်းဝေနှင့် ချန်ကျုံးလန်တို့သည် ပခုံးချင်းယှဉ်၍လျှောက်သွားရင်း ချန်ကျုံးလန်က. . .



"ဒါနဲ့ ခင်ဗျား ဘယ်မှာတည်းမယ်လို့ စိတ်ကူးထားလဲ"

ချိုယင်းဝေက သူ၏ဦးခေါင်းကို ခါယမ်းပြကာ. . .

"တည်းခိုခန်း ရှာတုန်းပဲ ရှိသေးတယ်၊ မဆုံးဖြတ်ရသေးဘူး"

ချန်ကျုံးလန်က. . .

"ဒါဖြင့် ကျုပ်နဲ့အတူ တည်းပါလား"

ချိုယင်းဝေက ဦးခေါင်းညိတ်လိုက်ပြီး. . .

"ကောင်းသားပဲ"

ဟု ပြောလိုက်လေသည်။

ထို့နောက် ချန်ကျုံးယန်က တည်းခိုခန်းတစ်ခုသို့ ဦးဆောင်၍ ခေါ်သွားလေတော့သည်။

* * *

www.burmeseclassic.com



ချိုယင်းဝေသည် ချန်ကျုံးလန်၏ အခန်းနှင့်ကပ်လျက် အခန်းကို ငှားရမ်းလိုက်လေသည်။

ထို့နောက် သူတို့သည် စားသောက်ခန်းထဲသို့ ဝင်ရောက်သွားပြီး ထောင့်ကျကျစားပွဲ၌ ဝင်ရောက်ထိုင်လိုက်လေသည်။

ထို့နောက် ချန်ကျုံးလန်က ဦးဆောင်၍ သူတို့အနီးသို့ ရောက်လာသော ဆိုင်လုလင်ကို အရက်အိုးနှင့် စားသောက်ဖွယ်ရာများ မှာကြားလိုက်လေသည်။

ချိုယင်းဝေက ချန်ကျုံးလန်ကို လှမ်း၍ကြည့်လိုက်သည်။

"ခင်ဗျား ဒီကိုရောက်နေတာ ကြာပြီလား"

ချန်ကျုံးလန်က. . .

"ရက်ပိုင်းပဲ ရှိသေးတယ်"

ထိုစဉ် ဆိုင်လုလင်သည် ချန်ကျုံးလန်တို့ မှာယူထားသော စားသောက်ဖွယ်ရာများနှင့် အရက်အိုးကို လာရောက်ချပေးလေသည်။

ချိုယင်းဝေနှင့် ချန်ကျုံးလန်တို့သည် စားသောက်ဖွယ်ရာများ ရောက်ရှိလာသည်နှင့် ပြောလက်စ စကားကိုဖြတ်၍ စတင် စားသောက်ကြလေတော့သည်။

မကြာမီအချိန်အတွင်းမှာပင် ဝါးနှစ်စိမ်း အရက်အိုးထဲမှ



အရက်များသည် ချိုယင်းဝေနှင့် ချန်ကျုံးလန်တို့၏ ဝမ်းဗိုက်ထဲ ရောက်ရှိသွားပြီဖြစ်ပါသည်။

ချန်ကျုံးလန်သည် အရက်များ ကုန်ခမ်းနေပြီဖြစ်သော အရက်အိုးကို စားပွဲပေါ်၌ ခေါက်ထိုးမှောက်လိုက်ရင်း. . .

"ကျုပ် ဒီကို ဘာဖြစ်လို့ ရောက်နေတယ်ဆိုတာ ခင်ဗျား သိလား"

ဟု ချိုယင်းဝေကို မေးလိုက်လေသည်။

ချိုယင်းဝေက ပြုံးလျက် ဦးခေါင်းကိုခါယမ်းပြလိုက်ရင်း

"ကျုပ်က ဗေဒင်ဆရာမဟုတ်တော့ ဘယ်လိုလုပ်သိနိုင်မှာလဲ"

ချန်ကျုံးလန်က ရုတ်တရက် ရယ်မောလိုက်ပြီး. . .

"ကျုပ် ခင်ဗျားကိုလိုက်ရှာနေတာ တွေ့မယ့်တွေ့တော့လဲ ကျုပ်ရှိတဲ့မြို့ကိုမှ ခင်ဗျားက ရောက်လာတယ်"

ချိုယင်းဝေက. . .

"ခင်ဗျားက ကျုပ်ကို လိုက်ရှာတယ်ဆိုတော့ ကိစ္စရှိလို့လား"

ချန်ကျုံးလန်က တစ်ချက်ပြုံးလိုက်ပြီး. . .

"ခင်ဗျားဆီက အကူအညီတစ်ခု တောင်းချင်လို့ပါ"

ချိုယင်းဝေက သူ၏မျက်ခုံးကိုပင့်တင်လိုက်ပြီး. . .

"ကျုပ်က ဘာအကူအညီပေးရမှာလဲ"

www.burmeseclassic.com

ချန်ကျုံးလန်က. . .

"ကျုပ်ကို ခင်ဗျားရဲ့သိုင်းပညာသင်ပေးပါ"

ဟု ပြောလိုက်လေသည်။

ချန်ကျုံးလန်၏ စကားကြောင့် ချီယင်းဝေသည် တဟားဟား ရယ်မောလိုက်ပြီး. . .

"လက်စသတ်တော့ ခင်ဗျားက ရယ်စရာ ပြောနေတာကိုး"

ဟု ပြောလိုက်လေသည်။

ချန်ကျုံးလန်က ရုတ်တရက် သူ၏မျက်နှာကို တည်လိုက်ပြီး. . .

"ကျုပ် ရယ်စရာပြောနေတာ မဟုတ်ဘူး"

ချန်ကျုံးလန်၏စကားကြောင့် ချီယင်းဝေသည် မျက်မှောင်ကို မသိမသာကြုတ်လိုက်ပြီး. . .

"အင်း. . . ခင်ဗျား မူးနေပြီနဲ့တူတယ်"

ဟု ပြောလိုက်လေသည်။

ချန်ကျုံးလန်က စားပွဲပေါ်မှအရက်အိုးကိုမ,၍ လေထဲ၌တစ်ပတ်လည်အောင် ပစ်တင်လိုက်လေသည်။

ထို့နောက် အရက်အိုး၏အဝကို လက်ညှိုးဖြင့် အသာထောက်၍ ထိန်းထားလိုက်လေသည်။

ထို့ကြောင့် အရက်အိုးသည် ချန်ကျုံးလန်၏လက်ညှိုး



ပေါ်၌ တင်နေလေသည်။

ချန်ကျုံးလန်သည် မိမိလက်ညှိုးပေါ်မှ အရက်အိုးကို သဲမကျသွားစေရန် ဟန်ချက်ညှိထိန်းရင်း. . .

"ကျုပ် မမူးဘူး"

ဟုပြောလိုက်ပြီး သူ၏လက်ညှိုးကို ရုတ်တရက် မြှောက်လိုက်လေသည်။

ထို့ကြောင့် အရက်အိုးသည် လေထဲ၌ နှစ်ပတ်သုံးပတ်မျှ လည်သွားပြီး ချီယင်းဝေထံသို့ ရောက်ရှိသွားလေတော့သည်။

ပြီးမှ သူသည် ချန်ကျုံးလန်ကို တစ်ချက်ကြည့်ကာ. . .

"ခင်ဗျားနဲ့ ကျုပ်နဲ့ သိုင်းပညာ ယှဉ်ခဲ့ပြီးပြီပဲ၊ ဘာဖြစ်လို့ ထပ်ပြီး ယှဉ်ပြိုင်ချင်ရတာလဲ"

ဟု မေးလိုက်လေသည်။

ချန်ကျုံးလန်က. . .

"တစ်ခါယှဉ်ပြိုင်ပြီးတာနဲ့ နောက်တစ်ကြိမ် မယှဉ်ပြိုင်ရတော့ဘူးလို့ စည်းကမ်း သတ်မှတ်ထားလို့လား"

ချီယင်းဝေက ဦးခေါင်းကို တစ်ချက်ခါယမ်းလိုက်ပြီး. . .

"စည်းကမ်းသတ်မှတ်ချက်တော့ မရှိပါဘူး၊ ဒါပေမယ့်"

ချန်ကျုံးလန်က ချီယင်းဝေ၏စကားကို လက်ကာဟန့်တားလိုက်ပြီး. . .

"ခင်ဗျားနဲ့ကျုပ်နဲ့ ယှဉ်ပြိုင်တာ သုံးနှစ်ရှိသွားပြီနော်"

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး . . .

"ဟုတ်တယ်၊ သုံးနှစ်လောက်တော့ ရှိပြီ"

ချန်ကျုံးလန်က နှုတ်ခမ်းတွန့်၍ ပြုံးကာ. . .

"လူတစ်ယောက်ဟာ တစ်နှစ်လောက် ကွဲကွာသွားတယ်ဆိုရင်ပဲ အခြေအနေ တစ်မျိုးပြောင်းလဲသွားနိုင်တယ်"

"အခု ခင်ဗျားနဲ့ကျုပ်က သုံးနှစ်လောက် ကွဲကွာသွားတယ်ဆိုတော့ အခြေအနေက ပြောင်းလဲရင် ပြောင်းလဲနေမှာပေါ့"

ချီယင်းဝေက ရယ်မောလိုက်ပြီး. . .

"အင်း. . . ခင်ဗျားက ကျုပ်ကို နိုင်လိမ့်မယ်လို့ အပိုင်တွက်ထားပြီနဲ့တူတယ်"

ချန်ကျုံးလန်က. . .

"လောကမှာ ဘယ်အရာမဆို လှေနံဓားထစ် အပိုင်တွက်ထားလို့ မရဘူး၊ ဒါပေမယ့် ဆယ်ပုံ ခုနစ်ပုံ ကျုပ်နိုင်မယ်လို့ထင်တယ်"

ချီယင်းဝေက ရယ်မောလိုက်ပြီး. . .

"ဒါဖြင့် ယှဉ်စရာ မလိုတော့ဘူး"

ဟု ပြောလိုက်လေသည်။

ထိုစကားကြောင့် ချန်ကျုံးလန်သည် အံ့အားသင့်ကာ မျက်လုံးပြူး၍ ချီယင်းဝေကိုတစ်ချက်ကြည့်လိုက်ပြီး. . .



"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက ချန်ကျုံးလန်ကို တစ်ချက်ပြုံးပြလိုက်ပြီး

"အခုအချိန်ကစပြီး ခင်ဗျားက ကျုပ်ကို နိုင်သွားပြီလို့ သဘောထားလိုက်ပါ"

ဟု ပြောလိုက်လေသည်။

ချန်ကျုံးလန်က ချီယင်းဝေကို အတန်ကြာသည့် တိုင်အောင် မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး. . .

"ခင်ဗျားစကားက ဘာသဘောလဲ"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက ပြုံးလိုက်ပြီး. . .

"ကျုပ် အရှုံးပေးရင် ပြီးတာပဲ မဟုတ်လား၊ ယှဉ်ဖို့လိုသေးလား"

ဟု မေးလိုက်လေသည်။

ချန်ကျုံးလန်က သူ၏ဦးခေါင်းကိုခါယမ်းလိုက်ပြီး. . .

"ခင်ဗျား ဘာစကားပြောတာလဲ၊ ကျုပ်ရဲ့သိက္ခာကို သိလေးစားပါ၊ ဒီလိုလွယ်လွယ်ပြောလို့ ဘယ်ဖြစ်ပါ့မလဲ"

ချီယင်းဝေက. . .

"ကျုပ်က ခင်ဗျားသိက္ခာကို အလေးထားလို့ အခုလိုပြောတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ချန်ကျုံးလူက. . .

"ဒါပေမယ့် ကျုပ်အနိုင်ရတာ စျေးပေါလွန်းအားကြီးတယ်ဗျာ"

ချီယင်းဝေက. . .

"ခင်ဗျားရဲ့နာမည်က အဆင့်မနိမ့်ပါဘူး၊ ဘာဖြစ်လို့ အကျိုးမရှိတဲ့ အလုပ်ကို လုပ်ချင်ရတာလဲဗျာ"

ချန်ကျုံးလန်က ချီယင်းဝေကိုမျက်မှောင်ကြုတ်၍ကြည့်လိုက်ပြီး အံကို တစ်ချက်ကြိတ်ကာ. . .

"ခင်ဗျားက ကျုပ်ကို ဆုံးမနေတာလား"

ချီယင်းဝေက ပြုံးလျက်. . .

"ခင်ဗျားကို ကျွန်တော် ဆုံးမနေတာ မဟုတ်ပါဘူးဗျာ ကျွန်တော် သဘောပြောပြတာပါ"

ချန်ကျုံးလန်က. . .

"ဘာပဲဖြစ်ဖြစ် ကျုပ်စိန်ခေါ်တာကို ခင်ဗျားလက်ခံရမယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက. . .

"ဘာဖြစ်လို့ ခင်ဗျားက စိန်ခေါ်ချင်နေရတာလဲ"

ဟု မေးလိုက်သည်။

ချန်ကျုံးလန်က. . .



"ကျုပ်မေးမယ်၊ ခင်ဗျား ကျုပ်စိန်ခေါ်တာကို လက်ခံလား၊ မခံဘူးလား တစ်ခွန်းပဲပြော"

ချီယင်းဝေက သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"ကောင်းပြီလေ. . . တကယ်လို့ ကျုပ်က ခင်ဗျားစိန်ခေါ်တာကို လက်မခံဘူးဆိုပါတော့"

ချန်ကျုံးလန်က ရုတ်တရက် ရယ်မောကာ. . .

"ကျုပ် စိန်ခေါ်တာကို ခင်ဗျားက လက်မခံဘူးဆိုရင် ကျုပ်ပြောသလို ခင်ဗျားလုပ်ရလိမ့်မယ်"

ချီယင်းဝေက. . .

"ဘယ်လိုလုပ်ရမှာလဲ"

ချန်ကျုံးလန်က. . .

"ခင်ဗျားနဲ့ကျုပ်နဲ့ သံမဏိကျောင်းတော်ကို သွားမယ်၊ ပြီးတော့ လူအများရဲ့ရှေ့မှာ ခင်ဗျားက ကျုပ်ကို ရှုံးတယ်ဆိုတာကို ကြေငြာပေးရမယ်"

ချန်ကျုံးလန်၏စကားကြောင့် ချီယင်းဝေ မျက်နှာတစ်ချက်ပျက်သွားသည်။

သို့သော် သူသည် ချန်ကျုံးလန် မရိပ်မိစေရန် အချိန်ထိန်းလိုက်ပြီး. . .

"ဟာ. . . ဒီနည်းက သိပ်မကောင်းဘူးထင်တယ်၊ ကျုပ်တို့ ဒိပြင်နည်းလမ်းရှာရင် မကောင်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ချန်ကျုံးလန်က ဦးခေါင်းကိုညိတ်လိုက်ပြီး. . .

"နောက်ထပ် နည်းတစ်ခု ကျုပ်မှာရှိသေးတယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကိုညိတ်ကာ. . .

"ကောင်းပြီ၊ ဘာနည်းလမ်းလဲ ပြောပါဦး"

ချန်ကျုံးလန်က ပြုံးလိုက်ပြီး. . .

"အခု ကျုပ်ပြောမယ့်နည်းလမ်းက ခင်ဗျားနဲ့ကျုပ် သံမဏိကျောင်းတော်ကို သွားစရာမလိုတော့ဘူး"

ချီယင်းဝေက. . .

"ကဲ. . . သံမဏိကျောင်းတော်ကို သွားဖို့ မလိုတော့တဲ့ နည်း ပြောစမ်းပါဦး"

ချန်ကျုံးလန်က. . .

"ဒီနည်းက သိပ်လွယ်တယ်၊ ခင်ဗျားက ကျုပ်နဲ့ခင်ဗျား ကျုံးမြို့မှာတွေ့ပြီး ကျုပ်ကို ရှုံးသွားတယ်၊ ပြီးတော့ ကျုပ်က အသက်ချမ်းသာပေးလိုက်လို့ ခင်ဗျား အသက်ရှင်တယ်ဆိုတဲ့ အကြောင်းကို လူအများရှေ့မှာ ကြေငြာပေးရမယ်၊ ဘယ့်နှယ်လဲ"

ဟု မေးလိုက်လေသည်။

ဤတစ်ကြိမ်တွင် ချီယင်းဝေ သည်းမခံနိုင်တော့ပါ။ သူသည် ထိုင်ရာမှထလိုက်ပြီး. . .



"ခင်ဗျား ဘာဖြစ်လို့ ကျုပ်ကို စော်ကားနေရတာလဲ"

ဟု မေးလိုက်လေသည်။

ချန်ကျုံးလန်က မျက်ခုံးကို ပင့်တင်လိုက်ပြီး. . .

"ကျုပ်စိန်ခေါ်တာကို ခင်ဗျား ဘာလို့လက်မခံတာလဲ"

ချီယင်းဝေက ချန်ကျုံးလန်ကို စူးစိုက်ကြည့်လိုက်ပြီး. .

"အကျိုးမရှိတဲ့အလုပ်ကို ခင်ဗျားက ဘာလို့လုပ်ချင်ရတာလဲ"

ချန်ကျုံးလန်က တစ်ချက်ရယ်မောလိုက်ပြီး. . .

"ဘာပဲဖြစ်ဖြစ် ခုနက ကျုပ်ပြောတဲ့နည်းလမ်း နှစ်ခုထဲက ကြိုက်ရာတစ်ခုကို ရွေးပါ"

ချီယင်းဝေက. . .

"အဲဒီနည်းလမ်းတွေကို တစ်ခုမှ မရွေးဘူးဆိုရင်ကော"

ချန်ကျုံးလန်က တည်းခိုခန်း အပြင်ဘက်သို့ ညွှန်ပြလိုက်ပြီး. . .

"ခင်ဗျားနဲ့ကျုပ်နဲ့ အခုပဲ ယှဉ်ပြိုင်ကြရအောင်"

ချီယင်းဝေက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး

"ကောင်းပြီလေ၊ ခင်ဗျားက ဒီလောက်ယှဉ်ပြိုင်ချင်နေမှတော့ ကျုပ်က ဘာဖြစ်လို့ လက်မခံရမှာလဲ"

ဟု ပြောလိုက်လေသည်။

ချန်ကျုံးလန်ကအားရပါးရ တစ်ချက်ရယ်မောလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



“အခု ခင်ဗျားကျုပ်စိန်ခေါ်တာကို လက်ခံတယ် ဟုတ်လား”

ဟု သေချာစေရန် ပြန်၍ မေးလိုက်လေသည်။

ချီယင်းဝေက. . .

“ကောင်းပြီ၊ ခင်ဗျားစိန်ခေါ်တာ ကျုပ်လက်ခံတယ်၊ နေ့ရက် အချိန်နဲ့ နေရာကို ရွေးပါ”

ချန်ကျုံးလန်က စားပွဲကို လက်ညှိုးဖြင့် ထောက်လိုက်ပြီး. . .

“ဒီနေ့ ဒီနေရာ ဒီအချိန် မကောင်းဘူးလား”

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. . .

“အဲဒါကို ကျုပ်ကန့်ကွက်တယ်”

ချန်ကျုံးလန်က မျက်ခုံးပင့်ကာ. . .

“ဘာဖြစ်လို့လဲ”

ချီယင်းဝေက. . .

“ဒီနေ့ ကျုပ်ခရီးပန်းလာတယ်၊ အခုအချိန်မှာ ခင်ဗျားယှဉ်ပြိုင်လို့ နိုင်ခဲ့ရင်တောင်မှ ခင်ဗျားနာမည်ကောင်းရမှာမဟုတ်ဘူး”

ချန်ကျုံးလန်က. . .

“ကောင်းပြီလေ. . . ကျုပ်တို့ ယှဉ်ပြိုင်မယ့်နေရာရယ်၊ အချိန်ရယ်၊ နေ့ရက်ရယ်ကို ခင်ဗျားရွေးပါ”



ချီယင်းဝေက အနည်းငယ် စဉ်းစားလိုက်ပြီး. . .

“မနက်ဖြန် မနက် နေမထွက်ခင် တို့ဒီဆိုင်ထဲက ထွက်မယ်၊ ပြီးမှ ကောင်းတဲ့တစ်နေရာရာရွေးပြီး ယှဉ်ပြိုင်ကြတာပေါ့”

ချန်ကျုံးလန်က. . .

“ကောင်းပြီလေ ခင်ဗျားစကားသာ ခင်ဗျားတည်ပါစေ”

ချီယင်းဝေက နှုတ်ခမ်းတွန့်၍ တစ်ချက်ပြုံးလိုက်ပြီး

“စိတ်ချပါ၊ ကျုပ်က ခင်ဗျားမလာမှာကိုပဲ စိတ်ပူမိတယ်”

ဟု ခပ်ငေါ့ငေါ့လေး ပြောလိုက်လေသည်။

ထို့နောက် သူသည် ချန်ကျုံးလန်ကို နှုတ်ဆက်စကားမပြောတော့ဘဲ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ယနေ့သည် (၃)လ (၃၀)ရက် ဖြစ်သည်။

ချီယင်းဝေသည် အိပ်ရာမှ စောစီးစွာ နိုးနေလေသည်။

သူသည် အရုဏ်မတက်မီကပင် အိပ်ရာမှ နိုးနှင့်ပြီး မျက်နှာသစ် အဝတ်အစားလဲကာ အခန်း၏ ပြတင်းပေါက်မှ ကမ္ဘာမြေပေါ်သို့ စတင်ဖြန့်ကြက်စပြုလာသည့် အရုဏ်ဦး၏ ရောင်ခြည်ကို ငေးမျှော်နေပေသည်။

ထိုစဉ် သူ၏ အခန်းတံခါးခေါက်သံ ပေါ်ထွက်လာလေတော့သည်။ ထို့ကြောင့် ချီယင်းဝေသည် ပြတင်းပေါက်မှ လှည့်၍ မကြည့်ဘဲ. . .

"ဝင်ခဲ့ပါ။ ကျုပ် တံခါးစေ့ရုံစေ့ထားတာပါ"

ချီယင်းဝေ၏စကားဆုံးသည်နှင့် အခန်းတံခါးပွင့်သွားပြီး အခန်းထဲသို့ ချန်ကျုံးလန် ဝင်ရောက်လာလေသည်။

ချီယင်းဝေသည် မိမိအခန်းထဲသို့ ဝင်လာသူကို လှည့်၍ မကြည့်ဘဲ. . .

"ဘယ်လိုလဲဗျာ၊ ခင်ဗျားက ကျုပ်ထွက်ပြေးမှာ စိုးရိမ်လို့လား"

ချန်ကျုံးလန်က ချီယင်းဝေ၏ခုတင်ပေါ်သို့ မိမိခန္ဓာကိုယ်ကို ပစ်လှဲ၍ အိပ်လိုက်ရင်း. . .

"ခင်ဗျားထွက်မပြေးဘူးဆိုတာ ကျုပ်သိပါတယ်ဗျာ"

ချီယင်းဝေက ပြတင်းပေါက်ကို ကျောခိုင်း၍ နေလိုက်



ပြီး ချန်ကျုံးလန်ကို လှည့်ကြည့်ကာ. . .

"ဒါဖြင့် ခင်ဗျားသိပ်စောနေတယ်နဲ့တူတယ်"

ချန်ကျုံးလန်က. . .

"ကျုပ်စိတ်လဲမလောပါဘူး။ ခင်ဗျားကို ကျုပ်နဲ့အတူ နံနက်စာစားဖို့ လာခေါ်တာပါ"

ဟု ပြောလိုက်လေသည်။ ချီယင်းဝေက ပြုံးလိုက်ပြီး. .

"ဒီကိစ္စအတွက် ကျုပ်လက်မခံနိုင်စရာ အကြောင်းမရှိပါဘူး"

ဟု ပြောလိုက်လေသည်။

ချန်ကျုံးလန်က ရယ်မောလိုက်ပြီး ခုတင်ပေါ်မှထကာ

"ဒါဖြင့် ဘာလို့ ကျုပ်တို့ရပ်နေမှာလဲ"

ဟု ပြောလိုက်လေသည်။ ထို့နောက် သူတို့သည် တည်းခိုခန်းမှထွက်ကာ လမ်းထိပ် လက်ဖက်ရည်ဆိုင်သို့ ပခုံးချင်းယှဉ်၍ လျှောက်သွားလေတော့သည်။

ထို့နောက် သူတို့သည် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ရောက်ကာ အသားလွတ်ပေါက်စီနှင့် နံရိုးပေါက်စီတို့ကို မှာယူစားသောက်ကြလေတော့သည်။

စားသောက်ပြီးသောအခါ ချီယင်းဝေတို့သည် မြင်းကိုယ်စီဖြင့် မြို့ပြင်သို့ဦးတည်၍ မောင်းနှင်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဤရေကန်သည် အရှေ့ဘက်မြို့ဝင်တံခါးမှ ၂မိုင်၊ ၃မိုင် ခန့်အကွာတွင် တည်ရှိသော ရေကန်တစ်ခုဖြစ်ပါသည်။

ရေကန်၏နံဘေး၌ ခါးလယ်အထိ ရှည်လျားသော မြက်ရိုင်းပင်များ ပေါက်ရောက်နေပေသည်။

ချန်ကျုံးလန်သည် ထိုနေရာကို ညွှန်ပြလိုက်ပြီး. . .

"အဲဒီနေရာကို ဘယ်လိုသဘောရသလဲ"

ချီယင်းဝေက. . .

"ကောင်းသားပဲ"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူတို့နှစ်ယောက်သည် မြင်းပေါ်မှ အသီးသီး ဆင်းလိုက်ကြလေတော့သည်။



ထို့နောက် သူတို့နှစ်ယောက်သည် ခါးလယ်ခန့် ရှည်လျားသော မြက်ပင်များကြားသို့ လျှောက်လှမ်းသွားပြီး တစ်ဦးနှင့်တစ်ဦး ဝါးတစ်ရိုက်ခန့်အကွာတွင် ရပ်နားလိုက်လေသည်။

နံနက်ခင်းနေရောင်ခြည်သည် ရေကန်တပိုက်ကို နွေးထွေးနေစေလေသည်။

မိမိတို့နှစ်ဦး ကိုယ်စီကိုယ်ငှ ဓားများကို ဆွဲထုတ်လိုက်သောအခါ ပတ်ဝန်းကျင်တပိုက်၌ ရုတ်တရက် အေးစိမ့်သွားသည်ဟု ချီယင်းဝေ၏စိတ်ထဲ၌ ခံစားလိုက်ရလေသည်။

ချီယင်းဝေက ချန်ကျုံးလန်ကို ခေါင်းညိတ်ပြလိုက်ပြီး

"ကဲ. . . ခင်ဗျားလက် စ,ထုတ်နိုင်ပါပြီ"

ဟု ပြောလိုက်လေသည်။

ချန်ကျုံးလန်က မိမိလက်ထဲမှဓားကို လေထဲတွင် တစ်ချက်ဝှေ့ယမ်းလိုက်ပြီး. . .

"ကျုပ်ကလဲ အဆင်သင့်ပါပဲ"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူတို့နှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကြည့်ကာ မလှုပ်မယှက် ငြိမ်သက်နေကြလေသည်။

ထို့နောက် သူတို့နှစ်ယောက်သည် တိုင်ပင်ထားသည့်အလား ပြိုင်တူရှေ့သို့ ခုန်ထွက်ကာ တိုက်ခိုက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တဒင်္ဂအတွင်း၌ပင် ချိုယင်းဝေနှင့် ချန်ကျုံးလန်တို့အရိပ်များသည် ရှုပ်ထွေးသွားပြီး ပတ်ဝန်းကျင်တစ်ခုလုံးကိုလည်း ဓားရောင်များက လွှမ်းခြုံသွားလေတော့သည်။

တဆက်တည်းမှာပင် ဓားဓားချင်း ထိသံများက တိတ်ဆိတ်သောပတ်ဝန်းကျင်ကို ဆူညံလာစေလေတော့သည်။

ချိုယင်းဝေသည် ချန်ကျုံးလန်၏သိုင်းပညာမှာ မိမိထက်အဆင့်မြင့်နေကြောင်း သိရှိလာလေသည်။

တဖြည်းဖြည်းနှင့် ချန်ကျုံးလန်၏တိုက်ခိုက်မှု ပိုမိုပြင်းထန်လာလေတော့သည်။

သို့ဖြစ်၍ ချိုယင်းဝေသည် ပြန်လည်မတိုက်ခိုက်နိုင်တော့ဘဲ ချန်ကျုံးလန်၏တိုက်ခိုက်မှုကို ကာကွယ်ရင်း နောက်သို့ ခြေလှမ်း သုံးလေးလှမ်းမျှ ဆုတ်ခွာသွားရလေတော့သည်။

ထိုစဉ် ရုတ်တရက် ချန်ကျုံးလန်သည် ချိုယင်းဝေကို ဆက်၍မတိုက်ခိုက်တော့ဘဲ ထိတ်လန့်တုန်လှုပ်စွာ တစ်ချက်ကြည့်လိုက်ပြီး နောက်သို့လှည့်ကာ ရေကန်ထဲသို့ ခုန်ချလိုက်လေတော့သည်။

ချိုယင်းဝေသည် ချန်ကျုံးလန်၏ အပြုအမူကြောင့် ရုတ်တရက် ငေးကြောင်နေပြီးမှ. . .

"ဟေ့. . . ဘာလဲ မင်းကရေထဲမှာ ယှဉ်ပြိုင်. ."

ချိုယင်းဝေသည် သူ၏စကားကို ဆုံးအောင်မပြောဘဲ



ရုတ်တရက် ရပ်တန့်လိုက်လေသည်။

အကြောင်းမှာ ချိုယင်းဝေသည် မိမိ၏နောက်ဘက်မှ လေတိုးသံကို ကြားလိုက်ရသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ချိုယင်းဝေသည် ဘာမျှ စဉ်းစားမနေတော့ဘဲ ကပျာကယာ ရှောင်တိမ်းလိုက်လေသည်။

"ဝှိုး. . . ဝှိုး. . . ဝှိုး"

ဟူသောအသံနှင့်အတူ ဓားမြှောင်သုံးလက်သည် ချိုယင်းဝေ၏ ခန္ဓာကိုယ်ပေါ်မှ ပွတ်ကာသီကာဖြင့် ဖြတ်ကျော်သွားလေတော့သည်။

ချိုယင်းဝေသည် ထိုသို့ ရှောင်တိမ်းပြီးနောက် သူ၏ခန္ဓာကိုယ်ကို နောက်သို့လှည့်၍ ကြည့်လိုက်လေသည်။

မည်သူမျှ မရှိပါ။

လေတိုက်သဖြင့် လှုပ်ရှားနေသော မြက်ရိုင်းပင်များမှလွဲ၍ ချိုယင်းဝေ၏နောက်ဘက်တွင် တစ်စုံတစ်ယောက်မျှ ရှိမနေပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေသည် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး၊ မိမိပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်လေသည်။

တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရပါ။

သူ၏ပတ်ဝန်းကျင်တွင် လေတိုက်သဖြင့် ယိမ်းထိုးလှုပ်ရှားနေသော မြက်ရိုင်းပင်များသာ ရှိနေသည်။

ချီယင်းဝေသည် အတန်ကြာအောင် ငြိမ်သက်နေပြီးနောက် ခပ်တည်တည်ဖြင့်. . .

"ဟေ့၊ မင်းဘာသာမင်း ထွက်လာမလား၊ မင်းဆီကိုလာရမလား"

ဟု အော်ဟစ်လိုက်လေသည်။

သို့သော် ချီယင်းဝေ၏စကားကို မည်သည့်တုံ့ပြန်သံမှ ပေါ်လာခြင်း မရှိချေ။

ချီယင်းဝေသည် နှုတ်ခမ်းတစ်ချက်တွန့်၍ ပြုံးလိုက်ပြီး

"ဟေ့၊ ငါပြောတာ မင်းကြားတယ် မဟုတ်လား၊ မင်းဘာသာမင်း ပုန်းနေတဲ့နေရာက ထွက်လာရင်၊ မင်းသက်သာမယ်၊ ငါလာလို့ရှိရင် မင်းမသက်သာဘူးမှတ်"

ဒုတိယမ္ဗိ ထပ်မံအော်လိုက်ပြန်သည်။

အမှန်မှာ ချီယင်းဝေသည် မိမိနောက်ကျောသို့ ဓားမြှောင်ဖြင့် ပေါက်လိုက်သောသူ မည်သည့်နေရာတွင် ပုန်းအောင်းနေမှန်း မသိပါ။



သို့သော် ချီယင်းဝေ၏အမူအရာသည် သိရှိနေဟန်ဖြင့် ခပ်တည်တည် ပြောလိုက်ခြင်းပင် ဖြစ်ပါသည်။

ချီယင်းဝေ၏ စကားသံဆုံးသည်နှင့် တုံ့ပြန်မှုတစ်ခု ပေါ်ထွက်လာလေသည်။

ထိုတုံ့ပြန်မှုမှာ ရှည်လျားသော မြက်ရိုင်းပင်များကြားမှ ချီယင်းဝေထံသို့ ဓားမြှောင်သုံးစင်း ထပ်မံပစ်လွှင့်လာခြင်းပင် ဖြစ်ပါသည်။

ချီယင်းဝေသည် မိမိ၏ဓားဖြင့် တစ်ချက်ဝှေ့ယမ်းလိုက်ရာ ထန် ထန် ထန်. . . ဟူသောအသံများနှင့်အတူ ဓားမြှောင်သုံးစင်းသည် ဘေးသို့ လွင့်စဉ်သွားလေတော့သည်။

တစ်ချိန်တည်းမှာပင် ဓားမြှောင်သုံးစင်း ပစ်လွှင့်လာသော မြက်ရိုင်းပင်များကြားမှ မီးခိုးရောင်ဝတ်ဆင်ထားသော လူတစ်ယောက်သည် ခုန်ထွက်လာပြီး ချီယင်းဝေ၏မြင်းပေါ် ခုန်တက်ကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

ချီယင်းဝေသည် မြက်ရိုင်းပင်များကြားမှ ပြေးထွက်ကာ ချန်ကျုံးလန်၏မြင်းပေါ်သို့ ခုန်တက်လိုက်ပြီး မီးခိုးရောင်ဝတ်ဆင်ထားသောလူ၏နောက်သို့ ထက်ကြပ်မကွာ လိုက်သွားလေတော့သည်။

မီးခိုးရောင်ဝတ်ဆင်ထားသော လူသည် မိမိနောက်မှ ချီယင်းဝေလိုက်ပါလာကြောင်း မြင်တွေ့သောအခါ ဓားမြှောင်

www.burmeseclassic.com

www.burmeseclassic.com



သုံးလက်ဖြင့် နောက်ပြန်ပစ်လွှင့်လိုက်လေသည်။

ဤတစ်ကြိမ်တွင် ထိုလူသည် ချီယင်းဝေထံသို့ ပစ်လွှင့်လိုက်ခြင်း မဟုတ်ပါ။

ချီယင်းဝေ စီးနင်းလာသောမြင်းကို ပစ်လိုက်ခြင်းသာ ဖြစ်ပါသည်။

မီးခိုးရောင်ဝတ်ဆင်ထားသော လူထံမှ ဓားမြှောင် နှစ်စင်းသည် လေထဲမှဖြတ်သန်းကာ ချီယင်းဝေ၏မြင်းကို ထိမှန်သွားလေတော့သည်။

ထို့ကြောင့် မြင်းသည် နာကျင်စွာ တစ်ချက်ဟီလိုက်ပြီး မြေပေါ်သို့ လဲကျသွားလေတော့သည်။

သို့ဖြစ်၍ ချီယင်းဝေသည် မြင်းပေါ်မှ လိမ့်ကျသွားပြီး မြေပေါ်၌ နှစ်ပတ်သုံးပတ်မျှ လိမ့်လိုက်လေသည်။

ထို့နောက် ချီယင်းဝေသည် မြေပေါ်မှခုန်ထကာ တဆက်တည်း မိမိ၏မြင်းအား စိုက်နေသော ဓားမြှောင်နှစ်ချောင်းကို ဆွဲနှုတ်လိုက်လေသည်။

ထိုဓားမြှောင်နှစ်ချောင်းမှာ အဆိပ်လူးထားသဖြင့် ဓားအသွား၌ စိမ်းဖန့်ဖန့်အရောင် ဖြစ်ပေါ်နေလေသည်။

ချီယင်းဝေသည် ဓားမြှောင်ကိုကြည့်လိုက်ပြီး နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်လေသည်။

ပြီးမှ မီးခိုးရောင် ဝတ်ဆင်ထားသောလူကို



လှမ်း၍ကြည့် လိုက်သည်။

ထိုအချိန်တွင် မီးခိုးရောင်ဝတ်ဆင်ထားသောလူမှာ အဝေးသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

ချီယင်းဝေသည် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ပြီး ထိုမီးခိုးရောင်ဝတ်စုံ ဝတ်ထားသောလူ၏ နောက်သို့ ဖြတ်လမ်းမှ ပြေးလိုက်သွားလေတော့သည်။

ခဏကြာလျှင် သူသည် မြေနီလမ်းမပေါ်သို့ ပြန်လည်ရောက်ရှိလာပြီး မိမိ၏ရှေ့ ဝါးတစ်ရိုက်ခန့်အကွာ၌ မီးခိုးရောင်လူကို မြင်တွေ့လိုက်ရလေတော့သည်။

ထိုသို့မြင်တွေ့လိုက်သည်နှင့် ချီယင်းဝေသည် တုံ့ဆိုင်းမနေတော့ဘဲ မိမိ၏မြင်းမှ နှုတ်ယူလာခဲ့သောဓားဖြင့် ပစ်ပေါက်လိုက်လေသည်။

သို့သော် ထိုဓားမြှောင်နှစ်လက်သည် မီးခိုးရောင်လူကို မထိဘဲ ထိုလူ၏မြင်းကိုထိမှန်ကာ ထိုလူလည်း မြင်းပေါ်မှ လိမ့်ကျသွားလေတော့သည်။

ချီယင်းဝေသည် ထိုလူလဲကျသွားသည်နှင့် ထိုလူ၏ နောက်သို့ ပြေးလိုက်သွားလေသည်။

ထိုလူသည် မြင်းပေါ်မှ လဲကျပြီးသည်နှင့် ချက်ချင်း ပြန်ထကာ လမ်းဘေး ချုံနွယ်များကြားသို့ တိုးဝင်လျက် တောလမ်းအတိုင်း ဆက်လက်ပြေးသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေသည် ထိုလူ၏မျက်နှာကို မမြင်ရသော်လည်း ထိုလူ၏နောက်ကျောကိုကြည့်ရုံဖြင့် ထိုလူသည် မိမိသိကျွမ်းဖူးသော လူတစ်ယောက်ဖြစ်လိမ့်မည်ဟု ထင်မှတ်မိလေသည်။

သို့ဖြစ်၍ ချီယင်းဝေသည် တုံ့ဆိုင်းမနေဘဲ ထိုလူ၏နောက်သို့ ထက်ကြပ်မကွာ လိုက်သွားလေတော့သည်။

သို့သော် ချုံနွယ်များအတွင်းသို့ တိုးဝင်၍ တောလမ်းပေါ်သို့ ရောက်သောအခါ ချီယင်းဝေသည် မီးခိုးရောင်လူ၏ အရိပ်အရောင်မျှပင် မတွေ့ရတော့ချေ။

ထိုစဉ် ရုတ်တရက် မိမိ၏ဘေးရှိ ချုံနွယ်များအတွင်းမှ တိုးဝှေ့လှုပ်ရှားသံတစ်ခု ကြားလိုက်ရပြီး လူရိပ်တစ်ရိပ်သည် တောလမ်းပေါ်သို့ ရောက်ရှိလာလေတော့သည်။

ထို့ကြောင့် ချီယင်းဝေသည် တိုက်ခိုက်ရန် အသင့်ပြင်လိုက်ပြီး ထိုလူရိပ်ကို ကြည့်လိုက်လေသည်။

ထိုလူမှာ တခြားလူ မဟုတ်ပါ။

ချန်ကျုံးလန်ပင် ဖြစ်ပါသည်။

ချန်ကျုံးလန်က ချီယင်းဝေကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီး. . .

"ဟေ့လူ. . . ခင်ဗျားက ကျုပ်ရေထဲခုန်ဆင်းတာကို မလိုက်လာဘဲ ဘာဖြစ်လို့ ထွက်ပြေးတာလဲ"

"ကျုပ် ထွက်ပြေးတာ မဟုတ်ဘူး၊ ခင်ဗျားက ဘာဖြစ်



လို့လူငှားပြီး ဓားနဲ့ပစ်ခိုင်းရတာလဲ"

ချန်ကျုံးလန်က ချီယင်းဝေ၏စကားကြောင့် ဒေါသထွက်သွားပြီး ချီယင်းဝေကို စတင်တိုက်ခိုက်လိုက်လေသည်။

သူသည် ထိုသို့ တိုက်ခိုက်ရင်း. . .

"ကျုပ်က ဘယ်သူ့ကို ငှားပြီး ခင်ဗျားကို ဓားနဲ့ပစ်ခိုင်းရမှာလဲ"

ချီယင်းဝေက ချန်ကျုံးလန်၏ဓားချက်များကို ပြန်လည်ခုခံတိုက်ခိုက်ရင်း. . .

"ခင်ဗျားနဲ့ကျုပ်နဲ့ သိုင်းပညာယှဉ်ပြိုင်တာမှ မဟုတ်ဘဲ ကျုပ်ကို လုပ်ကြံတာပဲ"

ဟု စွပ်စွဲလိုက်လေသည်။

ချန်ကျုံးလန်က ချီယင်းဝေကို အဆက်မပြတ်တိုက်ခိုက်ရင်း. . .

"ကျုပ်က ခင်ဗျားကို ဘာဖြစ်လို့ လုပ်ကြံရမှာလဲ"

ချီယင်းဝေက. . .

"ဒါဖြင့် ဘာဖြစ်လို့ မီးခိုးရောင်အင်္ကျီ ဝတ်ထားတဲ့လူကို မြက်ပင်တွေကြားမှာ ပုန်းခိုင်းပြီး ကျုပ်ကို ဓားနဲ့ပစ်ခိုင်းရတာလဲ"

ချန်ကျုံးလန်က. . .

"ဘယ်မီးခိုးရောင်အင်္ကျီ ဝတ်တဲ့လူကို ကျုပ်က ပုန်းခိုင်းပြီး ခင်ဗျားကို လုပ်ကြံခိုင်းမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်အော်လိုက်သည်။

ထိုစဉ် ချိုယင်းဝေတို့၏ ဝါးလေးငါးရိုက်ခန့် အကွာ တောင်ကုန်းပေါ်မှ မီးခိုးရောင်လူရိပ်တစ်ခု ခုန်ဆင်းသွားသည်ကို ချိုယင်းဝေကော ချန်ကျုံးလန်ပါ မြင်တွေ့လိုက်ရသည်။

ထို့ကြောင့် ချန်ကျုံးလန်က ချိုယင်းဝေအား ဆက်၍ မတိုက်ခိုက်တော့ဘဲ. . .

"ခင်ဗျားပြောတာ သူလား"

ဟု မေးလိုက်သည်။

ချိုယင်းဝေက. . .

"ဟုတ်တယ်"

ဟုပြောကာ ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

ချန်ကျုံးလန်က. . .

"သူက ဘယ်သူလဲ"

ချိုယင်းဝေက ဦးခေါင်းကို ခါပြကာ. . .

"ကျုပ် ဘယ်သိမလဲ၊ ခမောက်ကို မျက်နှာဖုံးတဲ့အထိ ဆောင်းထားတာ ကျုပ် ဘယ်လိုလုပ် သိနိုင်မှာလဲ"

ချန်ကျုံးလန်က. . .

"ဒါဖြင့် ကျုပ်တို့ ဘာလို့ရပ်နေကြမှာလဲ၊ ဒီလူကို ဘယ်သူ့အရင်ဖမ်းမိမလဲဆိုပြီး ကိုယ်ဖော့ပညာ ပြိုင်ရအောင်"

ဟု ပြောလိုက်လေသည်။



ချိုယင်းဝေက ဦးခေါင်းကိုညိတ်လိုက်ပြီး လက်ထဲမှဓားကိုဓားအိမ်ထဲသို့ ထည့်ကာ. . .

"ကောင်းသားပဲ"

ဟုပြောလိုက်ပြီး အသက်တစ်ချက်ကို ပြင်းပြင်းရှူလိုက်လေသည်။

ထို့နောက် သူတို့နှစ်ယောက်သည် မီးခိုးရောင်လူရိပ်နောက်သို့ ပြေးလိုက်သွားလေတော့သည်။

မီးခိုးရောင်လူရိပ်သည် သွားလမ်းအတိုင်း မပြေးဘဲ ချုံနွယ်များထဲသို့ တိုးဝင်ကာ ပြေးလွှားနေပေသည်။

သို့ဖြစ်၍ ထိုလူ၏နောက်မှလိုက်လာသော ချိုယင်းဝေနှင့်ချန်ကျုံးလန်တို့သည် ထင်သလောက် ခရီးမပေါက်ကြချေ။

မကြာမီ ထိုမီးခိုးရောင်လူရိပ်သည် ချုံနွယ်များအတွင်းမှတိုးထွက်လာပြီး လမ်းပေါ်သို့ ပြန်လည်ရောက်ရှိလာလေ၏။

ဤတစ်ကြိမ်တွင် ထိုမီးခိုးရောင်လူရိပ်သည် ချုံနွယ်များအတွင်းသို့ တိုးဝင်၍မပြေးတော့ဘဲ လမ်းမအတိုင်း ဆက်ဆက် ပြေးသွားလေသည်။

ခဏအကြာတွင် ချိုယင်းဝေနှင့် ချန်ကျုံးလန်တို့သည် လမ်းမပေါ်သို့ ရောက်ရှိလာလေသည်။

ထိုအချိန်၌ မီးခိုးရောင်လူရိပ်နှင့် သူတို့၏အကွာအဝေး

www.burmeseclassic.com

www.burmeseclassic.com



သည် ဝါးသုံးရိုက်ခန့်သာ ကွာဝေးတော့သည်။

မီးခိုးရောင်လူရိပ်သည် ရှေ့သို့ပြေးနေရာမှ နောက်သို့ တစ်ချက် လှည့်ကြည့်လိုက်ရာ ချိုယင်းဝေနှင့် ချန်ကျုံးလန်တို့ နှစ်ဦးလိုက်လာသည်ကို တွေ့လိုက်ရပေသည်။

ထို့ကြောင့် ထိုမီးခိုးရောင်လူရိပ်သည် ပို၍လျင်မြန်စွာ ပြေးလွှားသွားလေတော့သည်။

မကြာမီမှာပင် ထိုမီးခိုးရောင်လူရိပ်သည် လမ်းခွဆုံသို့ ရောက်ရှိလာလေတော့သည်။

ထိုအချိန်၌ ချိုယင်းဝေနှင့် ချန်ကျုံးလန်တို့သည် ထိုမီးခိုးရောင်လူရိပ်နှင့် ဝါးတစ်ရိုက်ခန့်နေရာသို့ ရောက်ရှိလာလေတော့သည်။

မီးခိုးရောင်လူရိပ်သည် လမ်းခွဆုံသို့ရောက်သောအခါ မည်သည့်လမ်းဘက်ကိုမျှ ဆက်၍မပြေးတော့ဘဲ ထိုလမ်းနှစ်ကြားရှိ ချုံနွယ်များအတွင်းသို့ တိုးဝှေ့ဝင်ရောက်လိုက်လေတော့သည်

ထိုစဉ် ချန်ကျုံးလန်က လက်တစ်ဘက် ဝှေ့ယမ်းလိုက်ရာ အဖြူရောင်အလင်းတန်းတစ်ခု ပစ်လွှင့်သွားပြီး မီးခိုးရောင်လူရိပ်လည်း လဲကျသွားလေတော့သည်။

ချိုယင်းဝေက ထိုမီးခိုးရောင်လူရိပ်၏အနီးသို့ အရင်ရောက်သွားပြီး ထိုလူကို ဆွဲလှန်လိုက်လေသည်။



ထို့ကြောင့် ထိုလူ၏ခမောက် ကျွတ်သွားပြီး ထိုလူ၏မျက်နှာကို မြင်တွေ့လိုက်ရလေတော့သည်။

ထိုသို့ မြင်တွေ့လိုက်ရသည်နှင့် တပြိုင်တည်း ချိုယင်းဝေသည် အံ့ဩဟန်ဖြင့် မျက်လုံးပြူးကျယ်သွားလေတော့သည်။

အကြောင်းမှာ ထိုလူသည် ဘုန်းတော်ကြီးတုလိမ် ဖြစ်နေသည် မဟုတ်ပါလော။

ဤသို့ဆိုလျှင် တုလိမ်ဘုန်းကြီးသည် ချိုယင်းဝေကို အဘယ်ကြောင့် ဤနေရာထိလိုက်လံ၍ လုပ်ကြံရသနည်း။

ချိုယင်းဝေ စဉ်းစား၍မရပါ။

မိမိနှင့် တုလိမ်ဘုန်းကြီးတွင် မည်သည့်ရန်ငြိုးမျှ မရှိခဲ့ချေ။

ထို့အပြင် ယခင်ကလည်း သိကျွမ်းခြင်း မရှိခဲ့ပါ။

အကယ်၍ တစ်စုံတစ်ယောက်က မိမိကိုလုပ်ကြံရန် တုလိမ်ဘုန်းကြီးအား ခိုင်းစေမည်ဆိုလျှင် ထိုလူသည် မည်သူဖြစ်မည်နည်း။

ချန်ကျုံးလန်သည် အဘယ်ကြောင့် တုလိမ်ဘုန်းကြီးကို နှုတ်ပိတ်လိုက်ရသနည်း။

ထိုသို့ ချိုယင်းဝေ တွေးတောနေစဉ်မှာပင် သူ၏အနီးသို့ ချန်ကျုံးလန် ရောက်ရှိလာတော့သည်။

ချိုယင်းဝေက အဆိပ်သင့်၍ မျက်နှာတစ်ခုလုံး ညိုမည်း

www.burmeseclassic.com

www.burmeseclassic.com



နေသော တုလိမ်ဘုန်းကြီးကို ညွှန်ပြလိုက်ရင်း. . .

"ဟော့. . . မင်းက ဘာသဘောနဲ့ ဒီလိုလုပ်လိုက်ရတာလဲ"

ချန်ကျိုးလန်က ချီယင်းဝေ၏စကားကို နားမလည်ဟန်ဖြင့် မျက်ခုံးတစ်ချက်ပင့်ကာ. . .

"ခင်ဗျား ဘာတွေပြောနေတာလဲ"

"မင်း ဘာဖြစ်လို့ သူ့ကိုအဆိပ်လူးအပ်နဲ့ ပစ်ရတာလဲ"

ချန်ကျိုးလန်က မိမိရင်ဘတ်ကို လက်ညှိုးဖြင့်ထောက်ကာ. . .

"ကျုပ်က သူ့ကို အဆိပ်အပ်နဲ့ပစ်တယ် ဟုတ်လား"

ချီယင်းဝေက. . .

"အဆိပ်အပ်နဲ့မပစ်ရင် အခုလို အဆိပ်သင့်ပြီး ညိုမည်းနေပါ့မလား"

ချန်ကျိုးလန်က. . .

"ကျုပ် ဘယ်တုန်းက အဆိပ်လူးထားတဲ့ လက်နက်ပုန်းကို သုံးဖူးလို့လဲ"

"အရင်က မသုံးပေမယ့် အခုမသုံးဘူးလို့ ဘယ်သူက ပြောနိုင်မလဲ"

ချန်ကျိုးလန်က တုလိမ်ဘုန်းကြီးအလောင်းကို တစ်ချက်ကြည့်လိုက်ပြီး. . .



"အံ့ဩစရာကောင်းတယ်၊ တကယ့်ကို အံ့ဩစရာကောင်းတယ်"

ချီယင်းဝေ မျက်မှောင်ကုပ်သွားသည်။

"ဘာအံ့ဩစရာ ကောင်းတာလဲ"

ချန်ကျိုးလန်က အလောင်း၏ရင်ဝကို ညွှန်ပြလိုက်ပြီး

"ကျုပ်ပစ်လိုက်တာက တံကောက်ကွေး၊ ဒဏ်ရာက ရင်ဝမှာ ထူးဆန်းမနေဘူးလား"

ချီယင်းဝေသည် ချန်ကျိုးလန်၏ စကားကြောင့် အလောင်း၏ရင်ဝကို တစ်ချက်ကြည့်လိုက်ပြီး. . .

"အင်း. . . ထူးဆန်းတယ်၊ ခင်ဗျားပစ်တာ ဘယ်နည်းနဲ့မှ ရင်ဝထိမှာ မဟုတ်ဘူး"

ချန်ကျိုးလန်က အလောင်းကို ဆွဲမှောက်လိုက်ရင်း

"ဟုတ်တယ်လေ၊ သူက ကျုပ်ကို ကျောပေးထားတာပဲ၊ တကယ်လို့ ကျုပ် လက်ဆလွဲရင်တောင် နောက်ကျောပဲ ထိရမှာပေါ့"

ဟု ပြောကာ အလောင်း၏တံကောက်ကွေးကို ကြည့်လိုက်သည်။ အလောင်း၏ တံကောက်ကွေး၌ ငွေအပ်တစ်ချောင်း စိုက်ဝင်နေပေသည်။

ချီယင်းဝေက ထိုငွေအပ်ကို ဆွဲနှုတ်လိုက်ရာ သွေးနီတစ်စက် ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ကျုံးလန်က ချီယင်းဝေကို ပြုံးပြလိုက်ပြီး. . .

"ဘယ့်နှယ်လဲ. . . ကျုပ်ပြောတာ ယုံပြီမဟုတ်လား"

ဟု မေးရင်း အလောင်းကို ပြန်လည်ပက်လက်လှန်လိုက်သည်။ ချီယင်းဝေသည် မျက်မှောင်တစ်ချက်ကြုတ်၍ စဉ်းစား နေရာမှ ရုတ်တရက် ချုံနွယ်အတွင်းသို့ တိုးဝင်သွားလေတော့သည်။

"ဟေ့. . . ခင်ဗျား ဘယ်သွားမလို့လဲ"

ချန်ကျုံးလန်က လှမ်း၍ မေးလိုက်လေသည်။

ချီယင်းဝေသည် ချုံနွယ်အတွင်းသို့ တိုးဝင်နေရာမှ. . .

"လူသတ်သမားနောက်ကို လိုက်မလို့"

ဟု ပြန်လည်ပြောကာ ချုံနွယ်အတွင်းသို့ ဆက်လက်တိုးဝင်သွားတော့သည်။

ခဏကြာလျှင် ချီယင်းဝေသည် လှိုဏ်တစ်ခုအတွင်းမှ ထွက်လာပြီး လမ်းကွေ့တစ်ခုသို့ ရောက်ရှိလာသည်။

ထိုစဉ် ချီယင်းဝေသည် မိမိ၏ရှေ့မှ မီးခိုးရောင်လူရိပ် တစ်ခု ပြေးသွားသည်ကို မြင်တွေ့လိုက်ရသည်။

သို့သော် ထိုလူရိပ်မှာ အလွန်ဝေးကွာနေပြီဖြစ်သောကြောင့် ချီယင်းဝေသည် ဆက်၍ မလိုက်တော့ဘဲ ပြန်လှည့်လိုက်တော့သည်။

* * *



ချန်ကျုံးလန်က ချုံနွယ်အတွင်းမှ ပြန်လည်တိုးထွက်လာသော ချီယင်းဝေကို လှမ်းကြည့်ကာ မိမိလက်ထဲမှ အရာဝတ္ထု တစ်ခုကို ပြလိုက်လေသည်။

ထိုအရာမှာ အပြာရောင်သမ်းနေသော ခရေပွင့်အပ်တစ်ချောင်းပင် ဖြစ်ပါသည်။

ချန်ကျုံးလန်က ထိုခရေပွင့်အပ်ကို ပြရင်း. . .

"ကဲ. . . ကျုပ် အဆိပ်မသုံးဘူးဆိုတာ ယုံပြီ မဟုတ်လား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက ချန်ကျုံးလန်၏လက်ထဲမှ ခရေပွင့်အပ်ကိုယူကြည့်ကာ. . .

"ကျုပ် တောင်းပန်ပါတယ်ဗျာ"

ဟု တောင်းပန်လိုက်လေသည်။

ချန်ကျုံးလန်က တစ်ချက်ပြုံးလိုက်ပြီး. . .

"ဒါနဲ့ မင်းလိုက်သွားတာ လူသတ်သမားကို တွေ့လိုက်ရဲ့လား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"တွေ့တော့ တွေ့လိုက်ပါတယ်၊ ဒါပေမယ့် လူသတ်သမားက လိုက်မမီအောင် အဝေးကိုရောက်နေပြီ"

ချန်ကျုံးလန်က တုလိမ်ဘုန်းကြီးအလောင်းကို ညွှန်ပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး. . .

"ခင်ဗျား ဒီဘုန်းကြီးကို သိလား"

ဟု မေးလိုက်သည်။

ချိုယင်းဝေသည် ပထမ၌ အမှန်အတိုင်းပြောရန် စိတ်ကူးလိုက်သော်လည်း ရုတ်တရက် စိတ်ပြောင်းကာ. . .

"မသိဘူး"

ဟု ငြင်းဆိုလိုက်သည်။

ချန်ကျုံးလန်က. . .

"ကဲ. . . ကျုပ်နဲ့ခင်ဗျားနဲ့ ပြန်ပြီး ယှဉ်ပြိုင်ကြရအောင်"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. . .

"အမှန်အတိုင်း ပြောရရင် ကျုပ်ခင်ဗျားနဲ့ မယှဉ်ပြိုင်ချင်ဘူး၊ ယှဉ်ပြိုင်ဖို့လဲ စိတ်မဝင်စားဘူး"

ချန်ကျုံးလန်က. . .

"ဘာလဲ ခင်ဗျားက ရန်ငြိုးရှိမှ ယှဉ်ပြိုင်ချင်တယ်ဆိုတဲ့သဘောလား"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းကာ. . .

"အဲဒီလို သဘောလဲ မဟုတ်ဘူး"

ဟု ပြောလိုက်သည်။

ချန်ကျုံးလန်က. . .

"ဒါဖြင့် ဘာကြောင့် ယှဉ်ပြိုင်ဖို့ စိတ်မပါရတာလဲ"



ချိုယင်းဝေက သက်ပြင်းတစ်ချက်ကို မသိမသာ မှုတ်ထုတ်လိုက်ပြီး. . .

"သိုင်းပညာ သင်ကြားခဲ့တာဟာ နာမည်လိုချင်လို့ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ကျုပ် ခင်ဗျားကို အထင်မသေးပါဘူး"

ချန်ကျုံးလန်က အနည်းငယ် စဉ်းစားလိုက်ပြီး မိမိ၏ပခုံးနှစ်ဘက်ကိုတွန့်ကာ. . .

"ကောင်းပြီလေ. . . ကျုပ်ခင်ဗျားကို အတင်းယှဉ်ပြိုင်ဖို့တိုက်တွန်းတော့ပါဘူးဗျာ"

ချိုယင်းဝေက ချန်ကျုံးလန်၏ပခုံးကို ပုတ်ရင်း. . .

"ကျုပ် ဝမ်းသာပါတယ်၊ ကျုပ်တို့ မယှဉ်ပြိုင်ဖြစ်တဲ့အတွက် အရက်ကို ပြိုင်သောက်ရအောင်"

ချန်ကျုံးလန်က သဘောကျစွာ ရယ်မောလိုက်ပြီး. . .

"အရက်ပြိုင်သောက်ဖို့ ကျုပ် စိတ်မကူးတော့ဘူး၊ ဒါနဲ့ ခင်ဗျား ဘယ်သွားမှာလဲ"

ချိုယင်းဝေ အနည်းငယ် ပြုံးလိုက်ပြီး. . .

"ကျုပ်က ခြေဦးတည့်ရာ သွားမှာပဲ"

ချန်ကျုံးလန်က အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"ဒါဖြင့် ခင်ဗျား ဘယ်ကိုသွားမယ်ဆိုတာ ရည်ရွယ်ချက်မရှိဘူးပေါ့"

ချိုယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သတ်သတ်မှတ်မှတ်သွားမယ်လို့ ရည်ရွယ် ထားတဲ့မြို့ မရှိဘူး"

ချန်ကျုံးလန်က. . .

"ဒီလိုဆိုရင် ခင်ဗျား စုကျိုးမြို့ကို သွားမလား"

ဟု မေးလိုက်သည်။

ချီယင်းဝေက သူ၏မျက်ခုံးကို ပင့်တင်ရင်း. . .

"ဘာလဲ. . . ခင်ဗျားက စုကျိုးမြို့ကို သွားမလို့လား"

ချန်ကျုံးလန်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"မဟုတ်ဘူး၊ ကျုပ် တခြားနေရာကို သွားမှာ"

ချီယင်းဝေက. . .

"ဒါဖြင့် ကျုပ်ကို ဘာဖြစ်လို့ စုကျိုးမြို့သွားမလား မေးရတာလဲ"

ချန်ကျုံးလန်က ပြုံးလိုက်ပြီး. . .

"ဩော်. . . ကျုပ်က လမ်းကြုံရင် စုကျိုးမြို့ကိုဝင်မ ပါ"

ချီယင်းဝေက. . .

"ခင်ဗျား အဲဒီမြို့ကို ရောက်ဖူးသလား"

ချန်ကျုံးလန်က. . .

"တစ်ခေါက်နှစ်ခေါက်လောက်ပဲ ရောက်ဖူးတယ်၊ သိ မကျွမ်းဘူး၊ ခင်ဗျားကော ဘယ်နှစ်ခေါက်လောက် ရောက်ဖူးလဲ"



ချီယင်းဝေက ပြုံးလိုက်ပြီး. . .

"လေးငါး ဆယ်ခေါက်တော့ ရှိမယ်ထင်တယ်"

ချန်ကျုံးလန်က ပြုံးလိုက်ပြီး. . .

"ဒါဆို အတော်ပဲ ကျုပ်ကိုလိုက်ပို့ပါလားဗျာ"

ချီယင်းဝေက ဦးခေါင်းညိတ်ပြကာ. . .

"ကောင်းပြီလေ၊ ကျုပ်တို့ သွားကြတာပေါ့"

ချန်ကျုံးလန်က. . .

"ဒါဖြင့် ကျုပ်တို့ ဘာလို့ရပ်နေတော့မှာလဲဗျာ"

ဟု ပြောလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေနှင့် ချန်ကျိုးလန်တို့သည် ကျူးမြို့၏အနောက်ဘက်ဆိပ်ကမ်းမှနေ၍ တူးမြောင်းအတိုင်း ရွက်လှေဖြင့် စုကျူးမြို့သို့ စုန်ဆင်းခဲ့လေသည်။

ထိုခရီးစဉ်တလျှောက်လုံး၌ ချိုယင်းဝေနှင့်ချန်ကျိုးလန်တို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြချေ။

သူတို့နှစ်ယောက်သည် ရွက်လှေပေါ်တွင် တစ်ယောက်တစ်နေရာစီထိုင်ကာ အတွေးကိုယ်စီနှင့် လိုက်ပါလာကြလေတော့သည်။

နံနက်စာ စားသောက်ချိန်နှင့် ညနေစာ စားသောက်ချိန်၌ ၎င်းတို့နှစ်ဦး အတူကွ စားသောက်ကြသော်လည်း တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြပါ။

သို့ဖြင့် သူတို့ စီးနင်းလိုက်ပါလာသော ရွက်လှေသည် စုကျူးနယ်သို့ ရောက်ရှိလာလေတော့သည်။

ယန်ကျူးမြို့ဆိပ်ကမ်းသို့ ရွက်လှေဆိုက်သောအခါ လှေသူကြီးက ချိုယင်းဝေနှင့် ချန်ကျိုးလန်တို့အား. . .

မိမိ၏လှေသည် စုကျူးမြို့သို့ မရောက်နိုင်တော့ကြောင်း တခြားလှေပြောင်းစီးရန် လာရောက်ပြောကြားလေသည်။

ထို့ကြောင့် ချိုယင်းဝေနှင့် ချန်ကျိုးလန်တို့သည် ရွက်လှေပေါ်မှ ဆင်းသက်ရလေတော့သည်။



ချိုယင်းဝေနှင့် ချန်ကျိုးလန်တို့သည် ဆိပ်ခံတံတားပေါ်၌ ပခုံးချင်းယှဉ်၍လျှောက်ရင်း ချန်ကျိုးလန်က. . .

"ကဲ ဒီနေ့ ကျုပ်တို့ ဘယ်မှာတည်းကြမှာလဲ၊ တည်းခိုခန်းမှာတည်းမလား၊ စုကျူးမြို့သွားတဲ့ လှေထဲမှာပဲ တည်းမလား"

ချိုယင်းဝေက. . .

"ကျုပ်ကတော့ တည်းခိုခန်းမှာတည်းမယ်၊ ခင်ဗျားတော ဘယ်မှာတည်းမလဲ"

ချန်ကျိုးလန်က. . .

"ကျုပ်တော့ လှေပေါ်မှာပဲ တည်းမယ်ဗျာ"

ချိုယင်းဝေက. . .

"ကောင်းပြီလေ၊ ခင်ဗျားသဘောပဲ၊ ဒါနဲ့ ခင်ဗျားမြို့ထဲကိုလိုက်ဦးမလား"

ချန်ကျိုးလန်က အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"မလိုက်တော့ဘူး၊ ကျုပ် ဒီမှာပဲ နေခဲ့တော့မယ်"

"ကောင်းပြီလေ၊ ကျုပ်တော့ မြို့ထဲသွားပြီး အသိတစ်ယောက်ဆီဝင်လိုက်ဦးမယ်"

ဟု ပြောလိုက်လေ၏။ ထို့နောက်သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် 'ဆိုက်ကျင့်' ဟုနှုတ်ဆက်ကာ သမ်းခွဲသွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသော ခြံဝင်းတစ်ခုက ချိုယင်းဝေ၏ရှေ့တွင် ကာဆီးလျက်ရှိသည်။

ချိုယင်းဝေသည် ထိုခြံဝင်းကို အတန်ကြာအောင်ရပ်၍ ကြည့်နေပြီးမှ ခြံအဝင်တံခါးရှိရာသို့ လျှောက်သွားလေတော့သည်။

တံခါးမှူးက ချိုယင်းဝေကိုမြင်တွေ့သည်နှင့် သူ၏သွားများမြင်နိုင်အောင် ပြုံးပြလိုက်ပြီး. . .

"ဟာ. . . ဆရာပါလား၊ သခင်လေးကိုတွေ့ချင်လို့ လာတာနဲ့တူတယ်"

ဟု နှုတ်ဆက်စကား ပြောလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"မင်းတို့ သခင်လေး ရှိတယ် မဟုတ်လား"

ဟု မေးလိုက်လေသည်။

တံခါးမှူးက ခြံဝင်းတံခါးကို ဖွင့်ရင်း. . .

"အတော်ပဲ သခင်လေးရှိတယ်"

ဟု ပြောကာ ချိုယင်းဝေ ဝင်နိုင်စေရန် လမ်းဖယ်ပေးလိုက်လေသည်။

ချိုယင်းဝေသည် ခြံဝင်းထဲသို့ ပြေးဝင်သွားပြီး. . .

"မင်း သခင်လေး ဘယ်မှာလဲ"

ဟု မေးလိုက်လေသည်။



တံခါးမှူးက ခြံဝင်းတံခါး ပြန်ပိတ်လိုက်ပြီး. . .

"သခင်လေး အိမ်ပေါ်မှာရှိပါတယ်၊ ကျွန်တော့်နောက်လိုက်ခဲ့ပါ"

ဟု ပြောကာ ချိုယင်းဝေကို ဦးဆောင်၍ အိမ်ပေါ်သို့ ခေါ်ဆောင်သွားတော့သည်။

ချိုယင်းဝေသည် တံခါးမှူး၏နောက်မှ မိမိလက်နှစ်ဘက်ကို နောက်သို့ပစ်ကာ လိုက်ပါသွားတော့သည်။

မကြာမီ သူတို့သည် ဧည့်ခန်းထဲသို့ ရောက်ရှိလာတော့သည်။

တံခါးမှူးသည် ချိုယင်းဝေကို အိမ်ခန်းထဲ၌ နေရာထိုင်ခင်းချပေးလိုက်ပြီး. . .

"ဆရာ ဒီမှာခဏထိုင်ပါ၊ ကျွန်တော် သခင်လေးကို သွားပြောလိုက်ပါဦးမယ်"

ဟု ပြောကာ ထွက်ခွာသွားတော့သည်။

ချိုယင်းဝေသည် တံခါးမှူးကို ဦးခေါင်းညိတ်ပြလိုက်ပြီး ဧည့်ခန်း၏နံရံ၌ ချိတ်ဆွဲထားသော ပန်းချီကားများကို လှည့်ပတ်ကြည့်ရှုနေလေသည်။

မကြာမီ ဧည့်ခန်းဘေးသို့ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူတစ်ယောက် ရောက်လာလေတော့သည်။

ထိုလူသည် ချိုယင်းဝေ၏ အရင်းနှီးဆုံးမိတ်ဆွေ လုကျုံး

www.burmeseclassic.com

www.burmeseclassic.com



တိတ်ပင် ခဲ့ပါသည်။

ကုံးတိတ်သည် ဧည့်ခန်းထဲသို့ ရောက်လာသည်နှင့် ချိုယင်းဝေအား ပြုံးရွှင်သော မျက်နှာထားဖြင့်. . .

"ဟော့. . . ဘယ်လေတိုက်လို့ ရောက်လာတာလဲ"

ဟု ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုလိုက်သည်။

ချိုယင်းဝေက ပြုံးလိုက်ရင်း. . .

"ဘယ်လေတိုက်လို့ ရောက်လာတာပဲဖြစ်ဖြစ်၊ ခင်ဗျား ကြိုဆိုမလား၊ မကြိုဆိုဘူးလား။ ဒါပဲပြော"

လုကုံးတိတ်က ရယ်မောကာ. . .

"ကြိုဆိုပါတယ်ဗျာ. . . ကြိုဆိုပါတယ်"

ဟု ပြောလိုက်သည်။

ချိုယင်းဝေက ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး. . .

"ကောင်းပြီ၊ ဒါဖြင့် ခင်ဗျား ကျုပ်ကို ဧည့်ခံရမယ်"

လုကုံးတိတ်က သူ၏မျက်ခုံးကိုပင့်တင်ကာ. . .

"ဟောဗျာ. . . ခင်ဗျားလာတိုင်း ကျုပ်ဧည့်ခံနေကျပဲ မဟုတ်လား၊ အထူးအဆန်းလုပ်လို့ဗျာ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက. . .

"ကောင်းပြီ၊ ကဲ. . . ပထမဦးဆုံး ကျုပ်တို့ လျှောက်လည်ကြမယ်"



ဟု ပြောလိုက်လေသည်။

လုကုံးတိတ်က ဦးခေါင်းကိုခါယမ်းလိုက်ပြီး. . .

"မဖြစ်ဘူးထင်တယ်"

ချိုယင်းဝေက မျက်မှောင် အနည်းငယ်ကြုတ်ကာ. . .

"ဘာဖြစ်လို့လဲ၊ ခါတိုင်းလဲ ထွက်လည်နေကျပဲ မဟုတ်ဘူး"

လုကုံးတိတ်က. . .

"ဒီတစ်ခါ မဖြစ်ဘူးထင်တယ်၊ တော်တော်ကြာ အဘိုးကြီးသိသွားရင် မလွယ်ဘူး"

ချိုယင်းဝေက အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"ကျုပ်တွေးတာ မမှားဘူးဆိုရင် အခု ခင်ဗျား စာမေးပွဲဖြေဖို့ စာကျက်နေတယ် မဟုတ်လား"

ဟု မေးလိုက်သည်။

လုကုံးတိတ်က ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဟုတ်တယ်၊ အခုလ တစ်လလုံး စာကျက်နေရတာ အခန်းထဲက ထွက်ရတာတောင် မရှိဘူး"

ချိုယင်းဝေက လုကုံးတိတ်၏ပခုံးကို ဖက်၍. . .

"ကဲပါ. . . ကျုပ်ကို အကြောင်းပြပြီး အပြင်ထွက်ရအောင် လုပ်ပေါ့ဗျာ"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုကုံးတိတ်က လက်ဖျစ်တစ်ချက်တီးကာ. . .

"ဟုတ်ပြီ၊ ခင်ဗျား ခဏစောင့်နေ၊ ကျွန်တော် ပြန်လာခဲ့မယ်"

ဟု ပြောကာ ဧည့်ခန်းထဲမှ ထွက်သွားတော့သည်။

ခဏကြာသောအခါ လုကုံးတိတ်သည် ဧည့်ခန်းအတွင်းသို့ ပြန်လည်ရောက်ရှိလာတော့သည်။

ထို့နောက် သူတို့ နှစ်ယောက်သည် ဧည့်ခန်းထဲမှ ထွက်သွားတော့သည်။

ခြံဝင်းအပြင်သို့ ရောက်သောအခါ လုကုံးတိတ်က ချိုယင်းဝေကို လှည့်ကြည့်လိုက်သည်။

"ကဲ. . ကျုပ်တို့ ဘယ်သွားမလဲ"

ဟု မေးလိုက်သည်။

ချိုယင်းဝေက သူ၏ပခုံးနှစ်ဘက်ကို တွန့်ပြကာ. . .

"ဒါကတော့ အိမ်ရှင်ရဲ့ သဘောပဲလေကွာ"

လုကုံးတိတ်က. . .

"ဘယ်ဟုတ်မလဲကွ၊ ဧည့်သည်ရဲ့ဆန္ဒကို လိုက်လျောရမှာပေါ့"

ချိုယင်းဝေက ပြုံးလျက်. . .

"ဟ. . . ဧည့်သည်ဆိုတာ အနည်းနဲ့အများ ဟန်ဆောင်ရတယ်၊ အိမ်ရှင်က အလိုက်သိမှ တော်ရုံကျတာကွ"



လုကုံးတိတ်က ချိုယင်းဝေ၏စကားကို သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး. . .

"ဟုတ်သားပဲ၊ အိမ်ရှင်က အလိုက်သိရမှာပေါ့၊ ကဲ ကျုပ်တို့ ပထမဦးဆုံး အနောက်ကန်ကိုသွားမယ်၊ ပြီးတော့ အဲဒီမှာရှိတဲ့ ကျောက်သဘော်မှာ ထမင်းစားပြီး ညနေကျရင် ပန်းခေါင်းစုံဂေဟာကို ထပ်သွားမယ်ကွာ၊ ယို့လျမ်ကလဲ ခင်ဗျားကို အမေးထဲမေးနေတယ်"

ချိုယင်းဝေက ရယ်မောလိုက်ပြီး. . .

"ခင်ဗျားလို အိမ်ရှင်က အင်မတန်တော်တဲ့ အိမ်ရှင် ဧည့်သည်ရဲ့အလိုက်သိပုံရတယ်၊ အင်း. . . ဒါနဲ့နေပါဦး၊ ခင်ဗျားက ယို့လျမ်ကို ချစ်ရေးဆိုတယ်ကြားတယ် ဟုတ်လား"

ဟု မေးလိုက်သည်။

လုကုံးတိတ်သည် ချိုယင်းဝေ၏ အမေးစကားကြောင့် မျက်လုံးပြူး မျက်ဆန်ပြူး လက်ကာပြလိုက်ပြီး. . .

"မဟုတ်ရပါဘူးဗျာ၊ ကြားစကားတွေ မယုံစမ်းပါနဲ့"

ချိုယင်းဝေက သဘောကျဟန်ဖြင့် တစ်ချက် ရယ်မောလိုက်ပြီး. . .

"ကျုပ်က ကြားတာ ပြောတာပါ"

ဟု ပြောလိုက်သည်။ လုကုံးတိတ်က သူ၏နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ခင်ဗျားကို ကျုပ်မေးရဦးမယ်"

ချိုယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"ခင်ဗျားမေးတဲ့ မေးခွန်းဟာ ယို့လျှမ်နဲ့ ပတ်သက်နေတယ် ထင်တယ်"

ဟု ပြန်၍ မေးလိုက်သည်။

လုကုံးတိတ်က ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဟုတ်တယ်"

ချိုယင်းဝေက. . . .

"ကဲ. . . ဆိုစမ်းပါဦး"

လုကုံးတိတ်က. . .

"ခင်ဗျား သူ့ကို သဘောကျသလား"

လုကုံးတိတ်၏စကားကြောင့် ချိုယင်းဝေ၏မျက်ခုံးများသည် ငယ်ထိပ်သို့ ခုန်တက်သွားပြီး. . .

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

ဟု ပြန်၍မေးလိုက်သည်။

လုကုံးတိတ်က ရုတ်တရက် ရယ်မောကာ. . .

"တကယ်မသိလို့ မင်းမေးတာလား၊ ငါပြောတဲ့ စကားကို ထပ်ကြားချင်လို့ မေးတာလား"

ဟု ပြောလိုက်သည်။

ချိုယင်းဝေက ရယ်မောရင်း. . .



"နှစ်ခုစလုံးပဲ ဆိုပါတော့"

ဟု ပြန်လည် ပြောလိုက်သည်။

လုကုံးတိတ်က. . .

"ခင်ဗျား သူ့ကို လက်ထပ်မလားလို့ မေးတာပါ"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. . .

"ကျုပ် မိန်းမယူမယ်လို့ စိတ်မကူးသေးဘူး"

လုကုံးတိတ်က ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်ရင်း

"ခင်ဗျားအဖြေက ဝေ့လည်ချောင်ပတ်ကြီးပဲဗျ၊ ကျုပ်သိချင်တာက ခင်ဗျား ယို့လျှမ်ကို လက်ထပ်ဖို့ စိတ်ကူးသလား မေးတာ"

ချိုယင်းဝေက. . .

"ခင်ဗျားက စိတ်ကူးနေလို့လား"

လုကုံးတိတ်က. . .

"ခင်ဗျား စိတ်ကူးလား စိတ်မကူးဘူးလားဆိုတာပဲ၊ ကျုပ်သိချင်တယ်"

ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ကျုပ် သူ့ကိုယူဖို့ စိတ်မကူးဘူး"

ဟု ဖြေလိုက်လေသည်။

လုကုံးတိတ်က. . .

"ဘာဖြစ်လို့လဲ၊ ခင်ဗျား သူ့ကို အထင်သေးလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းကာ...

"ဒီလိုသဘောလဲ မဟုတ်ပါဘူး၊ ကျုပ် စိတ်မကူးတ(ဲ)
သူ့ကို အထင်သေးလို့ မဟုတ်ဘူး"

လုကုံးတိတ်က...

"လူကုံထံတွေထဲက ယို့လျှမ်ကိုလာပြီး တောင်းရမ်းတဲ့(လူ)
တွေတစ်ပုံကြီးပဲ၊ ဒါပေမယ့် ယို့လျှမ်က လက်မခံဘူး"

ချိုယင်းဝေက အနည်းငယ် ပြုံးလိုက်ပြီး...

"ဒါကတော့ သူ့စိတ်ကြိုက် မတွေ့သေးလို့ဖြစ်မှာပေါ့"

လုကုံးတိတ်က ရယ်မောလိုက်ပြီး...

"ဒါကတော့ဗျာ၊ ခင်ဗျားကိုတွေ့ပြီးတဲ့နောက် သူ့စိတ်
ကြိုက် ဘယ်မှာတွေ့နိုင်တော့မှာလဲ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေ ဘာမျှပြန်မပြောတော့ပါ။

သူ၏ရင်ထဲ၌ တစ်စုံတစ်ရာသော မဖော်ပြနိုင်သည့်
ခံစားချက်တစ်ရပ်ကို ခံစားလိုက်ရပြီး လွန်ခဲ့သော တစ်ခေါက်က
မိမိနှင့်ယို့လျှမ်တို့ ပန်းပေါင်းစုံဂေဟာတွင် ညစာစားသောက်ရင်း
သီချင်းဆိုခဲ့ကြပုံများကို ပြန်လည် အမှတ်ရသွားမိလေသည်။

ထိုအချိန်က ယို့လျှမ်သည် ဗျပ်စောင်းကိုတီးရင်း သီချင်း
ဆိုကာ မိမိက ပလွေမှုတ်ခဲ့သည် မဟုတ်ပါလော။

ချိုယင်းဝေ မည်မျှ အတွေးလွန်သွားသည် မသိပါ။



လုကုံးတိတ်က လှမ်း၍...

"ဟေ့... ခင်ဗျား ဘယ်အထိသွားမလို့လဲ၊ ကျောက်
သဘော်က ဒီမှာဗျ"

ဟု ပြောသံကြားလိုက်မှ အတွေးရပ်တန့်သွားပြီး လုကုံး
တိတ်ကို လှည့်ကြည့်ကာ တစ်ချက်ပြုံးပြလိုက်လေသည်။

ထို့နောက် သူတို့နှစ်ယောက်သည် ကျောက်သဘော်
စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်သွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျောက်သဘော်စားသောက်ဆိုင်. . . ။

ယန်ကျူးမြို့သို့ ရောက်ဖူးသူတိုင်း အနောက်ကန်သို့ လာရောက်လည်ပတ်ကြလေသည်။

အနောက်ကန်သို့ လာရောက်ဖူးသူတိုင်း ကျောက်သဘော်စားသောက်ဆိုင်၌ စားသောက်ကြလေ၏။

အနောက်ကန်ကြောင့် ကျောက်သဘော်စားသောက်ဆိုင်၌ စည်ကားလာသကဲ့သို့ ကျောက်သဘော်စားသောက်ဆိုင်ကြောင့်လည်း အနောက်ကန်သို့ လာရောက်လည်ပတ်သူများ ပိုမိုများပြားလာလေသည်။

လှပသော ရှုခင်းသည် အနောက်ကန်၏ ကျက်သရေဆောင် အလှအပ တစ်ခုဖြစ်သည်။

ဂဏန်းဟင်းလျာသည် ကျောက်သဘော်၏ ကျက်သရေဆောင် စားသောက်ဖွယ်ရာတစ်ခု ဖြစ်သည်။

သို့ဖြစ်၍ အနောက်ကန်၏ရှုခင်းကို မြင်တွေ့ဖူးသူတိုင်းသည် နောက်တစ်ကြိမ် အနောက်ကန်သို့ လာရောက်လည်ပတ်ရန် ဝန်မလေးကြချေ။

ထို့အတူ ကျောက်သဘော်၏ ဂဏန်းဟင်းလျာကိုစားသောက်ဖူးသူတိုင်းသည် နောက်တစ်ကြိမ် ကျောက်သဘော်စားသောက်ဆိုင်၌ စားသောက်ရန် ဝန်မလေးကြချေ။

ချီယင်းဝေနှင့် လုကုံးတိတ်တို့သည် ကျောက်သဘော်



စားသောက်ဆိုင်၏ ဂဏန်းဟင်းလျာကို စားသောက်ရင်း ထွေရာလေးပါး ပြောဆိုကြသည်။

* * *

ပန်းပေါင်းစုံဂေဟာ. . . ။

ယန်ကျူးမြို့ရှိ နေရာများအနက် ပန်းပေါင်းစုံဂေဟာသည် အကျော်ကြားဆုံး၊ အစည်ကားဆုံးဂေဟာ ဖြစ်ပါသည်။

ပန်းပေါင်းစုံဂေဟာ၌ မိန်းကလေး များများစားစား မရှိပါချေ။

ပန်းပေါင်းစုံဂေဟာ အမည်ကျော်ကြားရခြင်း၏ အကြောင်းရင်းမှာ ယို့လျှမ်ကြောင့်ပင် ဖြစ်ပါသည်။

ယို့လျှမ်သည် အလွန်လှပချောမောပြီး စာပေ၊ ကဗျာ၊ သီချင်းနှင့် ပန်းချီစသည့် အနုပညာရပ်များ၌ တတ်ကျွမ်းသော မိန်းကလေးဖြစ်ပါသည်။

အကယ်၍ သင်သည် ယို့လျှမ်နှင့် တွေ့ဆုံစကားပြောချင်လျှင် ရက်ပေါင်းနှစ်ဆယ်ခန့် ကြိုတင်၍ စာရင်းပေးသွင်းထားရမည် ဖြစ်ပေသည်။

ချီယင်းဝေနှင့် လုကုံးတိတ်တို့သည် ညနေစောင်းချိန်၌ ပန်းပေါင်းစုံဂေဟာသို့ ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းပေါင်းစုံဂေဟာသို့ ရောက်သည်နှင့် လုကုံးတိတ်သည် ညေ့ကြိုစားပွဲ၌ ထိုင်နေသော မိန်းမပျိုကလေးတစ်ဦးထံ လျှောက်သွားပြီး ယို့လျှမ်ကို တွေ့လိုကြောင်း ပြောလိုက်သည်။

ညေ့ကြိုမိန်းကလေးက ယို့လျှမ်သည် ဧည့်သည်တစ်ဦးနှင့် စကားပြောနေသဖြင့် တွေ့နိုင်ရန် မလွယ်ကူကြောင်း ပြန်လည်ပြောလိုက်သည်။

သို့သော် လုကုံးတိတ်က မိန်းမပျိုလေးလက်ထဲသို့ ငွေစအနည်းငယ်ထည့်လိုက်ပြီး ချိုယင်းဝေက ယို့လျှမ်ကို တွေ့လိုကြောင်း သွားရောက်ပြောခိုင်းလိုက်သည်။

ညေ့ကြိုမိန်းကလေးက လုကုံးတိတ်၏ ငွေစများကို စားပွဲပေါ်တွင် တင်လိုက်ပြီး လုကုံးတိတ်ဘက်သို့ တွန်းပို့ကာ. . .

မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ကြောင်း၊ ယခု စာရင်းပေးထားပါက လာမည့်ဆယ့်ငါးရက်အတွင်း တွေ့ဆုံနိုင်မည်ဖြစ်ကြောင်း ပြောပြသည်။

လုကုံးတိတ်က ညေ့ကြိုမိန်းကလေး၏လက်ထဲသို့ ပထမပေးသော ငွေစများထက် နှစ်ဆမျှရှိသော ငွေစများကို မိန်းကလေးဘက်သို့ တွန်းပို့လိုက်ရင်း. . .

"ကျွန်တော်တို့ အခုတွေ့လို့ရမယ် မဟုတ်လား"

ဟု မေးလိုက်သည်။

ဤတစ်ကြိမ်မှ ငွေစများသည် ညေ့ကြိုမိန်းကလေး၏



နှင်ဘတ်ကြားထဲသို့ ရောက်ရှိသွားပြီး. . .

"ခဏစောင့်ပါ"

ဟု ပြောကာ သူမသည် အနောက်ဆောင်ဘက်သို့ သွား လေတော့သည်။

ခဏကြာလျှင် ညေ့ကြိုမိန်းကလေးနှင့်အတူ မိမိအား ခဏစောင့်နေရန် မှာကြားလိုက်သော ယို့လျှမ်၏စကား ပါရှိလာတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဧည့်ကြိုမိန်းကလေးသည် ချိုယင်းဝေနှင့် လုကုံးတိတ်တို့အား သီးသန့်ခန်းတစ်ခုတွင် နေရာထိုင်ခင်းပေးလိုက်ပြီး ရေနွေးကြမ်းနှင့်မုန့်များ လာရောက်ချထားပေးသည်။

ချိုယင်းဝေနှင့် လုကုံးတိတ်တို့သည် သီးသန့် အခန်းထဲ၌ ထိုင်ကာ ထိုမိန်းကလေး ဧည့်ခံထားသော ရေနွေးကြမ်းနှင့် စားသောက်စရာများကို သုံးဆောင်လိုက်ကြလေသည်။

များမကြာမီမှာပင် ဧည့်ကြိုမိန်းကလေးသည် ဝင်ရောက်လာပြီး ချိုယင်းဝေနှင့် လုကုံးတိတ်တို့အား သူမ၏နောက်မှ လိုက်ခဲ့ရန် ပြောကြားပြီး ရှေ့မှဦးဆောင်၍ သီးသန့်ခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

* * *



အနောက်ဆောင်သို့ သွားရာလမ်း၌ ပန်းဥယျာဉ်သစ်တစ်ခုကို ချိုယင်းဝေနှင့် လုကုံးတိတ်တို့ ဖြတ်သန်းရလေသည်။

မွှေးကြိုင်သော ပန်းရနံ့များက ချိုယင်းဝေ၏စိတ်ကို ကြည်နူးမှုဖြစ်ပေါ်စေသည်။

ချိုယင်းဝေသည် မွှေးကြိုင်သော ပန်းရနံ့များကို ရှူရှိုက်ရင်း ဤပန်းဥယျာဉ်ကြောင့် ဤဂေဟာကို ပန်းပေါင်းစုံဂေဟာဟု အမည်ပေးခြင်းလော။

သို့မဟုတ် ပန်းကလေးလိုလှပသော ယှို့လျှမ်ကြောင့် ဤဂေဟာကို ပန်းပေါင်းစုံဂေဟာဟု အမည်ပေးခြင်းလောဟု စဉ်းစားနေမိလေသည်။

ထိုသို့ စဉ်းစားနေစဉ်မှာပင် ချိုယင်းဝေနှင့် လုကုံးတိတ်တို့သည် အနောက်ဆောင်သို့ ရောက်ရှိလာလေတော့သည်။

အလွန်သန့်ရှင်းသပ်ရပ်သော အဆောင်သစ်တစ်ခု ဖြစ်သည်။

အဆောင်ထဲသို့ ရောက်သောအခါ ပို၍ပင် လှပသန့်ရှင်းနေသည်ကို ချိုယင်းဝေ မြင်တွေ့လိုက်ရလေသည်။

ဧည့်ကြိုမိန်းကလေးသည် ချိုယင်းဝေတို့အား အပေါ်ထပ်သို့ ခေါ်ဆောင်သွားလေသည်။

ချိုယင်းဝေသည် အပေါ်ထပ်သို့တက်သော အပေါ်ထပ်၏ အောက်ဆုံးလှေကားထစ်သို့ ခြေလှမ်းလှမ်းလိုက်သည်

www.burmeseclassic.com

www.burmeseclassic.com



နှင့်တပြိုင်တည်း မွှေးပျံ့သောအနံ့တစ်ခုကို ခံစားလိုက်ရ တော့သည်။

ထို့ကြောင့် ချီယင်းဝေသည် သူ၏ခြေလှမ်းများ ရပ်တန့်လိုက်ပြီး လှေကားထိပ်သို့ မော့ကြည့်လိုက်လေသည်။

လှေကားထိပ်၌ အလွန်လှပသော မိန်းကလေးတစ် ကန့်ကလျလေး ရပ်နေသည်ကို ချီယင်းဝေ မြင်တွေ့လိုက်ရ သည်။

ထိုမိန်းကလေးကို မြင်တွေ့လိုက်သည်နှင့် ချီယင်း ၏ခြေလှမ်းများသာမက နှလုံးသွေးပါ ရပ်တန့်သွားသကဲ့သို့ တက်မိငေးကာ မိန်းကလေးကို ကြည့်နေမိလေတော့သည်။

ထိုမိန်းကလေးသည် ပန်းပေါင်းစုံဂေဟာမှ အလှ မိန်းကလေးယို့လျှမ်ပင် ဖြစ်ပါသည်။

ယို့လျှမ်သည် မိမိအား ငေးကြောင်ကြည့်နေသော ယင်းဝေကို စိတ်ဆိုးဟန်ဖြင့် နှုတ်ခမ်းစူလိုက်ပြီး. . .

"ဘယ်လိုလဲ ကျွန်မကိုတွေ့ချင်တယ်ဆိုပြီး အပေါ် မတက်လာတော့ဘူးလား၊ ဘာလဲ ကျွန်မက အောက်ဆင်းလာ မှာလား"

ဟု ရန်တွေ့လိုက်သည်။

ချီယင်းဝေသည် မိမိငေး၍ ကြည့်နေမိသည်ကို လ သွားသဖြင့် ရှတ်တရက် မျက်နှာထူပူကာ. ...



"မ. . . မဟုတ်ပါဘူး၊ ကျုပ် တက်လာခဲ့ပါမယ်"

ဟု ပြောလိုက်သည်။

လုကျုံးတိတ်က ချီယင်းဝေနောက်မှ လိုက်၍သွားလေ တော့သည်။

အပေါ်ထပ်သို့ ရောက်သောအခါ ယို့လျှမ်သည် ချီယင်း ဝေတို့အား ဧည့်ခန်းဆောင်၌ နေရာထိုင်ခင်း ချထားပေးလိုက် လေသည်။

အပေါ်ထပ်မှ ဧည့်ခန်းဆောင်သည် အောက်ထပ်ရှိ ဧည့်ခန်းဆောင်ထက် အဆင်အပြင် ပိုမိုလှပပြီး ပို၍သန့်ရှင်း သပ်ရပ်လေသည်။

ဧည့်ခန်း၏ အဆင်အပြင်ကပင်လျှင် ကဗျာဆန်နေ သည်ဟု ချီယင်းဝေ၏စိတ်ထဲ၌ ခံစားလိုက်ရ၏။

ယို့လျှမ်က ချီယင်းဝေတို့အား. . .

"ကဲ. . . ရှင်တို့ ဘာစားကြမှာလဲ"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက. . .

"စောစောကလေးတင်ကပဲ စားခဲ့ပြီးပါပြီ၊ မဆာတော့ ပါဘူး"

ယို့လျှမ်က ချစ်စဖွယ် တစ်ချက်ပြုံးလိုက်ပြီး. . .

"ဒါဖြင့် ရှင်တို့ကို အရက်နဲ့ပဲ ဧည့်ခံရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက ပြုံးကာ. . .

"စကားပြောဖြစ်ရုံလေး သောက်ကြတာပေါ့"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေ၏စကားဆုံးသည်နှင့် ယို့လျှမ်သည် လက ခုပ်တစ်ချက်တီးလိုက်ကာ အိမ်ဖော် မိန်းကလေးတစ်ဦး ဧည့်ခန် ထဲသို့ ဝင်ခိုင်းလိုက်လေသည်။

ယို့လျှမ်က အိမ်ဖော်မိန်းကလေးအား. . .

"ကဲ. . . ညီမရေ ဟောဒီက အစ်ကိုတွေအတွက် ဝ ရွက်စိမ်းအရက် ယူခဲ့ပါကွယ်"

ဟု ပြောလိုက်လေသည်။

အိမ်ဖော်မိန်းကလေးက ဦးခေါင်းကိုညိတ်ပြကာ ဧည့် ခန်းထဲမှ ပြန်၍ထွက်ခွာ သွားလေတော့သည်။

ခဏကြာလျှင် အိမ်ဖော်မိန်းကလေးသည် ဝါးရွက်စိမ် အရက်နှင့်အတူ စားသောက်ဖွယ်ရာအချို့ကို ကိုင်ဆောင်က ဧည့်ခန်းအတွင်းသို့ ပြန်လည် ဝင်ရောက်လာလေသည်။

ထို့နောက် ယို့လျှမ်သည် ချိုယင်းဝေတို့အား ဝါးရွက်စိမ် အရက်ဖြင့် စတင် ဧည့်ခံလိုက်လေသည်။

ယို့လျှမ်က ချိုယင်းဝေထံ အရက်ခွက်ကို လှမ်းပေးရင်

"ရှင်က ဒီကိုလာတာ အလည်သက်သက်ပဲလား။ တ နဲ့လား"



ဟု မေးလိုက်လေသည်။

ချိုယင်းဝေက. . .

"လမ်းကြုံလို့ ဝင်လာတာပါ၊ လုကုံးတိတ်နဲ့တွေ့တော့ င်ဗျားဆီ ရောက်လာတယ် ဆိုပါတော့"

ယို့လျှမ်က တစ်ချက်ရယ်မောလိုက်ပြီး. . .

"တကယ်လို့သာ လုကုံးတိတ်နဲ့ ရှင်မတွေ့ရင် ဒီကို ရောက်လာမှာ မဟုတ်ဘူးပေါ့"

ချိုယင်းဝေက ပြုံးလိုက်ပြီး. . .

"လုကုံးတိတ်နဲ့မတွေ့လဲ ကျွန်တော် လာမှာပါ"

ယို့လျှမ်က တစ်ချက်ရယ်မောလိုက်ပြီး. . .

"ယုံပါတယ်ရှင်၊ ယုံပါတယ်၊ ရှင်ပြောသမျှကို ကျွန်မ ယုံတာမရှိပါဘူး"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက. . .

"ကျုပ် တကယ်ပြောတာပါဗျာ၊ လုကုံးတိတ်က ခေါ် လိုက်လာရတာမျိုး မဟုတ်ပါဘူး"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူတို့သုံးဦးသား စကားလက်ဆုံကျနေလေ တော့သည်။

ချိုယင်းဝေသည် စကားလက်ဆုံပြောနေစဉ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



ယို့လျမ်ကို မကြာခဏ ကြည့်နေပေသည်။

ယို့လျမ်၏မျက်နှာသည် အနည်းငယ် မကြည်မလင်ဖြစ်နေသည်ကို ချီယင်းဝေ သိရှိလိုက်သဖြင့်. . .

"ယို့လျမ် မင်းမှာ ဘာအခက်အခဲများ ရှိနေလို့လဲ"

ဟု မေးလိုက်လေသည်။

ယို့လျမ်သည် ချီယင်းဝေက ယခုကဲ့သို့ မေးလာလိမ့်မည်ဟု မျှော်လင့်မထားသောကြောင့် အနည်းငယ် တုန်လှုပ်သွားကာ လက်ထဲရှိ အရက်ခွက်ထဲမှ အရက်များသည် သူမ၏အဝတ်အစားများပေါ်သို့ အနည်းငယ် ဖိတ်စဉ်ကျသွားလေတော့သည်။

ထို့ကြောင့် သူမသည် ထိုင်ရာမှထလိုက်ပြီး မိမိအကျီလဲပါရစေဟု အကြောင်းပြကာ ဧည့်ခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

ချီယင်းဝေက မိမိတို့နှင့်မလှမ်းမကမ်းတွင် ရပ်နေသောအိမ်ဖော်မိန်းကလေးကို လက်ယပ်ခေါ်လိုက်ပြီး. . .

"ဟေ့ မင်းသခင်မက စိတ်မကြည်မလင်ဖြစ်နေပါလား"

ဟု တိုးတိုးလေး မေးလိုက်လေသည်။

အိမ်ဖော်မိန်းကလေးက တစ်ချက်ပြုံးလိုက်ပြီး. . .

"ဒါတော့ ကျွန်မလဲမသိဘူး၊ အစ်ကိုတို့ မေးကြည့်ပါလား"



ချီယင်းဝေက မျက်ခုံးတစ်ချက် ပင့်လိုက်ပြီး. . .

"သူ့ကို တိုက်ရိုက်မေးလို့ ဘယ်ကောင်းမလဲ၊ ဒါကြောင့်မင်းကိုမေးတာပေါ့"

အိမ်ဖော်မိန်းကလေးက အတန်ကြာအောင် စဉ်းစားနေပြီးမှ. . .

"အခုတလော မမဘာဖြစ်နေသလဲ မသိဘူး၊ ခဏခဏသက်ပြင်းချတာ တွေ့ရတယ်"

ချီယင်းဝေက. . .

"ဘာကြောင့်လဲဆိုတာ မင်းသိလား"

ဟု ထပ်၍မေးလိုက်လေသည်။

အိမ်ဖော်မိန်းကလေးက တစ်စုံတစ်ခုကိုပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် ယို့လျမ်သည် ဧည့်ခန်းတွင်းသို့ ပြန်လည်ဝင်ရောက်လာလေတော့သည်။

သူမသည် အဝါရောင်အကျီကို ဝတ်ဆင်ထားပြီးသူမ၏ လက်ထဲ၌ ဗျပ်စောင်းကိုင်ထားသည်ကို ချီယင်းဝေမြင်တွေ့ လိုက်ရလေသည်။

ထိုသို့ မြင်တွေ့လိုက်သည်နှင့် ချီယင်းဝေ၏ရင်ခုန်နှုန်းသည် ဆယ်ဆမက ပို၍ မြန်သွားလေတော့သည်။

အကြောင်းမှာ လွန်ခဲ့သောနှစ်က ယို့လျမ်နှင့်သူ စတင်တွေ့ခဲ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ယို့လျှမ်သည် ယခုကဲ့သို့ ဝတ်ဆင်ထားပြီး လက်ထဲ၌လည်း ဗျပ်စောင်းကိုကိုင်ထားလေသည်။

ထို့ကြောင့် ချိုယင်းဝေသည် ယို့လျှမ်ကိုကြည့်ရင်း ရင်ထဲ၌ ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရလေသည်။

အကြောင်းမှာ လွန်ခဲ့သောနှစ်က မိမိနှင့်ယို့လျှမ် စတင်တွေ့ဆုံချိန်တွင် ယို့လျှမ်သည် ယခုကဲ့သို့ အဝါရောင်အင်္ကျီ ဝတ်ဆင်ထားပြီး လက်ထဲ၌ ဗျပ်စောင်းကို ကိုင်ထားသည် မဟုတ် ပါလား။

ထိုစဉ် ယို့လျှမ်သည် ချိုယင်းဝေတို့ကို ပြုံးပြလိုက်ပြီး

"ကဲ. . . ဧည့်သည်တွေကို ဖြေဖျော်စရာမရှိလို့ ကျွန်မကိုယ်တိုင် ဗျပ်စောင်းတီးပြီး သီချင်းဆိုပြပါ့မယ်"

လုကုံးတိတ်က လက်ခုပ်တီးကာ. . .

"ဟာ. . . သိပ်ကောင်းတာပေါ့ဗျာ၊ ဒီအစီအစဉ်လောက်ကောင်းတာ ဘာရှိဦးမလဲ"

ဟု ပြောလိုက်လေသည်။

ယို့လျှမ်သည် တင်ပျဉ်ခွေထိုင်လိုက်ပြီး ဗျပ်စောင်း၏ ကြိုးများကို အနည်းငယ်ညှိလိုက်သည်။

ထို့နောက် ဗျပ်စောင်းတီးကာ စတင်၍ သီချင်းသီဆိုလေတော့သည်။

ထိုသီချင်းသည် လွန်ခဲ့သောနှစ်က ချိုယင်းဝေနှင့်ယို့



လျှမ်တို့ သီဆိုခဲ့သော သီချင်းပင်ဖြစ်ပါသည်။

ထိုစဉ်က ယို့လျှမ်က ဗျပ်စောင်းတီးကာ ချိုယင်းဝေက ပလွေမှုတ်ခဲ့လေသည်။

သီချင်းကိုလည်း တစ်ယောက်တစ်ပိုင်းစီ သီဆိုခဲ့ကြသည်။

ချိုယင်းဝေသည် သီချင်းကို နားထောင်ရင်း သူ၏စိတ်ထဲ၌ ဝမ်းနည်းကြေကွဲလာသကဲ့သို့ ခံစားနေရလေသည်။

ချိုယင်းဝေ မည်မျှ အတွေးလွန်နေသည်မသိပါ။

ယို့လျှမ်၏တေးသံ ဆုံးသွားမှ ပြန်လည်၍ သတိဝင်လာလေသည်။

ယို့လျှမ်သည် သီချင်းဆုံးသည်နှင့် တပြိုင်တည်း ဗျပ်စောင်းမှကြိုးကို ဆွဲဖြတ်လိုက်တော့သည်။

ယို့လျှမ်၏ အပြုအမူကြောင့် လုကုံးတိတ်သည် အံ့အားသင့်သွားပြီး. . .

"ဘာဖြစ်လို့ ဖြတ်ပစ်လိုက်ရတာလဲ"

ဟု ယို့လျှမ်ကို မေးလိုက်လေသည်။

ယို့လျှမ်က နှုတ်ခမ်းကို မသိမသာ တွန့်၍မဲ့ပြုံး ပြုံးလိုက်ပြီး. . .

"ဗျပ်စောင်းက သိပ်ညံ့တာပဲ၊ နောက်ကို ဘယ်တော့မှ မသုံးတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ပြီး မတ်တတ်ရပ်လိုက်လေသည်။

ထို့နောက် ယို့လျမ်သည် ချီယင်းဝေကို ပြုံးပြလိုက်ပြီး

"ကဲပါရှင်၊ စိတ်မကောင်း ဖြစ်မနေပါနဲ့၊ ကျွန်မတို့ ပျော်ပျော်ပါးပါး စားသောက်ကြရအောင်"

ဟု ပြောလိုက်ပြီး ချီယင်းဝေနှင့် လုကုံးတိတ်တို့၏ အရက်ခွက်များထဲသို့ ဝါးရွက်စိမ်းအရက်ကို ငှဲ့ပေးလိုက်လေသည်။

သူက အချိန်ကို စောင့်ရသောအခါ ကြာသည်ဟု ထင်မှတ်ရသော်လည်း အချိန်ကုန်မှာစိုးသောအခါများ၌ အချိန်သည် လျှင်မြန်စွာ ကုန်ဆုံးသွားတတ်ပါသည်။

အချိန် တဖြည်းဖြည်း ကုန်လွန်သွားသည်နှင့်အမျှ ဝါးရွက်စိမ်းအရက်အိုးထဲမှ အရက်များလည်း ကုန်ဆုံးသွားပြီ ဖြစ်ပါသည်။

ချီယင်းဝေက မိမိခွက်တွင်းမှ လက်ကျန်အရက်ကို မော့သောက်လိုက်ပြီး အရက်ခွက်ကို ပြန်လည်ချလိုက်ရင်း ယို့လျမ်ကို တစ်ချက် လှမ်းကြည့်လိုက်လေသည်။

ပြီးမှ သူသည် ယို့လျမ်ကို တစ်ချက်ပြုံးပြကာ. . .

"ခင်ဗျား အိမ်ထောင်ကျတော့မလား၊ အိမ်ထောင်ကျတော့မယ်ဆို"

ယို့လျမ်က မပြုံးချင်ပြုံးချင်ဖြင့် တစ်ချက်ပြုံးပြကာ. . .

"နောက်တစ်ခေါက် ရှင်လာရင်တော့ ကျွန်မကို တွေ့ရတော့မှာ မဟုတ်ဘူး"



လုကုံးတိတ်က. . .

"ဒါဖြင့် အဲဒီကံကောင်းတဲ့သူက ဘယ်သူတုန်းဗျ"

ယို့လျမ်က တစ်ချက်ရယ်မောလိုက်ပြီး. . .

"ကျွန်မပြောရင် ရှင်တို့မသိနိုင်ဘူး၊ မပြောတာပဲ ကောင်းမယ်ထင်တယ်"

ချီယင်းဝေ အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"ဒါနဲ့ နေပါဦး၊ မင်း အခုလို အိမ်ထောင်ပြုမယ်ဆိုတော့ ဒီဂေဟာပိုင်ရှင်က သဘောတူပါ့မလား"

ယို့လျမ်က နှုတ်ခမ်းမဲ့၍ ပြုံးလိုက်ပြီး. . .

"လျော်ကြေးငွေ ၃၅၀၀ရတဲ့နောက်တော့ သူ့ သဘောတွေစရာ ဘယ်ရှိပါ့မလဲ"

ယို့လျမ်၏စကားကြောင့် လုကုံးတိတ်က စိတ်မကောင်းသလေသံဖြင့်. . .

"ဒါဖြင့် ခင်ဗျားကို လက်ထပ်မယ့်လူက ခင်ဗျားကို ငွေ ၃၅၀၀နဲ့ ဝယ်တဲ့သဘော ဖြစ်မနေဘူးလား"

ယို့လျမ်က တစ်ချက်ပြုံးလိုက်ပြီး. . .

"ဒါပေမယ့် အဲဒီလူက ပြောပါတယ်၊ တကယ်လို့ သူပေးလျော်ထားတဲ့ငွေကို စိုက်ပေးနိုင်တဲ့ငွေ ကျွန်မမှာရှိရင် ကျွန်မငွေကို လက်ခံမယ်လို့ ပြောပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး

"ဟူး. . . ၃၅၀၀ဆိုတာ နည်းတဲ့ငွေမှ မဟုတ်တာ"

ယို့လျမ်က ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"ဒါပေါ့"

လုကုံးတိတ်က အနည်းငယ် စဉ်းစားကာ. . .

"ဒီနည်းလမ်းကလွဲလို့ တခြားနည်းလမ်း မရှိတော့ဘူးလား"

ယို့လျမ်က ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. . .

"ကျွန်မတော့ ဘာမှ မစဉ်းစားတတ်အောင်ကို ဖြစ်နေတယ်"

ချီယင်းဝေက ယို့လျမ်ကို တစ်ချက်စိုက်ကြည့်လိုက်ပြီး. . .

"အခု. . . မင်းက ငွေပေးရွေးတဲ့လူ နောက်ကို မလိုက်ချင်ဘူး မဟုတ်လား"

ယို့လျမ်က ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဟုတ်တယ်"

ချီယင်းဝေက နှုတ်ခမ်းတစ်ချက်ကိုက်ကာ အတန်ကြာအောင်စဉ်းစားနေလေသည်။

အတန်ကြာမှ သူသည် တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချလိုက်ပြီးသည့်အလား ဦးခေါင်းတစ်ချက်ညိတ်ကာ ယို့လျမ်ကို



ကြည့်လိုက်လေသည်။ ပြီးမှ. . .

"မင်း တကယ်ပဲ မနေချင်တော့ဘူးလား"

ယို့လျမ်က ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

ချီယင်းဝေက. . .

"ငွေပေးရွေးတဲ့လူ နောက်ကိုလည်း မလိုက်ချင်ဘူးဟုတ်လား"

ယို့လျမ်က ဦးခေါင်း ညိတ်ပြလိုက်ပြန်လေသည်။

ချီယင်းဝေက. . .

"ကောင်းပြီလေ. . . မင်းက တကယ်ပဲ ဒီနေရာမှာမနေချင်တဲ့ဆန္ဒရှိရင် ကျုပ်ကူညီပါ့မယ်"

ယို့လျမ်က ချီယင်းဝေကို အံ့သြဟန်ဖြင့် မျက်ခုံးတစ်ချက်ပင့်၍ ကြည့်လိုက်ပြီး. . .

"ရှင့်မှာ အဲဒီလောက်ငွေ ရှိလို့လား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. . .

"မရှိဘူး"

"အဲဒီလိုဆိုရင် ရှင်က ကျွန်မကို ဘယ်လိုကူညီနိုင်မှာလဲ"

"ခင်ဗျားကို ငွေမပေးဘဲ ထွက်ရအောင် ကျုပ်ကြံမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ယို့လျှမ်က. . .

"ဘာလဲ. . . ရှင်က ကျွန်မကို ခိုးထုတ်မလို့လား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

ယို့လျှမ်က ပြုံးလျက် ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. .

"မလုပ်ပါနဲ့ရှင်၊ ဒီဂေဟာရဲ့ ပတ်ပတ်လည်မှာ ကင်းပုန်းတွေချထားတာ အများကြီးပဲ၊ တော်ကြာ ဒုက္ခရောက်နေပါဦးမယ်"

ချီယင်းဝေသည် ယို့လျှမ်ကို တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး. . .

"မင်းသာ ဒီဂေဟာက ထွက်ပြေးချင်တယ်ဆိုတာ သေချာရင် ငါမဖြစ်ဖြစ်အောင် ကူညီပါ့မယ်"

ယို့လျှမ်က ဦးခေါင်းညိတ်ပြလိုက်ပြီး. . .

"တကယ်တမ်း ရှင်ကူညီမယ်ဆိုရင် ရှင့်ကို ကျွန်မ ကျေးဇူးတင်ပါတယ်"

"ကဲ. . . ဒါဖြင့် မနက်ဖြန်ည သန်းခေါင်မှာ ကျုပ်လာခေါ်မယ်၊ အားလုံး အဆင်သင့်ဖြစ်အောင် ပြင်ထားပါ"

ဟု ပြောလိုက်လေသည်။ ထို့နောက် ချီယင်းဝေနှင့် လုကုံးတိတ်တို့သည် ယို့လျှမ်ကို နှုတ်ဆက်ကာ ပန်းပေါင်းရုံဂေဟာမှ ထွက်ခွာသွားလေတော့သည်။

* * *



နောက်တစ်နေ့နံနက်. . .။

အိပ်ရာမှနိုးသည်နှင့် ချီယင်းဝေသည် မြင်းနှင့်မြင်းအသုံးအဆောင်ပစ္စည်းများ ရောင်းသောဆိုင်သို့ သွားကာ မြင်းလှည်းတစ်စီးကို ဝယ်ယူလိုက်လေသည်။

ထို့နောက် မြင်းတစ်ကောင်ကို ထပ်မံဝယ်ယူလိုက်ပြီး မြင်းလှည်းတွင်တပ်ကာ မြင်းလှည်းကို မြို့ပြင်သို့ မောင်းနှင်သွားလေတော့သည်။

မြို့ပြင်သို့ ရောက်သောအခါ ချီယင်းဝေသည် လမ်းမမှ ခွဲထွက်၍ တောအုပ်အတွင်းသို့ မောင်းဝင်လိုက်လေသည်။

ထို့နောက် သူသည် မြင်းလှည်းအား မမြင်တွေ့စေရန် ဝှက်ထားလိုက်ပြီး မြို့ထဲသို့ ပြန်လည် ဝင်ရောက်လာလေသည်။

တည်းခိုခန်းသို့ ရောက်သောအခါ နံနက်စာစားချိန် ရောက်ပြီဖြစ်၍ ချီယင်းဝေသည် ဆိုင်လုလင်အား ထမင်းနှင့် ဟင်းလျာများကို မိမိအခန်းထဲသို့ လာရောက်ပို့ရန် မှာကြားလိုက်လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေသည် မြင်းလှည်းပေါ်၌ ထိုင်၍နေသည်။

သူသည် ယခုကဲ့သို့ မြင်းလှည်းပေါ်၌ ထိုင်နေသည်မှာ နေဝင်ချိန်ကတည်းမှ ဖြစ်ပါသည်။

ယခုကဲ့သို့ စောင့်ဆိုင်းရသောအခါမျိုး၌ အချိန်သည် ကြာရှည်လွန်းသည်ဟု ချိုယင်းဝေ တွေးလိုက်မိသည်။

ဤသို့ဖြင့် အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးကာ သန်းခေါင်ယံသို့ ရောက်ရှိလာလေတော့သည်။

ညဥ့်လေကလည်း တဖြည်းဖြည်း ပို၍ အေးစိမ့်လာလေသည်။

ပတ်ဝန်းကျင်တခွင်လုံး၌ လေတိုးသံ၊ သစ်ရွက် လှုပ်ရှားသံမှလွဲ၍ မည်သည့်အသံမျှ မရှိချေ။



ယခုအချိန်ထိ ချိုယင်းဝေ အိပ်ငိုက်ခြင်း မရှိသေးပါ။

သူ၏မျက်လုံးများသည် တောက်ပနေပြီး သူ၏ဟန်ပန် အမူအရာမှာ နိုးကြားနေလေသည်။

အချိန်သည် တရွေ့ရွေ့ဖြင့် ကုန်ဆုံးမှန်းမသိ ကုန်ဆုံးကာ နောက်ဆုံး အဝေးမှ လွင့်ပျံ့လာသော အုန်းမောင်းခေါက်သံ သုံးချက်ကို ချိုယင်းဝေ သဲ့သဲ့မျှ ကြားလိုက်ရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဒေါင်. . . ဒေါင်. . . ဒေါင်"

အုန်းမောင်းခေါက်သံ သုံးချက်သဲ့သဲ့မျှ ပေါ်ထွက်လာသည်။

အုန်းမောင်းခေါက်သံ ဆုံးသည်နှင့် ချိုယင်းဝေသည် စတင် လှုပ်ရှားလာလေတော့သည်။

သူသည် မြင်းလှည်းကို မြို့ထဲသို့ ပြန်လည်မောင်းနှင်လာသည်။

ထို့နောက် သူသည် မြင်းလှည်းကို ပန်းပေါင်းစုံဂေဟာနှင့်မနီးမဝေးရှိ မှောင်ရိပ်ထဲ၌ ရပ်တန့်ထားလိုက်ပြီး မြင်းလှည်းပေါ်မှ ဆင်းသက်လိုက်သည်။

ပြီးမှ သူသည် မိမိ၏ပတ်ဝန်းကျင်ကို တစ်ချက်မျှ ဝေ့ကြည့်လိုက်ပြီး မှောင်ရိပ်ကို အကာအကွယ်ယူကာ ပန်းပေါင်းစုံဂေဟာ၏ အုတ်နံရံသို့ ချဉ်းကပ်သွားလေသည်။

အုတ်နံရံသို့ ရောက်သောအခါ ခြေတစ်ချက်ဆောင့်၍ အုတ်နံရံပေါ်သို့ ခုန်တက်လိုက်လေသည်။

အုတ်နံရံပေါ်တွင် ချိုယင်းဝေသည် ခေတ္တမျှ ငြိမ်သက်၍ ခြံဝင်းအတွင်းသို့ အကဲခတ်ကြည့်ရှုလိုက်ပြီး ခြံဝင်းထဲသို့ ခုန်ချလိုက်လေသည်။

ခြံဝင်းထဲသို့ ရောက်သည်နှင့် တုံ့ဆိုင်းမနေဘဲ ပန်းဥယျာဉ်ကိုဖြတ်ကာ အနောက်ဆောင်သို့ ချဉ်းကပ်သွားလေသည်။ အနောက်ဆောင်သို့ ရောက်သောအခါ ချိုယင်းဝေသည် ပြတင်းပေါက်တစ်ခုကို မိမိ၏ဓားမြှောင်ဖြင့် ကော်၍ဖွင့်လိုက်ပြီး အခန်းထဲသို့ ပြတင်းပေါက်မှ ကျော်၍ ဝင်လိုက်လေသည်။



ထို့နောက် သူသည် အပေါ်ထပ်သို့ လှေကားအတိုင်း တက်ရောက်သွားလေသည်။

အပေါ်ထပ်သို့ ရောက်သောအခါ ချိုယင်းဝေသည် ယို့လျှမ်၏အခန်းရှိရာသို့ လျှောက်သွားကာ အခန်းတံခါးဝ၌ ရပ်တန့်လိုက်ပြီး အခန်းတံခါးကို ခပ်ဖွဖွကလေး ခေါက်လိုက်လေသည်။

ခဏကြာလျှင် အခန်းထဲမှ. . .

"ဘယ်သူလဲ"

ဟူသော ယို့လျှမ်၏အသံကို မတိုးမကျယ် ကြားလိုက်ရလေသည်။

ချိုယင်းဝေက. . .

"ကျုပ်ပါ၊ ချိုယင်းဝေပါ"

ဟု ပြန်လည် ပြောလိုက်လေသည်။

ချိုယင်းဝေ၏ စကားသံဆုံးသည်နှင့် အခန်းတံခါးဖွင့်ဟလိုက်ပြီး ယို့လျှမ်မျက်နှာ ပေါ်ထွက်လာသည်။

ချိုယင်းဝေက ယို့လျှမ်ကို မြင်တွေ့လိုက်ရသည်နှင့်. . .

"အဆင်သင့်ပဲလား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေသည်။

ယို့လျမ်က ဦးခေါင်းကို ညိတ်ပြလိုက်သည်။

ချီယင်းဝေက. . .

"ဒါဖြင့် သွားကြစို့"

ဟု ပြောလိုက်လေသည်။

ယို့လျမ်က အသင့်ထုပ်ပိုးထားသော အဝတ်အစားထုပ်ကို ခုတင်ပေါ်မှဆွဲယူလိုက်ပြီး ချီယင်းဝေနောက်မှ လျင်မြန်စွာ လိုက်ပါသွားတော့သည်။

ယခုအချိန်အထိ သူတို့သည် မည်သည့်အစောင့်ကိုမျှ တွေ့ကြုံရခြင်း မရှိသေးချေ။

ချီယင်းဝေသည် ယို့လျမ်၏လက်ကိုဆွဲကာ အမှောင်ထုကို အကာအကွယ်ပြုလျက် ပန်းပေါင်းစုံဂေဟာ၏ အုတ်နံရံသို့ ချဉ်းကပ်သွားလေတော့သည်။

ထို့နောက် သူတို့သည် အုတ်နံရံကိုကျော်၍ ခြံဝင်း အပြင်သို့ ရောက်ရှိသွားလေသည်။

ခြံဝင်းအပြင်သို့ ရောက်သောအခါ ချီယင်းဝေနှင့် ယို့လျမ်တို့သည် ခေတ္တမျှ ရပ်တန့်လိုက်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

မည်သို့ ထူးခြားမှုမျိုးကိုမျှ မတွေ့ရသောအခါ ချီယင်းဝေသည် ယို့လျမ်၏လက်ကိုဆွဲလျက် မြင်းလှည်းရှိရာသို့ ပြေး



သွားသွားလေတော့သည်။

ထို့နောက် သူတို့သည် မြင်းလှည်းပေါ်သို့ တက်လိုက်ပြီး ချီယင်းဝေက မြင်းလှည်းကိုမောင်းနှင်ကာ မြို့ပြင်သို့ ဦးတည်၍ ထွက်ခွာသွားလေတော့သည်။

ချီယင်းဝေတို့၏ မြင်းလှည်းကလေးသည် အမှောင်ထုသို့ တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မိုးသောက်ရောင်ခြည်နှင့်အတူ ချိုယင်းဝေ မောင်းနှင်လာသော မြင်းလှည်းကလေးသည် တည်းခိုခန်းတစ်ခုရှေ့၌ ရပ်တန့်လိုက်လေသည်။

ထို့နောက် ချိုယင်းဝေသည် တည်းခိုခန်းထဲသို့ ဝင်ရောက်သွားပြီး အခန်းနှစ်ခန်း ငှားရမ်းလိုက်လေသည်။

အခန်းတစ်ခန်းသည် ချိုယင်းဝေအတွက်ဖြစ်ပြီး ကျန်တစ်ခန်းမှာမူ ယို့လျမ်အတွက် ဖြစ်ပါသည်။

ယို့လျမ်သည် မိမိအတွက် ငှားရမ်းပေးထားသော တည်းခိုခန်းထဲသို့ ရောက်သောအခါ သက်ပြင်းတစ်ချက် ချလိုက်ပြီး ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်လေသည်။

ထို့နောက် သူမသည် ခရီးပန်းလာသဖြင့် မကြာမီအချိန်ကလေးအတွင်းမှာပင် နှစ်ခြိုက်စွာ အိပ်ပျော်သွားလေတော့သည်။

ချိုယင်းဝေသည် မိမိအတွက် ငှားရမ်းထားသော အခန်းထဲ၌ အိပ်ပျော်ရန် ကြိုးစားနေသော်လည်း အိပ်၍မပျော်ဘဲ ဖြစ်နေလေသည်။

ထို့ကြောင့် သူသည် ခုတင်ပေါ်မှထလိုက်ပြီး တည်းခိုခန်းပြတင်းပေါက်၌ရပ်၍ အပြင်သို့ ငေးကြည့်နေလေသည်။

ထိုစဉ် ရုတ်တရက် လူရိပ်တစ်ရိပ်သည် တည်းခိုခန်းနှင့်ကပ်လျက် အိမ်ခေါင်မိုးပေါ်မှ တည်းခိုခန်း၏ခေါင်မိုးပေါ်သို့



ခုန်တက်သွားသည်ကို ရိပ်ကနဲ မြင်တွေ့လိုက်ရလေသည်။

သို့ဖြစ်၍ ချိုယင်းဝေသည် တုံ့ဆိုင်းမနေဘဲ ပြတင်းပေါက်မှ ကျော်ကာ ခေါင်မိုးပေါ်သို့ တွယ်တက်လိုက်လေသည်။

ခေါင်မိုးပေါ်သို့ ချိုယင်းဝေ ရောက်ရှိလာသောအခါ [illegible]သည့်လူရိပ်လူရောင်ကိုမျှ မတွေ့ရတော့ချေ။

ထိုစဉ် ရုတ်တရက် ယို့လျမ်၏အခန်းမှ စူးရှစွာ အော်ဟစ်လိုက်သော ယို့လျမ်၏အသံ ထွက်ပေါ်လာလေသည်။

ထို့ကြောင့် ချိုယင်းဝေသည် တည်းခိုခန်း ခေါင်မိုးပေါ်မှ အပျာကယာခုန်ဆင်းကာ ယို့လျမ်၏အခန်းသို့ ပြေးတက်သွားလေတော့သည်။

ယို့လျမ်အခန်းထဲသို့ ချိုယင်းဝေ ရောက်ရှိလာသောအခါ ယို့လျမ်သည် ခုတင်ပေါ်တွင်ထိုင်လျက် ချွေးသီးချွေးပေါက်များ ထုကာ တုန်လှုပ်နေသည်ကို တွေ့လိုက်ရလေသည်။

ယို့လျမ်၏ အော်ဟစ်သံကြောင့် တည်းခိုခန်းမှ တည်းခိုသူအချို့နှင့် ဆိုင်လုလင်များ ရောက်ရှိလာလေသည်။

ယို့လျမ်သည် ချိုယင်းဝေကို မြင်တွေ့လိုက်သည်နှင့် ချိုယင်းဝေ၏ရင်ခွင်ထဲသို့ ဝင်ရောက်လိုက်ပြီး သူမ၏မျက်နှာကို ချိုယင်းဝေ၏ရင်ခွင်ထဲ၌ ဝှက်ထားလိုက်လေသည်။

ချိုယင်းဝေသည် ယို့လျမ်၏အခန်းဝသို့ စုပြုံရောက်ရှိလာသောလူများကို ဘာမှမဖြစ်ကြောင်း လက်ဟန်ဖြင့် ပြလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထို့နောက် ယို့လျမ်အခန်းသို့ ရောက်ရှိလာကြသူများသည် အသီးသီး မိမိနေရာမိမိ ပြန်လည်ထွက်ခွာသွားလေတော့သည်။

ထိုလူများ ထွက်ခွာသွားသောအခါ ချီယင်းဝေသည် မိမိရင်ခွင်ထဲမှ ယို့လျမ်၏မျက်နှာကို လက်ဖြင့်ဆွဲမော့လိုက်ပြီး...

"ဘာဖြစ်တာလဲ"

ဟု မေးလိုက်လေသည်။

ယို့လျမ်သည် ချီယင်းဝေ၏ စကားသံကိုကြားမှ သတိဝင်လာကာ ချီယင်းဝေ၏ရင်ခွင်ထဲမှ ရုန်းထွက်လိုက်လေသည်။

ထို့နောက် သူမသည် ချီယင်းဝေကို မကြည့်ဘဲ ဦးခေါင်းကိုငုံ့၍. . .

"ဘာမှမဖြစ်ပါဘူး ကျွန်မ အိပ်မက်မက်ပြီး လန့်အော်မိတာပါ"

ချီယင်းဝေက ယို့လျမ်ကို အတန်ကြာအောင် စိုက်ကြည့်ပြီးမှသက်ပြင်းတစ်ချက်ကို မသိမသာ မှုတ်ထုတ်လိုက်လေသည်။

ယို့လျမ်၏မျက်နှာသည် ပန်းနုရောင်ယှက်သန်းကာ ဦးခေါင်းကို ငုံ့၍ထားလေသည်။

သူမ၏ရင်သည် တဒိတ်ဒိတ် ခုန်နေပေသည်။

သို့သော် သူမ ရင်ခုန်ခြင်းသည် ထိတ်လန့်၍ ရင်ထိတ်



နေခြင်းမျိုးနှင့်မတူကြောင်း သူမ နားလည်လိုက်လေသည်။

ချီယင်းဝေသည် အတန်ကြာအောင် မည်သည့်စကားမျှ မပြောဘဲ ယို့လျမ်ကိုသာ ငေးစိုက်ကြည့်နေပေတော့သည်။

အတန်ကြာမှ သူသည် ယို့လျမ်ကို ကျောခိုင်းကာ မိမိအခန်းသို့ ယို့လျမ်အခန်းမှ ထွက်လာခဲ့လေတော့သည်။

ယို့လျမ်အခန်း၏ အပြင်ဘက်သို့ ရောက်သည့်တိုင်အောင် ချီယင်းဝေသည် ယို့လျမ်၏ ကိုယ်သင်းနံ့ကို ခံစားနေရပြီး ယို့လျမ်၏ပုံရိပ်သည်လည်း မိမိ၏ရင်ခွင်ထဲ၌ ကျန်ရှိနေသကဲ့သို့ ခံစားနေရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ ညစာကိုပင် ချီယင်းဝေနှင့် ယို့လျမ်တို့ အတူတကွ စားသောက်ကြသော်လည်း တစ်ဦးနှင့်တစ်ဦး စကားမပြောဖြစ်ကြချေ။

သူတို့သည် တိတ်ဆိတ်စွာ ညစာကို စားသောက်နေသော်လည်း သူတို့ ညစာ စားသောက်ပြီးစီးသွားသောအခါ သူတို့၏စားပွဲ၌ မှာကြားထားသော ဟင်းလျာများသည် အများအပြား ကျန်ရစ်ခဲ့လေတော့သည်။

* * *



ညဉ့်နက်ပြီဖြစ်၍ လမ်းပေါ်၌ လူသွားလူလာ ကင်းရှင်း၍နေလေသည်။

ခွေးလေခွေးလွင့်များ၏ ဟောင်သံတစ်ချို့တလေကိုသာ ညဉ့်လေထဲ၌ ကြားလိုက်ရပေသည်။

ချီယင်းဝေသည် သန်းခေါင်ကျော်နေပြီဖြစ်သည့်တိုင်ပြတင်းပေါက်၌ရပ်ကာ အဆုံးအစမရှိသော ကောင်းကင်ပြင်ကို မော့၍ကြည့်နေမိလေသည်။

ထို့အတူ သူ၏အတွေးသည်လည်း အဆုံးအစမရှိ ပျံ့လွင့်၍နေပေတော့သည်။

ချီယင်းဝေကဲ့သို့ပင် ယို့လျမ်တစ်ယောက်သည် သန်းခေါင်ကျော်နေပြီဖြစ်သည့်တိုင် အိပ်၍မပျော်သေးချေ။

သူမသည် ခုတင်ပေါ်၌ တလူးလူးတလိမ့်လိမ့်ဖြင့် အတွေးလွန်နေလေသည်။

သူမသည် ယင်းသို့ ခုတင်ပေါ်၌ လူးလွန့်နေရာမှ အုန်းခေါင်းခေါက်သံ သုံးချက် ပေါ်ထွက်လာချိန်တွင် အိပ်ပျော်ခြင်းသို့ရောက်ရှိသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့. . .။

နံနက်စာ စားပြီးချိန်၌ ချီယင်းဝေနှင့် ယို့လျှမ်တို့သည် တည်းခိုခန်းမှ ထွက်ခွာလာခဲ့ကြလေသည်။

လမ်းခရီးတလျှောက်လုံး၌ နေ့တစ်ဝက်ကျိုးသည်အထိ သူတို့နှစ်ဦးသည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြချေ။

ညသို့ဖြင့်. . .

မွန်းတိမ်းချိန်၌ သူတို့သည် လမ်းခုလတ်ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ဆာလောင်နေသော ဝမ်းဗိုက်များကို ဖြည့်တင်းကြလေသည်။

ထိုစားသောက်ဆိုင်မှ ပြန်လည်ထွက်ခွာလာသောအခါမှ ချီယင်းဝေသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ ယို့လျှမ်ဘက်သို့ လှည့်၍မကြည့်ဘဲ. . .



"တို့ အခု ဘယ်သွားမလဲ"

ဟု မေးလိုက်သည်။

ယို့လျှမ်က ချီယင်းဝေကို တစ်ချက်လှမ်းကြည့်လိုက်ပြီး

"ကျွန်မရဲ့ ဇာတိဖြစ်တဲ့ မုန်းမြို့ကို ပို့ပေးပါ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ယို့လျှမ်ကို တစ်ချက်လှည့်ကြည့်လိုက်ပြီး

"မင်းရဲ့မိဘတွေက အဲဒီမှာလား"

ယို့လျှမ်က သူမ၏နှုတ်ခမ်းကို တစ်ချက်ကိုက်ကာ. .

"ဒါတော့ အဲဒီရောက်မှ စုံစမ်းကြည့်ရမှာပဲ၊ အဆက်အသွယ်ပြတ်နေတာကြာပြီ"

ချီယင်းဝေက. . .

"တကယ်လို့ မရှိတော့ဘူးဆိုရင် မင်းဘာလုပ်မလဲ"

ယို့လျှမ်က ချီယင်းဝေ၏မျက်နှာကို တစ်ချက် ငေးကြည့်လိုက်ပြီး. . .

"ကျွန်မ မိဘတွေကို ရှာမတွေ့ဘူးဆိုရင် ရှင်က ကျွန်မကို ပစ်ထားခဲ့မှာလား"

ယို့လျှမ်၏စကားကြောင့် ချီယင်းဝေသည် ရုတ်တရက် မည်သို့ပြန်ပြောရမှန်းမသိအောင် ခေတ္တမျှ ငေးကြောင်သွားပြီး သက်ပြင်းတစ်ချက်ကို ယို့လျှမ်မသိအောင် ချလိုက်ပြီး. . .

"ပစ်မထားပါဘူး။ သင့်လျော်တဲ့နေရာ တစ်နေရာရာမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်အပ်ထားပါ့မယ်"

ယို့လျမ်က မိမိအားမကြည့်ဘဲ စကားပြောနေသော ချီယင်းဝေ၏မျက်နှာကို အတန်ကြာအောင် စိုက်ကြည့်ရင်း. . .

"ရှင့်မှာ ချစ်သူရှိတယ်ဆို"

ဟု ရုတ်တရက် မေးလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

ယို့လျမ်က အနည်းငယ် ပြုံးလိုက်ပြီး. . .

"သူ့နာမည်က လုစမ်းလို့ခေါ်တယ် မဟုတ်လား"

ယို့လျမ်၏စကားကြောင့် ချီယင်းဝေသည် အံ့အားသင့်ဟန်ဖြင့်. . .

"မင်း ဘယ်လိုလုပ်သိလဲ"

ဟု မေးလိုက်လေသည်။

"ရှင့်သူငယ်ချင်း မိတ်ဆွေတွေဆီက ကြားတာပေါ့"

ချီယင်းဝေက သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ. . .

"တကယ်လို့ ကျုပ်မှာ လုစမ်းဆိုတဲ့ ချစ်သူမရှိရင် ခင်ဗျာကိုလက်ထပ်ခွင့် တောင်းမိမှာပဲ"

ဟု ပြောလိုက်လေသည်။

ယို့လျမ်က တစ်ချက် ရယ်မောလိုက်ပြန်သည်။

သူမ၏ရယ်မောသံသည် အသက်မပါသကဲ့သို့ ခြောက်ကပ်ကပ် နိုင်လှပေသည်။



သူမသည် ထိုသို့ ရယ်မောပြီး. . .

"ရှင် ကျွန်မကို စိတ်ချမ်းသာအောင် ပြောနေတာလား"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းကာ. . .

"မဟုတ်ပါဘူး၊ ကျုပ် တကယ်ပြောတာပါ"

ထိုစဉ် ရုတ်တရက် ချီယင်းဝေသည် မိမိတို့နှင့် မလှမ်းကမ်းရှိ တောင်ကုန်းတစ်ခုပေါ်၌ လူရိပ်တစ်ရိပ် ရပ်နေသည်ကို မြင်တွေ့လိုက်ရပေသည်။

သို့သော် ချီယင်းဝေက သေချာစွာ ကြည့်လိုက်သောအခါ ထိုတောင်ကုန်းပေါ်၌ မည်သည့်လူရိပ်ကိုမျှ မတွေ့ရတော့ချေ။

ချီယင်းဝေသည် မြင်းလှည်းကိုရပ်တန့်လိုက်ပြီး မိမိ၏ပတ်ဝန်းကျင်ကို အတန်ကြာအောင် လေ့လာအကဲခတ်နေသော်လည်း မည်သည့်ထူးခြားမှုကိုမျှ မတွေ့ရတော့ချေ။

နောက်ဆုံး သူသည် မြင်းလှည်းကို ဆက်လက်မောင်းနှင်သွားလေတော့သည်။

* *, *

www.burmeseclassic.com

www.burmeseclassic.com



ယနေ့သည် ပန်းပေါင်းစုံဂေဟာမှ ယို့လျှမ် စတင်ထွက်ပြေးလာသောနေ့မှစ၍ ရေတွက်လျှင် တတိယမြောက်နေ့ဖြစ်ပါသည်။

ထိုနေ့ ဆည်းဆာချိန်တွင် ချီယင်းဝေတို့သည် မုန်းမြို့သို့ရောက်ရှိလာလေတော့သည်။

မုန်းမြို့သို့ ရောက်ရှိလာသောအခါ ချီယင်းဝေသည် သူ၏မြင်းလှည်းကို စားသောက်ဆိုင်တစ်ခု၏ရှေ့၌ ရပ်တန့်လိုက်ပြီး မြင်းလှည်းပေါ်မှ ဆင်းလိုက်လေသည်။

ယို့လျှမ်ကလည်း မြင်းလှည်းပေါ်မှ ဆင်းသက်လိုက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်လှည့်ပတ်၍ ကြည့်လိုက်လေသည်။

ထို့နောက် သူတို့သည် စားသောက်ဆိုင်ထဲသို့ ဝင်ရောက်ကာ ညစာ အတူစားသောက်လိုက်လေသည်။

ညစာ စားသောက်ပြီးသောအခါ ချီယင်းဝေက ယို့လျှမ်ကိုတစ်ချက် လှမ်းကြည့်လိုက်ပြီး. . .

"ကဲ. . . မင်းရဲ့အဖေနဲ့အမေရဲ့ နာမည်ကို ပြောစမ်းပါ"

ယို့လျှမ်က. . .

"ကျွန်မအဖေရဲ့နာမည်က ထူးချစ်လို့ခေါ်တယ်လို့ အမေက ပြောဖူးတယ်"

ယင်းစကားကြောင့် ချီယင်းဝေသည် မျက်မှောင်အ



နည်းငယ် ကြုတ်သွားပြီး ယို့လျှမ်ကို တစ်စုံတစ်ခုမေးရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ချီယင်းဝေက မမေးဖြစ်တော့ပါ။

ချီယင်းဝေသည် အတန်ကြာအောင် စကားမပြောဘဲ တိတ်ဆိတ်နေပြီးမှ ဆိုင်လုလင်ကို လှမ်းခေါ်ကာ ကျသင့်ငွေကို ရှင်းပေးလိုက်ပြီး စားသောက်ဆိုင်မှ ထွက်လာလေတော့သည်။

ထို့နောက် သူတို့နှစ်ယောက်သည် မင်းလမ်းတလျှောက်ရှိ ဆိုင်များထဲသို့ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်ဖြင့် ယို့လျှမ်၏မိဘများအကြောင်းကို စုံစမ်းလေတော့သည်။

သို့သော် သူတို့သည် မည်သို့မျှ စုံစမ်း၍မရခဲ့ချေ။

နောက်ဆုံး၌ သူတို့သည် ညဉ့်နက်လာပြီဖြစ်သည့်အတွက် ပရဆေးဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ကာ ဆိုင်ပိုင်ရှင်ထံမှ တစ်ညတာ တည်းခိုခွင့်တောင်းကာ တည်းခိုလိုက်ကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အတွေးများ တစ်ခုပြီးတစ်ခု ဆက်တိုက်ပေါ်လာသဖြင့် ချီယင်းဝေသည် တော်တော်နှင့် အိပ်မပျော်နိုင်အောင် ဖြစ်နေလေသည်။

အတန်ကြာမှ ချီယင်းဝေ အိပ်ပျော်သွားလေတော့သည်။

ထိုစဉ် ရုတ်တရက် အိမ်ခေါင်မိုးပေါ်၌ တစ်စုံတစ်ယောက် လမ်းလျှောက်နေသောအသံကြောင့် ချီယင်းဝေသည် အိပ်ရာမှ ဖြုတ်ကနဲ လန့်နိုးလာကာ ခုတင်ပေါ်၌ ထထိုင်လိုက်လေသည်။

ထို့နောက် သူသည် ငြိမ်သက်စွာဖြင့် နားစွင့်နေလေသည်။

ခေါင်မိုးပေါ်မှ လမ်းလျှောက်နေသောခြေသံသည် ဖြစ်လည်ကြားရပြန်လေသည်။

ထို့ကြောင့် ချီယင်းဝေသည် ခုတင်ပေါ်မှဆင်းကာ ပြတင်းပေါက်တံခါးကို ဖွင့်လိုက်ပြီး ပြတင်းပေါက်မှတဆင့် အိမ်ခေါင်မိုးပေါ်သို့ တက်ရောက်၍ သွားလေတော့သည်။

ထို့နောက် ချီယင်းဝေသည် ထိုလူ၏နောက်သို့ လျင်မြန်စွာ ပြေးလိုက်သွားလေသည်။

အဖြူရောင်လူရိပ်သည် အိမ်ခေါင်မိုးတစ်ခုနှင့်တစ်ခုကို ခုန်ကူးကာ အိမ်ခေါင်မိုးများပေါ်မှ ပြေးလွှားသွားလေသည်။



ချီယင်းဝေသည် ထိုလူ၏နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်သွားလေသည်။

အဖြူရောင်လူရိပ်သည် ရုတ်တရက် နောက်ဖေးလမ်းကြားထဲသို့ ခုန်ချလိုက်လေသည်။

ချီယင်းဝေသည် အဖြူရောင်လူရိပ် ခုန်ချသွားသောနေရာသို့ရောက်သောအခါ ခေါင်မိုးပေါ်မှ နောက်ဖေးလမ်းကြားထဲသို့ ခုန်ဆင်းလိုက်လေသည်။

နောက်ဖေးလမ်းကြားထဲသို့ ရောက်သောအခါ အဖြူရောင်လူရိပ်ကို ချီယင်းဝေ မတွေ့ရတော့ချေ။

ချီယင်းဝေသည် နောက်ဖေးလမ်းကြားထဲ၌ ရှာ၍မတွေ့သောအခါ နောက်ဖေးလမ်းကြားထဲမှ လမ်းမပေါ်သို့ ထွက်လာခဲ့လေသည်။

လမ်းမပေါ်သို့ ရောက်သောအခါ သူသည် ဟိုဟိုသည်သည် လှည့်ပတ်ကြည့်လိုက်ရာ မလှမ်းမကမ်းရှိတောင်ကုန်းပေါ်တွင် အဖြူရောင်လူရိပ် တက်သွားနေသည်ကို မြင်တွေ့လိုက်ရသည်။

ထို့ကြောင့် ချီယင်းဝေသည် ထိုနေရာသို့ လျင်မြန်စွာ ပြေးလိုက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းများ ရုတ်တရက် ရပ်တန့်သွားလေသည်။

အကြောင်းမှာ အဖြူရောင်လူရိပ်၏ရှေ့တွင် မီးခိုးရောင် လူရိပ်တစ်ခုက ရပ်တန့်၍နေသောကြောင့် ဖြစ်ပါသည်။

ထိုအချိန်တွင် ချီယင်းဝေသည် သူတို့နှင့် မလှမ်းမကမ်း သို့ရောက်ရှိလာပြီး တောင်ကုန်းပေါ်၌ အဖြူရောင်အရိပ်နှင့် မီးခိုးရောင်လူရိပ်နှစ်ခုကို မြင်တွေ့လိုက်ရသောကြောင့် ရှေ့ဆက် မသွားတော့ဘဲ ရုတ်တရက် အနီးရှိ ချုံဖုတ်အတွင်းသို့ဝင်ရောက် လိုက်လေတော့သည်။

ထို့နောက် သူသည် လူရိပ်နှစ်ရိပ်နှင့် နီးနိုင်သမျှ နီးစေရန် ချုံဖုတ်များကို အကာအကွယ်ယူ၍ တဖြည်းဖြည်း ချဉ်းကပ်သွားလေသည်။ ထိုစဉ် မီးခိုးရောင်လူရိပ်ထံမှ. . .

"မင်း လူကောင်းမဟုတ်မှန်း ငါသိတယ်"

ဟူသော အေးစက်စက်အသံ ပေါ်ထွက်လာသည်။

"အဲဒါ ခင်ဗျားနဲ့ဆိုင်လို့လား"

ဟူသောအသံ ထပ်မံပေါ်ထွက်လာသည်။

မီးခိုးရောင်လူရိပ်က. . .

"ကျုပ်သမီးပဲ၊ ဘာကြောင့် မဆိုင်ရမှာလဲ"

ချီယင်းဝေသည် အဖြူရောင်လူရိပ်အား သေချာစွာ ကြည့်လိုက်သောအခါ ထိုလူသည် 'ရှယုထင်း'ဖြစ်ကြောင်း သိလိုက်ရသဖြင့် အံ့ဩသွားတော့သည်။



တဆက်တည်းမှာပင် ချီယင်းဝေသည် ရှယုထင်းနှင့် အတူတွေ့ခဲ့ရသော ဝတ်ရုံနီဒေဝီ၏တပည့် ကျုံးကုလျမ်းကို သတိရလာလေသည်။

ထိုအချိန်တွင် မီးခိုးရောင်လူရိပ်က ရှယုထင်းကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ရှယုထင်းက နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ လက်ကာပြလိုက်ပြီး ရုတ်တရက် တစ်ချက်ရယ်မောလျက်. . .

"ခင်ဗျား ဘယ်သူဆိုတာ မသိရင်ခက်မယ်"

ဟု ပြောလိုက်လေသည်။ မီးခိုးရောင်လူရိပ်က. . .

"ငါ လူကောင်းမဟုတ်ဘူးဆိုတာ မင်းဘယ်လိုလုပ် ပြောနိုင်သလဲ"

ရှယုထင်းက မဲ့ပြုံးပြုံးလိုက်ပြီး. . .

"ခင်ဗျားဟာ စုကူးဘုန်းတော်ကြီး ဖြစ်တယ်လို့ ပြောတာ ခင်ဗျား ငြင်းမလား"

ရှယုထင်း၏စကားကြောင့် မီးခိုးရောင်လူရိပ်သည် မျက်နှာတစ်ချက်ပျက်သွားပြီး. . .

"မင်း ဘာစကားပြောတာလဲ"

ဟုပြောကာ အဖြူရောင်လူရိပ်ကို စတင်တိုက်ခိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေသည် ရှယုထင်းနှင့် မီးခိုးရောင်လူရိပ်တို့ အချိ အချ စကားပြောနေသည်ကို နားထောင်နေရာမှ ရှယုထင်း စကားကြောင့် မီးခိုးရောင်လူရိပ်သည် စုကူးဘုန်းတော်ကြီး ဖြစ် ကြောင်း သိရှိရသောအခါ အံ့ဩသွားလေသည်။

ထို့နောက် သူသည် စုကူးဘုန်းတော်ကြီးနှင့် စကားပြော ရန် ဆုံးဖြတ်လိုက်ပြီး ပုန်းကွယ်ရာမှ ထွက်ရန် ဟန်ပြင်လိုက်စဉ် စုကူးဘုန်းတော်ကြီးက ရှယုထင်းကို စတင်တိုက်ခိုက်လိုက်သော ကြောင့် ချီယင်းဝေသည် မိမိ၏နေမြဲနေရာတွင် ဆက်လက်ငြိ သက်၍ နေလိုက်လေသည်။

ထို့နောက် ချီယင်းဝေသည် ရှယုထင်းနှင့် စုကူးဘုန် တော်ကြီးတို့ တိုက်ခိုက်နေသည်ကို ငြိမ်သက်၍ကြည့်နေလေ တော့သည်။

စုကူးဘုန်းတော်ကြီးက ရှယုထင်းကို သဲသဲမဲမဲ တိုက် ခိုက်နေပေသည်။

ရှယုထင်းသည် စုကူးဘုန်းတော်ကြီး၏ တိုက်ခိုက်မှုမျာ ကို ရှောင်တိမ်းပြီး ထိုးဖောက်ထွက်ရန် ကြိုးစားနေလေသည်

သို့သော် ရှယုထင်းသည် စုကူးဘုန်းတော်ကြီး၏ သိုင် ကွက်များအတွင်းမှ ထိုးဖောက်ထွက်နိုင်ခြင်း မရှိခဲ့ပါ။

သို့ဖြစ်၍ ရှယုထင်းသည် နောက်သို့ ခြေတစ်လှမ်းချင် ဆုတ်၍ စုကူးဘုန်းတော်ကြီး၏တိုက်ကွက်ကို ရှောင်တိမ်းနေ



လေတော့သည်။

ထိုစဉ် ရှယုထင်းသည် ခြေခေါက်၍ မြေပေါ်သို့လဲကျ သွားလေသည်။

စုကူးဘုန်းတော်ကြီးက မြေပေါ်သို့ လဲကျသွားသော ရှယုထင်းကို အပေါ်မှစီး၍ လက်ဝါးဖြင့် ရိုက်ချလိုက်လေတော့ သည်။

ထိုစဉ် ရုတ်တရက် ရှယုထင်းသည် စုကူးဘုန်းတော် ကြီး၏မျက်နှာသို့ သဲမှုန်များဖြင့် ပက်လိုက်လေတော့သည်။

ထို့နောက် တဆက်တည်း သူ၏ခန္ဓာကိုယ်ကို တစ်ဘက် သို့ လှိမ့်ထွက်လိုက်ပြီး မြေပေါ်သို့ ခုန်ထလိုက်လေသည်။

စုကူးဘုန်းတော်ကြီးသည် ရှယုထင်းက မိမိမျက်နှာသို့ ရုတ်တရက် သဲဖြင့်ပက်လိုက်သောကြောင့် ကပျာကယာ မျက် နှာကို လက်ဝါးနှင့်အုပ်ကာ ရှောင်တိမ်းလိုက်ရလေတော့သည်။

ထိုအချိန်ကလေးအတွင်းမှာပင် ရှယုထင်းသည် အဝေး သို့ လျင်မြန်စွာ ထွက်ပြေးသွားလေသည်။

စုကူးဘုန်းတော်ကြီးသည် အဝေးသို့ ထွက်ပြေးသွား သော ရှယုထင်း၏ နောက်ကျောကိုကြည့်ရင်း ကျန်ရစ်ခဲ့လေ တော့သည်။

ထိုစဉ် ရုတ်တရက် သူ့နောက်မှ လူပ်ရှားသံတစ်ခု ပေါ် ထွက်လာသောကြောင့် နောက်သို့ ကပျာကယာ လှည့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

ယင်းသို့ လှည့်ကြည့်လိုက်သည်နှင့် မိမိနောက်၌ ချီယင်းဝေ ရပ်နေသည်ကို မြင်တွေ့လိုက်ရလေတော့သည်။

"တပည့်တော် ချီယင်းဝေပါ"

ဟု ချီယင်းဝေက စုကူးဘုန်းတော်ကြီးအား လက်အုပ်ချီလျက် ပြောလိုက်လေသည်။

စုကူးဘုန်းတော်ကြီးသည် ချီယင်းဝေကို မြင်တွေ့လိုက်သဖြင့် မျက်မှောင်ကြုတ်၍ စူးစိုက်ကြည့်လိုက်လေသည်။

"တပည့်တော် ဘုန်းတော်ကြီးကို အကောက်ကြံဖို့လာတာမဟုတ်ပါဘူး"

ဟု ချီယင်းဝေက ပြုံးလျက် ပြောလိုက်လေသည်။

စုကူးဘုန်းတော်ကြီးက ချီယင်းဝေကို အတန်ကြာအောင် စူးစိုက်ကြည့်နေပြီးမှ. . .

"မင်းစကားကို ကျုပ် ဘယ်လိုယုံရမှာလဲ"

ချီယင်းဝေက ပြုံးလျက်. . .

"တပည့်တော်ကို စကား တစ်ခွန်း နှစ်ခွန်းလောက် ပြောခွင့်ပြုပါ"

"ဘာပြောမလို့လဲ"

ဟု စုကူးဘုန်းတော်ကြီးက မျက်မှောင်ကြုတ်၍ ပြန်မေးလိုက်လေသည်။



ချီယင်းဝေက တစ်ချက်ပြုံးကာ. . .

"တပည့်တော် စုစွမ်းကို တွေ့ခဲ့တယ်ဆိုရင် စိတ်ဝင်စားလားပဲ"

ဟု ပြောလိုက်လေသည်။

စုကူးဘုန်းတော်ကြီးက တဟားဟား ရယ်မောလိုက်ပြီး

"ဟုတ်တယ်၊ ကျုပ်စိတ်ဝင်စားသွားပြီ၊ မင်းက ဘာကြောင့် ကျုပ်ကိုလာလိမ်တာလဲဆိုတာ စိတ်ဝင်စားသွားပြီ"

ဟု ပြောလိုက်လေသည်။

"တပည့်တော် လိမ်ပြောတယ်လို့ ထင်လို့လား"

ဟု ချီယင်းဝေက ပြုံးလျက် ပြန်လည်မေးလိုက်လေသည်။

စုကူးဘုန်းတော်ကြီးက. . .

"မင်းက သူ့ကို ဘယ်လိုလုပ်တွေ့နိုင်မှာလဲ"

"မြေအောက်က အချုပ်ခန်းထဲမှာ တွေ့ခဲ့ရတယ်ဆိုရင် တပည့်တော် လိမ်မပြောတာ ထင်ရှားပါလိမ့်မယ်"

"မြေအောက်ခန်းထဲမှာ ရှိနေတယ်ဆိုတာ သိနေတာကိုတော့ မယုံစရာပဲ"

ဟု စုကူးဘုန်းတော်ကြီးက မျက်မှောင်ကြုတ် ပြောလိုက်လေသည်။

ချီယင်းဝေက မိမိ၏ပခုံးနှစ်ဘက်ကို တွန့်ရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်ကိုယ်တိုင် မြေအောက် အချုပ်ခန်းထဲမှာ အချုပ်ခံရလို့ပေါ့"

ဟု ပြောလိုက်လေသည်။

စုကူးဘုန်းတော်ကြီးသည် အတန်ကြာအောင် စဉ်းစားနေပြီးမှ သူ၏ဦးခေါင်းကိုညိတ်ကာ. . .

"ကောင်းပြီလေ၊ ဒီအကြောင်းတွေကို မင်းက ဘာကြောင့် လာပြောရတာလဲ"

"ဘုန်းတော်ကြီးက ရိကျင်ကျင်ကျမ်းစာနဲ့ ပတ်သက်ပြီး သိမယ်ထင်လို့ပါ"

ဟု ချီယင်းဝေက စုကူးဘုန်းတော်ကြီးကို စိုက်ကြည့်ရင်း ပြောလိုက်လေသည်။

ချီယင်းဝေ၏စကားကြောင့် စုကူးဘုန်းတော်ကြီး၏မျက်နှာသိသိသာသာ ပျက်သွားပြီး. . .

"မင်းက ဘာဖြစ်လို့ ရိကျင်ကျင်ကျမ်းစာအကြောင်း သိနေရတာလဲ"

ချီယင်းဝေက သူ၏နှုတ်ခမ်းကိုပင့်၍ တစ်ချက်ပြုံးလိုက်ပြီး. . .

"ဒီကိစ္စ အရှုပ်အထွေးထဲမှာ တပည့်တော်ပါနေလို့ပါ"

စုကူးဘုန်းတော်ကြီးက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"မင်းက ဘာမှမဆိုင်ဘဲ ဒီထဲဝင်ပါနေရတာလဲ"



ဟု မေးလိုက်လေသည်။

ချီယင်းဝေက အနည်းငယ် ပြုံးလိုက်ပြီး. . .

"ဘုန်းတော်ကြီး လိပ်ပတ်လည်သွားအောင် တပည့်တော် အသေးစိတ်ပြောပြမှ ဖြစ်မယ်ထင်တယ်"

စုကူးဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"ကျုပ်နားထောင်ဖို့ အချိန်ရပါတယ်"

ချီယင်းဝေသည် သူ၏နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး စုံခုံးယက်က မိမိအား စုဟိုက်ဘုန်းတော်ကြီးထံ သွားရောက်အပေးခိုင်းသည့်အချိန်မှစ၍ ဖြစ်ပျက်သမျှ အကြောင်းစုံ ပြောပြလိုက်လေတော့သည်။

စုကူးဘုန်းတော်ကြီးက ချီယင်းဝေ ပြောပြသမျှကို ဦးခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေလေသည်။

သူသည် ချီယင်းဝေ ပြောနေစဉ်အတွင်း တစ်လုံးတစ်ပါဒမျှ ဝင်ရောက်ပြောဆိုခြင်း မရှိချေ။

ချီယင်းဝေက သူ့စကားကိုဆုံးအောင် ပြောလိုက်ပြီးနောက် မောသွားဟန်ဖြင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

ပြီးမှ သူသည် စုကူးဘုန်းတော်ကြီးကို အတန်ကြာအောင် စိုက်ကြည့်လိုက်ပြီး. . .

"ဘုန်းတော်ကြီးက စုကူးဘုန်းတော်ကြီး အစစ်ပါနော်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရုတ်တရက် မေးလိုက်လေသည်။

စုကူးဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဟုတ်တယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက. . .

"ဒါဖြင့် တပည့်တော် မရှင်းတာလေးတွေ မေးပါရစေ"

စုကူးဘုန်းတော်ကြီးက. . .

"မင်းက ဘာသိချင်လို့လဲ"

ချီယင်းဝေက. . .

"စုစွမ်းဘုန်းတော်ကြီးဟာ ဘာကြောင့် အချုပ်ခံနေရသလဲဆိုတာ သိသလား"

"ဒါကိုတော့ ကျုပ်လဲသေသေချာချာ မသိဘူး"

စုကူးဘုန်းတော်ကြီးက ပြောလိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်လေသည်။ ပြီးမှ. . .

"သူက အနှစ်နှယ်ဆယ်တောင် အချုပ်ခံနေရတယ် အခုထိ မသေသေးတာ အံ့ဩဖို့ကောင်းတယ်"

ဟု တစ်ကိုယ်တည်း ရေရွတ်သကဲ့သို့ ပြောလိုက်လေသည်။

ချီယင်းဝေက စုကူးဘုန်းတော်ကြီးကို တစ်ချက်ကြည့်လိုက်ပြီး. . .



"လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်တုန်းက အဲဒီကျောင်းမှာ သိုင်းပြိုင်ပွဲတစ်ခု ကျင်းပခဲ့တယ်လို့ ကြားဖူးတယ်၊ အဲဒါ ဟုတ်လား"

စုကူးဘုန်းတော်ကြီးက ဦးခေါင်းညိတ်ပြကာ. . .

"ဟုတ်တယ်"

ချီယင်းဝေက. . .

"စုစွမ်းရဲ့သိုင်းပညာက ပြိုင်ဘက်ကင်းတယ်လို့ကော ကြားတယ်၊ အဲဒါကော ဟုတ်လား"

ဟု ထပ်မံမေးလိုက်လေသည်။

စုကူးဘုန်းတော်ကြီးက ဦးခေါင်းကို ထပ်မံညိတ်ပြလိုက်လေသည်။

ချီယင်းဝေက အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"ဘုန်းတော်ကြီးနဲ့ စုစွမ်းနဲ့ ယှဉ်မယ်ဆိုရင် သိုင်းပညာအဆင့် ဘယ်လောက်ကွာခြားမလဲ"

စုကူးဘုန်းတော်ကြီးက တစ်ချက်ပြုံးလိုက်ပြီး. .

"တကယ်လို့ ကျုပ်သာ တခြားသိုင်းပညာတစ်ခုကို သင်နေခဲ့ရင် ကျုပ်ရှုံးမှာ မဟုတ်ဘူး"

ချီယင်းဝေက. . .

"အဲဒီပြိုင်ပွဲမှာ ဘယ်သူတွေ နိုင်သွားကြသလဲ"

စုကူးဘုန်းတော်ကြီးက အတန်ငယ် စဉ်းစားလိုက်ပြီး

"အဲဒီတုန်းက သိုင်းပြိုင်ပွဲမှာ စုစွမ်းက ပထမ စုဟိုက်

www.burmeseclassic.com

www.burmeseclassic.com



ကဒုတိယ၊ ကျုပ်က တတိယ၊ စုရှမ်းက စတုတ္ထရတယ်"

ချီယင်းဝေက အတန်ငယ် စဉ်းစားလိုက်ပြီး. . .

"တပည့်တော် စုရှမ်းကို မတွေ့ခဲ့ပါလား"

စုကူးဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းလိုက်ပြ

"စုရှမ်းက ပျံလွန်တော်မူသွားပြီ၊ ဒါကြောင့် မင်းမတွေ့

တာ"

ချီယင်းဝေက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး. . .

"ဒါနဲ့ စုထိုက်ကျောင်းထိုင်အဖြစ် ဘယ်လောက်လုပ်

သလဲ"

စုကူးက အနည်းငယ် စဉ်းစားရင်း. . .

"ကျုပ်အထင်ပြောရရင် နှစ်ပေါင်း နှစ်ဆယ်လော

လုပ်ခဲ့မယ်၊ အခု ကျောင်းထိုင်က စုဟိုက်မဟုတ်လား"

ချီယင်းဝေက ဦးခေါင်းကိုညိတ်လျက်. . .

"ဟုတ်တယ်၊ ဒါနဲ့ ဘုန်းတော်ကြီးက ဘာဖြစ်လို့ အပြ

ရောက်နေရတာလဲ"

စုကူးက သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"ကျုပ် ကျောင်းစည်းကမ်းဖောက်လို့ စုထိုက်က ကျော

ကထုတ်ပစ်လိုက်တာ၊ အဲဒီတုန်းက စုဟိုက်က ကျောင်းထိုင်

စပေါ့"

ချီယင်းဝေက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး. . .



"ဒါဖြင့် အပြင်ရောက်နေတာ နှစ်ပေါင်းနှစ်ဆယ်ရှိပြီ

ပေါ့"

စုကူးက ဦးခေါင်းကို ညိတ်ပြရင်း. . .

"အင်း. . . နှစ်ပေါင်းနှစ်ဆယ် ရှိပြီဆိုပါတော့"

"ဒါနဲ့ စုထိုက်ရဲ့ စိတ်နေသဘောထားက ဘယ်လိုရှိလဲ"

ဟု ချီယင်းဝေက မေးလိုက်ရာ စုကူးက မျက်မှောင်

ကြုတ်ရင်း. . .

"မင်းက ဘာဖြစ်လို့ သိချင်တာလဲ"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"ဘာပဲဖြစ်ဖြစ် သိထားရင် ကောင်းမလားလို့ပါ"

စုကူးက တစ်ချက်ပြုံးရင်း. . .

"စုထိုက်က သဘောထားကြီးတယ်၊ ကျမ်းဂန်ကို

သဘောပေါက်လွယ်တယ်၊ အချင်းချင်း မေတ္တာထားတယ်"

ချီယင်းဝေက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ရင်း. . .

"ဒါနဲ့ စုဟိုက်နဲ့ စုတိတ်တို့ရဲ့ စိတ်နေသဘောထားက

ရော"

စုကူးက အတန်ငယ် စဉ်းစားလိုက်ပြီး. . .

"စုတိတ်က သဘောထားသေးတယ်၊ စုဟိုက်ကတော့

အပေါ်ယံ သဘောကောင်းပုံရတယ်၊ ဒါပေမယ့်. . ."

စုကူးသည် သူ၏စကားကို မဆက်ဘဲ ရပ်တန့်ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

ချိုယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး. . .

"ဒါပေမယ့် ဘာဖြစ်လဲ"

ဟု မေးလိုက်လေသည်။

စုကူးက ပြောသင့် မပြောသင့် အတန်ကြာအောင် ချင့်ချိန်နေပြီးမှ. . .

"ဒါပေမယ့် သူက ပြဿနာကို မီးခွက်ထွန်းပြီး ရှာတတ်တဲ့လူစားမျိုးလို့ ငါယုံကြည်တယ်"

ချိုယင်းဝေက. . .

"ဟုတ်လား. . . အဲဒီလို ဘာဖြစ်လို့ ယုံကြည်ရတာလဲ"

စုကူးက နှုတ်ခမ်း တစ်ချက်မဲ့၍ ပြုံးလိုက်ပြီး. . .

"သိုင်းသမားတစ်ယောက်ဟာ အန္တရာယ်ရဲ့ အငွေ့အသက်ကို ခံစားရသလိုပဲပေါ့၊ သူ့ရဲ့မျက်လုံးတွေဟာ ကျုပ်စိတ်ကို အဲဒီလို ယုံကြည်လာစေအောင် ပြုလုပ်ခဲ့တာပဲ"

ချိုယင်းဝေက ဦးခေါင်းကို ညိတ်ပြီး. . .

"ထားပါတော့၊ ကျိမ်းဆင်းကော ဘယ်လိုနေလဲ"

စုကူးက. . .

"ဟို အဲ့နေတဲ့ ဘုန်းကြီးလား"

ချိုယင်းဝေက ဦးခေါင်းညိတ်ရင်း. . .

"ဟုတ်တယ်၊ ဦးလေးဘုန်းကြီးလို့ခေါ်တဲ့ ကျိမ်းဆင်ဘုန်းကြီးကိုပြောတာ"



စုကူးက. . .

"သူ့သိုင်းပညာက မညံ့ဘူး၊ ဒါပေမယ့် သူက ဦးနှောက်ရှိတဲ့ လူစားမျိုးပဲ"

ချိုယင်းဝေက အနည်းငယ စဉ်းစားလိုက်ပြီး. . .

"ဒီလိုဆို စုဟိုက်က ဘာဖြစ်လို့ သူ့ကို ကျမ်းစာထားတဲ့အဆောင်မှာ တာဝန်ပေးရတာလဲ"

စုကူးက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. .

"ဒါတော့ ကျုပ်မသိဘူး၊ ကျုပ် အပြင်မရောက်ခင် ကျိမ်းဆင်းဟာ ကျမ်းစာထားတဲ့အဆောင်မှာ တာဝန်မကျသေးဘူး"

ချိုယင်းဝေက မျက်မှောင် အနည်းငယ်ကြုတ်ကာ. . .

"ဒါနဲ့ ရိကျင်ကျင်ကျမ်းစာ မိတ္တူရှိတယ်ဆိုတာ သိသလား"

စုကူးက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"စုဘွဲ့ရဘုန်းကြီးအားလုံး သိတယ်"

"အခု တုဘွဲ့ရ ဘုန်းကြီးတွေကလဲ သိနေတယ်"

စုကူးက တစ်ချက်ရယ်မောလိုက်ပြီး. . .။

"သူတို့လဲ ကျုပ်တို့လို သိရုံပဲရှိမှာပေါ့"

ချိုယင်းဝေက စုကူးဘုန်းတော်ကြီး၏စကားကြောင့် မျက်မှောင် အနည်းငယ် ကြုတ်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်ကြီးက ဘာကိုဆိုလိုတာလဲ"

စုကူးက. . .

"ရိုကျင်ကျင်ကျမ်းစာ ရှိသလား၊ မရှိသလား ဘယ်သူက မှ မသိဘဲ"

ချီယင်းဝေက အံ့ဩဟန်ဖြင့် မျက်ခုံးပင့်တင်လိုက်ပြီး

"ဘာပြောတယ်၊ ရိုကျင်ကျင်ကျမ်းစာ ရှိမရှိ ဘယ်သူမှ သိဘူး ဟုတ်လား"

စုကူးဘုန်းတော်ကြီးက ဦးခေါင်းကို ညိတ်ပြရင်း. . .

"ဟုတ်တယ်၊ အဲဒီကျမ်းစာ တကယ်ရှိမရှိကို ဘယ်သူမှ သေသေချာချာ မသိကြဘူး၊ သိတယ်ဆိုရုံလောက်ပဲ ရှိကြတာ"

ချီယင်းဝေက ဦးခေါင်းကို တစ်ချက်ခါယမ်းလိုက်ပြီး. . .

"မဟုတ်သေးဘူးထင်တယ်၊ ကျောင်းထဲမှာ စုဘွဲ့ရ ဘုန်းတော်ကြီးတွေ အများကြီးရှိတာပဲ၊ တစ်ပါးပါးကတော့"

စုကူးဘုန်းတော်ကြီးက ချီယင်းဝေ၏စကားကို လက် ကာပြလိုက်ပြီး. . .

"ဘယ်ဘုန်းတော်ကြီးက အဲဒီကျမ်းကို မြင်ဖူးတယ်လို့ ဒကာလေးကိုပြောသလဲ"

ချီယင်းဝေက မျက်မှောင်ကြုတ်လိုက်ရင်း. . .

"ဒါဖြင့် ဘာဖြစ်လို့ စုတပ်က အဲဒီကျမ်းစာအုပ် အနိုး ခံရတယ်လို့ ပြောရတာလဲ"



စုကူးဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းလိုက်ပြီး

"ဒါတော့ ကျုပ်လဲ မပြောတတ်ဘူး"

ထိုစဉ် ရုတ်တရက်. . .

"နှစ်ပေါင်း တစ်ရာကျော်အတွင်းမှာ ရိုကျင်ကျင်ကျမ်းစာကို ဘယ်သူမှ ရှာမတွေ့ခဲ့ဘူး ဟုတ်လား"

ဟူသောအသံသည် သူတို့၏နောက်မှ ပေါ်ထွက်လာလေတော့သည်။

ယင်းအသံကြောင့် ချီယင်းဝေသည် ရုတ်တရက် နောက်သို့လှည့်ကာ အသံရှင်ကို ကြည့်လိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့် မလှမ်းမကမ်း၌ လူတစ်ယောက် ရပ်နေသည်ကိုချိုယင်းဝေ မြင်တွေ့လိုက်ရလေသည်။

ထိုလူသည် အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားသောမိန်းမပျိုတစ်ဦးပင် ဖြစ်ပါသည်။

ချိုယင်းဝေသည် ယင်းမိန်းကလေးကို မြင်တွေ့သည်နှင့်တပြိုင်တည်း အံ့သြဟန်ဖြင့်. . .

"ကျုံးကုလျှမ်း"

ဟု နှုတ်မှ ရေရွတ်မိလိုက်လေသည်။

ထိုစဉ် စုကူးဘုန်းတော်ကြီးက ချိုယင်းဝေနှင့် ဘေးချင်းယှဉ်ရပ်ကာ. . .

"ဟုတ်ပါတယ်၊ ကျုပ်ရဲ့သမီး ကျုံးကုလျှမ်းပါ"

ဟု ပြောလိုက်လေတော့သည်။

ချိုယင်းဝေသည် စုကူး၏စကားကြောင့် ပို၍အံ့သြကာမျက်ခုံးမွှေးပင့်တင်လိုက်ပြီး. . .

"ဘာ. . . ဘာပြောတယ်၊ ဘုန်းတော်ကြီးရဲ့သမီး ဟုတ်လား"

ဟု မေးလိုက်လေသည်။

စုကူးက တစ်ချက် ရယ်မောလိုက်ပြီး. . .

"ဘာလဲ၊ ဘုန်းတော်ကြီးမှာ သားသမီးမရှိရဘူးလို့ ထင်လို့လား"



ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. . .

"မဟုတ်ပါဘူး၊ ရုတ်တရက်ဆိုတော့ အံ့သြသွားတာပေါ့ဦးတော့လဲ ဘုန်းတော်ကြီးဟာ ငယ်ငယ်ကတည်းက ဘုန်းကြီးဝတ်လာတယ် ထင်လို့ပါ"

ဟု ပြောလိုက်လေသည်။

ထိုစဉ်. . .

ကျုံးကုလျှမ်သည် ချိုယင်းဝေတို့၏အနီးသို့ ရောက်ရှိလာပြီး. . .

"ကျွန်မပြောတာ ဟုတ်တယ် မဟုတ်လား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက ခေါင်းခါယမ်းလိုက်ပြီး. . .

"ရှာမတွေ့ဘူးလို့တော့ ဘယ်သူကမှ သေသေချာချာပြောနိုင်မှာ မဟုတ်ဘူး"

စုကူးဘုန်းတော်ကြီးကလည်း. . .

"ဟုတ်တယ်၊ ဘယ်သူမှ ရှာမတွေ့ဘူးဆိုတာ၊ ဟုတ်မဟုတ် ဘယ်သူမှ မသိဘူး"

ကျုံးကုလျှမ်းက ပြုံးလိုက်ရင်း. . .

"ဘာဖြစ်လို့ ဖေဖေက အဲဒီလိုထင်ရတာလဲ"

စုကူးဘုန်းတော်ကြီးက သက်ပြင်းတစ်ချက်ချလိုက်ပြီး

"အဲဒီကျမ်းကို တစ်ယောက်ယောက်က တွေ့ပြီး၊ တိတ်

www.burmeseclassic.com

www.burmeseclassic.com



တဆိတ် လေ့ကျင့်မနေဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ"

ချိုယင်းဝေက မျက်မှောင်အနည်းငယ် ကြုတ်ကာ...

"အဲဒီလိုလူမျိုးရှိခဲ့ရင်လဲ ရိကျင်ကျင်ကျမ်းထဲက သိုင်း ပညာကို အသုံးပြုမှန်း လူသိသွားနိုင်တာပဲ"

စုကူးက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် လေ့ကျင့်ပြီး မအောင်မြ ခဲ့ရင် ဘယ်လိုအသုံးပြုနိုင်တော့မှာလဲ"

ကျူးကုလျှမ်းက တစ်ချက်ပြုံးကာ...

"လေ့ကျင့်ပြီး အောင်မြင်သွားလို့ ကျမ်းစာကို မီးရှို့ ဖျက် ဆီးပစ်ခဲ့တာကော မဖြစ်နိုင်ဘူးလား"

ချိုယင်းဝေက တစ်ချက်ပြုံးကာ...

"ဟုတ်တယ်၊ သိုင်းပညာလေ့ကျင့်ပြီး၊ အောင်မြင်ခဲ့ အခါ ကျောင်းထဲမှာမနေဘဲ အပြစ်တစ်ခုခုကြောင့် ကျောင်း ထဲက အထုတ်ခံလိုက်ရတယ် ဆိုရင်ကော"

ချိုယင်းဝေ၏စကားကြောင့် စုကူး၏မျက်နှာသည် ကွက်ကနဲ တစ်ချက်ပျက်သွားပြီး...

"တကယ်လို့ သိုင်းပညာလေ့ကျင့်ပြီး အောင်မြင်သွားတဲ့ လူက သူ့ရဲ့သိုင်းပညာကို အသုံးမပြုဘဲနေပါ့မလား"

စုကူးဘုန်းတော်ကြီးက ဦးခေါင်းကို ခါယမ်းလိုက်ပြီး

"ဘာပဲဖြစ်ဖြစ် ရိကျင်ကျင်ကျမ်းစာအုပ် ပျောက်ဆုံးနေ



ဘာကတော့ အမှန်ပဲ"

ကျူးကုလျှမ်းက တစ်ချက်ပြုံးကာ...

"ရှောင်လင်ကျောင်းက ဘုန်းတော်ကြီးတွေက ဒီ ကျောင်းမှာ ရိကျင်ကျင်ကျမ်းစာအုပ်မိတ္တူ ရှိနေတယ်လို့ တမင် သတင်းလွှင့်တာကော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး"

စုကူးဘုန်းတော်ကြီးက အနည်းငယ် စဉ်းစားလိုက်ပြီး

"ဘာပဲဖြစ်ဖြစ် လက်ရှိအခြေအနေအရ ရိကျင်ကျင်ရဲ့ သိုင်းပညာကို ဘယ်သူမှ ထုတ်သုံးတာ မတွေ့ခဲ့တဲ့အတွက် ရိ ကျင်ကျင်ကျမ်းစာ ရှိမရှိကို ဘယ်သူမှ သေသေချာချာ ပြောနိုင် တာမဟုတ်ဘူး"

ချိုယင်းဝေက ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး

"ဒါနဲ့ ရိကျင်ကျင်ရဲ့အကြောင်းကို နည်းနည်းပါးပါး လောက် ပြောမပြနိုင်ဘူးလား"

စုကူးဘုန်းတော်ကြီးက...

"ကျုပ်ကိုယ်တိုင်လဲ မြင်ဖူးတာမဟုတ်တော့ ဘယ်လို လုပ် ပြောနိုင်မှာလဲ"

ချိုယင်းဝေက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး...

"တပည့်တော် အသေးစိတ်မသိချင်ပါဘူး၊ ဘုန်းတော် ကြီး သိထားတာလောက်ပဲ ပြောပြပါ"

www.burmeseclassic.com

www.burmeseclassic.com



စုကူးက အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ. . .

"ရိုကျင်ကျင်ကျမ်းစာထဲမှာ အပိုင်းနှစ်ပိုင်းပါတယ်လို့ ကြားဖူးတယ်"

ချီယင်းဝေက ဦးခေါင်းကို တစ်ချက်ညိတ်ပြကာ. . .

"ဘယ်လိုအပိုင်း တွေပါတာလဲ"

စုကူးဘုန်းတော်ကြီးက. . .

"ကျုပ်သိရသလောက်တော့ ပထမပိုင်းမှာ အခြေခံ ပညာရပ်တွေကို ဖော်ပြထားတယ်၊ ဒုတိယပိုင်းကျမှ သိုင်းလော ကမှာရှိတဲ့ သိုင်းအဖွဲ့အစည်းအသီးသီးရဲ့ ထိပ်တန်းသိုင်းကွက် တွေကို ဖော်ပြထားပြီး တန်ပြန်တိုက်ကွက်တွေကို ဖော်ပြထား တယ်"

ချီယင်းဝေက ဦးခေါင်းကို တစ်ချက်ကုတ်လိုက်ပြီး. . .

"အင်း. . . ခက်တာက ရှိမှန်း မရှိမှန်း သေသေချာချာ မသိရတဲ့ကျမ်း အခိုးခံရတဲ့ကိစ္စပဲ"

စုကူးဘုန်းတော်ကြီးက ဦးခေါင်းတစ်ချက် ညိတ်ကာ. .

"ဘာပဲဖြစ်ဖြစ် ရွှေမှန်ရင် မီးစားခံနိုင်ရမှာပေါ့ကွာ၊ တစ် နေ့တော့ အဖြေမှန်ပေါ်မှာပါပဲ"

ကျိုးကုလျှမ်းကမျက်မှောင်လေး အနည်းငယ်ကြုတ်၍

"စုဟိုက်ဘုန်းတော်ကြီးက ရှင့်ကို သက်သက်စွပ်စွဲတာ များ ဖြစ်နေမလား"



ချီယင်းဝေက ဦးခေါင်းကို တစ်ချက်ခါယမ်းပြကာ. . .

"ကျုပ်နဲ့သူနဲ့က ရန်ငြိုးလဲ မရှိခဲ့ဘူး၊ အရင်ကလဲ မတွေ့ ဖူးခဲ့ဘူး"

ကျိုးကုလျှမ်းက မျက်မှောင်တစ်ချက်ကြုတ်ကာ. . .

"ဘာပဲဖြစ်ဖြစ်. . . ရှင် အဲဒီကိုရောက်မှ ဒီပြဿနာဖြစ် လာတာ မဟုတ်လား"

ချီယင်းဝေက ခေါင်းညိတ်ပြလိုက်ရင်း. . .

"ဟုတ်တယ်. . . ပိုဆိုးတာက အဲဒီပြဿနာထဲမှာ ပထမဆုံးတုဟူး အသတ်ခံရတယ်၊ နောက်တော့ တုချမ်း အသတ်ခံရပြန်တယ်၊ အခုနောက်ဆုံး တုလိမ် အသတ်ခံရပြန် တယ်၊ နောက်ထပ် အသတ်ခံရမယ့်လူ ရှိသေးသလားဆိုတာ ဘယ်သူမှ မပြောနိုင်မှာ မဟုတ်ဘူး"

ဟု ညည်းညည်းညူညူ ပြောလိုက်လေသည်။

ကျိုးကုလျှမ်းက တစ်ချက်ပြုံးလိုက်ပြီး. . .

"ရှင်ကလဲ ဒီလိုပြဿနာဖြစ်လာဖို့ အဲဒီကိုရောက်သွား တာကိုး"

ချီယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး. . .

"ခင်ဗျား ဘာကိုဆိုလိုတာလဲ"

ဟု မေးလိုက်လေသည်။

ကျိုးကုလျှမ်းက တစ်ချက်ရယ်မောကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"သူခိုးအခိုးခံရင် သူခိုးရှိရမယ်၊ လူသတ်ခံရရင် လူသတ်သမားရှိရမယ်၊ ဒီတော့ လောလောဆယ်မှာ ရှင်ဟာ သူခိုး၊ ရှင်ဟာ လူသတ်သမားပဲပေါ့"

ချိုယင်းဝေက ကျူးကုလျှမ်း၏စကားကြောင့် ဒေါသထွက်သွားပြီး. . .

"ဒီကိစ္စတွေကို ကျုပ်လုပ်တာမှ မဟုတ်ဘဲ"

ကျူးကုလျှမ်းက တစ်ချက်ရယ်မောကာ. . .

"တကယ်လို့ မဟုတ်ဘူးဆိုတဲ့ကိစ္စရပ်တစ်ခုကို ဟုတ်ပါတယ်လို့ ခဏခဏစွပ်စွဲပြောဆိုနေခဲ့ရင် တစ်ချိန်မှာ အဲဒီ မဟုတ်ဘူးဆိုတဲ့ကိစ္စကို စိတ်ထဲမှာ ဟုတ်တယ်လို့ ထင်လာလိမ့်မယ် အဲဒီလိုပဲ ရှိသမျှအပြစ်တွေကို ရှင့်ခေါင်းပေါ် ထပ်ကာထပ်ကာ ပုံချလာတဲ့အခါ ရှင်ကိုယ်တိုင်က အဲဒီအပြစ်တွေကို ရှင်လုပ်ခဲ့မိတယ်လို့ ထင်လာလိမ့်မယ်"

ချိုယင်းဝေက တစ်ချက်ရယ်မောလိုက်ပြီး. . .

"အင်း. . ခင်ဗျားပြောတာနဲ့ ကျုပ်ကိုယ်ကျုပ်တောင် ဒီပြစ်မှုတွေ ကျူးလွန်ခဲ့သလားလို့ သံသယဖြစ်လာပြီ"

ဟု ပြောလိုက်လေသည်။

စုကူးဘုန်းတော်ကြီးက အတန်ကြာအောင် ငြိမ်သက်နေရာမှ. . .

"အင်း. . ဒီကိစ္စဟာ အချင်းချင်း သစ္စာဖောက်တာ ဖြစ်



မယ်၊ သူတို့အတွင်းရေးကို အပြင်လူက ဘယ်လိုလုပ် သိနိုင်ာလဲ"

ကျူးကုလျှမ်းက ရယ်မောလိုက်ပြီး. . .

"ဒါကြောင့် ကျွန်မပြောတာပေါ့၊အချင်းချင်း ပဋိပက္ခဖြစ်ရအောင် ရှင့်ကို လက်သည်ရှာတာပဲ"

ချိုယင်းဝေက ယဲ့ယဲ့လေးပြုံးလိုက်ပြီး. . .

"ခင်ဗျားတို့ ကျုပ်အပေါ် ဒီလိုမြင်တာ ကျေးဇူးတင်ပါယ်ဗျာ"

စုကူးဘုန်းတော်ကြီးသည် သက်ပြင်းတစ်ချက် မှုတ်တ်လိုက်ပြီး ချိုယင်းဝေအား နှုတ်ဆက်စကားမပြောဘဲ ကျူးလျှမ်းကို ခေါ်ဆောင်ကာ ထိုနေရာမှ ထွက်ခွာသွားလေတော့ည်။

ချိုယင်းဝေသည် သူတို့နှစ်ဦး၏ နောက်ကျောကို မိမိ၏တွင်းမှ ပျောက်ကွယ်သွားသည်တိုင် ငေးမောကြည့် ရှုနေမိသည်။

ထို့နောက် သက်ပြင်းရှည်တစ်ချက်ကို မှုတ်ထုတ်လိုက် တည်းခိုသောအိမ်သို့ ပြန်လာခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နံရံတွင် လူတစ်ယောက်မှီ၍ ရပ်နေလေသည်။

သူသည် အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး သူ၏ဦးခေါင်းပေါ်၌ ကြီးမားသော ဦးထုပ်တစ်လုံးကို ဆောင်းထားပေသည်။

ဦးထုပ်၌ အနက်ရောင်ဇာပဝါ တပ်ဆင်ထားသဖြင့်ထိုလူ၏မျက်နှာကို တွေ့မြင်နိုင်စွမ်း မရှိချေ။

ထိုလူရပ်၍ မှီနေသော အိမ်နံရံသည် ချိုယင်းဝေ တည်းခိုသော အိမ်နံရံပင်ဖြစ်ပါသည်။

ချိုယင်းဝေသည် ထိုလူကို တွေ့မြင်လိုက်ရသဖြင့် သူ၏ခြေလှမ်းများကို ရုတ်တရက် ရပ်တန့်ကာ. . .

"ခင်ဗျား ကျုပ်ကိုစောင့်နေတာလား"

ဟု မေးလိုက်လေသည်။

အစိမ်းရောင် ဝတ်ထားသူက. . .

"ဟုတ်တယ်"

ချိုယင်းဝေက ထိုလူ၏အသံကို ကြားလိုက်ရသဖြင့် ထိုလူသည် ယောကျ်ားလေးကဲ့သို့ ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦးဖြစ်ကြောင်း သူသိရှိလိုက်လေသည်။

ထို့ကြောင့် ချိုယင်းဝေသည် တစ်ချက်ပြုံးလိုက်ပြီး. . .

"ခင်ဗျားက ကျုပ်ရဲ့မိတ်ဆွေလား. . . ရန်သူလား"

ဟု ထပ်မံမေးလိုက်လေသည်။



အစိမ်းရောင် မိန်းကလေးက ရုတ်တရက် ရယ်မောလိုက်လေသည်။

ထို့ကြောင့် ချိုယင်းဝေသည် မျက်မှောင်အနည်းငယ်ကြုတ်လိုက်ပြီး. . .

"ခင်ဗျား ဘာဖြစ်လို့ ရယ်တာလဲ"

အစိမ်းရောင်မိန်းကလေးက. . .

"ရှင်ဟာ အင်မတန် ပါးနပ်တယ်လို့ လူတွေက ပြောကြတယ်၊ ဒါပေမယ့် ရှင်ဟာ တော်တော် အ,တာပဲ"

ချိုယင်းဝေက မျက်မှောင်ကြုတ်ကာ. . .

"ဘာဖြစ်လို့လဲ"

အစိမ်းရောင်မိန်းကလေးက. . .

"တကယ်လို့ ကျွန်မဟာ ရှင့်ရဲ့ရန်သူဆိုရင် ရှင့်ကို ဓားနဲ့ထိုးလိုက်ပြီပေါ့"

ချိုယင်းဝေက ရယ်မောလိုက်ပြီး. . .

"ဟုတ်သားပဲ၊ ဒါနဲ့ ကျုပ်မိတ်ဆွေ ဘယ်သူဆိုတာ သိရအောင် မျက်နှာလေး ဖွင့်ပြပါလား"

အစိမ်းရောင်မိန်းကလေးက. . .

"ကျွန်မ ဘယ်သူလို့ ထင်သလဲ"

ချိုယင်းဝေက. . .

"ကျုပ်မှာ မိတ်ဆွေတွေတော့ များတာပဲ၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးမိတ်ဆွေတွေတော့ နည်းတယ်"

အစိမ်းရောင်မိန်းကလေးက ရယ်မောကာ. . .

"ကျွန်မဟာ ရှင့်မိတ်ဆွေမှ မဟုတ်ဘဲ၊ အသိတ
ယောက်ပဲ"

ချိုယင်းဝေက ရယ်မောလိုက်ပြီး. . .

"ကျုပ် မပြောတတ်အောင် ဖြစ်နေပြီ၊ ခင်ဗျား မျက်
ကိုကြည့်ပါရစေ"

ဟု ပြောကာ မျက်နှာပေါ်မှ ဇာပဝါကို လှမ်း၍ဖယ်
လိုက်လေသည်။

သို့သော် အစိမ်းရောင်မိန်းကလေးသည် သူမ၏ခ
ကိုယ်ကို ယိမ်းနွဲ့၍ ရှောင်တိမ်းလိုက်ပြီး. .

"ဟွန်း. . . ရှင် တော်တော်ရမ်းကားပါလား"

ဟု ပြောလိုက်ပြီး ထိုနေရာမှ လှည့်ထွက်သွားေ
သည်။

ချိုယင်းဝေသည် မိမိပခုံးနှစ်ဘက်ကိုတွန့်ကာ. . .

"ဗျို့. . . ဒီမှာ မျက်နှာမပြရဲတဲ့ မိန်းကလေး၊ က
တောင်းပန်ပါတယ်"

ဟု နောက်မှ အော်ဟစ်ရင်း ကျန်ရစ်ခဲ့လေသည်။

* * *



ညဥ့်နက်မှ အိပ်စက်ခဲ့ရသဖြင့် ချိုယင်းဝေသည်
အတော် နေမြင့်မှ အိပ်ရာမှ နိုးလာလေတော့သည်။

အိပ်ရာမှနိုး၍ မျက်လုံးဖွင့်လိုက်သည်နှင့် မိမိ၏ခုတင်
ဘေး၌ ယို့လျှမ်း ရပ်နေသည်ကို မြင်တွေ့လိုက်ရပေတော့သည်။

ထို့ကြောင့် ချိုယင်းဝေသည် ကပျာကယာ ထလိုက်ပြီး
ယို့လျှမ်းကို တစ်ချက်ရယ်ပြလိုက်လေသည်။

ယို့လျှမ်းက ချိုယင်းဝေကို မပြုံးမရယ်ဘဲ ခပ်တည်တည်
ငေးကြည့်ကာ. . .

"ရှင် ညကတစ်ညလုံး မအိပ်ဘဲ သူခိုးလုပ်နေတယ်
ဆိုတာလား"

ချိုယင်းဝေ သူ၏ပခုံးကို တွန့်လိုက်ပြီး. . .

"ညဥ့်နက်မှအိပ်လို့ အခုမှ နိုးတာပါ၊ သူခိုးမလုပ်ပါဘူး"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူသည် အညောင်းတစ်ချက်ဆန့်လိုက်ပြီး

"ဘယ့်နှယ်လဲ၊ ခင်ဗျားမိဘတွေ စုံစမ်းလို့ရပြီလား"

ယို့လျှမ်းက စိတ်ပျက်သောလေသံဖြင့်. . .

"စုံစမ်းတုန်းပဲ"

ထိုစဉ် သူတို့၏အခန်းသို့ လျှောက်လာသော ခြေသံများ
ကြားလိုက်ရလေသည်။

ခြေသံများသည် အခန်းတံခါးဝ၌ ရပ်တန့်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် တဆက်တည်း တံခါးခေါက်သံ ပေါ်ထွက်လာလေတော့သည်။

ချိုယင်းဝေသည် အခန်းတံခါးကို ဖွင့်လိုက်ရာ အခန်းအ[ဝ]ခါးဝ၌ အိမ်ရှင်ကျူးတရှနှင့် အသက်ငါးဝခန့်ရှိ လူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရလေတော့သည်။

* * *

ကျူးတရှက ချိုယင်းဝေကို ပြုံးပြလိုက်ပြီး၊ အသက် ငါး[ဆယ်]ခန့်ရှိသူကို ညွှန်ပြရင်း. . .

"သူက စွမ်းစိန်လို့ခေါ်ပါတယ်"

ဟု ပြောကာ ချိုယင်းဝေတို့နှင့် မိတ်ဆက်ပေးလိုက်လေသည်။

ချိုယင်းဝေက ထိုလူကို ပြန်လည်ပြုံးပြ၍ နှုတ်ဆက်လိုက်ပြီး အထဲဝင်ရန် ဖိတ်ခေါ်လိုက်လေသည်။

ကျူးတရှနှင့် စွမ်းစိန်တို့ အခန်းထဲရှိ ကုလားထိုင်များတွင် ဝင်ရောက်ထိုင်ပြီးနောက် ချိုယင်းဝေက သူတို့အား တစ်ချက်ကြည့်လိုက်ပြီး. . .

"ကိစ္စရှိလား"

ဟု မေးလိုက်လေသည်။



ကျူးတရှက စွမ်းစိန်ဘက်သို့ လှည့်ကြည့်လိုက်ပြီး. .

"ကဲ. . . ခင်ဗျား ပြောစရာရှိတာ ပြောလေ"

ဟု ပြောလိုက်လေသည်။

စွမ်းစိန်သည် ချောင်းတစ်ချက်ဟန့်လိုက်ပြီး ယှို့လျမ်ကို တစ်ချက်ကြည့်ကာ. . .

"ဒီလိုပါ၊ မိန်းကလေးက ဒီမြို့မှာ မိဘတွေရှာနေတယ်လို့ သိရပါတယ်"

ယှို့လျမ်က ဦးခေါင်းကိုညိတ်လိုက်ပြီး. . .

"မှန်ပါတယ်"

စွမ်းစိန်က ကျူးတရှကို တစ်ချက်လှည့်ကြည့်လိုက်သည်။

ပြီးမှ ယှို့လျမ်ကို ပြန်၍ကြည့်ကာ. . .

"ဟောဒီ ဦးလေးကျူးတရှရဲ့ ပြောပြတဲ့အချက်အလက်တွေအရ ကလေးမရဲ့အဖေဟာ စွမ်းလိန်ဖြစ်ရမယ်လို့ တွက်ယူဆရခဲ့ပါတယ်"

ထိုစဉ် ချိုယင်းဝေက ရုတ်တရက် ဝင်ရောက်၍. . .

"နေပါဦး၊ စွမ်းလိန်ဆိုတာ ဘယ်သူတုန်း"

ဟု မေးလိုက်လေသည်။

စွမ်းစိန်က မိမိလျှာဖြင့် နှုတ်ခမ်းကို တစ်ချက်သပ်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"စွမ်းလိန်ဆိုတာ ကျုပ်ရဲ့ အစ်ကိုကြီးပါ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေ ဦးခေါင်းတစ်ချက် ညိတ်လိုက်ပြီး. . .

"မွေးချင်း ဘယ်နှစ်ယောက်ရှိသလဲ"

ဟု ထပ်၍ မေးလိုက်ပြန်သည်။

စွမ်းစိန်က ခေါင်းတစ်ချက်ဟန့်ရင်း. . .

"မွေးချင်း ခုနစ်ယောက်ပါ"

ချီယင်းဝေက ဦးခေါင်းကိုညိတ်လျက်. . .

"ကဲ. . . ဆက်ပြောပါဦး"

ဟု ပြောလိုက်လေသည်။

"ဟုတ်ကဲ့၊ ဒါနဲ့ သူ့ရဲ့လက်ထပ်ခဲ့တဲ့နှစ်ကို ပြန်ပြီးတွက်ကြည့်တော့ သူ့မှာ ကလေးသူငယ်ရှိနေမယ်ဆိုရင် အခုချိန်မှာ အဲဒီကလေးဟာ အသက် ၁၉နှစ်၊ ၂၀ အရွယ်ရှိမှာ ဖြစ်ပါတယ်"

ချီယင်းဝေက ဦးခေါင်း တဆတ်ဆတ်ညိတ်နေရာမှ. .

"ဒါနဲ့ အဲဒီလူက ဘာလို့ မလာတာလဲ"

ဟု မေးလိုက်လေသည်။

စွမ်းစိန်က တစ်ချက်ပြုံးကာ. . .

"ဒီလိုပါ၊ အစ်ကိုကြီးဟာ လွန်ခဲ့တဲ့နှစ်က ကွယ်လွန်ခဲ့ပါတယ်၊ အစ်ကိုကြီးရဲ့မိန်းမကတော့ အစ်ကိုကြီး မဆုံးမီ ရှစ်လလောက်က ကွယ်လွန်ခဲ့ပါတယ်"



ချီယင်းဝေက လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး. .

"ဒါဆို တကယ်လို့ ယို့လျမ်ရဲ့မိဘဖြစ်ခဲ့မယ်ဆိုရင်တောင် အခုကွယ်လွန်ပြီဆိုတော့"

ချီယင်းဝေ၏စကား မဆုံးမီ စွမ်းစိန်က လက်ကာပြလိုက်ပြီး. . .

"ဒီလိုရှိပါတယ်၊ မိဘတွေ ကွယ်လွန်ပေမယ့် ကျုပ်တို့ရှိသေးပါတယ်၊ တကယ်လို့ အစ်ကိုကြီးသာ ကလေးမရဲ့ဖခင်ဖြစ်ခဲ့ရင် ကလေးမဟာ ကျုပ်ရဲ့တူမ ဖြစ်ပါတယ်"

ဟု ဝင်ရောက်ပြောလိုက်လေသည်။

ချီယင်းဝေသည် ယို့လျမ်ကို တစ်ချက် လှမ်းကြည့်လိုက်လေသည်။

ယို့လျမ်ကလည်း ချီယင်းဝေကို တစ်ချက် လှမ်းကြည့်လိုက်လေသည်။

သူတို့ နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် ခေတ္တစိုက်ကြည့်နေပြီးမှ ယို့လျမ်က အရင်ဦးစွာ သူမ၏အကြည့်ကို လွှဲဖယ်လိုက်လေသည်။

ထိုစဉ် စွမ်းစိန်က တစ်ချက်ပြုံးကာ. . .

"ကျုပ်တူမဟာ တစ်ကောင်ကြွက် မဟုတ်ပါဘူး၊ မောင်လေးတစ်ယောက် ရှိပါသေးတယ်၊ ဒါပေမယ့်"

စွမ်းစိန်သည် သူ၏စကားကို ဆုံးအောင်မပြောဘဲ ရပ်

www.burmeseclassic.com

www.burmeseclassic.com



တန့်ထားလိုက်သည်။

ချိုယင်းဝေက မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး. . .

"ဒါပေမယ့် ဘာဖြစ်လဲ"

ဟု မေးလိုက်လေသည်။

စွမ်းစိန်က သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"လွန်ခဲ့တဲ့နှစ်က အိမ်မှာနေရတာ အကျိုးမရှိဘူးဆိုပြီး အိမ်က ထွက်သွားခဲ့တယ်"

ဟု ပြောလိုက်သည်။

ချိုယင်းဝေနှင့် ယို့လျှမ်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေသည်။

သူတို့သည် အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ ချို ယင်းဝေက စတင်၍. . .

"ဒါနဲ့နေပါဦး၊ အဲဒီလူရဲ့အိမ်က ဘယ်မှာလဲ"

ဟု မေးလိုက်လေသည်။

စွမ်းစိန်က မျက်ခုံးတစ်ချက်ပင့်တင်လိုက်ပြီး. .

"စွမ်းလိန်ရဲ့အိမ်ကို ပြောတာလား"

ချိုယင်းဝေက ဦးခေါင်းညိတ်ပြကာ. . .

"ဟုတ်တယ်"

စွမ်းစိန်က သက်ပြင်းတစ်ချက် မှုတ်ထုတ်ကာ စိတ်မ သက်မသာဖြစ်သော ပုံစံဖြင့်. . .



"အင်း. . . ပြောရမှာ ခက်တယ်"

ချိုယင်းဝေက မျက်မှောင်အနည်းငယ် ကြုတ်လိုက်ပြီး

"ဘာဖြစ်လို့လဲ"

စွမ်းစိန်က. . .

"စွမ်းလိန်ဟာ မဆုံးမီမှာ နာတာရှည်ရောဂါ ဖြစ်ခဲ့တယ် ဒါကြောင့် အိမ်နဲ့ ရှိသမျှပစ္စည်းတွေကို ပေါင်ပြီးသုံးစွဲခဲ့ရတယ်၊ နောက်ဆုံး အိမ်နဲ့မြေကို ထုခွဲရောင်းချပြီး အဲဒီနေရာနဲ့ မနီးမဝေး မှာ တဲအိမ်တစ်လုံးဆောက်ပြီး နေခဲ့ရတယ်"

ချိုယင်းဝေ ယို့လျှမ်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ထိုစဉ် စွမ်းစိန်က တစ်ချက်ပြုံးလိုက်ပြီး. . .

"ခင်ဗျားတို့က ကျုပ်ပြောတာကို မယုံဘူးထင်တယ်"

ချိုယင်းဝေက တစ်ချက်ပြုံးကာ. . .

"မယုံလို့တော့ မဟုတ်ပါဘူး၊ သေချာအောင်လို့ပါ"

စွမ်းစိန်က တစ်ချက်ပြုံးလိုက်ပြီး ကျူးတရှုဘက်သို့ ညွှန် ပြကာ. . .

"ကျုပ်ပြောတဲ့စကားတွေဟာ လိမ်တယ် မလိမ်ဘူးဆို တာ သူ့ကိုမေးကြည့်ပါ"

ဟု ပြောလိုက်သည်။

စွမ်းစိန်၏စကားဆုံးသည်နှင့် ကျူးတရှုက ဦးခေါင်းကို ညိတ်ပြရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ သူပြောတဲ့ အတိုင်းပါပဲ"

ဟု ပြောလိုက်သည်။

ချိုယင်းဝေက အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"ခင်ဗျားတို့ပြောတာ သေချာတယ်နော်၊ ကျုပ်က လူမှားမှားနေမလားလို့"

စွမ်းစိန်နှင့် ကျူးတရှတို့က ပြိုင်တူ ဦးခေါင်းညိတ်ပြလိုက်၏။

ပြီးမှ ကျူးတရှက တစ်ချက်ပြုံးလိုက်ပြီး. . .

"ကျုပ်နဲ့စွမ်းလိန်နဲ့ ငယ်သူငယ်ချင်းပါ။ ပြီးတော့ တစ်ရပ်တည်းသားလဲဖြစ်ပါတယ်၊ မိန်းကလေး ငယ်ငယ်တုန်းက ကျုပ်တစ်ခေါက်ရောက်ဖူးတယ်၊ ကြီးလာတော့ မိန်းကလေးက ငယ်ရုပ်နည်းနည်း ပြောင်းသွားလို့ ကျုပ် ရုတ်တရက် မမှတ်မိခဲ့ဘူး"

ဟု ပြောလိုက်လေသည်။

ထို့နောက် ကျူးတရှသည် ချိုယင်းဝေဘက်သို့ လှည့်ကြည့်လိုက်ပြီး. . .

"တကယ်လို့ မိန်းကလေးဟာ စွမ်းလိန်ရဲ့သမီးဖြစ်မယ်ဆိုရင် မိန်းကလေးရဲ့ ခြေဖဝါးအောက်မှာ မှဲ့တစ်လုံးရှိတယ်"

ဟု ပြောလိုက်လေသည်။

ကျူးတရှ၏စကားကြောင့် ချိုယင်းဝေသည် ယို့လျှမ်ကို တစ်ချက် လှမ်းကြည့်လိုက်လေသည်။

သူ၏အကြည့်က ကျူးတရှ၏စကား မှန်မမှန် မေးလိုက်သောအကြည့်ပင် ဖြစ်ပါသည်။

ယို့လျှမ်က ချိုယင်းဝေ၏သဘောကို နားလည်သည့်အသား မိမိ၏ဦးခေါင်းကိုညိတ်၍ ကျူးတရှ၏စကား မှန်ကန်ကြောင်း ထောက်ခံလိုက်လေသည်။

ထိုစဉ် ကျူးတရှသည် ထိုင်ရာမှထလိုက်ပြီး ချိုယင်းဝေတို့ကို တစ်ချက်ပြုံးပြကာ. . .

"ကဲ. . . စကားပြောလို့တော့ကောင်းပါရဲ့၊ အလုပ်ကိစ္စလေးတွေက ရှိသေးတယ်"

ဟု ပြန်ရန် စကားစလိုက်လေသည်။

စွမ်းစိန်ကလည်း ထိုင်ရာမှထလိုက်ပြီး. . .

"ကဲ. . . တူမကြီးရဲ့သဘောကို ပြောပါဦး"

ယို့လျှမ်က နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး. . .

"ကျွန်မ ဘာပြောရမှာလဲ"

ကျူးတရှက ရယ်မောလိုက်ပြီး. . .

"မိန်းကလေးတို့ ဒီမှာပဲ ဆက်ဘည်းကြဦးမလား၊ ဒါမှမဟုတ် မင်းဦးလေးနဲ့ပဲ လိုက်သွားမလား၊ မင်းဦးလေးအိမ်ကတော့ အိမ်ပြင်ဆောက်နေတုန်းဆိုတော့ နေရတာ အခက်အခဲရှိမယ်"



www.burmeseclassic.com

www.burmeseclassic.com



ယို့လျှမ်က သူမ၏ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်ပြီး
"ကျွန်မ မနေဘူး"
ဟု ပြောလိုက်လေသည်။
ကျူးတရှက အံ့သြဟန်ဖြင့် မျက်ခုံးပင့်တင်လိုက်ပြီး...
"မိန်းကလေးတစ်ယောက်က တည်းခိုခန်းမှာနေလို့ ဘယ်သင့်တော်ပါ့မလဲ"
ဟု ပြောလိုက်လေသည်။ ယို့လျှမ်က...
"ကျွန်မ တည်းခိုခန်းမှာနေမယ်လို့ မပြောပါဘူး"
ချီယင်းဝေက ယို့လျှမ်ကို မျက်လုံးပြူး၍ ကြည့်လိုက်ပြီး...
"မင်းက ဘယ်သွားမှာလဲ"
ဟု မေးလိုက်လေသည်။
ယို့လျှမ်က ချီယင်းဝေကို လှမ်းကြည့်လိုက်သည်။
သူမ၏မျက်လုံးများသည် မျက်ရည်များကြောင့် စိုစွတ်နေလေသည်။
သူမ၏မျက်လုံးအိမ်ထဲမှ မျက်ရည်စများ ပါးပြင်ပေါ်သို့ စီးကျလာလေသည်။
သူမသည် မျက်ရည်ပြည့်လျှံနေသော မျက်လုံးများဖြင့် ချီယင်းဝေကို ကြည့်ရင်း...
"ရှင်သွားစရာရှိတာ သွားပါ၊ ကျွန်မအတွက် စိတ်မပူပါနဲ့"
ဟု ပြောလိုက်လေသည်။
ချီယင်းဝေက ယို့လျှမ်ကို ပြန်လှည့်ကြည့်ရင်း...
"မဟုတ်သေးဘူးလေ၊ မင်း ဘယ်မှာနေမှာတုန်း"
ထိုစဉ် ကျူးတရှက...
"ဒီမယ် မိန်းကလေး၊ မင်း ဒီမှာနေရင် အမျိုးတွေက ကြည့်ရှုစောင့်ရှောက်မှာပေါ့၊ အပြင်မှာ မင်းတစ်ယောက်တည်း နေလို့ ဘယ်သင့်တော်ပါ့မလဲ၊ ဒါကြောင့် ဘူမကြီး စိတ်ကူး"
ယို့လျှမ်သည် ကျူးတရှ၏ စကားမဆုံးခင်မှာပင် ရုတ်တရက် အခန်းထဲမှ ပြေးထွက်သွားလေတော့သည်။
ယို့လျှမ်သည် ယခုကဲ့သို့ ရုတ်တရက် အခန်းထဲမှ ပြေးထွက်သွားသောကြောင့် ချီယင်းဝေသည် ငေးကြောင်၍ ကျန်ရစ်ခဲ့လေသည်။
ပထမဆုံး ပြန်လည်သတိဝင်လာသူမှာ ချီယင်းဝေပင် ဖြစ်ပါသည်။
ချီယင်းဝေသည် ငေးကြောင်နေရာမှ ပြန်လည်သတိဝင်လာပြီး...
"ယို့လျှမ်"
ဟု အော်ဟစ်ကာ ယို့လျှမ်၏နောက်သို့ ပြေးလိုက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေ အိမ်အပြင်သို့ ရောက်သောအခါ ယို့လျမ်သည် မြင်းလှည်းပေါ် တက်၍ မောင်းနှင်နေပြီ ဖြစ်ပါသည်။

ချီယင်းဝေသည် သူမနောက်မှ ပြေး၍ လိုက်သွားသော်လည်း ယို့လျမ်က မြင်းလှည်းကို အတင်းမောင်းပြေးသွားသဖြင့် လိုက်၍ မမီတော့ဘဲ ကျန်ရစ်ခဲ့လေတော့သည်။

ချီယင်းဝေသည် မိမိ၏ပတ်ဝန်းကျင်ကို လှည့်ပတ်၍ ကြည့်လိုက်လေသည်။

သူ၏မျက်လုံးများသည် စားသောက်ဆိုင်တစ်ဆိုင်၏ ရှေ့၌ မြင်းတစ်ကောင်ချည်ထားသည်ကို မြင်လိုက်ရလေသည်။

ထို့ကြောင့် သူသည် တံ့ဆိုင်း၍ မနေဘဲ မြင်းရှိရာသို့ ပြေးသွားလေတော့သည်။

မြင်းအနီးသို့ ရောက်သောအခါ ချီယင်းဝေသည် မြင်းချည်တိုင်တွင် ချည်နှောင်ထားသော မြင်း၏ဇက်ကြိုးကို ဖြေလိုက်ပြီး မြင်းပေါ်သို့ တက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ရုတ်တရက်. . .

"ဟေ့လူ. . . ကျုပ်မြင်းကို ဘာလုပ်တာလဲ"

ဟူသော အသံနှင့်အတူ ချီယင်းဝေ၏ပခုံးပေါ်သို့ လက်တစ်ဘက် ကျရောက်လာလေသည်။

ထို့ကြောင့် ချီယင်းဝေသည် နောက်သို့ လှည့်ကြည့်လိုက်ရာ မိမိ၏နောက်၌ လူရွယ်တစ်ဦး ရပ်နေသည်ကို မြင်တွေ့လိုက်ရလေသည်။



ချီယင်းဝေသည် ထိုလူရွယ်အား သွားသုံးဆယ့်နှစ်ချောင်း ပေါ်သည်အထိ ပြုံးပြလိုက်လေသည်။

ထို့နောက် ရုတ်တရက် သူ၏လက်ကို လှုပ်ရှားလိုက်ပြီး လူရွယ်၏မျက်နှာသို့ လက်သီးဖြင့် ထိုးချလိုက်လေသည်။

ချီယင်းဝေ၏လှုပ်ရှားမှုသည် အလွန်လျင်မြန်သောကြောင့် လူရွယ်သည် မည်သို့မျှမတတ်နိုင်ဘဲ မြေပေါ်သို့ လဲကျသွားလေတော့သည်။

လူရွယ် မြေပေါ်မှ ပြန်လည်ထလာသောအခါ မိမိမြင်းကို ချီယင်းဝေက စီးနင်းထွက်ခွာသွားပြီ ဖြစ်ပါသည်။

ချီယင်းဝေသည် လူရွယ်၏မြင်းကို မောင်းနှင်နေရာမှ နောက်သို့ လှည့်ကာ. . .

"ဝမ်းလဲနည်းပါတယ်၊ ကျေးဇူးလဲ တင်ပါတယ်"

ဟု အော်ဟစ်ကာ မြင်းကို ဆက်လက်၍ မောင်းနှင်ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ယို့လျှမ်က မြင်းလှည်းကို တရကြမ်း မောင်းနှင်ေ
သည်။

ချိုယင်းဝေက ယို့လျှမ်နောက်သို့ မြင်းကို ကဆုန်စိုင်း၍
လိုက်ပါလာသည်။

မကြာမီမှာပင် ချိုယင်းဝေ၏မြင်းသည် ယို့လျှမ်ကို မီလာ
လေသည်။

ချိုယင်းဝေသည် ယို့လျှမ်နှင့် ဘေးချင်းယှဉ်မိသည်နှင့်
တစ်ပြိုင်တည်း မိမိမြင်းပေါ်မှ ယို့လျှမ်၏မြင်းလှည်းပေါ်သို့ ခု
ကူးလိုက်လေတော့သည်။

ထို့နောက် ယို့လျှမ်၏လက်ထဲမှ မြင်းဇက်ကြိုးကို လုယ
လိုက်ပြီး မြင်းလှည်းကို ရပ်တန့်စေလိုက်လေသည်။

ယို့လျှမ်သည် သူမ၏လက်သီးဆုပ်၍ ချိုယင်းဝေကို ထ
ရိုက်ရင်း ငိုကြွေးနေလေသည်။

ချိုယင်းဝေက ယို့လျှမ်၏ ပခုံးနှစ်ဘက်ကို လက်နှစ်ဘက်
ဖြင့် ဆုပ်ကိုင်လိုက်ပြီး. . .

"ယို့လျှမ်"

ဟု ခေါ်လိုက်သည်။

ယို့လျှမ်က ချိုယင်းဝေ၏လက်ထဲ၌ ရုန်းကန်ရင်း. . .

"ရှင် ဘာလာလုပ်တာလဲ"

ချိုယင်းဝေက. . .



"ဒီမှာ ယို့လျှမ်. . . ငါ့မှာ အရေးကြီးတဲ့ကိစ္စ လုပ်စရာရှိ
လို့ မင်းကို မခေါ်နိုင်တာဆိုတာ နားလည်ထားစမ်းပါ"

ဟု ပြောလိုက်လေသည်။

ယို့လျှမ်က. . .

"ကျွန်မကရော ရှင့်နောက်ကို လိုက်မယ်လို့ ပြောနေလို့
လား"

ချိုယင်းဝေက. . .

"မင်းသွားချင်ရာ လျှောက်သွားနေလို့တော့ မဖြစ်ဘူး"

ယို့လျှမ်က နှုတ်ခမ်းတစ်ချက်မဲ့လိုက်ပြီး. . .

"ဒါဖြင့် ရှင်က ကျွန်မကို ဘယ်လိုနေစေချင်လို့လဲ"

ချိုယင်းဝေက. . .

"အင်း. . . ဦးလေးဆီမှာ နေမယ်ဆိုရင် မင်းအတွက်
ကောင်းမယ် ထင်တယ်"

ယို့လျှမ်က ဦးခေါင်းကို တွင်တွင်ခါယမ်းလိုက်ပြီး. . .

"ကျွန်မ မနေဘူး"

ဟု ငြင်းလိုက်လေသည်။

ချိုယင်းဝေက. . .

"မင်းတစ်ယောက်ထဲ နေတာထက်စာရင် မင်းဦးလေး
နဲ့ နေတာက ပိုပြီး မကောင်းဘူးလား"

ယို့လျှမ်က. . .

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါမှ မတွေ့ဘူးခဲ့တဲ့ ဦးလေးနဲ့ နေရတာထက်ဆ ရင် ကျွန်မဘာသာ တစ်ယောက်တည်းနေရတာကမှ ကောင်း လိမ့်ဦးမယ်"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး လေပူတစ် ချက်မှုတ်ထုတ်ကာ. . .

"ခက်တာပဲ"

ဟု ညည်းညူလိုက်လေသည်။

ယို့လျမ်က နှုတ်ခမ်းတွန့်၍ မဲ့ပြုံးပြုံးလိုက်ပြီး. . .

"မခက်ပါဘူး၊ ရှင်သွားမယ့် နေရာကို သွားပြီး လုပ်စရာ ရှိတာကို လုပ်ပါ၊ ကျွန်မအတွက် ပူမနေပါနဲ့"

ဟု အငေါ်ထူးသည့် စကားကို ပြောလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းတစ်ချက်ကုတ်လိုက်ပြီး. . .

"အလုပ်တစ်ခုကိုလုပ်ရင် အစအဆုံး လုပ်ရတယ်၊ တစ် ဝက်တစ်ပျက်နဲ့ ဘယ်တော့မှ တိုးလို့တန်းလန်း မထားရဘူး၊ ဒါ ကြောင့် မင်းကို အဲဒီအတိုင်း ပစ်ထားခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ"

ယို့လျမ်က နှုတ်ခမ်းကို မဲ့ကာ. . .

"ကျေးဇူးတင်ပါတယ်၊ အခုကစပြီး ရှင့်ရဲ့အလုပ်ပြီးသွား ပြီလို့ သဘောထားလိုက်ပါ"

ဟု ခပ်ငေါ့ငေါ့ ပြောလိုက်လေသည်။

ချီယင်းဝေက သက်ပြင်းမှုတ်ထုတ်လိုက်ရင်း စိတ်



မသက်မသာ ဖြစ်သော ပုံစံဖြင့်. . .

"ခက်တော့ခက်နေပြီ"

ဟု တစ်ကိုယ်တည်း ညည်းညူသကဲ့သို့ ပြောလိုက်လေ သည်။

ထိုစဉ် ရုတ်တရက်. . .

"မခက်ပါဘူး"

ဟူသော စကားသံနှင့်အတူ အစိမ်းရောင်လူရိပ်တစ်ရိပ် သည် မြင်းလှည်းပေါ်သို့ ရောက်ရှိလာလေသည်။

ချီယင်းဝေနှင့် ယို့လျမ်တို့သည် မြင်းလှည်းပေါ်သို့ ရောက်ရှိလာသော အစိမ်းရောင်လူရိပ်ကို လှည့်ကြည့်လိုက် သည်။

ထိုလူရိပ်သည် အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထား သော မိန်းကလေးတစ်ဦးဖြစ်ပြီး ဦးခေါင်းပေါ်တွင် ဦးထုပ် ဆောင်းထားကာ ဦးထုပ်ကို အနက်ရောင်ဇာပဝါ တပ်ဆင်ထား သဖြင့် မိန်းကလေး၏မျက်နှာကို မတွေ့ရချေ။

ချီယင်းဝေသည် ထိုအစိမ်းရောင်မိန်းကလေးမှာ မိမိနှင့် သမန်နေ့ညက တွေ့ဆုံခဲ့သော မိန်းကလေးဖြစ်ကြောင်း မှတ်မိ သဖြင့်. . .

"သြော်. . . မင်းကိုး"

ဟု ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင်မိန်းကလေးက တစ်ချက်ရယ်မောလိုက်ပြီး

"ရှင့်အတွက် အကြံပေးဖို့ လာခဲ့တာ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မျက်မှောင်ကြုတ်ကာ. . .

"အကြံပေးဖို့လာတာလား။ နှောင့်ယှက်ဖို့လာတာလား"

အစိမ်းရောင်မိန်းကလေးက. . .

"ဟော ရှင်က ကျွန်မကို လှည်းပေါ်ကမောင်းချတာ လား"

ချီယင်းဝေက စိတ်မရှည်သည့် လေသံဖြင့်. . .

"ခင်ဗျားက လူဆိုးလား၊ လူကောင်းလား မသိဘဲ၊ ကျွန်ုပ်က မြင်းလှည်းပေါ်မှာ ကြာကြာမထားနိုင်ဘူး"

အစိမ်းရောင်မိန်းကလေးက. . .

"ကျွန်မကို လူဆိုးလို့ ရှင်က ထင်သလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက နှုတ်ခမ်းတွန့်၍ တစ်ချက်ပြုံးလိုက်ပြီး

"မင်းက လူကောင်းဆိုရင်၊ မင်းရဲ့မျက်နှာကို ဘာလို့ ဖုံးထားမှာလဲ"

ချီယင်းဝေ၏ စကားဆုံးသည်နှင့် အစိမ်းရောင်မိန်းကလေးသည် တစ်ချက်ရယ်မောကာ. . .

"ကျွန်မက သိပ်လှတော့ ကျွန်မကို မြင်တဲ့လူတိုင်း ဒုက္



ပျောက်သွားရတယ်၊ ဒါကြောင့် မျက်နှာကို အမြဲတမ်း ဖုံးထားရတာပေါ့"

ချီယင်းဝေက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က အရုပ်ဆိုးတဲ့လူမျိုးစုံကို လေ့လာနေတာ"

အစိမ်းရောင်မိန်းကလေးက ရယ်မောရင်း. . .

"ဒါဆိုလဲ ကျွန်မရဲ့မျက်နှာကို ပြရတာပေါ့"

ဟု ပြောလိုက်ပြီး သူမ၏မျက်နှာကို ဖုံးကွယ်ထားသော ပုဝါကို ဖယ်ရှားလိုက်လေသည်။

ထိုသို့ ဖယ်ရှားလိုက်သည်နှင့် အလွန်လှပသော မိန်းကလေးတစ်ယောက်ကို ချီယင်းဝေ တွေ့မြင်လိုက်ရလေသည်။

ယို့လျှမ်သည် အစိမ်းရောင်မိန်းကလေး၏ လှပသော မျက်နှာကို တွေ့လိုက်သည်နှင့် အံ့ဩကာ. . .

"ဟင် ရှင်က ကျန့်ယန်းအလှမယ်ဆယ်ယောက်ထဲက ...မ်း မဟုတ်လား"

ဟု မေးလိုက်လေသည်။

အစိမ်းရောင်မိန်းကလေးက ချီယင်းဝေကို ပြုံးပြလိုက်ပြီး. . .

"တွေ့လား။ ယို့လျှမ်တောင် ကျွန်မ ဘယ်သူဆိုတာ သိသည်၊ ရှင်မသိတာ အံ့ဩစရာပဲ"

ဟု ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက မျက်ခုံးတစ်ချက်ပင့်တင်လိုက်ပြီး. . .

"ကျုပ် တော်တော်နုံတဲ့လူပဲ၊ ခင်ဗျားနာမည် ယုပါဟုန်ကနေ ယုစမ်းလို့ ပြောင်းတာ မသိလိုက်ပါလား"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်က သဘောကျစွာ တစ်ချက်ရယ်မောလိုက်ပြီး

"ဒါကြောင့် ကျွန်မပြောတာပေါ့၊ လူတွေက ရှင့်ကို ပါးနပ်တယ်လို့ ပြောပေမယ့် တကယ်တော့ ရှင်ဟာ အ,တဲ့လူပဲလို့"

ချိုယင်းဝေက ပြုံးလိုက်ပြီး. . .

"ထားပါတော့၊ အခု ခင်ဗျား ဘာလာလုပ်တာလဲ"

ယုပါဟုန်က သူ့ခေါ်မျက်ခုံးကို ပင့်တင်လိုက်ပြီး. . .

"ဟော ရှင်က၊ အတော်သတိမေ့တဲ့လူပဲ၊ ရှင့်ကို အကြံပေးမလို့လာတာ"

ချိုယင်းဝေက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး. . .

"ဘာအကြံပေးမလို့လဲ"

ယုပါဟုန်က တစ်ချက်ပြုံးကာ. . .

"အခု ရှင် ဟောဒီ ညီမလေးယို့လျမ်ကို ဘယ်မှာထားရမလဲဆိုပြီး အခက်အခဲတွေ့နေတယ် မဟုတ်လား"

ချိုယင်းဝေက ဦးခေါင်းကိုညိတ်ရင်း. . .

"ခင်ဗျားပေးမယ့် အကြံသာ ပြောပါ"

ယုပါဟုန်က အတန်ငယ်စဉ်းစားလိုက်ပြီး. . .



"ကျွန်မပေးမယ့်အကြံကို ရှင်လက်ခံတာမခံတာ အရေးကြီးဘူး၊ ဟောဒီ ညီမလေးယို့လျမ် လက်ခံဖို့ပဲ အရေးကြီးတယ်"

ယို့လျမ်က ချိုယင်းဝေကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ချိုယင်းဝေကလည်း ယို့လျမ်ကို တစ်ချက်လှမ်းကြည့်လိုက်သည်။

ပြီးမှ ချိုယင်းဝေသည် ယုပါဟုန်ကို စူးစိုက်ကြည့်ကာ

"ကဲ. . . ခင်ဗျားရဲ့အကြံကိုသာ ပြောပါ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေ၏စကားဆုံးသည်နှင့် ယုပါဟုန်က သဘောကျစွာ တစ်ချက်ပြုံးလိုက်ပြီး. . .

"အင်မတန်လွယ်တဲ့ ကိစ္စတစ်ခုကို ရှင်က ခက်ခက်ခဲခဲ တွေးနေလို့ပါ"

ချိုယင်းဝေက ဦးခေါင်းကိုညိတ်ကာ. . .

"ကဲပါ၊ ခင်ဗျားပြောမယ့် အကြံကို ပြောစမ်းပါဦး"

ဟု စိတ်မရှည်သကဲ့သို့ မေးလိုက်လေသည်။

ယုပါဟုန်က ပြုံးလျက်. . .

"ရှင်သွားတဲ့နောက်ကို တစ်ပါတည်းခေါ်သွားပေါ့"

ဟု အကြံပေးလိုက်လေသည်။

ယုပါဟုန်၏စကားကြောင့် ချိုယင်းဝေသည် ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



အုံ့အားသင့်ကာ ငေးကြောင်၍ ယုပါဟုန်ကို ငေးမောကြည့်နေ လိုက်မိလေတော့သည်။

* * *

ယုပါဟုန်သည် အုံ့အားသင့်၍ ငေးကြောင်နေသော ချီယင်းဝေ၏လက်ထဲမှ မြင်းဇက်ကြိုးကို ဆွဲယူလိုက်ပြီး မြင်းလှည်းကို မောင်းနှင်လိုက်လေတော့သည်။

ထိုအခါ ချီယင်းဝေသည် သတိရလာပြီး ယုပါဟုန်၏ လက် ထဲမှ မြင်းဇက်ကြိုးကို ပြန်လည်လုယူကာ မြင်းလှည်းကို ရပ်တန့် လိုက်လေသည်။

ယုပါဟုန်က ချီယင်းဝေကို မျက်လုံးပြူး၍ကြည့်ကာ

"ရှင် ဘာလို့ မြင်းလှည်းကို ရပ်လိုက်ရတာလဲ"

ချီယင်းဝေက ယုပါဟုန်ကို ပြန်လည်စူးစိုက်ကြည့်ကာ

"မင်းက ဘာဖြစ်လို့ မြင်းလှည်းကို မောင်းရတာလဲ"

ယုပါဟုန်က. . .

"ဩော်. . . ရှင်သွားမယ့် နေရာကို ကျွန်မက မောင်း ပေးရသေးတယ်၊ ရှင်က ကျွန်မကို အပြစ်လဲ တင်သေးတယ်"

ချီယင်းဝေက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ကျုပ်က ဘယ်ကို သွားမှာ ဖြစ်လို့ ခင်ဗျားက ဘယ်ကို



မောင်းမှာလဲ"

ယုပါဟုန်က တစ်ချက်ပြုံးလိုက်ပြီး. . .

"ရှင် ကာလျံမြို့ကို သွားမှာ မဟုတ်လား"

ယုပါဟုန်၏စကားကြောင့် ချီယင်းဝေ ဘာမှမပြော တော့ပါ။

သူသည် အတန်ကြာအောင် ယုပါဟုန်ကို စူးစိုက်၍ ကြည့်နေလေသည်။

အတန်ကြာမှ. . .

"နေပါဦး၊ ကျုပ် ကာလျံမြို့ကို သွားမယ်လို့ ခင်ဗျား ဘာကြောင့် ပြောနိုင်ရတာလဲ"

ယုပါဟုန်က တစ်ချက်ရယ်မောလိုက်ပြီး. . .

"ကာလျံမြို့မှာ ယို့လျမ်ကိုထားရင် စိတ်အချရဆုံးလို့ ရှင်ထင်နေတယ် မဟုတ်လား"

ထိုစဉ် ယို့လျမ်က မျက်မှောင်ကြုတ်ကာ ယုပါဟုန်ကို ကြည့်လိုက်ပြီး. . .

"ကျွန်မကို ကာလျံမြို့မှာ ထားမယ်လို့ သူက မပြောခဲ့ပါ လား"

ယုပါဟုန်က. .

"သူက ညီမကို ကာလျံမြို့ ပို့မယ်ဆိုတဲ့ အကြံဟာ အခုမှ ပေါ်လာတာ ဖြစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ယို့လျှမ်က နားမလည်ဟန်ဖြင့်. . .

"ကျွန်မတော့ ဘာမှ နားမလည်နိုင်အောင်ကို ဖြစ်နေ[illegible]"

ယုပါဟုန်က တစ်ချက်ပြုံးကာ. . .

"ဒီလို ညီမရဲ့၊ ကာလံ့မြို့မှာ သူ့ရဲ့မိတ်ဆွေရှိတယ်၊ သူ့ရဲ့မိတ်ဆွေမှာ ညီမတစ်ယောက် ရှိတယ်၊ ဒီတော့ ငါ့ညီမ[illegible] အဲဒီမှာထားရင် စားသောက်စရာလဲ မပူပင်ရဘူး၊ လုံခြုံ[illegible] ရှိမယ်၊ ပြီးတော့ သူကလဲ ကာလံ့မြို့ကို သွားရမှာ"

ချီယင်းဝေက ပြုံးလိုက်ပြီး. . .

"ငါမေ့နေတဲ့ အကြောင်းအရာတွေကို မင်းက အစ[illegible] ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ယုပါဟုန်က ပြုံးလိုက်ပြီး. . .

"ကျွန်မကတော့ အကြံပြုပြီးပြီ၊ ရှင်ဆက်လုပ်ဖို့ပဲ [illegible] တော့တယ်"

ချီယင်းဝေက အတန်ကြာအောင် မျက်မှောင်ကြုတ်[illegible] စဉ်းစားနေပြီးမှ ရုတ်တရက် ယုပါဟုန်ကို စူးစိုက်၍ ကြည့်လို[illegible] ပြီး. . .

"နေပါဦး၊ ကျုပ်တစ်ခုမေးမယ်"

ယုပါဟုန်က တစ်ချက်ရယ်မောလိုက်ပြီး. . .

"ကျွန်မပြောတဲ့ စကားထဲမှာ မရှင်းတာ ရှိနေလို့[illegible]"

ချီယင်းဝေက. . .



"ကျုပ် ကာလံ့မြို့ကို သွားချင်လာအောင် ဘာဖြစ်လို့ ခင်ဗျားက တိုက်တွန်းနေရတာလဲ"

ယုပါဟုန်က ချီယင်းဝေကို မကြည့်ဘဲ အဝေးသို့ ငေး ကြည့်ရင်း. . .

"ကျွန်မနဲ့ ဖေဖေနဲ့က စူးခုံးယက်အပေါ် စိတ်ဝင်စားနေ တယ်"

"ဪ. . . ဒါကြောင့် မင်း ငါ့နောက်ကို လိုက်ခဲ့တာနဲ့ တူတယ်"

ယုပါဟုန်က ဦးခေါင်းတစ်ချက် ခါယမ်းပြလိုက်ပြီး. . .

"ကျွန်မ ရှင့်နောက်ကို လိုက်ခဲ့တာ မဟုတ်ဘူး၊ ကျွန်မရှိ တဲ့ နေရာကို ရှင်ရောက်လာတာ"

ချီယင်းဝေက မျက်မှောင် အနည်းငယ်ကြုတ်ကာ. . .

"နေပါဦး၊ စူးခုံးယက်ကို ကာလံ့မြို့မှာ တွေ့လိမ့်မယ် ဆင်လို့ ခင်ဗျားက ကျုပ်ကို ကာလံ့မြို့ကို လွှတ်နေတာလား"

ယုပါဟုန်က. . .

"အဖြေရှာမရတဲ့ ပြဿနာတစ်ခုရဲ့အဖြေဟာ ပြဿနာ ဖြစ်တဲ့ နေရာမှာပဲ အစကောက်လို့ရမယ် မဟုတ်လား"

ချီယင်းဝေက ရုတ်တရက် ရယ်မောလိုက်ပြီး. . .

"လက်စသတ်တော့ ခင်ဗျားလဲ ရိုကျောင်ကျောင်းကို စိတ် ဝင်စားတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။

ယုပါဟုန်က ဘာမှ ပြန်မပြောဘဲ တိတ်ဆိတ်၍ နေလေ
လေသည်။

ချိုယင်းဝေက ပြုံးရင်း. . .

"ဒါနဲ့ မင်းက မင်းဖေဖေနဲ့အတူ ထွက်လာကြတာလား"

ယုပါဟုန်က ဦးခေါင်းကို ညိတ်ပြကာ. . .

"ဟုတ်တယ်. . . ဒါပေမယ် လွန်ခဲ့တဲ့ နှစ်ရက်ကစပြီး
လမ်းခွဲခဲ့ကြတယ်"

ချိုယင်းဝေက ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီး. . .

"ကောင်းပြီလေ. . . တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆို
သလိုပေါ့၊ ခင်ဗျားအကြံပေးတဲ့အတိုင်း ကျုပ်တို့ ကာလျံမြို့ကို
သွားကြတာပေါ့"

ဟု ပြောလိုက်လေသည်။

ထို့နောက် ချိုယင်းဝေသည် မြင်းလှည်းကို ကာလျံမြို့သို့
ဦးတည်၍ မောင်းနှင်လိုက်လေတော့သည်။

* * *



ငါးလပိုင်း နောက်ဆုံးပတ်အတွင်း၌ ချိုယင်းဝတို့သည်
ကာလျံမြို့သို့ ရောက်ရှိလာလေတော့သည်။

ချိုယင်းဝေသည် ကာလျံမြို့သို့ ရောက်ရှိလာသောအခါ
တိမ်းရှိုလေး၏အိမ်သို့ ဦးတည်၍ မောင်းနှင်သွားလေတော့
သည်။

ချိုယင်းဝေသည် မြင်းလှည်းကို တိမ်းရှိုလေး၏ခြံဝင်းရှေ့
၌ ရပ်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ခြံစောင့်က ချိုယင်းဝေ
ကို ပြုံး၍ ကြိုဆိုလိုက်ပြီး ခြံဝင်းတံခါးကို ဖွင့်ပေးလိုက်လေသည်။

ချိုယင်းဝေသည် မြင်းလှည်းကို ခြံဝင်းထဲသို့ မောင်းနှင်
သာပြီး အိမ်ဂေဟာရှေ့၌ ရပ်တန့်လိုက်ပြီး မြင်းလှည်းပေါ်မှ
ဆင်းသက်လိုက်လေသည်။

ထိုအချိန်တွင် တိမ်းရှိုလေးသည် အိမ်ရှေ့တံခါးမှ ပေါ်
ထွက်လာပြီး ချိုယင်းဝေကို ဝမ်းပန်းတသာ ကြိုဆိုလိုက်လေ
သည်။

ထို့နောက် တိမ်းရှိုလေးသည် ယို့လျှမ်ကို ပြုံးပြလိုက်ပြီး

"ဘယ်လေတိုက်လို့ ပါလာတာလဲ"

ဟု ပြုံး၍ မေးလိုက်လေသည်။

ယို့လျှမ်က ပြန်လည်ပြုံးပြလိုက်သော်လည်း မည်သည့်
စကားမျှ ပြန်လည်၍ ပြောခြင်းမရှိပါ။

တိမ်းရှိုလေးက ယုပါဟုန်ကို တစ်ချက်ပြုံး၍ နှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသော်လည်း ယုပါဟုန်ကို မသိသဖြင့် ချိုယင်းဝေအား

"ဟော့. . . မင်းက ငါ့ကို သူနဲ့မိတ်ဆက်ပေးဦးလေ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ပြုံးလျက်. . .

"စိတ်ချပါ၊ မင်းကို မိတ်ဆက်မပေးဘဲ မနေပါဘူး"

ဟု ပြန်လည်၍ ပြောလိုက်လေသည်။

ပြီးမှ ချိုယင်းဝေသည် ယုပါဟုန်အား. . .

"သူက ကျွန်းနန်းနယ်က ကဗျာဆရာ တိမ်းရှိုလေးပါ"

ဟု တိမ်းရှိုလေးနှင့် မိတ်ဆက်ပေးလိုက်လေသည်။

ထို့နောက် ဆက်လက်၍ တိမ်းရှိုလေးကို. . .

"သူကတော့ ယုပါဟုန်တဲ့၊ ကျန့်ယန်းအလှမယ်ဆယ်ယောက်ထဲက တစ်ယောက်ပေါ့"

ဟု ပြောလိုက်လေသည်။

တိမ်းရှိုလေးက သူ၏လက်နှစ်ဘက်ကိုဆုပ်၍ ယုပါဟုန်အား ဦးညွှတ်ကာ. . .

"ဟုတ်ကဲ့၊ အခုလို အသိအကျွမ်း ဖြစ်ရတာ ဂုဏ်ယူပါတယ်"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်ကလည်း တိမ်းရှိုလေးကို ပြန်လည်ပြုံးပြလိုက်ပြီး. . .



"ဆရာ့ရဲ့နာမည်ကိုတော့ ကြားဖူးတာကြာပါပြီ၊ လူချင်း အခုလို သိကျွမ်းရတာ ဝမ်းသာပါတယ်"

ဟု ပြောလိုက်လေသည်။

ထိုစဉ်. . .

ချိုယင်းဝေက တိမ်းရှိုလေး၏လက်မောင်းကို ဆွဲလိုက် ပြီး. . .

"သူငယ်ချင်း၊ ငါနဲ့မင်းနဲ့ တိုင်ပင်စရာရှိသေးတယ်"

ဟု ပြောကာ အတန်ငယ်ဝေးသော နေရာသို့ ခေါ်ထုတ် သွားလေသည်။

တိမ်းရှိုလေးသည် ချိုယင်းဝေကို အံ့သြဟန်ဖြင့် ကြည့် ပြီး ချိုယင်းဝေ ခေါ်ဆောင်ရာသို့ လိုက်ပါလာလေသည်။

ယို့လျှမ်တို့နှင့် အတန်ငယ်ဝေးသော နေရာသို့ ရောက် သောအခါ ချိုယင်းဝေက အသံကိုနှိမ့်လျက်. . .

"ဒီမှာ ငါ ဘာဖြစ်လို့ ယို့လျှမ်ကို ခေါ်လာရသလဲဆိုတာ သိလား"

ဟု မေးလိုက်လေသည်။

တိမ်းရှိုလေးက တစ်ချက်ပြုံးလိုက်ပြီး. . .

"မင်းခေါ်လာတဲ့ကိစ္စ ငါ ဘယ်လိုလုပ်သိမှာလဲ"

ဟု ပြောလိုက်လေသည်။

ပြီးမှ. . .

www.burmeseclassic.com

www.burmeseclassic.com



တိမ်းရှိုလေးသည် ချိုယင်းဝေကို ပြုံးစစဖြင့် ကြည့်ရင်း. . .

"ငါ့တစ်သက်မှာ မိန်းမနှစ်ယောက်ကို တစ်ပြိုင်တည်း ခိုးလာတယ်ဆိုတာ မကြားဖူးဘူး"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေသည် တိမ်းရှိုလေး၏စကားကြောင့် မျက်လုံးပြူးသွားပြီး. . .

"ဘယ်သူက မိန်းမနှစ်ယောက်ကို တစ်ပြိုင်တည်း ခိုးလာလို့လဲ"

တိမ်းရှိုလေးက မိမိ၏မျက်ခုံးမွေးကို ပင့်တင်လိုက်ပြီး

"သူတို့နှစ်ယောက်ကို မင်းခိုးလာတာ မဟုတ်လား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက တိမ်းရှိုလေး၏ခြေထောက်ကို မိမိ၏ခြေဦးဖြင့် အသာကန်လိုက်ပြီး. . .

"မင်းထင်တာ စွတ်မပြောနဲ့ဦး၊ ငါပြောတာ နားထောင်ဦး"

ဟု ပြောလိုက်လေသည်။

တိမ်းရှိုလေးက မိမိ၏ပခုံးနှစ်ဘက်ကို ဇာတ်မင်းသားဟန်ဖြင့် တွန့်ပြရင်း. . .

"မင်းက ဘာမှ ရှင်းရှင်းလင်းလင်း မပြောဘဲ၊ ပဟေဠိဆန်ဆန်ပြောတော့ ငါလဲ ငါတွေးချင်သလို တွေးနေရတာပေါ့၊ အခုပါ မင်းပြောမှာ ပြောစမ်းပါ"



ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ချောင်းတစ်ချက်ဟန့်ကာ ယို့လျှမ်ကို ပန်းခြင်းစုံဂေဟာမှ ခေါ်ထုတ်လာသည့်အကြောင်းကို အသေးစိတ်ပြောပြလေသည်။

ပြီးမှ လမ်းတွင် ယုပါဟုန်နှင့်တွေ့ကာ တိမ်းရှိုလေးထံ ခေါ်လာကြောင်းကို အသေးစိတ်ပြောပြလေသည်။

တိမ်းရှိုလေးသည် ချိုယင်းဝေ ပြောပြသမျှကို ဦးခေါင်းညိတ်ညိတ်ဖြင့် နားထောင်နေရာမှ ချိုယင်းဝေ၏စကားဆုံးသာအခါ. . .

"ဒါကြောင့် မင်း ငါ့ဆီခေါ်လာတာပေါ့"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"ယုပါဟုန်ကို မင်းလက်ခံမယ် လက်မခံဘူးတော့ ငါမသိဘူး၊ ဒါပေမယ့် ယို့လျှမ်ကိုတော့ မင်းလက်ခံမယ်ဆိုတာ ငါယုံကြည်တယ်"

ဟု ပြောလိုက်လေသည်။

တိမ်းရှိုလေးက မိမိ၏မျက်ခုံးမွေးများကို နဖူးထက်သို့ ပင့်တင်ရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ မင်းက ယုံကြည်ရတာလဲ"

ချိုယင်းဝေက ပြုံးလျက်. . .

"မင်း ယို့လျမ်ကို မေတ္တာရှိနေတယ် မဟုတ်လား။ အခု လို ငါခေါ်လာတော့ မင်းနဲ့ပိုပြီး နီးစပ်သွားမှာပေါ့"

တိမ်းရှိုလေးက သက်ပြင်းတစ်ချက်မှုတ်ထုတ်ရင်း. . .

"အင်း. . . ငါကတော့ သူ့ကို မေတ္တာရှိနေတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ငါ့ဦးလေးက သူ့ကို လက်ခံပါ့မလား"

ချိုယင်းဝေက မျက်လုံးတစ်ချက်လှန်၍ စဉ်းစားလိုက်ပြီး

"ဒီလိုလုပ်ရအောင်၊ ငါတို့အားလုံး တိုင်ပင်ပြီး အတိုင်း အဖောက်ညီညီနဲ့ မင်းဦးလေးကို လက်ခံအောင် ပြောရမှာပေါ့"

တိမ်းရှိုလေးက တစ်ချက်ပြုံးရင်း. . .

"ကောင်းပြီလေ၊ ငါတို့အားလုံး တိုင်ပင်ကြရအောင်"

ဟု ပြောလိုက်လေသည်။

ထို့နောက် ချိုယင်းဝေနှင့် တိမ်းရှိုလေးတို့သည် ယုပါ ဟန်နှင့် ယို့လျမ်ထံ ပြန်လည်လျှောက်သွားပြီး ဇာတ်လမ်းတစ်ပုဒ် ကို လုပ်ကြံဖန်တီးလေတော့သည်။

* * *



ဧည့်ခန်းထဲ၌ ဖြစ်ပါသည်။

တိမ်းရှိုလေး၏ဦးလေး တိမ့်အင်းသည် ချိုယင်းဝေတို့ ဇာတ်တိုက်ထားသော လုပ်ကြံဇာတ်လမ်းတစ်ပုဒ်ကို စိတ်ဝင်စား စွာ ဦးခေါင်းတညိတ်ညိတ်နှင့် နားထောင်နေလေသည်။

တစ်ခါတစ်ရံ၌ ထောင့်စုံဘက်စုံမှ ရှုထောင့်အမျိုးမျိုး ဖြင့်လုပ်ကြံဖန်တီးထားသော ဇာတ်လမ်းများသည် ဘဝဇာတ်ခုံ ပေါ်မှ တကယ့်အဖြစ်အပျက် ဇာတ်လမ်းထက်ပင် စိတ်ဝင်စား ဖွယ်ကောင်းနေသည် မဟုတ်ပါလား။

သို့ဖြစ်၍ နောက်ဆုံး၌ တိမ့်အင်းသည် ယို့လျမ်ကို မိမိ တို့နှင့်အတူနေရန် ဖိတ်ခေါ်လိုက်လေတော့သည်။

ထို့နောက် သူတို့သည် တိမ်းရှိုလေး၏ညီမဝမ်းကွဲ တိမ်း ဝေ့ကျူး၏လက်ရာ ထမင်းဟင်းများဖြင့် ညစာကို တပျော်တ ပါး စားသောက်ကြလေသည်။

ညစာစားသောက်ပြီးသောအခါ တိမ်းဝေ့ကျူးသည် ယို့ လျမ်အား အနောက်ဆောင်ရှိ အခန်း၌ နေရာချထားပေးလိုက် လေသည်။

တိမ့်အင်းကလည်း ညစာစားပြီးနောက် ချိုယင်းဝေတို့ နှင့် စကားအနည်းငယ် ပြောဆိုကာ မိမိ၏သီးသန့်စာကြည့်ခန်း ထဲသို့ ဝင်ရောက်သွားလေတော့သည်။

ထို့ကြောင့် ဧည့်ခန်းထဲ၌ ချိုယင်းဝေ၊ ယုပါဟန်နှင့် တိမ်း

www.burmeseclassic.com

www.burmeseclassic.com



ရှိုလေးတို့သာ ကျန်ရစ်ခဲ့လေတော့သည်။

ချီယင်းဝေသည် ချောင်းတစ်ချက်ဟန့်လိုက်ပြီး ယုပ်ဟုန်ကို လှမ်းကြည့်ကာ. . .

"ညီမလေးက စူးခုံးယက်ကို သွားမရှာဘူးလား"

ယုပါဟုန်က ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"ရှာရမှာပေါ့၊ ဒါပေမယ့် ဘယ်လိုစရှာရမယ်ဆိုတာ စဉ်းစားလို့ မရသေးဘူး"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"ဟောဗျာ၊ ကိုယ်ပြောတဲ့စကား ကိုယ်မေ့နေပြီလား"

ယုပါဟုန်က မျက်မှောင်လေးကြုတ်ရင်း. . .

"ကျွန်မက ဘာပြောခဲ့လို့လဲ"

ချီယင်းဝေက မိမိ၏မျက်ခုံးကို နဖူးအထက်သို့ ပင့်တင်လိုက်ပြီး. . .

"ပြဿနာတစ်ခုရဲ့အဖြေဟာ ပြဿနာစဖြစ်တဲ့နေရာက ပြန်စမှပဲ အဖြေရှာလို့ရမယ်ဆိုတာလေ"

ယုပါဟုန်က တစ်ချက်ပြုံးလိုက်ပြီး. . .

"စူးခုံးယက်က အဲဒီမှာရှိမယ်လို့ ရှင်က ထင်လို့လား"

ချီယင်းဝေက. . .

"စူးခုံးယက် အဲဒီကို ရောက်မလာဘူးလို့ ဘယ်သူအာမခံရဲမလဲ"



ယုပါဟုန်က မျက်မှောင်အနည်းငယ်ကြုတ်ရင်း. . .

"စုဟိုက်ဘုန်းတော်ကြီးကျောင်းက ကျမ်းစာပျောက်တဲ့အမှု၊ လူသတ်တဲ့အမှုတွေဟာ စူးခုံးယက်နဲ့ ပတ်သက်နေတယ်လို့ ရှင်က တစ်ထစ်ချယုံကြည်လို့လား"

ချီယင်းဝေက. . .

"စူးခုံးယက်က စုဟိုက်ဘုန်းတော်ကြီးကို ပေးတဲ့ စာကိုကျွပ်သွားပေးမိရာက စခဲ့တဲ့ ဇာတ်လမ်းပဲ၊ တစ်ထစ်ချယုံကြည်လို့တော့ မဟုတ်ဘူး"

ထိုစဉ် တိမ်းရှိုလေးက ချီယင်းဝေကို လှမ်းကြည့်လိုက်ပြီး. . .

"ဘာလဲ၊ မင်းက အဲဒီဘုန်းကြီးကျောင်းကို ပြန်သွားဦးမလို့လား"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ကျုပ်က အဲဒီ ဘုန်းကြီးကျောင်းကို မလာပါဘူးလို့ စုဟိုက်ဘုန်းတော်ကြီးကို ကတိပေးထားခဲ့တယ်"

ယုပါဟုန်က. . .

"ဒါဖြင့် ရှင် ဘယ်လိုစုံစမ်းမလဲ"

ချီယင်းဝေက. . .

"နည်းလမ်းတစ်ခုတော့ ရှာရမှာပေါ့"

ယုပါဟုန်က တိမ်းရှိုလေးကို တစ်ချက်လှမ်းကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ချီယင်းဝေအား. . .

"ရှင့်ရဲ့သူငယ်ချင်းကို စုံစမ်းခိုင်းပါလား"

ဟု အကြံပေးလိုက်လေသည်။

ချီယင်းဝေက လက်ဖျစ်တစ်ချက်တီးလိုက်ပြီး. . .

"ဟုတ်သားပဲ၊ ငါ သူ့ကို အကူအညီတောင်းဖို့ မေ့နေတယ်"

ယုပါဟုန်က တိမ်းရှီလေးကို လှမ်းကြည့်လိုက်ပြီး. . .

"ရှင့်သူငယ်ချင်းကို အကူအညီပေးလိုက်ပါလား"

ဟု တိုက်တွန်းပြောဆိုလိုက်လေသည်။

တိမ်းရှီလေးက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"သူက အကူအညီ မတောင်းတောင်မှ ကျုပ်က ကူညီရမယ့်ဝတ္တရားရှိပါတယ်"

ယုပါဟုန်က တစ်ချက်ပြုံးလိုက်ပြီး. . .

"ကျွန်မလည်း ကူညီပါ့မယ်"

ချီယင်းဝေက ယုပါဟုန်ကို ပြုံး၍ ကြည့်လိုက်ပြီး. . .

"ခင်ဗျားကူညီမယ်ဆိုရင် ကျုပ်က အတိုင်းနဲ့အလွန်ဝမ်းသာတာပေါ့ဗျာ"

ဟု ပြောလိုက်လေသည်။

"သိပ်လဲ ဝမ်းသာမနေပါနဲ့ဦး၊ ကျွန်မက ရှင့်ကို ကူညီချင်လွန်းလို့ မဟုတ်ဘူး၊ စူးခုံးယက်ကို တွေ့ချင်လို့"



ချီယင်းဝေက ရုတ်တစ်ရက် ရယ်မောလိုက်ပြီး. . .

"ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ခင်ဗျားကို ကျေးဇူးတင်ရတာပဲ"

ဟု ပြောလိုက်လေသည်။

တိမ်းရှီလေးက ထိုင်ရာမှထလိုက်ပြီး. . .

"ကဲ. . . ဒီညတော့ ကျုပ်တို့ အနားယူကြရအောင်"

ဟု ပြောလိုက်လေတော့သည်။

ထို့နောက် သူတို့သည် မိမိအခန်းသို့မိမိ အသီးသီး ထွက်သွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့။

ညနေစောင်း ဖြစ်ပါသည်။

ချီယင်းဝေသည် ပန်းဥယျာဉ်ထဲ၌ လမ်းလျှောက်၍ နေလေသည်။

သူသည် လမ်းလျှောက်နေရင်း မိမိနှင့် တိမ်းဝေ့ကျ စတင်ဆုံဆည်းခဲ့သော သစ်ပင်ကို တစ်ချက်မျှလှမ်း၍ ကြည့်လိုက်မိလေသည်။

သူသည် ထိုသစ်ပင်ကို အတန်ကြာအောင် ငေးစိုက်၍ ကြည့်နေပြီးမှ သက်ပြင်းတစ်ချက်ကို ဖြည်းညင်းစွာ မှုတ်ထုတ်လိုက်လေတော့သည်။

ထိုစဉ်. . . ခြံဝင်းထဲသို့ တိမ်းရှုလေးနှင့် ယုပါဟုန်တို့ ဝင်ရောက်လာလေသည်။

သူတို့သည် ယနေ့ မနက်ပိုင်းက စုဟိုက်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ခဲ့ပြီး ယခုမှ ပြန်လာခြင်း ဖြစ်ပါသည်။

ချီယင်းဝေသည် တိမ်းရှုလေးနှင့် ယုပါဟုန်တို့ကို လှမ်း၍ မြင်တွေ့လိုက်သည်နှင့် ပန်းဥယျာဉ်ထဲမှထွက်ကာ တိမ်းရှုလေးတို့အား ဦးခေါင်းတစ်ချက် ဆတ်၍ပြလိုက်ပြီး. . .

"ဘယ်လိုလဲ"

ဟု မေးလိုက်လေသည်။

ယုပါဟုန်က ချီယင်းဝေကို ပြုံး၍ ပြလိုက်ရင်း. . .



"ရှင့်ကို ဝမ်းသာရာ ပြောရဦးမယ်"

ချီယင်းဝေက မျက်ခုံးပင့်လိုက်ပြီး. . .

"ဘာလဲ. . . လူသတ်သမားမိပြီလား"

ဟု မေးလိုက်လေသည်။

ယုပါဟုန်က တစ်ချက်ပြုံးကာ. . .

"ဟင့်အင်း. . . မမိသေးဘူး"

ချီယင်းဝေက မျက်နှာတစ်ချက် ရှုံ့မဲ့လိုက်ပြီး. . .

"ဒါက ဝမ်းသာစရာ စကားလား"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်က ပြုံးလျက် ချီယင်းဝေကို ကြည့်ကာ. . .

"ဒါဟာ ဝမ်းသာစရာပဲပေါ့"

ဟု ပြန်လည်၍ ပြောလိုက်လေသည်။

ချီယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲ"

ယုပါဟုန်က နှုတ်ခမ်းကို ဟန်ပါပါ တစ်ချက်တွန့်ကာ

"ရှင်က ဘုန်းကြီးကျောင်းကို သွားပြီး လူသတ်သမား အစ်ကို ဖမ်းချင်တယ် မဟုတ်လား"

ဟု မေးလိုက်လေသည်။

ယုပါဟုန်၏ စကားကြောင့် ချီယင်းဝေ ပါးစပ်ပိတ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယုပါဟုန်သည် ချီယင်းဝေကို တစ်ချက်မျှ အကဲခတ် ကြည့်လိုက်ပြီးမှ တစ်ချက်ပြုံးကာ. . .

"ဘာပဲဖြစ်ဖြစ် ရှင် တစ်နည်းနည်းနဲ့ စုဟိုက်ဘုန်းကြီး ကျောင်းကို ရောက်အောင်သွားပါ။ ဒါမှ တရားခံအစစ်ကို ဖော် ထုတ်နိုင်မယ် ထင်တယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေသည် အတန်ကြာအောင် ငြိမ်သက်နေပြီး သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ရင်း. . .

"အင်း. . . ရုပ်ဖျက်တဲ့နည်းကလွဲပြီး ဘုန်းကြီးကျောင်း ထဲ ဝင်ဖို့ဆိုတာ မလွယ်ဘူးဗျ"

ဟု ညည်းညည်းညူညူ ပြောလိုက်လေသည်။

ယုပါဟုန်က တစ်ချက်ရယ်မောလိုက်ပြီး. . .

"ဒါများ ညည်းညူနေရသေးလား။ ရုပ်ဖျက်လိုက်ပေါ့ ... ား"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက် ရင်း. . .

"ရုပ်ဖျက်တဲ့ပညာဟာ လွယ်ကူတယ်လို့ ခင်ဗျားက ... လို့လား"

ယုပါဟုန်က ပြုံးလိုက်ပြီး. . .

"ရှင့်ကို ရုပ်ဖျက်ဖို့ပဲ ပြောတာ ရုပ်ဖျက်ပညာ လွယ် ... ဘယ်လို့ မပြောပါလား"



ချီယင်းဝေက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး

"ကျုပ်မှ ရုပ်မဖျက်တတ်ပဲ"

ယုပါဟုန်က ပြုံးလျက်. . .

"ဘာခက်တာလိုက်လို့လဲ၊ ရုပ်ဖျက်တတ်တဲ့လူ ရှာပေါ့"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းပြလျက်. . .

"ကဲ. . . ရုပ်ဖျက်ပညာကျွမ်းကျင်တဲ့လူက ဘယ်မှာလဲ"

ယုပါဟုန်က မိမိကိုယ်မိမိ လက်မနှင့် ညွှန်ပြလိုက်ပြီး

"ရုပ်ဖျက်ပညာကျွမ်းကျင်လူက ရှင့်ရဲ့ရှေ့မှာ ရှိတယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက အံ့သြဟန်ဖြင့် ယုပါဟုန်ကို ကြည့်ပြီး

"ဘာ. . . ခင်ဗျားက ရုပ်ဖျက်ပညာတတ်တယ် ဟုတ်

ဟု မေးလိုက်လေသည်။

ယုပါဟုန်က သူမ၏ဦးခေါင်းကို ညိတ်ပြရင်း. . .

"ရှင်က ဘာလို့ အကူအညီ မတောင်းသေးတာလဲ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက သူမကို မယုံကြည်နိုင်စွာ တစ်ချက်ကြည့် လိုက်လေသည်။

ယုပါဟုန်က ချီယင်းဝေ၏ အံ့သြနေသော အမူအရာကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ သဘောကျစွာ ရယ်မောလိုက်ပြီး. . .

"ဘာလဲ. . . ရှင်က မယုံဘူးလား"

ချီယင်းဝေက သူ၏ပခုံးနှစ်ဘက်ကို ဟန်ပါပါ တွန့်ပြလိုက်ရင်း. . .

"ခင်ဗျား ဒီပညာကို ဘယ်က ရတာလဲ"

ယုပါဟုန်က ပြုံးလျက်. . .

"ကျွန်မအဖေက ရုပ်ဖျက်ပါရဂူတစ်ယောက်ပဲ၊ ဒီတော့ ကျွန်မ ရုပ်ဖျက်ပညာတတ်တာ အံ့သြစရာမကောင်းပါဘူး"

ချီယင်းဝေက မျက်မှောင် အနည်းငယ်ကြုတ်လိုက်ပြီး

"ခင်ဗျားအဖေ ရုပ်ဖျက်ပညာတတ်တယ်ဆိုတာ သိုင်းလောကသားတွေက ဘာဖြစ်လို့ မသိကြတာလဲ"

"ဒါကတော့ အရေးကြုံတဲ့အခါ အသုံးချဖို့အတွက် လျှို့ဝှက်ထားခဲ့လို့ပဲ"

ချီယင်းဝေက ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"ကောင်းပြီလေ. . . အခု ကျုပ် ခင်ဗျားကို အကူအညီတောင်းပါပြီ"

ယုပါဟုန်က ချီယင်းဝေ၏စကားကို သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး. . .

"ကောင်းပြီလေ. . . ကျွန်မကူညီပါ့မယ်၊ ဒါပေမယ့် ကတိတစ်ခုတော့ ရှင်ပေးရလိမ့်မယ်"



ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ကျုပ်က ဘယ်လိုကတိမျိုး ပေးရမှာလဲ"

ဟု မေးလိုက်လေသည်။

ယုပါဟုန်က ချီယင်းဝေကို စူးစိုက်၍ကြည့်ကာ. . .

"ကျွန်မတို့သားအဖ ရုပ်ဖျက်ပညာတတ်တဲ့အကြောင်း ရှင် ဘယ်သူ့မှ မပြောပါဘူးလို့ ကတိပေးရလိမ့်မယ်"

ချီယင်းဝေက အနည်းငယ်ပြုံးကာ. . .

"စိတ်ချပါ. . . ကျုပ် ကတိပေးပါတယ်"

"ဒါဖြင့် ရှင် ဘယ်နေ့သွားချင်သလဲ"

ချီယင်းဝေက. . .

"မနက်ဖြန်"

ယုပါဟုန်က ဦးခေါင်းတစ်ချက်ညိတ်လိုက်ပြီး. . .

"ကောင်းပြီ၊ ဘယ်လိုလူတန်းစားမျိုးအနေနဲ့ ရုပ်ဖျက်သွားချင်သလဲ"

ချီယင်းဝေက အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"ဟုသုတရှာဖွေတဲ့ စာပေသမားတစ်ယောက်အနေနဲ့ ဆိုသင့်လျော်မလား"

ယုပါဟုန်က ဦးခါင်းညိတ်ကာ. . .

"ကောင်းတယ်၊ ကဲ ကျွန်မ လိုအပ်တဲ့ပစ္စည်းသွားယူလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ခြံဝင်းထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ရုတ်တရက် သူမသည် မိမိတို့၏အနီး၌ တိမ်ရှို
လေးရှိနေသည်ကို သတိရလာသဖြင့် တိမ်းရှိုလေးအား လှမ်း၍

"ရှင်လဲ ကျွန်မကို ကတိပေးရမယ်"

ဟု ပြောလိုက်လေသည်။

တိမ်းရှိုလေးက ယုပါဟုန်ကို မျက်လုံးပြူး၍ ပြန်လည်ကြည့်လိုက်ပြီး. . .

"ကျုပ်က ဘာကို ကတိပေးရမှာလဲ"

ဟု ပြန်လည်၍ မေးလိုက်လေသည်။

ယုပါဟုန်က တိမ်းရှိုလေးကို ပြုံး၍ကြည့်လိုက်ပြီး. . .

"ကျွန်မတို့ သားအဖ ရုပ်ဖျက်ပညာတတ်တယ်ဆိုတာ မသိဘူးလို့ ဘယ်သူမေးမေး ပြောရမယ်"

တိမ်းရှိုလေးက သဘောကျစွာ တဟားဟား ရယ်မော လိုက်ပြီး. . .

"အဲဒီအတွက်တော့ စိတ်ချပါဗျာ"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်သည် ချီယင်းဝေနှင့် တိမ်းရှိုလေးတို့ကို နှုတ်ဆက်၍ ထွက်ခွာသွားလေတော့သည်။

ချီယင်းဝေသည် တဖြည်းဖြည်း ဝေး၍သွားသော ယုပ

BURMESE CLASSIC



ဟုန်၏နောက်ကျောကိုကြည့်ရင်း သက်ပြင်းတစ်ချက်ချကာ အိမ်ဘက်သို့ လှမ်းကြည့်လိုက်လေသည်။

ထိုအချိန်တွင် သူ၏မျက်လုံးများသည် မိမိအား ပန်းဥယျာဉ်ထဲမှ လှမ်းကြည့်နေသော ယို့လျမ်၏မျက်လုံးများဖြင့် အကြည့်ချင်း ဆုံသွားလေတော့သည်။

ယို့လျမ်သည် ချီယင်းဝေနှင့် မျက်လုံးချင်း တွေ့ဆုံလိုက်ရသည်နှင့် တပြိုင်နက်တည်း သူမ၏ဦးခေါင်းကိုငုံ့ကာ ရှောင်လွှဲလိုက်လေတော့သည်။

ချီယင်းဝေသည် ယို့လျမ်၏အမူအရာကြောင့် ရင်ထဲ၌ ဖော်မပြနိုင်သော ဝေဒနာတစ်ရပ်ကို ခံစားမိလိုက်လေသည်။

အကယ်၍သာ အပေါ်ထပ် ပြတင်းပေါက်တစ်ခုမှနေ၍ မိမိကို ရီဝေသောမျက်လုံးများဖြင့် ကြည့်နေသော တိမ်းဝေ့ဘွား တစ်ယောက် ရှိနေကြောင်း သတိပြုမိခဲ့လျှင် ချီယင်းဝေ၏စိတ်ထဲ၌ မည်သို့ ခံစားရမည်နည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်. . .။

တိမ်းရှိုလေး၏ခြံဝင်းထဲမှ စာပေသမားနှစ်ယော
ထွက်လာလေသည်။

ထိုစာပေသမားနှစ်ယောက်မှာ ချီယင်းဝေနှင့် ယုပါဟု
တို့ရှုပ်ဖျက်ထားခြင်းပင် ဖြစ်ပါသည်။

ယုပါဟုန်သည် ခန္ဓာကိုယ် သေးသွယ်သည်မှလွဲ
ယောကျ်ားလေးတစ်ဦးကဲ့သို့ ထင်မှတ်ရပေသည်။

အကယ်၍ တစ်စုံတစ်ရာက သူမနှင့်တွေ့ခဲ့လျှင် သူမ
ဟန်ပန်အမူအရာကို ယောကျ်ားလေးတစ်ယောက်ဟု ထင်မှ
မိမည်မှာ မလွဲချေ။

သူတို့သည် မည်သည့်လက်နက်မျှ ကိုင်ဆောင်ခြင်းမ
ဘဲ၊ စုဟိုက်ဘုန်းတော်ကြီးကျောင်းသို့ ဦးတည်၍သွားနေသည်

ချီယင်းဝေ၏လက်ထဲ၌ စာအုပ်စာတမ်းများကို ကို
ဆောင်ထားပြီး၊ ယုပါဟုန်၏လက်ထဲ၌ ပိုးပဝါဖြင့် ထုပ်ထားသော
အထုပ်တစ်ထုပ်ကို ကိုင်ဆောင်ထားလေသည်။

စုဟိုက်ဘုန်းကြီးကျောင်းသို့ ရောက်ရှိလာကြသောအခ
ကျောင်းထိုင် စုဟိုက်ဘုန်းတော်ကြီးထံသို့ သွားရောက်တွေ့
ကြလေသည်။

စုဟိုက်ဘုန်းတော်ကြီးက ချီယင်းဝေကို မှတ်မိခြင်း
ဟန်မတူချေ။



"ဒကာလေးတို့က ဘယ်လိုအကြောင်းကိစ္စနဲ့ ရောက်
တာလဲ"

ဟု စတင်မေးမြန်းလိုက်လေသည်။

ချီယင်းဝေက မိမိ၏မူလအသံကို ဖျက်၍. . .

"တပည့်တော်တို့ စာပေဗဟုသုတ ရှာမှီးရန် ရောက်ရှိ
တာပါ"

စုဟိုက်ဘုန်းတော်ကြီးက ဦးခေါင်းကို တဆတ်ဆတ်
ညိတ်ရင်း. . .

"ဒါဆို ဒကာလေးတို့က ဒီမှာတည်းပြီး စာပေကျမ်းဂန်
တွေကို လေ့လာမယ်ထင်ပါရဲ့"

ချီယင်းဝေက ဦးခေါင်းကိုညိတ်ပြကာ. . .

"မှန်ပါတယ်"

စုဟိုက်ဘုန်းတော်ကြီးက သူ၏လက်တစ်ဘက်ကို ဝှေ့
ယမ်းပြလိုက်ပြီး. . .

"ဒီမှာ စာအံသံတွေ ဆူညံနေတော့ ဒကာလေးတို့အ
တွက် အနှောင့်အယှက်များ ဖြစ်မလား"

ဟု ချီယင်းဝေတို့ကို လက်မခံနိုင်ကြောင်း သွယ်ဝိုက်၍
ပြောဆိုလိုက်လေသည်။

ချီယင်းဝေက လက်ကာပြလိုက်ပြီး. . .

"ကိစ္စမရှိပါဘူး၊ တပည့်တော်တို့အတွက် အနှောင့်အ

www.burmeseclassic.com

www.burmeseclassic.com



ယှက်မဖြစ်ပါဘူး"

ဟု ပြောဆိုလိုက်လေသည်။

သူတို့သည် စုဟိုက်ဘုန်းတော်ကြီးနှင့် အတန်ကြာအောင် စကားပြောဆိုပြီးနောက် စုဟိုက်ဘုန်းတော်ကြီးက သူတို့အား တည်းခိုခွင့်ပြုလိုက်လေတော့သည်။

ထို့နောက် စုဟိုက်ဘုန်းတော်ကြီးသည် ကိုရင်ငယ် တစ်ပါးကို လှမ်း၍ခေါ်လိုက်ပြီး ချီယင်းဝေတို့အား တည်းခိုရန်နေရာထိုင်ခင်း စီစဉ်ခိုင်းလိုက်လေသည်။

ထိုကိုရင်သည် ချီယင်းဝေတို့အား စာပေသမားများဖြစ်ကြောင်း သိလိုက်သည်နှင့် တပြိုင်နက် သန့်ရှင်းသပ်ရပ်သောအခန်းတစ်ခန်းကို ချီယင်းဝေတို့နေထိုင်ရန် စီစဉ်ပေးလိုက်လေသည်။

စာစဉ်(၃)ပြီး၏။

စာစဉ်(၄-ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# ခေါင်းလောင်းသံနှင့် သွေးနီမိတ်

(စာစဉ်-၄-ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊
ပထမအကြိမ် အုပ်ရေ−၂၅၀
တန်ဖိုး ၁၀၀/−ကျပ်

**ထုတ်ဝေသူ**
ဒေါ်ခင်မာရီ၊ (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅− လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



ချိုယင်းဝေတို့သည် ကိုရင်လေး စီစဉ်သော အခန်းသို့ ရောက်ရှိလာကြ၏။

အခန်းမှာ သပ်ရပ်သန့်ရှင်းလှပေသည်။

ချိုယင်းဝေတို့သည် စာအုပ်စာတမ်းများကို စားပွဲပေါ် တင်လိုက်ကြ၏။

ထို့နောက် လိုက်ပို့သော ကိုရင်လေးအား. . .

"ဒါနဲ့. . . ကိုရင်လေး ဒီမှာ နေတာ ဘယ်လောက်ကြာပြီလဲ"

ချိုယင်းဝေက မေးလိုက်သည်။

ကိုရင်လေးက. . .

"ကိုရင်. . . ဒီကို အသက်ငါးနှစ်လောက်ကတည်းက ရောက်နေတာပါ"

ဟု ပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ယုပါဟုန်သည် ပိုးပဝါကို ခုတင်ပေါ် တင်လိုက်ရင်း. . .

"ကိုရင်လေးတို့ကျောင်းမှာ လာတည်းခိုတဲ့ လူတွေ တော်တော်များသလား"

ကိုရင်လေးက အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"အင်း. . . လာတည်းတဲ့ လူတွေ တော်တော်များပါတယ်၊ တစ်ချို့လဲ တစ်ရက် နှစ်ရက်နေပြီး တစ်ချို့ကတော့ လေးလ ငါးလလောက်နေပြီးမှ ပြန်ကြတယ်"

ချိုယင်းဝေနှင့် ယုပါဟုန်တို့က ကိုရင်လေးကို ကျေးဇူးတင်စကား ထပ်မံပြောလိုက်လေသည်။

ထို့နောက် ကိုရင်လေးသည် ချိုယင်းဝေတို့ကို နှုတ်ဆက်၍ ထွက်ခွာသွားလေတော့သည်။

ကိုရင်လေး ထွက်သွားသည်နှင့် ယုပါဟုန်သည် စားပွဲ ဝင်ရောက်ထိုင်ပြီး စာအုပ်တစ်အုပ်ကို ဆွဲယူ၍ စာမျက်နှာတစ်ချို့ကိုလှန်ပြီး ချိုယင်းဝေဘက် လှည့်ကြည့်ကာ. . .

"ကဲ. . . စာဖတ်ကြရအောင်"

ဟု ပြောလိုက်လေသည်။ ချိုယင်းဝေက ပြုံးလိုက်ပြီး

"စာပေသမားဆိုတော့ စာအုပ်နဲ့ မျက်နှာနဲ့ ခွာထားရင် အဓိပ္ပါယ်မဲ့နေမှာပေါ့"

ဟု ပြောကာ ယုပါဟုန်နှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက် လေတော့သည်။

* * *



"အခုကိစ္စမှာ ဘုန်းကြီးကျောင်းထဲက လူဖြစ်ဖို့ ၁၀ ပုံမှာ ၇ ပုံ သေချာတယ်"

"အခြားလူကော မဖြစ်နိုင်ဘူးလား၊ ဥပမာ. . . စူးခိုးယက်ဆိုပါတော့"

ယုပါဟုန်က ခေါင်းတစ်ဆတ်ဆတ်ညိတ်ရင်း. . .

"တခြားလူ ဖြစ်မယ်ဆိုရင်လဲ အဲဒီလူဟာ ဘုန်းကြီးကျောင်းတစ်ကျောင်းထဲကို အချိန်မရွေး ဝင်နိုင် ထွက်နိုင်တဲ့ လူပဲ ဖြစ်ရမယ်"

"ခင်ဗျား ဘာဖြစ်လို့ အဲဒီလို ပြောနိုင်ရတာလဲ"

ယုပါဟုန်က ချိုယင်းဝေကို တစ်ချက်လှမ်းကြည့်လိုက်ပြီး

"စုဟိုက်ဘုန်းကြီးကျောင်းမှာ ရိကျင်ကျင်ကျမ်းစာ ရှိတယ်ဆိုတာ ရှင်သိသလား"

"မသိဘူး၊ ပြဿနာဖြစ်မှ သိခဲ့ရတာပါ"

"တုဟူးဘုန်းတော်ကြီးကကော ရှင့်ကို သိလား"

ချိုယင်းဝေက ခေါင်းကို ထပ်မံခါယမ်းပြလိုက်ပြီး. . .

"ကျုပ်တောင် သူသေမှ မြင်ဖူးတာ၊ ကျုပ်ကို ဘယ်သိပါ့မလဲ"

ယုပါဟုန်က. . .

"ဒီလိုဆိုရင် လူသတ်တရားခံဟာ ဒီကျောင်းနဲ့ပတ်သက်တဲ့ လူကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဘူးပေါ့"

ချိုယင်းဝေက သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ပြီး. . .

"အင်း. . . မင်းဉာဏ်ကောင်းတယ်ဆိုတာ အရင်က

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကြားရုံပဲ ကြားဖူးခဲ့တယ်၊ အခုမှ မျက်မြင်ကိုယ်တွေ့ သိရတော့တယ်"

ယုပါဟုန်က တစ်ချက်ရယ်မောလိုက်ပြီး. . .

"ကျွန်မကို အခုလို မြှောက်ပင့်ပြီးပြောတာ ကျေးဇူးတင်ပါတယ်ရှင်"

ချီယင်းဝေက ယုပါဟုန်နှင့်အတူ ရယ်မောလိုက်ရင်း

"ကျုပ် တကယ်ပြောတာပါ၊ ကျုပ်ထင်တာထက် ပို့ပြီး ခင်ဗျားက ဉာဏ်ကောင်းနေတယ်"

ယုပါဟုန်က. . .

"ကဲပါ ရှင်သိတဲ့ ဘုန်းကြီးတွေကို ပြောပြစမ်းပါဦး"

ချီယင်းဝေသည် ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

စုဘွဲ့ရ ဘုန်းတော်ကြီးများမှစ၍ တုဘွဲ့ရဘုန်းတော်ကြီးများအထိ မိမိသိသော ဘုန်းတော်ကြီးဆယ်ပါး၏ အမည်များကို ရွတ်ပြလိုက်လေသည်။

ယုပါဟုန်သည် ချီယင်းဝေ ရေရွတ်ပြသော ဘုန်းတော်ကြီး ဆယ်ပါး၏အမည်များကို စိတ်ထဲတွင် မှတ်သားကာ မျက်လုံးမှိတ်၍ စဉ်းစားနေလေသည်။

ချီယင်းဝေသည် မျက်လုံးမှိတ်ကာ စဉ်းစားနေသော ယုပါဟုန်၏မျက်နှာကို ငေးမောကြည့်ရှုရင်း. . .

"အင်း. . . တရားခံကို မဖော်နိုင်လဲ နေပါစေ၊ အခုလို သူနဲ့ နီးနီးကပ်ကပ်နေရရင်ပဲ တော်ပါပြီ"

ဟု စိတ်ထဲမှ စိတ်ကူးယဉ်လိုက်မိပေသည်။



ထိုစဉ် ရုတ်တရက် ချီယင်းဝေသည် ယုပါဟုန်က မည်သည့်အတွက်ကြောင့် မိမိ၏နောက်သို့ လိုက်ပါနေရသည်ကို စဉ်းစားမိသည်နှင့် မျက်လုံးပြူး၍ သွားလေတော့သည်။

ဤသို့ဆိုလျှင် ယုပါဟုန်သည် မည်သည့်အတွက်ကြောင့် ချီယင်းဝေ၏နောက်သို့ လိုက်နေရသနည်း။

အဘယ်ကြောင့် ချီယင်းဝေကို ကူညီနေရသနည်း။

ချီယင်းဝေ စဉ်းစား၍ မရပါ။

သို့သော် ထိုမေးခွန်းများ၏ အဖြေကို သိနားလည်သူ တစ်ဦး ရှိနေပါသည်။

ထိုသူမှာ ယုပါဟုန်ကိုယ်တိုင်ပင် ဖြစ်နေသည် မဟုတ်ပါလော။

* * *

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေသည် ယုပါဟုန်၏မျက်နှာကို ပြုံး၍ ကြည့်လိုက်လေသည်။

သူ၏စိတ်ထဲမှာလည်း ယခုကဲ့သို့ ယုပါဟုန်တစ်ယောက် မိမိ၏နောက်သို့ လိုက်ပါလာပြီး မိမိအား အကူအညီပေးနေခြင်းသည် မိမိအပေါ် မေတ္တာရှိနေ၍လားဟု စဉ်းစားမိပေသည်။

ဤသို့ဆိုလျှင် မိမိကရော သူ့အပေါ် စိတ်ဝင်စားနေသလားဟု မိမိကိုယ်မိမိ စိတ်ထဲမှ မေးမိလေသည်။

ထိုစဉ် ရုတ်တစ်ရက် ယုပါဟုန်က ချီယင်းဝေကို လှမ်းကြည့်လိုက်ပြီး မျက်မှောင်အနည်းငယ်ကြုတ်ကာ. . .

"ရှင် ဘာတွေ စဉ်းစားနေတာလဲ"

ဟု မေးလိုက်လေသည်။ ချီယင်းဝေက မိမိ၏အဖြစ်ကို လူမိသွားသဖြင့် ရုတ်တစ်ရက် ပြုံးလိုက်ပြီး. . .

"ဘာမှမဟုတ်ပါဘူး. ငါ့နောက်ကို မင်း ဘာကြောင့်လိုက်သလဲဆိုတာ စဉ်းစားနေတာပါ"

ယုပါဟုန်က နှုတ်ခမ်းတွန့်၍ မဲ့လိုက်ပြီး. . .

"ဘယ်သူက ရှင့်နောက်ကို လိုက်နေလို့လဲ"

ချီယင်းဝေက ရယ်မောကာ. . .

"အင်း. . . ခင်ဗျား အခုလို ကျုပ်ကို စိတ်ဝင်စားတာမြင်ရတော့ ကျုပ်သိပ်ဝမ်းသာတယ်"

ဟု ဖြေလိုက်လေသည်။

ချီယင်းဝေ၏စကားကြောင့် ယုပါဟုန်၏မျက်နှာသည်



ရှက်သွေးဖြာ၍ ပန်းနုရောင်သို့ ပြောင်းလဲသွားပြီး. . .

"ရှင် နောက်ကို ဒီလိုစကားမျိုးပြောရင်၊ ကျွန်မထွက်သွားတော့မယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ပြုံးလျက် လက်ကာပြရင်း. . .

"ထွက်တော့ မသွားပါနဲ့ဗျာ၊ မပြောနဲ့ဆို မပြောတော့ပါဘူး"

ယုပါဟုန်သည် ချီယင်းဝေကို မျက်စောင်းထိုး၍ ကြည့်လိုက်ရင်း. . .

"ရှင်ပြောရဲပြောကြည့်ပေါ့၊ ကျွန်မက တကယ်ထွက်သွားမှာ"

ချီယင်းဝေက ပြုံးကာ. . .

"ကဲပါ၊ ဒါနဲ့ အစင်းအကြောင်းတွေရဲ့ အဓိပ္ပါယ်ကို ခင်ဗျားစဉ်းစားလို့ ရပြီလား"

ဟု စကားလမ်းကြောင်းလွှဲ၍ မေးလိုက်လေသည်။

ယုပါဟုန်က အနည်းငယ်ပြုံးလိုက်ပြီး. . .

"ရှင် တော်တော်ဆိုးတဲ့လူပဲ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေ မျက်ခုံးမွေးကို ပင့်တင်ရင်း. . .

"ကျုပ်က ဒီလောက်တောင်ပဲ ဆိုးသလား"

ယုပါဟုန်က ဦးခေါင်းညိတ်လိုက်ပြီး. . .

"ဟုတ်တယ်၊ ရှင့်ကြောင့် ကျွန်မစိတ်ကူးနေတာ ပျက်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"ဘာလဲ၊ ကျုပ်အကြောင်း စဉ်းစားနေတာလား"

ယုပါဟုန်က မျက်စောင်းတစ်ချက်ကို လှပစွာ ထိုးလိုက်ပြီး. . .

"ကျွန်မက ရှင့်အကြောင်း ဘာဖြစ်လို့ စဉ်းစားရမှာလဲ"

ချီယင်းဝေက ပခုံးတစ်ချက်တွန့်၍ ပြုံးလိုက်ပြီး. . .

"မသိဘူးလေ၊ ကျုပ်ကတော့ ခင်ဗျားအကြောင်း စဉ်းစားနေတာ"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်သည် ချီယင်းဝေ၏စကားကြောင့် သူ့မျက်နှာပေါ်တွင် ရက်သွေးဖြာကာ မိမိဖတ်နေသော စာအုပ်ဖြင့် လှမ်း၍ ပေါက်လိုက်ရင်း. . .

"ကျွန်မ တကယ်သွားတော့မယ်"

ဟု ပြောကာ ထိုင်ရာမှ ထလိုက်လေသည်။

ထို့ကြောင့် ချီယင်းဝေသည် မျက်လုံးပြူး၍ ထိုင်ရာမှ ကပျာကယာထကာ ယုပါဟုန်၏လက်ကို လှမ်းဆွဲလိုက်ပြီး. . .

"ဟော့. . . ဟော့၊ ကျုပ်အလကားစ,တာပါ"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်က ဘာမျှပြန်မပြောဘဲ မိမိ၏လက်ကို ဆွဲကိုင်ထားသော ချီယင်းဝေ၏လက်ကို ငုံ့ကြည့်ရင်း အတန်ကြာ



အောင် တိတ်ဆိတ်နေလေသည်။

အတန်ကြာမှ. . .

"လွှတ်ပါ"

ဟု ပြောလိုက်လေသည်။

ထိုစဉ် ရုတ်တစ်ရက် ကြေးမောင်းတီးသံတစ်ချက် ပေါ်ထွက်လာလေတော့သည်။

* * *

"ဒူ. . ."

ဟူသော ကြေးမောင်းတီးသံတစ်ချက် ပေါ်ထွက်လာလေသည်။

ယင်းအသံကြားသည်နှင့် ချီယင်းဝေသည် ယုပါဟုန်ကို ကြည့်ကာ. . .

"ထမင်းစားဖို့ အချက်ပေးမောင်းတီးနေပြီ"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်က ချီယင်းဝေကို မျက်မှောင်ကြုတ်၍ တစ်ချက်ကြည့်ကာ. . .

"ကျွန်မလက်ကိုလဲ လွှတ်ပါဦး"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်၏စကားကြောင့် ချီယင်းဝေသည် တစ်ချက်ရယ်သွေးသမ်းကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့ ကျုပ်ကို ခွင့်လွှတ်ပါ"

ဟု ပြောလိုက်ပြီး ယုပါဟုန်၏လက်ကို လွှတ်ပေးလိုက်သည်။

ပြီးမှ. . .

"ကဲ. . . ကျုပ်တို့ ထမင်းစားဆောင်ကို သွားကြစို့"

ဟု ပြောလိုက်လေတော့သည်။

* * *



ထမင်းစားဆောင်။

ကြီးမားကျယ်ပြန့်သော အဆောက်အအုံတစ်ခု ဖြစ်ပါသည်။

လူ(၃၀၀)ခန့်ကို တစ်ကြိမ်တည်း တည်ခင်းကျွေးနိုင်သော ထမင်းစားဆောင် ဖြစ်ပါသည်။

ထမင်းစားဆောင်အတွင်း၌ ဘုန်းတော်ကြီးများနှင့် လူများ ရောထွေး၍ နေလေသည်။

ထိုလူများသည် ဤဘုန်းကြီးကျောင်း၌ တည်းခိုနေကြသော ခရီးသွားများ၊ စာပေပညာရှင်များ၊ ကုန်သည်များပင် ဖြစ်ပါသည်။

ထမင်းစားဆောင်၌ ထမင်းနှင့်ဟင်း နှစ်မျိုးရနိုင်သည်။

သို့သော် ဟင်းနှစ်မျိုးအနက် တစ်မျိုးမှာ ဝယ်ယူစားသောက်ရပြီး ကျန်တစ်မျိုးမှာ အခမဲ့ဝေငှသောဟင်း ဖြစ်ပါသည်။

ချီယင်းဝေနှင့် ယုပါဟုန်တို့ ထမင်းစားဆောင်သို့ရောက်သောအခါ ထမ်းစားဆောင်၌ လူအတန်ငယ် များပြားနေ[illegible] ဖြစ်ပါသည်။

ချီယင်းဝေသည် လွတ်နေသော စားပွဲ၌ ဝင်ရောက်ထိုင်လိုက်ပြီး ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ပြီးမှ ချီယင်းဝေသည် နေရာမှထကာ ယုပါဟုန်အား. . .

"ခင်ဗျား ဒီမှာထိုင်နေ"

ဟု ပြောလိုက်ပြီး ထမင်းပန်းကန် နှစ်ချပ်ကို သွား

www.burmeseclassic.com

www.burmeseclassic.com



ရောက်ယူကာ ထမင်းထည့်လိုက်လေသည်။

ထို့နောက် သူသည် ထမင်းပန်းကန်များကို ယုပါဟုန်၏ ရှေ့၌ ချထားလိုက်ပြီး ဟင်း နှစ်ပန်းကန် ဝယ်ယူလိုက်ပေလေသည်။

ယုပါဟုန်သည် ယောက်ျားလေးတစ်ဦးကဲ့သို့ ဝတ်ဆင်ထားသော်လည်း မိန်းကလေး ဖြစ်နေသောကြောင့် ယောက်ျားများကြား၌ မည်သို့နေထိုင်ရမှန်း မသိအောင်ပင် အနေကျုံ့လျက်ရှိနေလေတော့သည်။

ထို့ကြောင့်. . .

သူမသည် ထမင်းနှင့်ဟင်းများကို အနည်းငယ်သာ စားသောက်ပြီး ထိုင်ရာမှထကာ စိတ်သက်သာစေရန် နံရံပေါ်မှ ပန်းချီကားကို သွားရောက်ကြည့်ရှုနေလေသည်။

ထိုစဉ် အဘိုးအိုတစ်ယောက်က ယုပါဟုန်အား လှမ်း၍

"ဟော့. . . သူငယ်"

ဟု ခေါ်လိုက်လေသည်။

ယုပါဟုန်က အဘိုးအို၏ခေါ်သံကြောင့် လှည့်၍ ကြည့်လိုက်ပြီး. . .

"ကိစ္စ ရှိလို့လား အဘိုး"

ဟု မေးလိုက်လေသည်။

အဘိုးအိုက. . .

"ကလေး ဒီရောက်တာ မကြာသေးဘူး ထင်တယ်"

ယုပါဟုန်က ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .



"ဟုတ်ပါတယ်"

အဘိုးအိုက ယုပါဟုန်၏စားလက်စ ထမင်းနှင့်ဟင်း ပန်းကန်များကို ညွှန်ပြလိုက်ရင်း. . .

"ဒီမှာ ထမင်းစားရင် အခကြေးငွေ မပေးရပေမယ့် ယူလာတဲ့ထမင်းကို ကုန်အောင် စားရတယ်"

ယုပါဟုန်က သူမ၏ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ကျွန်တော်မှ မစားနိုင်ဘဲ"

အဘိုးအိုက ယုပါဟုန်ကို ခြေအဆုံး ခေါင်းအဆုံး ကြည့်ကာ. . .

"နေမကောင်းလို့လား"

ဟု မေးလိုက်လေသည်။

ယုပါဟုန်က အိုးအို၏စကားကို ရုတ်တရက် မည်သို့ ပြန်လည်ဖြေရှင်းရမှန်း မသိမီ အချိန်အတွင်းမှာပင် ချိုယင်းဝေက ဝင်ရောက်၍. . .

"ကိစ္စ မရှိပါဘူးဗျာ၊ သူက ကျုပ်ညီပါ၊ သူ ကုန်အောင် မစားပေမယ့် သူ့ပန်းကန်ထဲက ထမင်းတွေကို ကျုပ်ကုန်အောင် စားပါ့မယ်"

ဟု အဘိုးအိုကို ပြုံး၍ ပြောလိုက်ပြီး ယုပါဟုန်၏စားလက်စပန်းကန်ကို လှမ်းယူ၍ စားသောက်လိုက်လေသည်။

ချိုယင်းဝေက ယခုကဲ့သို့ မိမိ၏ စားလက်စ ပန်းကန်ထဲမှ ထမင်း ဟင်းများကိုယူ၍ စားသောက်နေသည်ကို ကြည့်ရင်း ယုပါဟုန် အားကျုံ့အားနာသော လေသံဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပဲ ကုန်အောင် စားပါ့မယ်၊ ကျွန်တော် နေ မကောင်းလို့ အခုလို ဖြစ်ရတာ ဝမ်းနည်းပါတယ်"

ဟု ပြောလိုက်ပြီး ချိုယင်းဝေထံမှ ပန်းကန်ကို ပြန်လည်၍ ယူလိုက်လေသည်။

သို့သော် ချိုယင်းဝေက ပြန်လည်၍ မပေးဘဲ. . .

"ညီလေး နေမကောင်းရင် အခန်းထဲမှာ ပြန်ပြီး အိ နေပါလား"

ဟု ပြောလိုက်လေသည်။

ထိုစဉ် အဘိုးအိုက ယုပါဟုန်၏မျက်နှာကို အတန်ကြာ အောင် စူးစိုက်၍ ကြည့်လိုက်ပြီး. . .

"အင်း. . . မင်းမျက်နှာကြည့်ရတာ ရောဂါရှိသလိုပဲ မင်းရဲ့သွေးကြောကို စမ်းကြည့်စမ်းမယ်"

အဘိုးအို၏ စကားကြောင့် ယုပါဟုန်သည် အနည်း ငယ် ထိတ်လန့်သွားပြီး မိမိ၏ဦးခေါင်းကို ခါယမ်းကာ. . .

"ကိစ္စ မရှိပါဘူး၊ တော်ကြာ ကောင်းသွားမှာပါ၊ ကျေးဇူး တင်ပါတယ်"

ဟု ပြောလိုက်လေသည်။

အဘိုးအိုက ယုပါဟုန်ကို တစ်ချက်ပြုံးပြလိုက်ပြီး. . .

"ကျုပ်က ဆေးပညာကို နည်းနည်းပါးပါး တတ်ပါတယ် ဘာလဲ မင်းက ကျုပ်ကို မယုံလို့လား"

ယုပါဟုန်က အဘိုးအိုကို ဦးခေါင်းခါယမ်းပြလိုက်ရင်း

"ကျေးဇူးတင်ပါတယ်၊ ခရီးပန်းလာလို့ နည်းနည်းပါး



နေထိုင်မကောင်း ဖြစ်တာပါ၊ တော်တော်ကြာ ပျောက်သွားမှာ ပါ"

ဟု ပြောလိုက်ပြီး တဆက်တည်း ချိုယင်းဝေဘက်သို့ လှည့်ကာ. . .

"အစ်ကိုကြီး ဟိုပန်းချီကားချပ်က လက်ရာအလွန် ကောင်းတာပဲ"

ဟု စကားလမ်းကြောင်း လွှဲလိုက်သည်။

အဘိုးအိုက ယုပါဟုန်ကို မျက်လုံးပြူး၍ ကြည့်ကာ. . .

"ဟောဗျာ. . . မင်းလဲ ဒီပန်းချီကားကောင်းမှန်း နား လည်သားပါလား"

ယုပါဟုန်က အဘိုးအိုကို ဘာမှပြန်မပြောဘဲ ချိုယင်းဝေ ကို ပြုံးပြလိုက်ပြီး. . .

"အစ်ကိုကြီး ကျွန်တော် အနားယူလိုက်ဦးမယ်"

ဟု ပြောကာ ထွက်သွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေသည် ထမင်းစားဆောင်မှ ထွက်ခွာသွားသော ယုပါဟုန်၏နောက်ကျောကို ကြည့်ကာ သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်လေသည်။

ပြီးမှ အဘိုးအိုကို ကြည့်ကာ. . .

"အဘ ဒီကို ရောက်နေတာ ကြာပြီလား"

ဟု မေးလိုက်လေသည်။

အဘိုးအိုက တစ်ချက်ပြုံးလိုက်ပြီး. . .

"ကျုပ်လား၊ သွားလိုက် လာလိုက်ပဲ"

ချီယင်းဝေက မျက်ခုံးပင့်ကာ. . .

"ဘာဖြစ်လို့လဲ"

အဘိုးအိုက. . .

"ကျုပ်မှာ သားသမီးလဲ မရှိဘူး၊ မိန်းမလဲ မရှိဘူး၊ ဒီတော့ အိမ်မှာ တစ်နေ့တစ်နေ့နေရတာ ပျင်းစရာကောင်းလို့ ဒီလိုပဲ ခရီးသွားနေရတယ်"

ဟု ပြောလိုက်လေသည်။

ပြီးမှ အဘိုးအိုသည် ချီယင်းဝေကို. . .

"မင်းကော ဒီကို မကြာခဏ ရောက်သလား"

ချီယင်းဝေက. . .

"ကျွန်တော်က စာပေသမားပါ၊ ဒေသန္တရဗဟုသုတ ငံ့ချင်လို့ ခရီးထွက်ရင်း ဒီရောက်လာတာပါ"

အဘိုးအိုက ချီယင်းဝေကို အတန်ကြာအောင် စိုက်ကြည့်လိုက်ပြီး. . .



"လမ်းမှာ ဒေးပြတွေ ဘာတွေရှိတယ် မင်းမကြောက်ဘူးလား"

ချီယင်းဝေက ပြုံးလိုက်ပြီး. . .

"ကျုပ်ကို အထင်မသေးပါနဲ့၊ စာပေသမား ဖြစ်ပေမယ့်လက်သီး ထိုးတတ်ပါတယ်"

ချီယင်းဝေ၏စကားကြောင့် အဘိုးအိုသည် သဘောကျစွာ တစ်ချက်ပြုံးလိုက်လေသည်။

အဘိုးအို၏အပြုံးသည် ချီယင်းဝေကို လှောင်ပြောင်နေသကဲ့သို့ ထင်ရပေသည်။

ထိုအပြုံးကြောင့် ချီယင်းဝေ စိတ်ထဲ၌ မိမိရှေ့မှ အဘိုးအိုသည် သိုင်းပညာရှင်တစ်ဦး ဖြစ်နေသလားဟု သံသယ ဖြစ်မိလေတော့သည်။

ထိုအချိန်တွင် အဘိုးအိုက ထမင်းစားဆောင်ကို လက်ဖြင့် ဝှေ့ယမ်းပြလိုက်ပြီး. . .

"ဟောဒီ ဘုန်းကြီးကျောင်းကို အထင်မသေးနဲ့ ဒီကျောင်းထဲမှာ သိုင်းသမား အတော်များများ ရှိတယ်"

ချီယင်းဝေက အဘိုးအို တစ်ချက်ပြုံးလိုက်ပြီး. . .

"ဒါနဲ့ အဘိုးရဲ့နာမည် ဘယ်လိုခေါ်သလဲ"

အဘိုးအိုက. . .

"ကျုပ်ကို အားလုံးက ဘာဘာပုလို့ခေါ်တယ်၊ မင်းလဲ ဘာဘာပုလို့ပဲ ခေါ်ပေါ့"

ချီယင်းဝေက ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဘဘပုက. . .

"ဒါနဲ့ မင်းနာမည်ကကော ဘယ်လိုခေါ်သလဲ"

ချိုယင်းဝေက ဘဘပုကို ပြုံး၍ပြလိုက်ပြီး. . .

"ကျားမွန်ဆန်းလို့ ခေါ်ပါတယ်"

ဘဘပုက ဦးခေါင်းကိုညိတ်၍ ပြလိုက်ပြီး ထိုင်ရာမှ ထလိုက်လေသည်။

ထို့နောက် သူသည် ချိုယင်းဝေအား လှမ်း၍. . .

"ကဲ ကျုပ်ထမင်းစားပြီး တရေးအိပ်လိုက်ဦးမယ်"

ဟု ပြောပြီး မိမိ၏ခါးကို လက်ဖြင့်ထုကာ ထွက်ခွာသွားလေတော့သည်။

အဘိုးအို ထွက်ခွာသွားပြီးနောက် ချိုယင်းဝေသည် ထမင်းစားဆောင်အတွင်း လှည့်ပတ်၍ ထမင်းစားသောက်နေသူများကို အကဲခတ်ကြည့်လိုက်လေသည်။

ယင်းသို့ ကြည့်လိုက်သည်နှင့် ချိုယင်းဝေသည် ထူးခြားသော လူများကို သတိထားလိုက်မိပေသည်။

လိုလူများကို ကြည့်ရင်း ချိုယင်းဝေ စိတ်ထဲ၌ အန္တရာယ်၏ အငွေ့အသက်ကို ခံစားမိလေသည်။

ချိုယင်းဝေသည် ထိုင်ရာမှထလိုက်ပြီး ထမင်းစားဆောင်ထဲမှ ထွက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် သူသည် ရုတ်တစ်ရက် တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် ယုပါဟုန် ညွှန်ပြသော ပန်းချီကားရှိရာသို့ လျှောက် သွားလေတော့သည်။



ထို့နောက် သူသည် ပန်းချီကားကို သေချာစွာ စိုက်ကြည့်ရင်း စိတ်ထဲမှ. . .

"ယုပါဟုန်၊ ငါ့ကို ဘာကြောင့်ကြည့်ခိုင်းရတာလဲ၊ ဒီပန်းချီကားက ဘယ်လိုအဓိပ္ပါယ် ရှိနေလို့လဲ၊ ငါတော့ ဒီပန်းချီကားအပေါ်မှာ ဘာထူးခြားမှုမှ မတွေ့ပါလား"

ဟူ၍ တွေးတောနေမိသည်။

ထို့နောက် ချိုယင်းဝေသည် စိတ်ပျက်ဟန်ဖြင့် မိမိ၏ပခုံးနောက်ကို မသိမသာ တွန့်လိုက်ပြီး ထမင်းစားဆောင်မှ ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ယုပါဟုန် အခန်းထဲ၌ စာကြည့်နေသည်။

ထိုစဉ် အခန်းတံခါးခေါက်သံ ပေါ်ထွက်လာပြီး အခန်းထဲသို့ ချိုယင်းဝေ ဝင်ရောက်လာပေသည်။

ချိုယင်းဝေက စာကြည့်နေသော ယုဟုန်ပါကို လှမ်း၍

"ထမင်းစားပြီး အစာကြေအောင် လမ်းလေး ဘာလေး လျှောက်ပါလား၊ ဘာဖြစ်လို့ စာဖတ်နေရတာလဲ"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်က ချိုယင်းဝေကို လှည့်၍ မကြည့်ဘဲ လေး ကိုနှိမ့်၍. . .

"ပန်းချီကားကို မကြည့်ခဲ့ဘူး ထင်တယ်"

ချိုယင်းဝေက ယုပါဟုန်ကို မျက်လုံးပြူး၍ ကြည့်လိုက်ပြီး. . .

"ပန်းချီကားကို ကျုပ် မကြည့်ခဲ့ဘူးလို့ ခင်ဗျားက ဘာလို့ပြောနိုင်ရတာလဲ"

ယုပါဟုန်က ချိုယင်းဝေကို လှည့်၍ ကြည့်လိုက်ပြီး. . .

"ရှင်သာ ပန်းချီကားကိုကြည့်ခဲ့ရင် ထမင်းစားပြီး အစာကြေအောင် လမ်းလျှောက်ချင်မှာ မဟုတ်ဘူး"

ချိုယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး. . .

"ပန်းချီကားမှာ ထူးခြားမှု ရှိလို့လား"

ယုပါဟုန်က နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး. . .

"သာမန်ပန်းချီကားတစ်ချပ်ပါပဲ၊ ဒါပေမယ့် လူကို စွဲစားစေခဲ့တယ်"



ချိုယင်းဝေက တစ်ချက်ပြုံးကာ. . .

"မင်းအတွေးခေါင်လို့ နေမှာပေါ့၊ ငါပန်းချီကားကို ကြည့်ပြီး ဘာမှထူးထူးခြားခြား မတွေ့ခဲ့ပါလား"

ယုပါဟုန်က နှုတ်ခမ်းတစ်ချက်မဲ့၍ ပြုံးလိုက်ပြီး. . .

"ရှင့်စကားကြားရတာ ပန်းချီကားကို သွားပြီး မကြည့်ခဲ့တာနဲ့ အတူတူပါပဲ"

ချိုယင်းဝေက မျက်ခုံးကို ပင့်တင်လိုက်ပြီး. . .

"မင်းက ပန်းချီကားအပေါ်မှာ စိတ်ဝင်စားစရာ မြင်ခဲ့လို့လား"

ယုပါဟုန်က ခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ကျွန်မကတော့ ပန်းချီကားရဲ့ စိတ်ဝင်စားစရာကောင်းတဲ့ အချက်ကို မြင်ခဲ့တယ်၊ ရှင်ဟ အ,လို့ မမြင်တာ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ပြုံးဖြီးဖြီးမျက်နှာထားဖြင့် သူ၏လက်နှစ်ဖက်ကိုဆုပ်ကာ အရိုအသေပြုလိုက်ပြီး. . .

"ခင်ဗျားရဲ့ လေ့လာစူးစမ်းတဲ့ အတတ်ပညာ ကျွန်တော့်ကို သင်ပေးပါ"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်က စိတ်ဆိုးသော အမူအရာဖြင့် နှုတ်ခမ်းတစ်ဖက်စူလိုက်ပြီး. . .

"သွား. . . ကျွန်မ မပြောတော့ဘူး"

ဟု ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက ယုပါဟုန်နှင့် မျက်နှာချင်းဆိုင် ဝင်ရောက်ထိုင်လိုက်ပြီး. . .

"ကျုပ်က နောက်တာပါဗျာပါ။ ကဲပါ ခင်ဗျားသိတာကို ပြောပြစမ်းပါ"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်က တစ်ချက်ပြုံးလိုက်ပြီး. . .

"အဲဒီ ပန်းချီမှာ ရေလှိုင်းကို တွေ့တယ် မဟုတ်လား"

ချီယင်းဝေက ဦးခေါင်းကို ထပ်မံညိတ်ပြလိုက်ပြီး. . .

"ရေလှိုင်းဟာ ရေလှိုင်းပဲ၊ ဘာများထူးထူးခြားခြား ရှိလို့လဲ"

ယုပါဟုန်က ချီယင်းဝေကို စိတ်ပျက်ဟန်ဖြင့် တစ်ချက်လှမ်းကြည့်လိုက်ပြီး. . .

"ရှင်က ကြည့်ရုံကြည့်တာကိုး၊ သေသေချာချာ မကြည့်ခဲ့ပဲ"

ချီယင်းဝေက မိမိ၏မျက်လုံးကို မိမိလက်ညှိုးဖြင့် ညွှန်ပြရင်း. . .

"ဟောဒီမျက်လုံးနှစ်လုံးနဲ့ သေသေချာချာ ကြည့်လာတာ ရေလှိုင်းတင်မကဘူး၊ ရေထဲမှာ ကူးနေတဲ့ငါးတောင် မြင်းတယ်"

ယုပါဟုန်က ဦးခေါင်းကို စိတ်ပျက်စွာ ခါယမ်းလိုက်ပြီး

"ရှင့် ငါးကို ကျွန်မက ဘာလုပ်ရမှာလဲ၊ ကျွန်မပြောတာက ရေလှိုင်းကိုပြောတာ၊ အဲဒီရေလှိုင်းဟာ တုဟူး သေခါနီး ရေးခြစ်ထားတဲ့ အစင်းကြောင်းတွေနဲ့ မတူဘူးလား"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်၏စကားကြောင့် ချီယင်းဝေသည် အတန်ကြာအောင် မင်တက်သွားပြီး ယုပါဟုန်ကို စိုက်၍ကြည့်လိုက်မိလေသည်။

အတန်ကြာမှ ချီယင်းဝေသည် စားပွဲကို လက်ဝါးဖြင့် တစ်ချက်ပုတ်လိုက်ပြီး. . .

"ဟုတ်ပြီ. . . ဒါဆို ဒီကောက်ကွေ့တဲ့ အစင်းကြောင်းတွေဟာ လူသတ်သမား ဘယ်သူ ဖြစ်တယ်ဆိုတာ ဖော်ပြတာ ဖြစ်ရမယ်"

ယုပါဟုန်က ဦးခေါင်းညိတ်ကာ. . .

"သေချာတာပေါ့"

ချီယင်းဝေက မိမိ၏နဖူးကို မိမိလက်ဝါးဖြင့် တစ်ချက်ရိုက်လိုက်ပြီး. . .

"ကျွန်တော် တော်တော်အ,တဲ့လူပဲ၊ အဲဒီ ပန်းချီကားကို ဘယ်သူဆွဲတယ်ဆိုတာ မကြည့်ခဲ့မိဘူး"

ယုပါဟုန်က. . .

"ဟုတ်တယ်၊ ရှင်ဟာ တော်တော်အ,တဲ့လူပဲ၊ တကယ်လို့ ဒီပန်းချီကားဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာလောက်က ပန်းချီကား ဖြစ်မယ်ဆိုရင် လူသတ်သမားဟာ သေရာကထလာပြီး တုဟူးကို သတ်တာပဲ ဖြစ်ရမယ်"

ချီယင်းဝေက. . .



www.burmeseclassic.com

www.burmeseclassic.com



"ပန်းချီကားရေးတဲ့လူ မဖြစ်နိုင်ဘူးဆိုရင် တုဟူးဟာ ဘာဖြစ်လို့ ပန်းချီကားက ရေလှိုင်းတွေနဲ့တူအောင် အစင်းကြောင်းတွေ ခြစ်ခဲ့ရတာလဲ"

ယုပါဟုန်က. . .

"ကောင်းပြီ၊ အဲဒီ ရေလှိုင်းကို ကျွန်မတို့ ဘယ်မှာ တွေ့နိုင်မလဲ"

ချီယင်းဝေက. . .

"ရေလှိုင်းပါဆိုမှ ရေကန်မှာ တွေ့ရမှာပေါ့"

ယုပါဟုန်က မဲ့ပြုံးပြုံးလိုက်ပြီး. . .

"ပင်လယ်ကို ဘာလို့ မစဉ်းစားသလဲ"

ချီယင်းဝေသည် ယုပါဟုန်၏စကားကြောင့် မျက်လုံးပြူးသွားပြီး. . .

"ဟုတ်တယ်၊ ရေလှိုင်းကို ပင်လယ်မှာလဲ တွေ့နိုင်တာပဲ"

ယုပါဟုန်က. . .

"ပင်လယ်ကို ဘယ်လိုခေါ်သလဲ"

ချီယင်းဝေသည် ယခုမှ ပို၍ မျက်လုံးပြူးသွားပြီး. . .

"ပင်လယ်ကို ဟိုက်သို့ခေါ်တယ်၊ ဒါဆို လူသတ်သမားတရားခံဟာ ကျောင်းထိုင်စုဟိုက် ဖြစ်နေမလား မသိဘူး"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်က တစ်ချက်ပြုံးလိုက်ပြီး. . .

"စုဟိုက် ဟုတ်တယ် မဟုတ်ဘူးဆိုတာ ကျွန်မထက် ရှင်က ပိုသိမှာပေါ့"



ချီယင်းဝေက ဦးခေါင်းညိတ်ကာ. . .

"အင်း. . . သူ့ရဲ့လုပ်ရှားမှု အားလုံးကို ပြန်ပြီး စဉ်းစားကြည့်ရင် သူဟာ သံသယဖြစ်စရာ အကောင်းဆုံးပဲ"

ယုပါဟုန်က. . .

"ရှင်က သူ့အပေါ် ဘာတွေများ သံသယဖြစ်စရာ တွေ့သားလို့လဲ"

ချီယင်းဝေက အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"ကျုပ်ကို လူသတ်သမားလို့ စွပ်စွဲတဲ့ကိစ္စမှာ သူဟာ ထိုက်နဲ့အတူ ကျုပ်ဘက်က ကန့်ကွက်ပြောဆိုခဲ့တယ်၊ ဒါကြောင့် ကျုပ် သူ့အပေါ် သံသယရှိလာတာပဲ"

ယုပါဟုန်က ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. . .

"ဒီလောက်အကြောင်းလေးနဲ့ သူ့အပေါ် သံသယထားလို့ မရဘူး"

ချီယင်းဝေက. . .

"ခင်ဗျားအနေနဲ့ဆိုရင် ဘယ်လိုအကြောင်းတွေမှ သံသယထားလို့ရမှာလဲ"

ယုပါဟုန်က နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး. . .

"ဘယ်လို အကြောင်းဆိုတာတော့ ကျွန်မသေသေချာချာ မပြောနိုင်ဘူး၊ ဒါပေမယ့် စုဟိုက်ဟာ ကျောင်းထိုင်ဘုန်းကြီးဖြစ်တဲ့အတွက် သူ့မှာ လုပ်ပိုင်ခွင့် အများကြီးရှိမယ်၊ နောက်ပြီးတော့က ဒီကိစ္စတွေ အားလုံးဟာ စူးခုံးယက်ရဲ့စာကို ရေးပြီးမှ ဖြစ်လာခဲ့တာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက ဦးခေါင်းတစ်ချက်ညိတ်လိုက်ပြီး. . .

"ဖြစ်နိုင်တယ်၊ စူးခုံးယက်နဲ့ သူနဲ့ ပူးပေါင်းပြီး ကြံစည်တာ ဖြစ်နိုင်တယ်"

ယုပါဟုန်က တစ်ချက်ပြုံးလိုက်ပြီး. . .

"ဒီအတိုင်းသာ မှန်မယ်ဆိုရင်တော့ စူးခုံးယက်ရဲ့ စာ မှာ အပြစ်တွေအားလုံး ရှင့်အပေါ် ပုံချဖို့ ရေးထားတာပဲ ဖြစ်မယ်"

ချီယင်းဝေက စားပွဲကို လက်ဝါးဖြင့် တစ်ချက်ပုတ်လိုက်ပြီး. . .

"ဒါကို ကျုပ် စောစောက ဘာဖြစ်လို့ မစဉ်းစားမိသလဲ မသိဘူး၊ တော်တော်ယုတ်မာတဲ့ စူးခုံးယက်ပဲ"

ယုပါဟုန်က. . .

"စုဟိုက်လဲ တော်တော်ဆိုးတာပဲ"

ချီယင်းဝေက ယုပါဟုန်ကို စူးစိုက်၍ ကြည့်လိုက်ပြီး

"ကဲ. . . တို့ ဘာဆက်လုပ်ရင် ကောင်းမလဲ၊ ငါ စုဟိုက်ကို သွားတွေ့ပြီး ရှင်းရင်ကောင်းမလား မသိဘူး"

ယုပါဟုန်က လက်ကာပြလိုက်ပြီး. . .

"ရှင် မသွားပါနဲ့၊ တစ်ယောက်ယောက်ကို သွားခိုင်းပြီး စုံစမ်းရင် ဖြစ်ပါတယ်၊ တကယ်လို့ တစ်ခုခု ဖြစ်ရင်တော့ ရှောင်လို့ တိမ်းလို့ ရတာပေါ့"

ချီယင်းဝေက မျက်မှောင်အနည်းငယ်ကြုတ်ကာ. . .

"ငါက ဘယ်သူ့ကို သွားခိုင်းရမှာလဲ"



ယုပါဟုန်က တစ်ချက်ပြုံးလိုက်ပြီး. . .

"ဘာဖြစ်လို့ ရှင်က တိမ်းရှိုလေးကို မေ့နေရတာလဲ"

ချီယင်းဝေသည် တစ်ချက်ပြုံးကာ. . .

"မင်းက ငါ့ထက် ခေါင်းအေးအေးထားနိုင်တယ်၊ ငါ့ထက်လည်း ဉာဏ်ကောင်းတယ်"

ဟု ချီးကျူးလိုက်လေသည်။

ယုပါဟုန်က ပြုံးလိုက်ပြီး. . .

"ကျွန်မက ဉာဏ်ကောင်းတာ မဟုတ်ဘူး၊ ရှင်က ဉာဏ်ထိုင်းနေလို့"

ချီယင်းဝေက ပြုံးကာ. . .

"ထားပါတော့လေ၊ ကဲ တို့အခုပဲ တိမ်းရှိုလေးဆီ သွားကြစို့"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်က လက်ကာပြရင်း. . .

"ရှင်မသွားနဲ့ ဒီမှာပဲနေခဲ့၊ ကျွန်မတစ်ယောက်တည်း သွားမယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မျက်ခုံးတစ်ချက်ပင့်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲ၊ တို့နှစ်ယောက်အတူသွားတော့ကော ဘာထူးမှာလဲ"

ယုပါဟုန်က. . .

"ကျွန်မတို့နှစ်ယောက် အတူသွားတာထက် တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းသွားတာက ပိုကောင်းတယ်၊ ဘယ်သူမှ သံသယ ရှိမှာ မဟုတ်ဘူး၊ နောက်ပြီးတော့ ကျွန်မက ရှင့်ထက်ပိုပြီး သွားသင့်တယ်"

ချိုယင်းဝေက. . .

"ဘာဖြစ်လို့လဲ"

ယုပါဟုန်က တစ်ချက်ပြုံးကာ. . .

"ကျွန်မက ယောက်ျားလေး ဟန်ဆောင်ထားတာဆိုတော့ အချိန်ကြာတာနဲ့အမျှ အလိမ်ပေါ်သွားမှာ စိုးရတယ်"

ချိုယင်းဝေက တစ်ချက်ပြုံးကာ ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"ကောင်းပြီလေ၊ ကျုပ် ဒီက စောင့်နေမယ်၊ မင်း မြန်မြန်လဲ ပြန်လာခဲ့ဦး"

ယုပါဟုန်က ဦးခေါင်းတစ်ချက်ညိတ်ကာ ထိုင်ရာမှ ထလိုက်ပြီး အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

* * *



ချိုယင်းဝေသည် စားပွဲ၌ ထိုင်၍နေသည်။

သူ့ရှေ့၌ ကျမ်းစာအုပ်တစ်အုပ်ဖွင့်ထားပြီး သူ၏မျက်လုံးများက ကျမ်းစာများကို ငိုက်ကြည့်နေ၏။

သူ၏အမူအရာမှာ စာအုပ်ထဲ၌ အလွန်စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာနေဟန် ပေါ်လွင်နေပေသည်။

သို့သော် သူ၏စိတ်သည် စာအုပ်ထဲ၌ မရှိပါ။

သူ၏စိတ်များသည် မိမိတွေ့ကြုံခဲ့ရသော အကြောင်းအရာများအပေါ်၌ လွင့်ပျံ့နေပေသည်။

ထိုအကြောင်းအရာများထဲတွင် ဘဘပု ဟူသော အဘိုးကြီးကို စူးစမ်းလေ့လာနေလိုပေသည်။

သူသည် ဘဘပုကို ထမင်းစားဆောင်၌ တွေ့ခဲ့ပြီး စကားအနည်းငယ်မျှသာ ပြောခဲ့ဖူးသော်လည်း ဘဘပုအပေါ် စိတ်ဝင်စားနေမိပေသည်။

ထို့အပြင် ထမင်းစားဆောင်အတွင်း၌ တွေ့မြင်ခဲ့သော ဘိတ်တန်းသိုင်းသမား နှစ်ဦးကိုလည်း စိတ်ဝင်စားနေမိလေသည်။

သူသည် မည်မျှကြာအောင် စဉ်းစားနေမိသည် မသိပါ။

အခန်းတံခါးခေါက်သံ ကြားရပြီး အခန်းတွင်းသို့ ယုပါဟုန် ဝင်ရောက်လာသောအခါမှ အတွေးစများပြတ်ကာ ယုပါဟုန်ထံသို့ လှည့်ကြည့်လိုက်မိလေတော့သည်။

ပြီးမှ သူသည် ယုပါဟုန်ကို ပြုံး၍ပြလိုက်ပြီး. . .

"အဆင်ပြေရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေသည်။

ယုပါဟုန်က ဦးခေါင်းညိတ်ပြလိုက်ပြီး. . .

"ကျွန်မ တိမ်းရှူလေးကို စုံစမ်းခိုင်းလိုက်ပြီ"

ဟု လေသံကိုနှိမ့်၍ ပြောလိုက်လေသည်။

ထို့နောက် သူမသည် ချီယင်းဝေ၏ရှေ့ ဝင်ရောက်ထိုင် လိုက်လေသည်။

ချီယင်းဝေသည် မိမိ၏ရှေ့၌ ယုပါဟုန် ဝင်ရောက်ထိုင် ပြီးသည့်အထိ ကြည့်နေပြီး. . .

"မင်း. . . သူ့ကို ဘာပြောလိုက်သေးလဲ"

ယုပါဟုန်က တစ်ချက်ပြုံးလိုက်ပြီး. . .

"ရှင့်ဆီက စာတစ်စောင်သူလက်ခံရကြောင်း စာထဲ တုဟူးသေခါနီးရေးခဲ့တဲ့ အစင်းကြောင်းကိစ္စ အကြောင်း ရေလှိုင်းလို့ အဓိပ္ပါယ်ရကြောင်း၊ ဒါကြောင့် ဘုန်းကြီးကျောင်း တကန်၊ စုဟိုဆိုတဲ့ ဘုန်းကြီး မရှိရင် လူသတ်တရားခံဟာ ဟိုက်ပဲ ဖြစ်ရမယ်ဆိုတဲ့အကြောင်း ပြောခိုင်းလိုက်တာပေါ့"

ချီယင်းဝေက ဦးခေါင်းကို တစ်ဆတ်ဆတ်ညိတ်၍ နား ထောင်နေပြီး. . .

"ဒါနဲ့ တိမ်းရှူလေး ပြန်လာတော့ စုဟိုက်ဆရာတော်က ဘာပြောတယ်ဆိုတာ မင်းမေးခဲ့သေးသလား"

ယုပါဟုန်က ဦးခေါင်းကိုညိတ်ကာ. .

"မဖြစ်နိုင်ဘူးလို့ စုထိုက်ဆရာတော်က ပြောတယ်၊ ပြီး တော့ ရှင် ဘယ်မှာလဲလို့ မေးတယ်တဲ့"



ချီယင်းဝေက. . .

"ဒီတော့ တိမ်းရှူလေးက ဆရာတော်ကို ဘာပြန်ပြောခဲ့ သလဲ"

"တိမ်းရှူလေးက ရှင်အခု ဘယ်မှာရှိမှန်း မသိဘူးလို့ ပြောခဲ့တယ်၊ လွန်ခဲ့တဲ့ရက်က ရှင့်ရဲ့စာကို သူရလို့ လာရတဲ့ အကြောင်း ပြောခဲ့တယ်တဲ့"

"ဒီစကားကို ဆရာတော်က လက်ခံသွားသလား"

"တိမ်းရှူလေးအပေါ်မှာ ဆရာတော်ဟာ သံသယ မဖြစ် ခဲ့ဘူး၊ ပြီးတော့ ရှင့်ကိုတွေ့ရင် သူ့ဆီလာတွေ့ဖို့ မှာခဲ့သေးတယ် တဲ့"

"သူက ကျုပ်ကို ဘာကိစ္စနဲ့ တွေ့ချင်တယ်ဆိုတာ မပြော လိုက်ဘူးလား"

"သူက စုဟိုက်ကို ရှင့်အကူအညီနဲ့ ဖမ်းဖို့လို့ ပြောတယ်"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"မဖြစ်နိုင်တဲ့ ကိစ္စတစ်ရပ်ပဲ"

ယုပါဟုန်က. . .

"သူ့အနေနဲ့ကလဲ ကျောင်းတစ်ခုလုံးကို ထိန်းထားရတဲ့ အတွက် ဘာပဲလုပ်လုပ် သေချာအောင် လုပ်ရမှာ"

ချီယင်းဝေက မိမိ၏ပခုံးနှစ်ဘက်ကို တစ်ချက်တွန့်လိုက် ပြီး. . .

"ဒါဖြင့် ကျုပ်တို့ ဘာလုပ်ကြရမှာလဲ"

ယုပါဟုန်က. . .

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်ကျမှပဲ စီစဉ်ကြတပေါ့"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ကာ. . .

"နှစ်လတောင် စောင့်ခဲ့ရတာပဲ၊ တစ်ရက်ပိုစောင့်ရ အရေးမကြီးပါဘူး"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်က. . .

"ကဲ. . . ကျွန်မတို့ ပြန်ကြရအောင်"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. . .

"ဒီနေ့တော့ ကျုပ် မပြန်တော့ဘူး၊ မင်းလဲ ကျုပ်ရဲ့ အဖော်အဖြစ် နေခဲ့ပါလား"

ယုပါဟုန်က မျက်လုံးပြူး၍ ချီယင်းဝေကို ကြည့်လိုက် ပြီး. . .

"ရှင် ဘာဖြစ်လို့ ဒီမှာနေချင်ရတာလဲ"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက. . .

"ကျုပ် ဘာဘပုဆိုတဲ့ အဘိုးအိုကို စိတ်ဝင်စားနေလို့ပဲ"

ယုပါဟုန်က မျက်မှောင်လေး ကြုတ်လိုက်ပြီး. . .

"ဘာဘပုဆိုတာ ဘယ်သူလဲ"

ချီယင်းဝေက. . .

"ဘာဘပုဆိုတာ ထမင်းစားဆောင်မှာ မင်းကို ထမင်းကုန်အောင် စားဖို့ပြောတဲ့ အဘိုးအိုပေါ့"

"ရှင်က ဘာဖြစ်လို့ စိတ်ဝင်စားရတာလဲ"



"သူဟာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်လိမ့်မယ်လို့ စိတ်ထဲမှာ ထင်နေလို့ပါ၊ နောက်ပြီး ထမင်းစားဆောင်ထဲမှာ ထိပ်တန်းသိုင်းသမား နှစ်ယောက်ကိုလဲ တွေ့ခဲ့ရသေးတယ်၊ သူတို့ ဘာအကြောင်းနဲ့ ဒီမှာ နေသလဲဆိုတာ ကျုပ်သိချင်လို့ပဲ"

ယုပါဟုန်က ချီယင်းဝေကို စူးစိုက်၍ ကြည့်လိုက်ပြီး

"ဘာလဲ. . . ဒီနေ့ည ရှင်က သူတို့ကို လိုက်ချောင်းမလို့ လား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဒါကြောင့် ခင်ဗျားကို ကျုပ်နဲ့ အဖော်ရအောင် နေခဲ့ပါ လားလို့ ပြောတာပေါ့"

ယုပါဟုန်က ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ကောင်းပြီလေ. . . ကျွန်မ ရှင့်ကို လိုက်ပြီး စောင့် ရှောက်ပါ့မယ်၊ ဒါနဲ့ အခုလို ကူညီတဲ့အတွက် ရှင်က ကျွန်မကို ဘယ်လိုကျေးဇူးဆပ်မလဲ"

"ခင်ဗျားက ဘယ်လိုကျေးဇူးဆပ်စေချင်လို့လဲ"

ယုပါဟုန်က တစ်ချက်ပြုံးလိုက်ပြီး. . .

"ရှင် ကျွန်မနောက်ကို လိုက်ခဲ့ရမယ်"

ချီယင်းဝေက မျက်လုံးပြူးကာ. . .

"ဟာ. . . မလုပ်ပါနဲ့ဗျာ၊ လူကြားလို့ မကောင်းပါဘူး"

ယုပါဟုန်က မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး. . .

"ရှင် ဘာစကားပြောတာလဲ၊ ကျွန်မက စူးခုံးယက်ကို သွားတွေ့မလို့၊ အဲဒါ ရှင်လိုက်ခဲ့ဖို့ ပြောတာ၊ အတွေးမချော်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက ပြုံးဖြီးဖြီးမျက်နှာဖြင့်. . .

"ဩော်. . . ရပါတယ်၊ ဒီအလုပ်မျိုး နှစ်ပေါင်းတစ်ရာ လုပ်ချင်လုပ်ရပါစေ၊ ကျုပ်မမှုပါဘူး၊ စူးနုံးယက်ကို ရှာမတွေ့စေနဲ့ဗျာ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေ၏စကားကြောင့် ယုပါဟုန်က ဒေါသဖြစ်ကာ. . .

"ရှင်နော် ရှင်"

ဟု ပြောရင်း မိမိရှေ့မှ စာအုပ်ဖြင့် လှမ်း၍ပေါက်လိုက်လေတော့သည်။

* * *



အုန်းမောင်းခေါက်သံ နှစ်ချက်ပေါ် ထွက်ပေသည်။

လသာသော ညဖြစ်၍ ပတ်ဝန်းကျင်တစ်ခုလုံးကို လ၏ အလင်းရောင်က လွှမ်းခြုံထားပေသည်။

တိုက်ခိုက်နေသော ည၏လေသည် အုန်းမောင်းခေါက်သံကို အဝေးသို့ ခေါ်ဆောင်သွားလေသည်။

အုန်းမောင်းခေါက်သံ ကွယ်ပျောက်သွားပြီးနောက် အဆောင်တစ်ခု၏ ပြတင်းပေါက်တစ်ခုသည် ဖြည်းညင်းစွာ ပွင့်ဟသွားလေတော့သည်။

ထို့နောက် ထိုပြတင်းပေါက်မှ လူရိပ်နှစ်ရိပ် ခုန်ဆင်းသွားလေသည်။

ထိုလူရိပ် နှစ်ရိပ်မှာ ချီယင်းဝေနှင့် ယုပါဟုန်တို့ပင် ဖြစ်ပါသည်။

သူတို့သည် စင်္ကြံလမ်းတလျှောက် တိတ်ဆိတ်စွာ လျှောက်သွားလေတော့သည်။

စင်္ကြံလမ်းတလျှောက်၌ သူတို့နှစ်ဦးမှလွဲ၍ သက်ရှိသတ္တဝါ၏ အရိပ်အရောင်ကိုမျှ တွေ့မြင်ရခြင်း မရှိပါ။

စင်္ကြံလမ်းတလျှောက်ရှိ အခန်းများသည်လည်း တံခါးပိတ်၍ ထားလေသည်။

ချီယင်းဝေနှင့် ယုပါဟုန်တို့သည် အရှေ့ဘက်သို့ ဆက်သက်လျှောက်သွားသည်။

အရှေ့ဘက် စင်္ကြံလမ်းပေါ် တွင် အခန်းလေးခန်း ရှိပြီး အခန်းများကို ၁-၂-၃-၄ ဟု အမှတ်စဉ် တပ်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းများ၏ရှေ့တွင် မြေကွက်လပ်တစ်ခု ရှိပြီး ထိုမြေကွက်လပ်၌ ဝါးပင်များ ထင်းရှူးပင်များ ပေါက်ရောက်နေလေသည်။

ထိုပြင် ကြီးမားသော ကျောက်တုံးအတုတစ်တုံးရှိသည်။

ချီယင်းဝေသည် ကျောက်တုံးအတု၏နောက်ကွယ်၌ အမှတ်စဉ်တပ်ထားသော အဆောင်ကို လှမ်း၍ ကြည့်လိုက်လေသည်။

ထို့နောက် သူသည် ယုပါဟုန်အား လက်ယပ်ခေါ်လိုက်လေသည်။

ထိုစဉ် ရုတ်တရက် လူတစ်ယောက်၏ခြေသံကို ကြားလိုက်သဖြင့် ချီယင်းဝေနှင့် ယုပါဟုန်တို့သည် ထိတ်လန့်သွားပြီး နောက်သို့ ကပျာကယာ လှည့်ကြည့်လိုက်လေသည်။

သို့သော် သူတို့၏နောက်၌ မည်သည့် အရိပ်အရောင်ကိုမျှ မတွေ့ရချေ။

အတန်ကြာမှ ချီယင်းဝေသည် ယုပါဟုန်အား လေသံတိုးတိုးဖြင့်. . .

"မင်း ဒီမှာစောင့်နေ ငါသွားကြည့်ဦးမယ်"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်က ဦးခေါင်းကို ညိတ်ပြလိုက်ရင်း. . .

"ရှင်လဲ သတိထားသွားနော်"

ဟု စိုးရိမ်သော လေသံဖြင့် ပြောလိုက်လေသည်။

ယုပါဟုန်၏ စကားကြောင့် ချီယင်းဝေသည် ခေတ္တမျှ



တုံ့ဆိုင်းနေပြီး ယုပါဟုန်ကို အတန်ကြာအောင် စိုက်ကြည့်နေလေသည်။

အတန်ကြာမှ သူသည် သက်ပြင်းတစ်ချက်ကို မသိသော မှုတ်ထုတ်လိုက်ပြီး မိမိ၏ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

ထို့နောက် သူသည် မြေကွက်လပ်ကို လျင်မြန်စွာ ဖြတ်ကျော်လိုက်ပြီး အဆောင်၏ခေါင်မိုးပေါ်သို့ ခုန်တက်လိုက်တော့လေသည်။

ခေါင်မိုးပေါ်သို့ ရောက်သည်နှင့် သူသည် အတန်ကြာအောင် ငြိမ်သက်၍နေပြီးမှ ခေါင်မိုးတလျှောက် လျင်မြန်စွာ ရွေ့လျားသွားလေတော့သည်။

သို့သော် ရုတ်တရက် ခြေသံများ ပေါ်ထွက်လာသဖြင့် ချီယင်းဝေသည် ခေါင်မိုးပေါ်သို့ ကပျာကယာ ဝပ်ချလိုက်လေတော့သည်။

ထိုခြေသံများသည် မျက်နှာချင်းဆိုင်ရှိ အဆောင်၏ ခေါင်မိုးပေါ်မှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။

ချီယင်းဝေသည် ဝပ်နေရာမှ ဦးခေါင်းကို မော့၍ ခြေသံကြားရာသို့ လှမ်းကြည့်လိုက်လေသည်။

ယင်းသို့ ကြည့်လိုက်မိသည်နှင့် ချီယင်းဝေသည် အံ့ဩခြင်းဖြင့် မျက်လုံးပြူးသွားလေတော့သည်။

အကြောင်းမှာ မျက်နှာချင်းဆိုင်အဆောင် ခေါင်မိုးပေါ်၌ အစောင့်အကြပ် ဘုန်းတော်ကြီးများကို တွေ့မြင်လိုက်ရသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပင် မဟုတ်ပါလော။

တဆက်တည်းမှာပင် အခြားအဆောင်၏ ခေါင်မိုးပေါ် ၌ မည်သည့်အစောင့်အကြပ်မျှ မရှိဘဲ ဤခေါင်မိုးပေါ် အဘယ်ကြောင့် အစောင့်အကြပ်များ ရှိနေရသနည်းဟုလည်း ချီယင်းဝေ တွေးလိုက်မိလေသည်။

ချီယင်းဝေသည် မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး အိမ်ခေါင်မိုးပေါ်မှ အောက်သို့ ပြန်လည်ခုန်ဆင်းကာ အမှော ရိပ်ကို အကာအကွယ်ယူ၍ ထင်းရှူးပင်တစ်ပင်နောက်သို့ ချဉ်း ကပ်သွားလေတော့သည်။

ထို့နောက် သူသည် ထင်းရှူးပင်၏နောက်မှ ပြန်လည်၍ ချောင်းကြည့်ရာ ခေါင်မိုးပေါ်မှ ဘုန်းတော်ကြီးများကို မမြင်တွေ့ ရတော့ချေ။

ထိုစဉ် ထိုအဆောင်၏အောက်၌ လူတစ်ယောက် နေသည်ကို မြင်တွေ့လိုက်ရလေသည်။

ချီယင်းဝေသည် ထိုလူကို အတန်ကြာအောင် စောင့်၍ ကြည့်နေသော်လည်း မည်သည့်လှုပ်ရှားမှုမျှ မမြင်တွေ့ရချေ။

အတန်ကြာမှ ထိုလူသည် အဆောင်အောက်မှ ထွက်ခွာ သွားလေတော့သည်။

ထိုလူ ထွက်ခွာသွားပြီးမှ ချီယင်းဝေသည် ပုန်းကွယ်ရာမှ ထွက်လာပြီး ယုပါဟုန် ပုန်းကွယ်နေသော ကျောက်တုံး ရှိရာသို့ လျင်မြန်စွာ ပြေးသွားလေတော့သည်။

သို့သော် ကျောက်တုံးနောက်သို့ ရောက်ရှိလာသော



အခါ ယုပါဟုန်ကို မတွေ့ရတော့ချေ။

ထို့ကြောင့် ချီယင်းဝေ၏စိတ်ထဲ၌ ယုပါဟုန်အတွက် စိုးရိမ်သွားလေသည်။

ထိုစဉ် ရုတ်တရက် ထင်းရှူးပင်အမှောင်ရိပ်ကြားမှ မိမိ အား တီးတိုးခေါ်လိုက်သော ယုပါဟုန်၏အသံကို ကြားလိုက်ရ လေသည်။

ထို့ကြောင့် ချီယင်းဝေသည် အနည်းငယ် စိတ်သက် သာရာရသွားပြီး ယုပါဟုန်ထံသို့ ချဉ်းကပ်သွားလေတော့သည်။

ယုပါဟုန်၏အနီးသို့ ရောက်သောအခါ ချီယင်းဝေက မေးတစ်ချက်ဆတ်ပြရင်း. . .

"မင်း ဘာမြင်လိုက်သေးလဲ"

ဟု မေးလိုက်လေသည်။

ယုပါဟုန်က. . .

"ဘုန်းကြီးသုံးလေးပါး ခေါင်းမိုးပေါ်က ခုန်ဆင်းပြီး ကျောက်နံရံကို ကျော်သွားတာ မြင်လိုက်ရတယ်"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ကာ. . .

"ကဲ. . . တို့ ဘာလုပ်ကြမလဲ"

ဟု မေးလိုက်လေသည်။

ထိုစဉ် လူတစ်ယောက်သည် အိမ်သာရှိရာ ကျောင်း၏နောက်ဘက်သို့ ပြေးသွားသည်ကို ချီယင်းဝေတို့ မြင်တွေ့ လိုက်ရလေသည်။

ထို့ကြောင့် ချီယင်းဝေသည် မျက်မှောင်တစ်ချက်ကြုတ်

www.burmeseclassic.com

www.burmeseclassic.com



ကာ ထိုလူကို စူးစိုက်၍ တစ်ချက်ကြည့်လိုက်လေသည်။

ယင်းသို့ ကြည့်လိုက်မိသည်နှင့် ချီယင်းဝေသည် မျက်မှောင်ပို၍ကြုတ်လိုက်ပြီး. . .

"ဘာဘပု ပါကား"

ဟု ရေရွတ်လိုက်မိလေတော့သည်။

ယုပါဟုန်က ဦးခေါင်းညိတ်ကာ. . .

"ဟုတ်တယ်၊ ထမင်းစားဆောင်မှာ တွေ့ခဲ့တဲ့အဘိုးအို ပဲ"

ချီယင်းဝေက. . .

"ဒီအချိန်ကြီးမှာ သူက ဘာလုပ်နေတာလဲ"

ယုပါဟုန်က. . .

"ကျွန်မတို့ လိုက်ချောင်းကြရအောင်"

ဟု ပြောလိုက်လေသည်။

ထို့နောက် ချီယင်းဝေနှင့် ယုပါဟုန်တို့သည် ထင်းရှူးပင်များကို အကာအကွယ်ယူကာ အဘိုးအိုနောက်သို့ လိုက်သွားလေတော့သည်။

တစ်နေရာသို့ရောက်သောအခါ အဘိုးအိုသည် အခြားလူတစ်ယောက်နှင့် စကားပြောဆိုနေသည်ကို ချီယင်းဝေနှင့် ယုပါဟုန်တို့ မြင်လိုက်ရလေသည်။

အဘိုးအိုနှင့် စကားပြောနေသောလူကို ချီယင်းဝေ မြင်တွေ့လိုက်ရသည်နှင့် ထိုလူမှာ ထမင်းစားဆောင်၌ တွေ့လိုက်ရသောလူ ဖြစ်ကြောင်း ချီယင်းဝေ သတိပြုမိလိုက်လေသည်။



ထိုအချိန်မှာပင် ထိုလူနှင့် အဘိုးအိုတို့ စကားပြောပြီး၍ လမ်းခွဲသွားကြပြီ ဖြစ်ပါသည်။

အဘိုးအိုက အရှေ့ဘက်ဆောင်ရှိ အခန်းထဲသို့ ဝင်သွားပြီး အဘိုးအိုနှင့် စကားပြောခဲ့သောလူက အဆောင်အမှတ် ၃၊ ထဲသို့ ဝင်ရောက်သွားလေတော့သည်။

* * *

ချီယင်းဝေသည် မိမိတို့ အခန်းသို့ ပြန်လည်ရောက်ရှိလာသည်နှင့် မိမိ၏ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်လေသည်။

ယုပါဟုန်က စားပွဲ၌ ဝင်ရောက်ထိုင်လိုက်ပြီး ပင်ပန်းနွမ်း နယ်ဟန်ဖြင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

ချီယင်းဝေက ခုတင်ခေါင်မိုးကို စူးစိုက်ကြည့်ရင်း. . .

"ဒီကျောင်းက ဘုန်းကြီးတွေ ဘာအကြံ ရှိနေလဲ မသိဘူး"

ဟု တစ်ကိုယ်တည်း ညည်းညူသကဲ့သို့ ပြောလိုက်လေသည်။

ယုပါဟုန်က မျက်မှောင်ကြုတ်ရင်း. . .

"သူတို့က ဘာဖြစ်လို့ အပြင်လူတွေနဲ့ အဆက်အသွယ် လုပ်နေရတာလဲ"

ချီယင်းဝေက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"အင်း သူတို့က တခြားလူတွေကို ရိကျင်ကျင်ကျမ်းမ ပတ်သက်ပြီး ပြောမိရင်တော့ ပြဿနာရှုပ်ကုန်တော့မှာပဲ"

ယုပါဟုန်က အနည်းငယ်စဉ်းစားရင်း. . .

"စုထိုက်ကို ဒီအကြောင်းတွေ ပြောပြထားဖို့ လိုမယ် ထင်တယ်"

ချီယင်းဝေက ခုတင်ပေါ်တွင် ထထိုင်လိုက်ပြီး. . .

"အခြေအနေကို စောင့်ကြည့်ပြီးမှ ပြောရင် ကောင်း မယ်ထင်တယ်၊ ကဲ. . . ကျုပ်တော့ အိပ်တော့မယ်၊ မင်းလဲ အိပ် တော့"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်က ချီယင်းဝေ၏စကားကြောင့် မျက်လုံးပြူး သွားပြီး. . .

"မအိပ်ရဘူး"

ဟု ကန့်ကွက်လိုက်လေသည်။

ချီယင်းဝေက မျက်ခုံးတစ်ချက်ပင့်တင်လိုက်ပြီး. . .

"ဘာဖြစ်လို့ မအိပ်ရမှာလဲ"

ယုပါဟုန်က. . .

"ရှင်နဲ့ ကျွန်မနဲ့ တစ်ခန်းထဲအိပ်လို့ မဖြစ်ဘူးလေ"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"ယောကျ်ားလေးနှစ်ယောက် တစ်ခန်းထဲအိပ်တာ ဘာ ဖြစ်လဲ"

ယုပါဟုန်က နှာခေါင်းရှုံ့လိုက်ပြီး. . .



"ကျွန်မက ယောကျ်ားလေးမှ မဟုတ်ဘဲ"

ချီယင်းဝေက တစ်ချက်ပြုံးကာ. . .

"ဒါပေမယ့် ဘုန်းကြီးတွေက မင်းကို ယောကျ်ားလေးလို့ သိထားတယ်လေ"

ယုပါဟုန်က စိတ်ဆိုးဟန်ဖြင့်. . .

"ရှင်နော် စကားကို ကပ်မပြောနဲ့၊ ရှင်လဲမအိပ်နဲ့၊ ကျွန်မ လဲ မအိပ်ဘူး"

ချီယင်းဝေက ပြုံးကာ. . .

"ခင်ဗျားမအိပ်ချင်နေပါ၊ သူများအိပ်ချင်တာကိုတော့ မကန့်ကွက်ပါနဲ့"

ယုပါဟုန်က စားပွဲပေါ်မှ စာအုပ်များဖြင့် လှမ်း၍ ပစ် ပေါက်ရန် ဟန်ပြင်လိုက်ပြီး. . .

"ရှင် အိပ်ရဲအိပ်ကြည့်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေသည် ယုပါဟုန်၏ဒေါသ ဖြစ်နေသော မျက် နှာကို ကြည့်ရင်း တဟားဟားရယ်မောကာ ခုတင်ပေါ်သို့ လှဲ၍ အိပ်လိုက်လေတော့သည်။

ယုပါဟုန်သည် နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး စားပွဲ ပေါ်မှ စာအုပ်ဖြင့် ချီယင်းဝေကို ပစ်ပေါက်လိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ညစာစားသောက်ချိန် ဖြစ်ပါသည်။

ချိုယင်းဝေနှင့် ယုပါဟုန်တို့သည် ထိုနံနက်ပိုင်းက ဟိုက်ဘုန်းတော်ကြီးကျောင်းမှ ထွက်ခွာလာခဲ့ပြီး ကာလံမြို့ တစ်ပတ်ပတ်ကာ မိမိတို့နောက်မှ နောက်ယောင်ခံလိုက်ပါ သူ မရှိကြောင်း သေချာမှ တိမ်းရှိုလေး၏ဂေဟာသို့ ရောက်ရှိ ခဲ့လေသည်။

ထို့နောက် သူတို့နှစ်ယောက်သည် ထိုနေ့တစ်နေ့ အိမ်ထဲမှ အိမ်ပြင်သို့ မထွက်တော့ချေ။

ထိုနေ့ တစ်နေ့လုံး ချိုယင်းဝေသည် တိမ်းရှိုလေး ကျားကစားရင်း အချိန်ကုန်စေသကဲ့သို့ ယုပါဟုန်သည်လည်း တိမ်းဝေ့ကျူးတို့နှင့် စကားလက်ဆုံကျကာ အချိန်ကုန်လွန် လေ၏။

ဤသို့ဖြင့် ညစာစားသောက်ချိန်သို့ ရောက်လာ တော့၏။

ညစာထမင်းဝိုင်း၊ လူများများစားစားစား မရှိပါ။

သို့သော်. . .

စားသောက်ဖွယ်ရာ ဟင်းလျာများက စုံလင်လှ သည်။

ထိုပြင် တိမ်းဝေ့ကျူး၏စကားအရ ဤထမင်းဝိုင်း အတွက် ဟင်းလျာများကို ယို့လျှမ်က စီစဉ်ကြောင်း ချိုယင်း သိခဲ့ရလေသည်။

တိမ်းရှိုလေးသည် ယို့လျှမ်၏လက်ရာ ဖြစ်သောကြောင်း



စားကောင်းခြင်းလော။

သို့တည်းမဟုတ် ဗိုက်အလွန်ဆာနေ၍ စားကောင်းခြင်း လော ဝေခွဲ၍မရပါ။

သို့သော် တိမ်းရှိုလေးအနေဖြင့် ဟင်းလျာများကို အလွန်ဖင် ခံတွင်းတွေ့၍ နေပေသည်။

ညစာ စားသောက်ပြီးချိန်၌ တိမ်းရှိုလေးသည် ချိုယင်း ဝေအား တစ်ချက်လှမ်းကြည့်ကာ. . .

"နောက်သုံးရက်ကြာရင် ကျုပ်ညီမနဲ့ ယို့လျှမ်တို့ ညီ အစ်မ တွေ့ဆုံသိကျွမ်းတဲ့ပွဲ လုပ်ပေးရမယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက တစ်ချက်ရယ်မောလိုက်ပြီး. . .

"ဘာလဲ. . . ခင်ဗျားက ယို့လျှမ်ရဲ့လက်ရာကို ထပ်ပြီး စားချင်လို့လား"

ဟု မေးလိုက်သည်။

ချိုယင်းဝေ၏စကားကြောင့် တိမ်းရှိုလေးသည် အနည်း ငယ် ရှက်ကိုးရှက်ကန်း ဖြစ်၍သွားပြီး ချိုယင်းဝေနှင့် ရောယောင် ၍ ရယ်မောကာ. . .

"အဲဒါ. . . မင်းကို ဖိတ်ပါတယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ပြုံးလိုက်ပြီး. . .

"ခင်ဗျားရဲ့ ဖိတ်ခေါ်ချက်ကို ကျုပ်လက်ခံချင်ပါတယ်၊ ဒါပေမယ့်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်ထားလိုက်ရလေသည်။

တိမ်းရှို့လေးက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး. . .

"ဒါပေမယ့် ဘာဖြစ်လို့လဲ"

ချီယင်းဝေက မိမိ၏ပခုံးကို တစ်ချက်တွန့်ပြလိုက်ပြီး

"ကျုပ် အားမယ် မထင်ဘူး"

တိမ်းရှို့လေးက ချီယင်းဝေကို မျက်မှောင်ကြုတ်၍ ကြည့်ရင်း. . .

"ခင်ဗျားက မအားရအောင် ဘယ်သွားမလို့လဲ"

"ကျုပ်လား. . . ဘုန်းကြီးကျောင်းကို ပြန်သွားမလို့"

တိမ်းရှို့လေးက. . .

"ဒါများ အဆန်းလုပ်လို့. . . ကိစ္စပြီးရင် ပြန်လာပေါ့"

ချီယင်းဝေက ပြုံးလျက်. . .

"ဟိုမှာ ကြာချင်ကြာမှာ"

တိမ်းရှို့လေးက အလျှော့မပေးသော လေသံဖြင့်. . .

"ဒီလို လုပ်ပါလား. . . ဒီကကိစ္စပြီးမှ ဘုန်းကြီးကျောင်းကို သွားပေါ့"

ဟု အတွန့်တက်လိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းပြရင်း. . .

"မဖြစ်ဘူး ထင်တယ်"

တိမ်းရှို့လေးက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ ကျုပ်ညီမနဲ့သိတဲ့ပွဲတော်



မနက်ဖြန် ကျင်းပမယ်လေ"

ချီယင်းဝေက တစ်ချက်ပြုံးကာ. . .

"ကျုပ်က မနက်ဖြန်ပဲ ဘုန်းကြီးကျောင်းကို သွားမှာ"

တိမ်းရှို့လေးက စိတ်ရှုပ်သော အမူအရာဖြင့် ဦးခေါင်းကို တစ်ချက်ကြုတ်လိုက်ပြီး တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်လေသည်။

သို့သော် တိမ်းရှို့လေး မပြောမီ ယုပါဟုန်က လှမ်း၍

"ဟာ. . . ဒါဆို ကျွန်မလဲ လိုက်မယ်"

ဟု ပြောလိုက်လေသည်။ ယို့လျမ်ကလည်း. . .

"အတော်ပဲ၊ ကျွန်မလည်း မရောက်ဖူးဘူး"

ချီယင်းဝေက ယုပါဟုန်နှင့် ယို့လျမ်ကို ပြုံး၍ ပြရင်း

"အပျော်သွားတာမှ မဟုတ်ဘဲ၊ ကိစ္စရှိလို့သွားတာ၊ မလိုက်ပါနဲ့၊ တော်တော်ကြာ တုတ်တစ်ပျက်မားတစ်ပျက် ဖြစ်ယင် ခက်နေမယ်"

ယုပါဟုန်က ယို့လျမ်ကို လှမ်း၍ ကြည့်လိုက်ပြီး. . .

"ဟုတ်တယ် ညီမ မလိုက်ပါနဲ့ ကျွန်မတို့ပဲ သွားကြမယ်"

ဟု ပြောလိုက်လေသည်။

ထိုစဉ် တိမ်းရှို့လေးက စိတ်ပျက်သော လေသံဖြင့်. . .

"အင်း ဒါဆို ကျုပ်ရဲ့ အစီအစဉ်ကို ပြောင်းရတာပေါ့ကွာ၊ ကဲ. . . ကဲ ခင်ဗျားတို့သွားရင် ကျုပ်လဲလိုက်မယ်"

ဟု ညည်းညည်းညူညူ ပြောလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့။

ညနေခင်းအချိန် ဖြစ်ပါသည်။

ချိုယင်းဝေ၊ ယုပါဟုန်နှင့် တိမ်းရှိုလေးတို့သည် စုဟိုင် ဘုန်းတော်ကြီးကျောင်းသို့ သွားရန် ပြင်ဆင်နေချိန်၌ ဧည့်ခန်း အတွင်းသို့ အိမ်ဖော်မိန်းကလေးတစ်ဦး ဝင်ရောက်လာပြီး တိမ်းရှို လေးကို ဦးညွတ်ကာ မင်းသားလေးဟန်တိအိ ရောက်ရှိလာ ကြောင်း သတင်းပေးလေသည်။

သို့ဖြစ်၍ တိမ်းရှိုလေးနှင့် ချိုယင်းဝေတို့သည် အိမ်ရှေ့ သို့ ထွက်ကာ မင်းသားလေး ဟန်တိအိကို ကြိုဆိုကြလေသည်။

မင်းသားလေး ဟန်တိအိသည် ချိုယင်းဝေကို မြင်တွေ့ လိုက်သည်နှင့် ဝမ်းသာအားရဟန်ဖြင့်. . .



"အခန့်သင့်လိုက်တာဗျာ. . . ကျုပ်က ခင်ဗျားကို ရှာ နေတာ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ပြုံးလျက် ဦးခေါင်းကို ညိတ်လိုက်ရင်း

"ကျွန်တော့်ကို ရှာနေတာဆိုတော့ ကိစ္စထူးရှိလို့လား"

မင်းသားလေး ဟန်တိအိက ဦးခေါင်းကို ညိတ်ပြရင်း

"ဟုတ်တယ်. . . ကျုပ်"

မင်းသားလေး ဟန်တိအိသည် စကားကို ဆုံးအောင် မပြောဘဲ ရုတ်တရက် ရပ်တန့်လိုက်လေတော့သည်။

အဘယ်ကြောင့်ဆိုသော် သူသည် ဧည့်ခန်းထဲမှ ထွက် လာသော ယုပါဟုန်ကို မြင်တွေ့လိုက်သောကြောင့် ဖြစ်ပါ သည်။

မင်းသားလေးဟန်တိအိသည် ယုပါဟုန်အား အံ့ဩဟန် ဖြင့် တစ်ချက်ကြည့်လိုက်ပြီးနောက် ပြုံးကာ. . .

"ညီမယုစမ်းလဲ ရောက်နေတာကိုး"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ပြုံးလျက်. . .

"ဒါဆို မင်းသားလေးနဲ့ မိတ်ဆက်ပေးဖို့ မလိုတော့ဘူးပေါ့"

မင်းသားလေးက ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။ ပြီးမှ. . . ယုပါဟုန်ကို တစ်ချက်ပြုံးပြလိုက်ရင်း. . .

"နေကောင်းတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ဟု နှုတ်ဆက်လိုက်လေသည်။

ယုပါဟုန်က ပြုံးလျက် ဦးခေါင်းကို ညိတ်ပြရင်း...

"ရှင်လဲ နေကောင်းတယ် မဟုတ်လား"

ဟု နှုတ်ဆက်လိုက်လေသည်။

မင်းသားလေးဟန်တိအိက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး...

"နေကောင်းပါတယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ဝင်ရောက်၍...

"ဒါနဲ့ မင်းသားလေးက ကျွန်တော့်ကို တွေ့ချင်တဲ့ကိစ္စ ပြောပါဦး"

မင်းသားလေး ဟန်တိအိက ဦးခေါင်းညိတ်ကာ...

"ဟုတ်တယ်... တခြားတော့ မဟုတ်ပါဘူး၊ ကျုပ် ဗူးခုံးယက်ကို တွေ့ခဲ့ကယ်ဆိုတာ ပြောမလို့ပါ"

ချီယင်းဝေနှင့် ယုပါဟုန်တို့သည် မင်းသားလေးဟန်တိအိ၏စကားကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီး...

"ဘယ်မှာ တွေ့ခဲ့တာလဲ"

ဟု ပြိုင်တူ မေးလိုက်ကြလေတော့သည်။

မင်းသားလေးဟန်တိအိက မျက်ခုံးတစ်ချက် ပင့်တင်လိုက်ပြီး...

"ဟိုပယ်မှာ တွေ့ခဲ့တယ်"



ချီယင်းဝေက မျက်မှောင်အနည်းငယ် ကြုတ်လိုက်ပြီး

"ဟိုပယ် ဘယ်နေရာမှာလဲ"

မင်းသားလေးဟန်တိအိက အနည်းငယ် စဉ်းစားလိုက်ပြီး...

"တင်ရှန်မှာ တွေ့ခဲ့တာ၊ အဲ... ကျုပ်တွေ့တုန်းက သူ အရက်အလွန်အကျွံ မူးနေတယ်"

ချီယင်းဝေက မျက်မှောင်အနည်ငယ် ကြုတ်လိုက်ရင်း

"ခင်ဗျား လူများ မှားနေသလား"

မင်းသားလေးဟန်တိအိက ဦးခေါင်းကို ခါယမ်းလိုက်ပြီး

"မမှားပါဘူး"

ချီယင်းဝေက ဦးခေါင်းခါယမ်းလိုက်ပြီး...

"ဗူးခုံးယက်က ဘယ်တော့မှ အရက်ကို အလွန်အကျွံ သောက်ခဲ့ဖူးဘူး"

မင်းသားလေးဟန်တိအိက ဦးခေါင်းကို တစ်ချက်ခါယမ်းကာ...

"ဒါပေမယ့် ကျုပ် လူမမှားဘူး၊ ထားပါတော့၊ ဒါနဲ့ ညီမသုစမ်းနဲ့ ဘယ်လိုတွေ့လာကြတာလဲ"

ချီယင်းဝေက ပြုံးကာ...

"လျှောက်တဲ့လမ်းချင်းတူတော့ လူချင်းတွေ့တာပေါ့"

မင်းသားလေးဟန်တိအိက ချီယင်းဝေ၏စကားကို နားလည်ဟန်ဖြင့် မျက်ခုံးပင့်ကာ...

"ဘယ်လို... ကျုပ်တော့ နားမလည်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေက ပြုံးလိုက်ပြီး. . .

"ဒီလိုပါ၊ ကျုပ်ကလဲ စူးခုံးယက်ကို ရှာနေတယ်၊ ယုပ

ဟုန်ကလဲ စူးခုံးယက်ကို ရှာနေတာ၊ ဒီတော့. . ."

မင်းသားလေးဟန်တိအိက လက်ကာပြလိုက်ရင်း

"ဟုတ်ပြီ. . . ကျုပ်သဘောပေါက်ပြီ"

ဟု ပြောကာ ရယ်မောလိုက်လေတော့သည်။

ပြီးမှ. . .

"နေပါဦး၊ သူနဲ့ စူးခုံးယက်က ရန်ငြိုးရန်စ ရှိလို့လား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက. . .

"ရန်ငြိုးရန်စရယ်လို့တော့ မဟုတ်ဘူး၊ မပြေလည်တာ

လေးတွေ ရှိလို့ပါ"

မင်းသားလေးဟန်တိအိက ဦးခေါင်းကို ညိတ်ရင်း ယု

ပါဟုန်ဘက်သို့ လှည့်ကာ. . .

"အကူအညီလိုရင် ပြောနော်"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်က ပြုံး၍ ဦးခေါင်းကို ညိတ်ကာ. . .

"ဟုတ်ကဲ့. . . လိုအပ်ရင် ပြောပါ့မယ်"

ထိုစဉ် တိမ်းရှိုလေးက ဝင်ရောက်၍. . .

"မင်းသားလေး အရင်တစ်ခါက ကျုပ်ဆီမှာ ကြာကြာ

မနေခဲ့ဘူး၊ အခုတစ်ခါတော့ ကြာကြာနေရမယ်"

မင်းသားလေးဟန်တိအိက ပြုံးလျက်. . .



"စိတ်ချပါ. . . ကျုပ် အခုတစ်ခေါက် ခင်ဗျားဆီမှာ

ကြာကြာနေမယ်လို့ စိတ်ကူးပါတယ်"

တိမ်းရှိုလေးက တစ်ချက်ပြုံးရင်း. . .

"ကဲ. . . ကျုပ်တို့ ကိစ္စရှိလို့ သွားလိုက်ဦးမယ်၊ မင်းသား

လေး ဒီမှာစောင့်နေပေါ့"

မင်းသားလေးဟန်တိအိက မျက်ခုံးတစ်ချက်ပင့်တင်

လိုက်ရင်း. . .

"ခင်ဗျားတို့ အခု ဘယ်သွားကြမလို့လဲ"

ချီယင်းဝေက. . .

"ကျုပ်တို့ စုဟိုက်ဘုန်းတော်ကြီးကျောင်းကိုသွားမလို့"

မင်းသားလေးဟန်တိအိက ပြုံးလျက်. . .

"ဟာ. . . ဒါဆို ကျုပ်လဲ လိုက်မှာပေါ့"

ချီယင်းဝေ၊ ယုပါဟုန်နှင့် တိမ်းရှိုလေးတို့သည် တစ်

ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

ပြီးမှ ချီယင်းဝေက. . .

"ကောင်းပြီလေ၊ လိုက်ခဲ့ပေါ့"

ဟု ပြောလိုက်လေတော့သည်။

ထို့နောက်. . .

သူတို့သည် စုဟိုက်ဘုန်းတော်ကြီးကျောင်းသို့ ဦးတည်

၍ ထွက်ခွာသွားကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသည် စုဟိုက်ဘုန်းကြီးကျောင်း၏ အဝင်
ဖြစ်ပါ၏။

ထိုနေရာမှ ဖြတ်လျက် ကျောင်းဝင်းထဲသို့ ချီယင်းဝေ
ဝင်ရောက်လာသောအခါ ယုပါဟုန်တစ်ယောက် ကျောင်း
ကျန်ရစ်ခဲ့လေတော့သည်။

ယုပါဟုန်သည် ယခုအကြိမ်၌ ယောကျ်ားလေး
ယောက်ကဲ့သို့ ရုပ်ဖျက်ခဲ့ခြင်း မရှိသောကြောင့်ပင် ဖြစ်ပါသည်။

သို့ဖြစ်၍ ချီယင်းဝေက ယုပါဟုန်အား ကျောင်း
အပြင်မှပင် စောင့်နေရန် မှာကြားခဲ့ပြီး တိမ်းရှိုလေး၊ မင်းသ
လေးဟန်တီအိတို့နှင့်အတူ ကျောင်းဝင်းထဲသို့ ဝင်ရောက်ခဲ့လေ
တော့သည်။



ထို့နောက် သူတို့သည် စုထိုက်ဆရာတော်ထံသို့ ဦးတည်၍ သွားလေတော့သည်။

စုထိုက်ဆရာတော်သည် ချီယင်းဝေကို မြင်သည်နှင့် ပျူငှာစွာ ကြိုဆိုလေသည်။

သို့သော် စုထိုက်ဆရာတော်၏ မျက်နှာပေါ်၌ စိုးရိမ်သောက ရောက်နေသည့် အရိပ်အယောင် ပေါ်လွင်နေလေသည်။

စုထိုက်ဆရာတော်သည် ချီယင်းဝေတို့အား နေရာထိုင်ခင်း စီစဉ်ပေးလိုက်ပြီး ချီယင်းဝေအား. . .

"ဒကာလေး တဟူးမသေမီ ရေးခြစ်ခဲ့တဲ့ အစင်းကြောင်းတွေရဲ့ အဓိပ္ပါယ်ကို သိပြီဆို"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"မှန်ပါတယ်"

စုထိုက်ဆရာတော်က ချီယင်းဝေကို စူးစိုက်၍ ကြည့်ရင်း. . .

"ဒကာလေးက အဲဒီ အစင်းကြောင်းတွေနဲ့ ပတ်သက်ပြီး ဘယ်လိုသိခဲ့ရတာလဲ"

ချီယင်းဝေက. . .

"ထမင်းစားခန်းထဲမှာ ချိတ်ထားတဲ့ ပန်းချီကားကို တွေ့မိတာနဲ့ အစင်းကြောင်းတွေရဲ့ အဓိပ္ပါယ်ကို ဖော်ထုတ်နိုင်ခဲ့တာပဲ"

စုထိုက်ဆရာတော်က. . .

www.burmeseclassic.com

www.burmeseclassic.com



"ပန်းချီကားနဲ့ အစင်းကြောင်းတွေနဲ့ ဆက်စပ်မှု ရှိ[…]လား"

ချိုယင်းဝေက ဦးခေါင်းကို တစ်ချက်ညိတ်ကာ. . .

"ဟုတ်ကဲ့. . . အမှန်ကတော့ ပန်းချီကားမှာ ရေး[…]ထားတဲ့ ရေလှိုင်းကြောင့်စဉ်းစားမိခဲ့တာပါ"

စုထိုက်ဆရာတော်က. . .

"အစင်းကြောင်းတွေနဲ့ ရေလှိုင်းနဲ့ ဘယ်လိုဆက်စပ်[…]သလဲ"

ချိုယင်းဝေက. . .

"ဒီလိုပါ အစင်းကြောင်းလေးတွေဟာ ပင်လယ်ရေလှိုင်းနဲ့ မတူဘူးလား"

စုထိုက်ဆရာတော်က ဦးခေါင်းကို ညိတ်ပြကာ. . .

"တူတယ်ပဲ ထားပါတော့"

ချိုယင်းဝေက အနည်းငယ် ပြုံးလိုက်ပြီး. . .

"ဒီတော့ ပင်လယ်ကို တပည့်တော်တို့ ဟိုက်လို့ ခေါ်တယ် မဟုတ်လား"

စုထိုက်ဆရာတော်က တစ်ချက်မျက်မှောင်ကြုတ်[…]

"ဟုတ်တယ်၊ ဒါပေမယ့် ရေလှိုင်းဟာ ပင်လယ်ရေလှိုင်းပါလို့ ဒကာလေးက ပြောနိုင်လို့လား"

ချိုယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"ပင်လယ်ရေလှိုင်းပဲဖြစ်ဖြစ်၊ ကန်ရေလှိုင်းပဲဖြစ်ဖြစ်၊ ရေလှိုင်းဟာ ရေလှိုင်းပါပဲ၊ အဲ ဒါပေမယ့် ဆရာတော်ရဲ့ ကျောင်း[…]



စုဟိုက်အပြင် စုတန့်တို့ စုခိုတို့ ရှိမယ်ဆိုရင်တော့ တစ်မျိုးစဉ်းစားရမှာပေါ့"

ချိုယင်းဝေ၏စကားကြောင့် စုထိုက်ဆရာတော်သည် မျက်နှာတစ်ချက်ပျက်သွားပြီး ချိုယင်းဝေကို အတန်ကြာအောင် စူးစိုက်၍ ကြည့်နေလေသည်။

ပြီးမှ သူသည် တိမ်းရှိုလေးနှင့် မင်းသားလေးဟန်တိအိဘက်သို့ တစ်ချက်ဝေ့ကြည့်လိုက်လေ၏။

ထို့နောက် စုထိုက်ဆရာတော်သည် ချိုယင်းဝေကို တစ်ချက်ကြည့်ပြီး. . .

"ဒကာလေး. . . ကျုပ်နဲ့ ခဏလိုက်ခဲ့ပါ"

ဟု ပြောကာ သီးသန့်ခန်းထဲသို့ ဝင်ရောက်သွားလေတော့၏။

ချိုယင်းဝေသည် တိမ်းရှိုလေးနှင့် မင်းသားလေးဟန်တိအိတို့ကို တစ်ချက်မျှ ဝေ့ကြည့်လိုက်ပြီး ထိုင်ရာမှထကာ သီးသန့်ခန်းထဲသို့ ဝင်ရောက်သွားလေသည်။

သီးသန့်ခန်းအတွင်းသို့ ချိုယင်းဝေ ရောက်ရှိသည်နှင့် စုထိုက်ဆရာတော်က သီးသန့်ခန်း၏တံခါးကို ပိတ်လိုက်ပြီး သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေတော့သည်။

ချိုယင်းဝေက စုထိုက်ဆရာတော်ကို ကြည့်ကာ. . .

"တပည့်တော်ကိုခေါ်တာ ကိစ္စအထူးရှိလို့လား"

ဟု မေးလိုက်လေသည်။

စုထိုက်ဆရာတော်က နှုတ်ခမ်းကို တစ်ချက်ကိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ဒကာလေးနဲ့ တိုင်ပင်စရာရှိလို့"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြကာ...

"ဘာကိစ္စများ တိုင်ပင်မလို့လဲ"

ဟု မေးလိုက်လေသည်။

စုထိုက်ဆရာတော်သည် အတန်ကြာအောင် စကား မပြောဘဲ စဉ်းစား၍ နေလေသည်။

အတန်ကြာမှ ချီယင်းဝေကို စူးစိုက်ကြည့်ကာ...

"မင်းကို ကျုပ် တိုင်ပင်စရာကိစ္စရှိပါတယ်၊ ဒီကိစ္စကို မင်း ဘယ်သူ့ကိုမှ မပြောပါဘူးလို့ မင်းကတိပေးရလိမ့်မယ်"

ချီယင်းဝေက မျက်မှောင်တစ်ချက် မသိမသာ ကြုတ် လိုက်ရင်း...

"ဘာကိစ္စလဲ"

ဟု မေးလိုက်လေသည်။

စုထိုက်ဆရာတော်က...

"မင်းကတိပေးမှ ငါပြောပြနိုင်မယ်"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး မိမိပခုံးကို ဟန်ပါပါ တွန့်ကာ...

"အရိပ်အမြွက်မှ မပြောပြရင် တပည့်တော်က ဘယ် လိုလုပ်ပြီး ပြောနိုင်မှာလဲ"

စုထိုက်ဆရာတော်က ဦးခေါင်းညိတ်ကာ...

"ကောင်းပြီ၊ ငါပြောမယ့်စကားဟာ ရိုကျင်ကျင်ကျန်း နဲ့လဲ ပတ်သက်နေတယ်၊ ပြီးတော့"



ချီယင်းဝေက စုထိုက်ဆရာတော်၏စကား မဆုံးမီ လက်ကာပြလိုက်ပြီး...

"ပြီးတော့ စုဟိုက်နဲ့လဲ ပတ်သက်နေတယ်ဆိုပါတော့"

စုထိုက်ဆရာတော်က..

"ဟုတ်တယ်၊ စုဟိုက်နဲ့လဲ ပတ်သက်နေတယ်"

ချီယင်းဝေက ဦးခေါင်းညိတ်ပြလိုက်ပြီး...

"ကောင်းပြီလေ၊ ဒီကိစ္စ မပေါက်ကြားစေရဘူး"

စုထိုက်ဆရာတော်က...

"ပြီးတော့ ဟန်အိတိကိုလဲ မပြောပြရဘူး"

ချီယင်းဝေက မျက်ခုံးတစ်ချက်ပင့်တင်လိုက်ပြီး...

ဟန်တိအိနှင့် အခြားလူများကို မပြောပါဟု ကတိပေး လိုက်လေသည်။

ထို့နောက် စုထိုက်ဆရာတော်က စုဟိုက်ဆရာတော်ကို ဖမ်းဆီးရန်အတွက် ညအချိန် အုန်းမောင်း နှစ်ချက်တီး၌ ကျောင်းဝင်းအပြင်ရှိ သစ်ပင်တောက်၌တွေ့ဆုံရန် ချိန်းဆိုလိုက် လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အဝေးမှ အုန်းမောင်းခေါက်သံနှစ်ချက် ပျံ့လွင့်လာသေ သည်။

ချီယင်းဝေသည် အုန်းမောင်းခေါက်သံနှစ်ချက် ပေါ် ထွက်မလာမီ အချိန်မှစ၍ ကျောင်းဝင်းအပြင်ရှိ သစ်ပင်ပေါ်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

အုန်းမောင်းခေါက်သံနှစ်ချက်ကို ကြားလိုက်သည်နှင့် ချီယင်းဝေသည် ကျောင်းဝင်းအတွင်းသို့ လှမ်းမျှော်ကြည့်လိုက် လေသည်။

သို့သော် မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရချေ။

ပတ်ဝန်းကျင်တွင် လေတိုးသံမှလွဲ၍ အခြားအသံသံ များ ကြားရခြင်း မရှိချေ။

ကျောင်းဝင်းတစ်ခုလုံးသည် လရောင်အောက်၌ အိပ် မောကျနေသကဲ့သို့ တိတ်ဆိတ်ငြိမ်သက်၍ နေပေသည်။

နောက်ထပ် ရေနွေးအိုးတစ်အိုးကျက် အချိန်အထိ ကြာ သည့်တိုင်အောင် စုထိုက်ဆရာတော်၏ အရိပ်အယောင်ကို ချီ ယင်းဝေ မြင်တွေ့ရခြင်း မရှိချေ။

ထို့ကြောင့် ချီယင်းဝေသည် အနည်းငယ် စိတ်ပျက်စပြု လာပြီ ဖြစ်ပါသည်။

ထိုစဉ် ရုတ်တရက် မိမိ၏နာမည်ကို ခေါ်သံ ပေါ်ထွက် လာပြီး မဝေးမနှောင်းမှာပင် ကျောင်းဝင်းအဝ၌ လူရိပ်တစ်ခု ပေါ်ထွက်လာလေသည်။

ချီယင်းဝေသည် မိမိနာမည် ခေါ်သံကြားသည်နှင့် ၎င်း



အသံမှာ ဦးတင်ဘုန်းကြီး၏ အသံဖြစ်ကြောင်း သိရှိလိုက်လေ၏။

ထို့ကြောင့် သူသည် သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်ပြီး ဦးတင်ထံသို့ လျှောက်သွားလေတော့သည်။

ထို့နောက် ချီယင်းဝေသည် ဦးတင်၏ရှေ့၌ ရပ်လိုက်ပြီး

"ဘုန်းကြီးက ကျုပ်ကို ဘာကိစ္စ ခေါ်တာလဲ"

ဟု မေးလိုက်လေသည်။

ဦးတင်က. . .

"စုထိုက်ဆရာတော်က ခေါ်ခိုင်းလိုက်လို့ပါ"

ဦးတင်၏စကားကြောင့် ချီယင်းဝေသည် မျက်မှောင် တစ်ချက်ကြုတ်လိုက်ပြီး. . .

"စုထိုက်ဆရာတော်က ဘယ်မှာလဲ"

ဟု ပြန်လည်မေးလေသည်။

ဦးတင်က. . .

"ဆရာတော် သူ့ရဲ့ကျောင်းဆောင်ထဲမှာ စောင့်နေပါ တယ်"

ချီယင်းဝေက မျက်မှောင်ကြုတ်လျက်. . .

"ဘာဖြစ်လို့ ဆရာတော်က ဒီကို မလာရတာလဲ"

ဦးတင်က ပခုံးတစ်ချက်တွန့်ကာ. . .

"ဒါတော့ ကျုပ်လဲ မသိဘူး၊ ဪ. . . ဒါထက် ဆရာ တော်က မှာလိုက်သေးတယ်"

ချီယင်းဝေက. . .

"ဘာမှာလိုက်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦးတင်က...

"အခြေအနေ တစ်မျိုးပြောင်းသွားပြီလို့ မှာလိုက်တယ်"

ဦးတင်၏စကားကြောင့် ချီယင်းဝေသည် မျက်မှော ကြုတ်လိုက်ပြီး...

"ဒါက ဘာသဘောလဲ"

ဟု မေးလိုက်လေသည်။

ဦးတင်က နှုတ်ခမ်းတစ်ချက်မဲ့၍...

"ဒါတော့ ကျုပ်လဲမသိဘူး။ ဟောဒီမယ် သူစာ လိုက်တယ်၊ ရှောခင်ဗျားဖတ်ကြည့်"

ဟု ပြောကာ ချီယင်းဝေထံသို့ စာတစ်စောင်ကမ်း လိုက်လေသည်။

ချီယင်းဝေက ဦးတင်ကမ်းပေးသောစာကို လှမ်း၍ လိုက်ပြီး လရောင်အောက်၌ ဖတ်ကြည့်လိုက်လေသည်။

ပြီးမှ စာကို ဦးတင်ထံသို့ ပြန်လည်ကမ်းပေးကာ ဦး နှင့်အတူ ကျောင်းဝင်းထဲသို့ ဝင်ရောက်သွားလေတော့သည်။

မကြာမီ သူတို့သည် စုထိုက်ဆရာတော်၏အဆောင် ရောက်ရှိသွားကြလေသည်။

ဦးတင်က အဆောင်တံခါးကို ချီယင်းဝေ ဝင်နိုင်ရန် ဖွင့်ပေးလိုက်ရင်း...

"အထဲမှာ ဆရာတော် ခင်ဗျားကို စောင့်နေတယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး ဦးတင်



ပေးသော အခန်းတံခါးမှ ဝင်ရောက်လိုက်ပြီးသောအခါ ဦးတင်က အခန်းတံခါးကို ပြန်လည်၍ ပိတ်လိုက်လေတော့သည်။

* * *

အခန်းထဲ၌ ဖယောင်းတိုင်မီးမျှသာ ထွန်းညှိထားသဖြင့် အနည်းငယ် မှုန်ဝါးနေလေလေသည်။

မီးထွန်းညှိထားသော အမွှေးတိုင်မှ အမွှေးနံ့သည် အခန်းတစ်ခုလုံးသို့ ပျံ့နှံ့၍နေလေသည်။

စုထိုက်ဆရာတော်သည် ချီယင်းဝေ အခန်းထဲသို့ ဝင်ရောက်လာသည်နှင့် ထိုင်ရာမှ ထလိုက်ပြီး ချီယင်းဝေကို မိမိ၏ ရှေ့၌ထိုင်ရန် လက်ဟန်ဖြင့် ညွှန်ပြလိုက်သည်။

ချီယင်းဝေက စုထိုက်ဆရာတော်ရှေ့၌ ဝင်ရောက်ထိုင်လိုက်ပြီး...

"ဘာဖြစ်လို့ ချိန်းတဲ့အတိုင်း မလာတာလဲ၊ ဒီမှာ ဘာတွေ ဖြစ်နေလို့လဲ"

စုထိုက်ဆရာတော်က ပြန်လည်ထိုင်ချလိုက်ရင်း...

"ဒီည တို့ချိန်းတာ ဘာကိစ္စအတွက်လဲဆိုတာ ဒကာလေး သိတယ်မဟုတ်လား"

ချီယင်းဝေက ဦးခေါင်းညိတ်ကာ...

"စုဟိုက်ကို ဖမ်းဖို့ကိစ္စ တိုင်ပင်မလို့ ချိန်းတာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



စုထိုက်ဆရာတော်က ချီယင်းဝေကို အတန်ကြာအောင် စူးစိုက်ကြည့်လိုက်ပြီး ဦးခေါင်းတစ်ချက်ညိတ်ကာ. . .

"ဟုတ်တယ်၊ တို့နှစ်ယောက် စုဟိုက်ကိုဖမ်းဖို့ တို့ရဲ့ အတွက် ချိန်းခဲ့တာ၊ ဒါပေမယ့်. . ."

စုထိုက်ဆရာတော်သည် သူ၏စကားကို ဆုံးအောင် မပြောဘဲ အတန်ကြာအောင် ငြိမ်သက်နေပြီးမှ တည်ကြည်လေးနက်သော မျက်နှာထားဖြင့်. . .

"ဒါပေမယ့် ကျုပ်တို့စုဟိုက်ကို ဖမ်းနိုင်မှာမဟုတ်တော့ဘူး"

ချီယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်ကာ. . .

"ဘာလဲ၊ စုဟိုက် ထွက်ပြေးသွားလို့လား"

စုထိုက်ဆရာတော်က ဦးခေါင်းခါယမ်းပြလိုက်ပြီး. . .

"မဟုတ်ဘူး၊ စုဟိုက် ပျံလွန်တော်မူသွားပြီ"

ဟု ဖြည်းညင်းစွာ တစ်လုံးချင်း ပြောချလိုက်လေတော့သည်။

စုထိုက်ဆရာတော်၏စကားကြောင့် ချီယင်းဝေသည် အံ့ အားသင့်ဟန်ဖြင့် အတန်ကြာအောင် စကားမပြောဘဲ စုထိုက် ဆရာတော်ကို မျက်တောင်မခတ်ဘဲ တွေဝေစွာ ကြည့်နေမိလေ ၏။

ပြီးမှ အံ့အားသင့်သော လေသံဖြင့်. . .

"ဘယ်. . . ဘယ်လို ဖြစ်သွားတာလဲ၊ သူ့အပြစ် သူသိလို့ ကိုယ့်ကိုယ်ကို သတ်သေသွားတာများလား"



စုထိုက်ဆရာတော်က. . .

"ဒါတော့ ကျုပ်လဲမသိဘူး၊ သူသေဆုံးသွားလို့လဲ မင်းနဲ့ချိန်းထားတဲ့ အချိန်အတိုင်း မလာနိုင်ဘဲ ပူးတင်ကို လွှတ်ပြီး မင်းကို အခေါ်ခိုင်းလိုက်ရတာပဲ"

ချီယင်းဝေက သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"သူ မသေခင် ဘာတွေ ပြောခဲ့သေးသလဲ"

စုထိုက်ဆရာတော်က. . .

"အခုထိတော့ ဘာမှအကျိုးအကြောင်း မသိသေးဘူး"

ချီယင်းဝေက မျက်ခုံးပင့်၍ အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"စုဟိုက်ဟာ ကျမ်းစာခိုးပြီး လူသတ်တရားခံ ဖြစ်မယ်လို့ ဆရာတော် ထင်သလား"

စုထိုက်ဆရာတော်က. . .

"ကျုပ် ဒီလို တစ်ခါမှမပြောခဲ့ဖူးဘူး"

ချီယင်းဝေက စုထိုက်ဆရာတော်ကို မျက်မှောင်ကြုတ်၍ တစ်ချက်ကြည့်လိုက်ပြီး. . .

"ဒါဖြင့် ဆရာတော်က ဘာဖြစ်လို့ စုဟိုက်က သူ့အပြစ် သူသိလို့ ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတာ ပြောရတာလဲ"

စုထိုက်ဆရာတော်က အနည်းငယ် ပြုံးလိုက်ပြီး. . .

"ဒီစကားက ဒကာလေးပြောတဲ့ စကားပဲ၊ ကျုပ်ပြောတဲ့စကား မဟုတ်ဘူး"

ချီယင်းဝေက ရုတ်တရက် ထိုင်ရာမှထလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ဆရာတော်က ဘာဖြစ်လို့ တပည့်တော်ကို ပဟေဠိ လုပ်နေရတာလဲ"

စုထိုက်ဆရာတော်က ချီယင်းဝေကို မော့ကြည့်၍ ပြုံးလိုက်ပြီး. . .

"ဒါကတော့ ဖြစ်ပျက်နေတဲ့ အမှုကိစ္စတွေဟာ ပဟေဠိ ဆန်လွန်းတယ် မဟုတ်လား"

ချီယင်းဝေက ဘာမျှမပြောတော့ပါ။

သူသည် တစ်စုံတစ်ခုအား အလေးအနက်ထား၍ အတန်ကြာသည့်တိုင်အောင် စဉ်းစားနေလေသည်။

အတန်ကြာမှ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်း

"အင်း. . .တုလိမ်ကို အဆိပ်အပ်နဲ့ သတ်ခဲ့တာ စုဟိုက် ဖြစ်နိုင်တယ်"

ဟု ညည်းညည်းညူညူ မှတ်ချက်ချလိုက်လေသည်။

စုထိုက်ဆရာတော်က စိတ်ပျက်စွာ သက်ပြင်းတစ်ချက် ချလိုက်ပြီး. . .

"ကျုပ်တို့ကျောင်းမှာ အခုလို သွေးထွက်သံယို ဖြစ်နေတဲ့အတွက် ကျုပ်စိတ်မကောင်း ဖြစ်မိတယ်"

ချီယင်းဝေက အတန်ကြာအောင် စဉ်းစားနေရာမှ ရုတ်တစ်ရက် စုထိုက်ဆရာတော်ကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး

"တကယ်လို့ စုဟိုက်က တရားခံမဟုတ်ဘူးဆိုရင် ဒီဟူး ရေးခြစ်ခဲ့တဲ့ အစင်းကြောင်းတွေဟာ ဘာကို ညွှန်းနေမလဲ မသိဘူး"



စုထိုက်ဆရာတော်က နှုတ်ခမ်းတစ်ချက်မဲ့လိုက်ပြီး. . .

"ဒါကို ကျုပ်လဲ သိချင်နေတာပဲ"

ချီယင်းဝေက မျက်မှောင်ကြုတ်လျက်. . .

"အင်း. . . တကယ်လို့ အခုကိစ္စတွေဟာ လူတစ်ယောက်တည်းရဲ့ လုပ်ရပ်တွေ ဖြစ်မယ်ဆိုရင် စုဟိုက်သေတဲ့နောက် ရိုကျောင်ကျောင်ကျမ်းစာ ပြန်ရလာမှာပေါ့၊ ဒါကြောင့် အခုကိစ္စဟာ"

စုထိုက်ဆရာတော်က ချီယင်းဝေကို လက်ကာပြလိုက်ပြီး. . .

"ဒကာလေးက အခုကိစ္စမှာ စုဟိုက်အပြင် အခြားတစ်ယောက် ရှိရမယ်လို့ ဆိုချင်တာ မဟုတ်လား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဟုတ်တယ်၊ စုဟိုက်မှာ အပေါင်းအသင်း ရှိရမယ်"

စုထိုက်ဆရာတော်က ဦးခေါင်းကို ညိတ်ကာ. . .

"အပေါင်းအဖော်ဆိုတာ ရှိမှာပေါ့"

ချီယင်းဝေက တစ်ချက်ပြုံးကာ. . .

"ဒါဖြင့် အဲဒီအပေါင်းအဖော်က ဘယ်သူလဲ"

စုထိုက်ဆရာတော်က ရုတ်တရက်ပြုံးလိုက်ပြီး. . .

"ဒီစကားကို ကျုပ်က ဒကာလေးကို မေးရမှာ"

ချီယင်းဝေက မျက်ခုံးတစ်ချက်ပင့်တင်လိုက်ပြီး. . .

"ဆရာတော်ကမှ မသိရင် တပည့်တော်က ဘယ်လို လုပ်သိမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



စုထိုက်ဆရာတော်က သက်ပြင်းတစ်ချက်မှုတ်ထုတ်ကာ...

"ဒါတော့ ဒကာလေးက စုံစမ်းရမှာပေါ့"

ချိုယင်းဝေသည် စိတ်ပျက်စွာ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး အတန်ကြာအောင် ငြိမ်သက်၍ စဉ်းစားနေလေသည်။

ပြီးမှ...

"ဒါနဲ့ တပည့်တော် တစ်ခုမေးချင်တယ်"

စုထိုက်ဆရာတော်က ဦးခေါင်းညိတ်ကာ...

"မေးပါ"

ချိုယင်းဝေက စုထိုက်ဆရာတော်ကို စူးစိုက်၍ တစ်ချက်ကြည့်ကာ...

"ရိကျင်ကျင်ကျမ်းစာကို ဆရာတော်ဖတ်ဖူးလား"

စုထိုက်ဆရာတော်က ဦးခေါင်းကို ညိတ်လိုက်ပြီး...

"စုဘွဲ့ရဘုန်းကြီးတွေ အားလုံးဖတ်ဖူးတယ်၊ ဖတ်ခွင့်ရှိတယ်"

"ကောင်းပြီ၊ အဲဒီ ရိကျင်ကျင်ကျမ်းစာဟာ ပြန်ကူးထားတဲ့ လက်ရေးမူပဲ မဟုတ်လား"

"ဟုတ်တယ်၊ လက်ရေးမူပဲ"

"ဒါဆို ဒီကျမ်းစာကို ဆရာတော်တို့ရဲ့ အရင်ကျောင်းထိုင်ဘုန်းကြီးတွေ ကူးရေးခဲ့တာ ဖြစ်မှာပေါ့"

"နှစ်ပေါင်းတစ်ရာကျော်နေပြီ၊ ဟုတ်မှာပေါ့"

ချိုယင်းဝေက မျက်မှောင်ကြုတ်လျက်...



"နှစ်ပေါင်းတစ်ရာကျော်နေပြီပဲ၊ အရင်က ဘာလို့ မတွေ့ဘဲ အခုမှ ရှာတွေ့ပြီး ပျောက်ဆုံးတဲ့အမှု ဖြစ်ရတာလဲ"

စုထိုက်ဆရာတော်က တစ်ချက်ပြုံးကာ...

"နှစ်ပေါင်းတစ်ရာကျော်နေပြီဆိုတော့ ကျုပ်လဲ တိတိကျကျ မသိဘူး၊ ဒါပေမယ့် ကျုပ်ကြားခဲ့တာကတော့ ဒီရိကျင်ကျင်ကို ပြန်ပြီး ကူးခဲ့တဲ့ ဆရာတော်ဟာ ရိကျင်ကျင်ကို တိုက်ရိုက်ကူးရေးခဲ့တာ မဟုတ်ဘူး"

စုထိုက်ဆရာတော်၏ စကားကြောင့် ချိုယင်းဝေသည် မျက်မှောင်ပို၍ ကြုတ်လိုက်ပြီး...

"တိုက်ရိုက်ကူးရေးခဲ့တာ မဟုတ်ဘူး ဟုတ်လား"

ဟု သေချာစေရန် ထပ်၍ မေးလိုက်လေသည်။

စုထိုက်ဆရာတော်က ဦးခေါင်းကို ညိတ်လိုက်ပြီး...

"ဟုတ်တယ်၊ တိုက်ရိုက်ကူးရေးတာ မဟုတ်ဘူး၊ ဆရာတော်က ကျမ်းစာ လေး ငါးအုပ်ကို ယူပြီး ဟိုကတစ်ပိုဒ်၊ ဒီကတစ်ပိုဒ်နဲ့ ရောပြီးကူးခဲ့တာ"

ချိုယင်းဝေက နားမလည်ဟန်ဖြင့် ဦးခေါင်းကို တစ်ချက် ခါယမ်းကာ...

"တပည့်တော် နားမရှင်းဘူး"

ဟု ပြောလိုက်လေသည်။

စုထိုက်ဆရာတော်က ပြုံးလိုက်ပြီး...

"ဒီလိုပါ၊ ရိကျင်ကျင်ကျမ်းစာကို ကူးတဲ့အခါမှာ ရိကျင်ကျင်ကျမ်းစာတစ်ပိုဒ် ပြီးတော့ တခြားကျမ်းစာကတစ်ပိုဒ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြားညှပ်ပြီး ကူးခဲ့တာပါ"

"ဒါဖြင့် တစ်မိုဒ်ခြားစီ ကူးခဲ့တာပေါ့"

စုထိုက်ဆရာတော်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

"ဒီလိုလဲ မဟုတ်ဘူး၊ ရိကျင်ကျင်ကျမ်းစာကို ကြား

ပြီး ကူးတဲ့အခါ ပုံမှန်အတိုင်း မဟုတ်ဘဲ စိတ်ကူးပေါက်သ

ကြားညှပ်ပြီး ကူးခဲ့တာပါ"

ချီယင်းဝေက သက်ပြင်းတစ်ချက်မှုတ်ထုတ်ကာ...

"အင်း... ဒါဆို ရိကျင်ကျင်ကျမ်းစာကို ဘယ်သူ

ပြောနိုင်တော့မှာလဲ၊ ပြီးတော့ အခုလို ရောနေတဲ့အတွက် ဘ

လိုလုပ်ပြီး ဖတ်လို့ရတော့မှာလဲ"

စုထိုက်ဆရာတော်က ဦးခေါင်းတစ်ချက်ညိတ်ကာ...

"ဟုတ်ပါတယ်...၊ ဒါပေမယ့် ကူးရေးခဲ့တဲ့ ဆ

တော်က ရိကျင်ကျင်စာပိုဒ်တွေကို ဆေးမင်တစ်မျိုးနဲ့ ဝိုင်း

ပြထားတယ်၊ သာမန်ကြည့်လို့တော့ မမြင်ရဘူး၊ ကျမ်းစာကို

ပေးမှ အဲဒီလို ဝိုင်းထားတဲ့အပိုဒ်တွေကို ဆက်ပြီး ဖတ်ရင် ရိ

ကျင်ကျမ်းစာ ဖြစ်သွားတာပေါ့"

ချီယင်းဝေက ဦးခေါင်းတစ်ချက်ညိတ်ကာ...

"ဒါပေမယ့် နှစ်ပေါင်းတစ်ရာကြာပြီဆိုတော့ အဲဒီ ဆေး

မင်တွေက ပျက်မသွားနိုင်ဘူးလား"

စုထိုက်ဆရာတော်က ဦးခေါင်းညိတ်ပြလိုက်ပြီး...

"ပျက်သွားတာပေါ့၊ ဒါကြောင့် ကျုပ်တို့စုဘွဲ့ရ ဘုန်း

တွေ ဝိုင်းပြီး အဲဒီကျမ်းကို ပြန်ပြုစုမွမ်းမံလိုက်ရတယ်"



ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး...

"အင်း..., ဒါကြောင့် စုဘွဲ့ရဘုန်းကြီးတွေအားလုံး ရိကျင်ကျင်ကျမ်းစာအကြောင်း သိနေတာကိုး"

စုထိုက်ဆရာတော်က ဟုတ်မှန်ကြောင်း ဦးခေါင်းညိတ်ပြလိုက်လေသည်။

ချီယင်းဝေသည် ဦးခေါင်းကို တဆတ်ဆတ်ညိတ်ကာ

"အင်း... ဒီလိုဆိုရင် ရိကျင်ကျင်ပျောက်တဲ့ကိစ္စ၊ အသတ်ခံရတဲ့ ကိစ္စတွေထဲမှာ စုဘွဲ့ရဘုန်းကြီးအားလုံးကို ထည့်ပြီး စဉ်းစားသင့်တာပေါ့"

စုထိုက်ဆရာတော်က ဦးခေါင်းကို ခါယမ်းလျက်...

"ဒီလို ယူဆလို့တော့ ဘယ်ဖြစ်မလဲ"

ချီယင်းဝေက မျက်မှောင်ကြုတ်လိုက်ပြီး...

"ဘာဖြစ်လို့လဲ"

စုထိုက်ဆရာတော်က တစ်ချက်ပြုံးကာ...

"ဒီကျမ်းစာကို တွေ့ကာကြာပြီ၊ တကယ်လို့ ခိုးချင်ရင် ကျမ်းစာကို ဝိုင်းပြီး ပြုစုမွမ်းမံတုန်းက ခိုးမှာပေါ့"

ချီယင်းဝေက ဦးခေါင်းညိတ်ပြလိုက်ပြီး...

"ဒါလဲ ဟုတ်တာပဲ၊ ခိုးမယ့်ခိုးရင် အဲဒီကတည်းက ခိုးမှာပေါ့၊ အခုမှ ဘာကြောင့်ခိုးရမှာလဲ"

စုထိုက်ဆရာတော်က...

"နောက်ပြီး စဉ်းစားဖို့ တစ်ခုရှိသေးတယ်"

"ဘာများလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စုဘွဲ့ရတဲ့ဘုန်းကြီးတွေထဲက ခိုးမယ်ဆိုရင် အခြေ လူ့သတ်စရာ မလိုဘဲ ရနိုင်တယ်၊ အခုတော့ တစ်ယောက်ပြီးတစ် ယောက် အသတ်ခံနေရတယ်"

ချီယင်းဝေသည် စုထိုက်ဆရာတော်၏စကားကြောင်း မျက်မှောင်အနည်းငယ်ကြုတ်လိုက်ပြီး. . .

"အပြင်လူရဲ့ လက်ချက်လို့ ဆရာတော်က ယူဆသ လား"

စုထိုက်ဆရာတော်က ဦးခေါင်းကို ညိတ်ပြကာ. . .

"ကျုပ်တော့ ဒီလိုပဲတွေးမိတယ်"

ချီယင်းဝေက တစ်ချက်ပြုံးကာ. . .

"ဒီလိုဆိုရင် တုဟူးသေခါနီးမှာ ရေးခြစ်တဲ့ အစင်း ကြောင်းတွေက ဘယ်လိုအဓိပ္ပါယ် ရှိလာမလဲ"

စုထိုက်ဆရာတော်က ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး

"ဒါတော့ ကျုပ်လဲ မစဉ်းစားတတ်ဘူး"

ချီယင်းဝေက သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"ဒါနဲ့ စုဟိုက်ရဲ့အလောင်းကို ဘယ်မှာထားလဲ"

စုထိုက်ဆရာတော်က. . .

"ပြာအိုးထဲမှာ"

ချီယင်းဝေသည် စုထိုက်ဆရာတော်၏စကားကြောင်း အံ့ အားသင့်ဟန်ဖြင့် မျက်ခုံးတစ်ချက်ပင့်တင်လိုက်ပြီး. . .

"ဘာ. . .ပြာအိုးထဲမှာ ဟုတ်လား"

စုထိုက်ဆရာတော်က ဦးခေါင်းညိတ်လျက်. . .



"ဟုတ်တယ်၊ သတင်းမပြန့်ချင်တာနဲ့ ချက်ချင်းပဲ မီး သဂြိုဟ်လိုက်တယ်"

"ကောင်းပြီလေ အဲဒီအရိုးပြာအိုးကိုပဲ တပည့်တော် ကြည့်ပါရစေ"

"နောက်နေ့မှ ကြည့်ပါလား"

"အမှုတစ်ခုကို သဲလွန်စလိုက်တဲ့အခါ မြန်လေကောင်း လေပဲ၊ နောက်နေ့မှဆိုရင် သဲလွန်စရဖို့ မလွယ်တော့ဘူး"

စုထိုက်ဆရာတော်က အတန်ကြာအောင် စဉ်းစားလိုက် ပြီး. . .

"ဒကာလေး အပြင်လူဆိုတော့ သွားလို့ မသင့်ဘူး ထင်တယ်"

ချီယင်းဝေက တစ်ချက်ပြုံးကာ. . .

"ဆရာတော်နဲ့ဆိုရင်တော့ ဘာပြဿနာမှ ရှိမှာမဟုတ် ဘူး ထင်တယ်"

စုထိုက်ဆရာတော်သည် အချိန်အတန်ကြာအောင် စဉ်း စားပြီးမှ ဦးခေါင်းကို ညိတ်ကာ. . .

"ကောင်းပြီလေ ကျုပ်လိုက်ပို့ပါ့မယ်"

ဟု ပြောလိုက်လေသည်။

ထို့နောက် စုထိုက်ဆရာတော်သည် ထိုင်ရာမှ ထလိုက် ပြီး အခန်းတံခါးကို ဖွင့်လိုက်လေသည်။

အခန်းတံခါးဝ၌ ဝူးတင်ဘုန်းကြီး ရပ်၍နေလေသည်။

စုထိုက်ဆရာတော်သည် အပြင်သို့ တစ်ချက်အကဲခတ်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြီး ဝူးတင်အား. . .

"ဘာကိစ္စထူးသေးလဲ၊ တခြားလူရော လာသေးလား"

ဟု မေးလိုက်လေသည်။

ဝူးတင်က ဦးခေါင်းခါယမ်းပြလိုက်ပြီး. . .

"မထူးပါဘူး၊ ဘယ်သူမှလဲ မလာပါဘူး"

ဟု ပြန်လည် ဖြေကြားလိုက်လေသည်။

စုထိုက်ဆရာတော်က. . .

"ကိုင်း. . . ဒါဖြင့် မီးအိမ်သွားယူခဲ့"

ဟု မှာကြားလိုက်လေသည်။

ဝူးတင်က ဦးခေါင်းညိတ်ကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

မကြာမီ ဝူးတင်သည် မီးအိမ်တစ်လုံး ကိုင်ဆောင်ကာ ပြန်လည် ရောက်လာလေတော့သည်။

ဝူးတင် ရောက်ရှိလာပြီး မကြာမီမှာပင် စုထိုက်ဆရာတော်၏အဆောင်မှ လူရိပ်သုံးရိပ် ထွက်ခွာသွားလေတော့သည်။

ထိုလူရိပ်သုံးရိပ်မှာ စုထိုက်ဆရာတော်၊ ချီယင်းဝေနှင့် ဝူးတင်တို့ပင် ဖြစ်သည် မဟုတ်ပါလား။

* * *



အဆောင်၏နဖူးစီး၌ စာလုံးအချို့ထွင်းထုထားသည်။

ဝူးတင်၏လက်ထဲက မီးအိမ်၏အလင်းရောင်ဖြင့် အဆောင်၏ နဖူးစီးမှ စာတန်းကို ချီယင်းဝေ မြင်တွေ့လိုက်ရလေသည်။

"ထာဝရ ခွဲခွာခြင်းအဆောင်"

မှန်ပါသည်။

ဤအဆောင်၌ ထာဝရခွဲခွာသွားခဲ့သော ဘုန်းကြီးများ၏ အရိုးပြာများကို သိမ်းဆည်းထားသည် မဟုတ်ပါလော။

သို့ဖြစ်၍ အဆောင်၏နဖူးစီးမှ စာတန်းသည် အဆောင် နှင့် လိုက်လျောညီထွေရှိပေသည်။

ချီယင်းဝေသည် မည်သည့်အကြောင်းကြောင့်ဟူ၍ သိပါ။

ဤအဆောင်ရှေ့သို့ ရောက်ရှိသည်နှင့် အနည်းငယ် ကျောချမ်းသကဲ့သို့ ခံစားလိုက်ရပေသည်။

ဝူးတင်သည် တံခါးကို ခေါက်လိုက်သည်။

ဝူးတင်၏ တံခါးခေါက်သံဆုံးသည်နှင့် အဆောင်တွင်းမှ

"ဘယ်သူလဲ"

ဟူသောအသံ ပေါ်ထွက်လာလေတော့သည်။

ဝူးတင်က. . .

"ဆရာတော် ကြွလာတယ် တံခါးဖွင့်"

ဟု ပြန်လည်၍ ပြောလိုက်လေသည်။

ဝူးတင်၏စကားသံဆုံးသည်နှင့် အဆောင်တံခါးသည်

www.burmeseclassic.com

www.burmeseclassic.com



တကျိုကျိုမြည်ကာ ဖွင့်ဟသွားလေတော့သည်။

အဆောင်တံခါး ဖွင့်သွားသည်နှင့် အလွန်အကျည်းတန် အရုပ်ဆိုးသော မျက်နှာတစ်ခုကို ချိုယင်းဝေ မြင်တွေ့လိုက်ရလေသည်။

ထို့ကြောင့် ချိုယင်းဝေသည် အနည်းငယ် ထိတ်လန့်ကာ နောက်သို့ ခြေတစ်လှမ်းမျှ ဆုတ်လိုက်မိလေသည်။

တံခါးဝမှ ပေါ်ထွက်လာသော မျက်နှာသည် နှာခေါင်းသေးပြီး ပါးစပ်ကျယ်ကာ သွားများ ကျိုးတိုးကျဲတဲနှင့် ဖြစ်ပြီး မျက်နှာပြည့်လုနီးပါး ကျောက်ပေါက်မာများက နေရာယူထားသည်။

ဆံပင်ပြောင်အောင် ရိတ်ထားသော ဦးပြည်းပေါ်တွင် ဖယောင်းချက်များက နေရာအနှံ့ ကပ်၍ထားလေသည်။

စုထိုက်ဆရာတော်က ထိုအရုပ်ဆိုးသောဘုန်းကြီးကို လှမ်း၍ ကြည့်လိုက်ပြီး. . .

"စုဟိုက်အရိုးကို အိုးထဲထည့်ပြီးပြီလား"

ဟု မေးလိုက်လေသည်။

ရုပ်ဆိုးဘုန်းကြီးက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. . .

"မထည့်ရသေးပါဘူး"

စုထိုက်ဆရာတော်က ဦးခေါင်းတစ်ချက်ညိတ်ကာ. . .

"ကောင်းပြီ၊ ကျုပ်တို့ သွားကြရအောင်"

ဟု ပြောလိုက်လေသည်။

ထို့နောက် စုထိုက်ဆရာတော်နှင့် ချိုယင်းဝေတို့သည်



ထာဝရခွဲခွာခြင်း အဆောင်သို့ ဝင်ရောက်သွားလေတော့သည်။

ရုပ်ဆိုးဘုန်းကြီးနှင့် ပူးတင်တို့သည် ရှေ့မှဦးဆောင်၍ သွားပြီး စုထိုက်ဆရာတော်နှင့် ချိုယင်းဝေတို့သည် နောက်မှ လိုက်ပါသွားလေတော့သည်။

အဆောင်အတွင်းသို့ အတန်ငယ်သွားမိသောအခါ နံရံပတ်ပတ်လည်တွင် စင်များရိုက်ထားသော အခန်းသို့ ရောက်ရှိသွားလေတော့သည်။

စင်များပေါ်၌ လေးထောင့်ပုံးရှည်ကလေးများ အစီအရီ တင်ထားသည်ကို ချိုယင်းဝေ မြင်တွေ့လိုက်ရလေသည်။

ထိုပုံးကလေးများသည် ပျံလွန်တော်မူသွားသော ဘုန်းတော်ကြီးများ၏ အရိုးပြာများ ထည့်ထားသော ပုံးကလေးများ ဖြစ်ကြောင်း စုထိုက်ဆရာတော်က ချိုယင်းဝေကို ပြောပြလိုက်လေသည်။

ရုပ်ဆိုးဘုန်းကြီးက ထိုအခန်းကို ဖြတ်၍ အတွင်းခန်းတစ်ခုထဲသို့ ချိုယင်းဝေတို့ကို ခေါ်ဆောင်သွားလေတော့သည်။

ထိုအတွင်းခန်းထဲ၌ ကွပ်ပျစ်သုံးလေးလုံး ရှိပြီး ကွပ်ပျစ်တစ်လုံးပေါ်တွင် အရိုးစုတစ်စုကို စုပုံထားလေသည်။

စုထိုက်ဆရာတော်က ချိုယင်းဝေဘက်သို့ လှည့်ကာ

"ဒီအခန်းဟာ အရိုးကောက်လာပြီး ပြာအိုးထဲ မထည့်ခင် ထားတဲ့အခန်းပဲ"

ဟု ပြောပြလိုက်လေသည်။

ရုပ်ဆိုးဘုန်းကြီးက ကွပ်ပျစ်ပေါ်တွင် စုပုံထားသော

www.burmeseclassic.com

www.burmeseclassic.com



အရိုးစုများကို ညွှန်ပြရင်း . . .

"ဒါ စုဟိုက်ရဲ့အရိုးတွေပဲ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက စုဟိုက်၏အရိုးများ စုပုံထားသော ကွင်းပျစ်အနီးသို့ ချဉ်းကပ်သွားပြီး လက်ဖျံရိုးတစ်ခုကို ကောက်ယူ၍ ကြည့်လိုက်လေသည်။

ထို့နောက် သူသည် လက်ဖျံရိုးကို နမ်း၍ ကြည့်လိုက်သည်။

ယင်းသို့ ကြည့်လိုက်ပြီး မျက်မှောင်အနည်းငယ်ကြုတ်၍ စဉ်းစားလိုက်လေသည်။

အကြောင်းမှာ ထိုအရိုးများသည် မီးသင့်ထားသော အနံ့ မရှိသောကြောင့် ဖြစ်ပါသည်။

ထို့နောက် ချီယင်းဝေသည် စုဟိုက်၏ ကျန်အရိုးစုများကို သေချာစွာ ဆက်လက်၍ ကြည့်ရှုလိုက်လေသည်။

သို့သော် စုဟိုက်၏အရိုးစုများမှာ ကွဲအက်ပျက်စီးခြင်း လုံးဝမတွေ့ရချေ။

ချီယင်းဝေသည် စုဟိုက်၏အရိုးစုများကို အတန်ကြာ ကြည့်နေပြီးမှ သက်ပြင်းတစ်ချက်ကို ဖြည်းညင်းစွာ မှုတ်ထုတ်လိုက်လေသည်။

"အင်း . . . ဘယ်လို သူ့ကိုသူ သတ်သေတာလဲ"

စုထိုက်ဆရာတော်က . . .

"ဓားနဲ့ လည်ပင်းကို လှီးပြီး သတ်သေတာပဲ"



ချီယင်းဝေက စုဟိုက်၏လည်ပင်းရိုးကို ကောက်ယူ၍ တစ်ကြိမ်ထပ်မံ ကြည့်ရှုလိုက်ပြန်လေသည်။

သို့သော် မည်သည့် ထူးခြားမှုမှ မတွေ့ရချေ။

ထို့ကြောင့် ချီယင်းဝေသည် ထိုလည်ချောင်းရိုးကို ကွပ်ပျစ်ပေါ်သို့ ပြန်လည်ချလိုက်ပြီး စုထိုက်ဆရာတော်ထံ လှည့်ကြည့်ကာ . . .

"ဘယ်လို ဓားမျိုးနဲ့လဲ"

စုထိုက်ဆရာတော်က . . .

"စူးခုံးယက်အပ်ထားတဲ့ ဓားနဲ့ပဲ"

စုထိုက်ဆရာတော်၏စကားကြောင့် ချီယင်းဝေသည် မျက်မှောင်အနည်းငယ်ကြုတ်လိုက်ပြီး . . .

"စူးခုံးယက် ဓား ဟုတ်လား"

စုထိုက်ဆရာတော်က ဦးခေါင်းညိတ်ပြလိုက်လေသည်။

ချီယင်းဝေက မျက်မှောင်ကြုတ်၍ . . .

"နေပါဦး၊ စူးခုံးယက်က ဘာဖြစ်လို့ စုဟိုက်ကို အပ်ထားရတာလဲ"

စုထိုက်ဆရာတော်က တစ်ချက်ပြုံးလိုက်ပြီး . . .

"စူးခုံးယက်ဟာ သွားစရာ လာစရာ ရှိတဲ့အခါမှာ ဖြစ်စေ၊ ဓားကို မလိုအပ်တဲ့အချိန်မှာ ဖြစ်စေ စုဟိုက်ကို အပ်ထားနေကြပဲ၊ ဘာလဲ ဒကာလေး အံ့သြနေလို့လား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး . . .

"ဟုတ်တယ်၊ ဒါဟာ အံ့သြစရာပဲ"

www.burmeseclassic.com

www.burmeseclassic.com



စုထိုက်ဆရာတော်က ပြုံးလျက် ဦးခေါင်းကို ခါယမ်း လိုက်ပြီး. . .

"အံ့ဩစရာ မဟုတ်ပါဘူး"

ချီယင်းဝေက စုထိုက်ဆရာတော်ကို စူးစိုက်၍ ကြည့် လိုက်ယင်း. . .

"ဘာဖြစ်လို့ မအံ့ဩရမှာလဲ၊ ဘယ်သိုင်းသမားမဆို ဓား ဓားကို သူ့ကိုယ်က ဘယ်တော့မှ မခွာဘူး"

စုထိုက်ဆရာတော်က. . .

"ဒါပေမယ့် စူးခုံးယက်ကတော့ သူ့ဓားကို စုဟိုထံ အပ်သွားတာပဲ"

ချီယင်းဝေက မိမိ၏ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်ပြီး

"ထားပါတော့၊ ဒါနဲ့ ဆရာတော် အနေနဲ့ ဒီအမှုမှာ စူး ယက် ပတ်သက်လိမ့်မယ်လို့ ထင်သလား"

စုထိုက်ဆရာတော်က ချီယင်းဝေကို အတန်ကြာအောင် ကြည့်လိုက်ပြီး. . .

"ကျုပ်က စူးခုံးယက်ကိုမှ မသိဘဲ၊ ဒါကြောင့် အရေး မစွပ်စွဲရဲဘူး"

ချီယင်းဝေက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး. . .

"တကယ်လို့ စူးခုံးယက်နဲ့ ပတ်သက်နေရင် ရိကျင်ကျင် ကျမ်းစာဟာ သူ့ရဲ့လက်ထဲမှာ ရှိနေမှာပဲ"

စုထိုက်ဆရာတော်က ဦးခေါင်းကို ညိတ်ကာ. . .

"ဒါဖြင့် စူးခုံးယက်က ဘယ်မှာလဲ"



ချီယင်းဝေက ပြုံးလျက် မိမိ၏ပခုံးနှစ်ဘက်ကို တွန့်တာ

"တပည့်တော်လဲ စူးခုံးယက်ကို ရှာနေတုန်းပဲ"

ဟု ပြောလိုက်လေသည်။

ထို့နောက် ချီယင်းဝေတို့သည် ပြာအိုးများထားရာ အခန်းသို့ ပြန်လည်ထွက်လာလေသည်။

ချီယင်းဝေသည် နံရံကပ်စင်များပေါ်မှ လေးထောင့်ဗူး ရှည်များကို ကြည့်လိုက်လေသည်။

ထိုဗူးများပေါ်မှ ဘွဲ့အမည်များ ရေးသားထားလေ သည်။

ချီယင်းဝေသည် ထိုဘွဲ့အမည်များကို ဖတ်ရင်း တစ်စုံ တစ်ရာကို ရှာဖွေနေပေသည်။

စုထိုက်ဆရာတော်က ချီယင်းဝေ၏အမူအရာကို တစ် ချက်မျှ အကဲခတ်ကြည့်လိုက်ပြီး. . .

"ဒကာလေး ဘာကို ရှာနေတာလဲ"

ဟု ရေးလိုက်လေသည်။

ချီယင်းဝေက စုထိုက်ဆရာတော်ဘက်သို့ လှည့်ကြည့် လိုက်ပြီး. . .

"တုဟူးနဲ့ တုချမ်းရဲ့ပြာအိုးကို ရှာနေတာ"

စုထိုက်ဆရာတော်က ချီယင်းဝေ၏စကားကို ပြန်လည် ဖြေကြားရန် ဟန်ပြင်လိုက်စဉ် ရုပ်ဆိုးဘုန်းကြီးက. . .

"သူတို့အရိုးပြာအိုးက ဒီမှာမရှိဘူး"

ရုပ်ဆိုးဘုန်းကြီး၏စကားကြောင့် ချီယင်းဝေသည် မျက်

www.burmeseclassic.com

www.burmeseclassic.com



မှောင်ကြုတ်လိုက်ပြီး. . .

"ဒါဖြင့် ဘယ်မှာထားသလဲ"

ဟု ရုပ်ဆိုးဘုန်းကြီးကို ပြန်၍ မေးလိုက်လေသည်။

ရုပ်ဆိုးဘုန်းကြီးက ချိုယင်းဝေ၏အမေးကို ပြန်လည်ဖြေကြားခြင်း မပြုဘဲ စုထိုက်ဆရာတော်ကို လှမ်း၍ ကြည့်လိုက်လေသည်။

စုထိုက်ဆရာတော်က ရုပ်ဆိုးဘုန်းကြီးကို ဦးခေါင်းညိတ်လိုက်လေသည်။

ထိုအခါမှ ရုပ်ဆိုးဘုန်းကြီးက ချိုယင်းဝေဘက်သို့ ပြန်လည်လှည့်ကြည့်ကာ. . .

"ကျုပ်နောက်လိုက်ခဲ့ပါ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက စုထိုက်ဆရာတော်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ရုပ်ဆိုးဘုန်းကြီးနောက်သို့ လိုက်ပါသွားလေတော့၏။

* * *



ရုပ်ဆိုးဘုန်းကြီးက ညာဘက်မှ အခန်းတံခါးကို တွန်းဖွင့်လိုက်ရာ ရှည်လျားသော စင်္ကြံတစ်ခုကို ချိုယင်းဝေ မြင်တွေ့လိုက်ရလေသည်။

ရုပ်ဆိုးဘုန်းကြီးသည် ရှေ့ဆုံးမှ ဦးဆောင်၍ သွားပြီး သူ၏နောက်မှ ဝူးတင်က မီးအိမ်ကိုဆွဲ၍ လိုက်ပါသွားလေတော့သည်။

ဝူးတင်၏နောက်မှ ချိုယင်းဝေ လိုက်ပါသွားပြီး စုထိုက်ဆရာတော်က နောက်ဆုံးမှ လိုက်ပါသွားလေသည်။

ထိုစင်္ကြံလမ်းသည် အတန်ငယ်ရှည်လျားသည့်အပြင် မှောင်မိုက်၍လည်း နေပေသည်။

စင်္ကြံလမ်းကွေ့ သုံးခုမျှ ဖြတ်ကျော်ပြီးသောအခါ သူတို့၏ရှေ့တွင် တံခါးတစ်ချပ် ပိတ်ထားသည်ကို တွေ့လိုက်ရလေသည်။

ရုပ်ဆိုးဘုန်းကြီးက ထိုတံခါးချပ်ကို တွန်း၍ ဖွင့်လိုက်သည်နှင့် ပြင်ပမှ အေးစိမ့်သော လေက ချိုယင်းဝေတို့၏ မျက်နှာပေါ်သို့ တိုက်ခတ်လာလေသည်။

ထိုအေးမြသော လေနှင့်အတူ ထူးခြားသော အနံ့အသက်များ ပါရှိလာလေသည်။

ချိုယင်းဝေက ရုပ်ဆိုးဘုန်းကြီးအား လှမ်း၍. . .

"ကျုပ်တို့ အခု ဘယ်သွားကြမှာလဲ"

ဟု မေးလိုက်လေသည်။

ရုပ်ဆိုးဘုန်းကြီးက ချိုယင်းဝေထံသို့ လှည့်ကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေ၏ အမေးစကားကို ဖြေကြားရန် ဟန်ပြင်လိုက်သော ဦးတင်က ဝင်ရောက်၍. . .

"ကျုပ်တို့ ကျောင်းမှာရှိတဲ့ ဘုန်းကြီးတွေရဲ့ အရိုးအိုးကို မြို့ပြင်မှာ ထားတယ်"

ချီယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး. . .

"ဒါဆို ကျုပ်တို့ အခု မြို့ပြင်သွားမလို့ပေါ့ ဟုတ်လား"

ရှုပ်ဆိုးဘုန်းကြီးက လေသံပြတ်ပြတ်ဖြင့်. . .

"ဟုတ်တယ်"

ဟု ပြောလိုက်လေသည်။

စုထိုက်ဆရာတော် ရှေ့သို့တိုးလာပြီး. . .

"အခု မြို့ပြင်တံခါးမှ မဖွင့်သေးဘဲ မိုးလင်းမှ သွားရင် မကောင်းဘူးလား"

ဟု ဝင်ရောက်၍ ပြောလိုက်လေသည်။

ရှုပ်ဆိုးဘုန်းကြီးက တံခါးအပြင်ဘက်မှ ကောင်းကင်ကို မော့၍ ကြည့်လိုက်ပြီး. . .

"မိုးလင်းခါနီးပါပြီ၊ ခဏနေရင် တံခါးဖွင့်တော့မှာပါ"

ဟု ပြောဆိုလိုက်လေသည်။

စုထိုက်ဆရာတော်သည် ရှုပ်ဆိုးဘုန်းကြီး၏စကားကို သဘောမကျဟန်ဖြင့် တစ်စုံတစ်ရာကို ပြန်လည်ပြောဆိုရန် ဟန်ပြင်လိုက်လေသည်။

သို့သော်. . .

သူသည် မိမိပြောမည့် စကားများကို ပြန်လည် မျိုသိပ်လိုက်ပြီး ဘာမျှမပြောတော့ဘဲ ငြိမ်သက်စွာ နေလိုက်မိပေ၏။



ထိုစဉ် ရုတ်တရက် သူတို့အနီးသို့ လူရိပ်တစ်ရိပ် ရောက်ရှိလာလေတော့သည်။

* * *

သူတို့အနီးသို့ရောက်ရှိလာသော လူရိပ်သည် ယုပါဟုန်ပင်ဖြစ်ပါသည်။

ယုပါဟုန်သည် သူတို့ကို တစ်ချက်မျှခြုံ၍ ကြည့်လိုက်ပြီးချီယင်းဝေအား လှမ်း၍. . .

"ရှင်က ဒီရောက်နေတာကိုး"

ဟု ပြောဆိုလိုက်လေသည်။

သူမ၏လေသံသည် ချီယင်းဝေကို အပြစ်တင်သော လေသံဖြစ်သော်လည်း ချီယင်းဝေအတွက် စိတ်ပူပန်နေကြောင်း ပေါ်လွင်နေပေသည်။

ချီယင်းဝေက ယုပါဟုန်ကို ပြုံးပြလိုက်ပြီး. . .

"ခင်ဗျား ဘာလာလုပ်တာလဲ"

ဟု ပြောလိုက်လေသည်။ ယုပါဟုန်က. . .

"ရှင်ထွက်သွားပြီး ပြန်မလာလို့ လိုက်လာတာ"

ချီယင်းဝေက သဘောကျစွာ ပြုံးလိုက်ပြီး. . .

"ဘာလဲ၊ ခင်ဗျားက ကျုပ်ကိုစိတ်ပူလို့ လိုက်လာတာလား"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေ၏စကားကြောင့် ယုပါဟုန်သည် အနည်းငယ် ကွဲပြီးတို့သွားပြီး. . .

"ရှင့်ဘာသာရှင် သချိုင်းသွားသွား၊ ကျွန်မ စိတ်ပူစရာ မလိုဘူး"

ဟု နှုတ်လှန်ထိုးလိုက်လေသည်။

ထိုစဉ် စုထိုက်ဆရာတော်က ဝင်ရောက်၍. . .

"တကာမလေးက ဘယ်သူတုန်း"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက. . .

"သိုင်းလောကရဲ့အလှဆုံး ဆယ်ယောက်ထဲမှာ တစ်ယောက်အပါဝင်ဖြစ်တဲ့ ယုပါဟုန်ဆိုတာ သူပဲပေါ့"

ယုပါဟုန်ကိုယ်စား ဝင်ရောက်ဖြေကြားလိုက်လေသည်။

စုထိုက်ဆရာတော်က ယုပါဟုန်ကို ပြုံးပြလိုက်ပြီး. . .

"အင်း. . . တကာမလေးက နာမည်ကြီးသလောက် လှနေတာပါပဲလား"

ယုပါဟုန်သည် ယခုကဲ့သို့ မိမိကိုချီးမြှောက်ပြောဆိုခြင်း ခံလိုက်ရသောကြောင့် အနည်းငယ်ရှက်၍သွားပြီး ဦးခေါင်းငုံ့ကာ. . .

"ကျေးဇူးတင်ပါတယ်"

စုထိုက်ဆရာတော်က ချိုယင်းဝေနှင့်ယုပါဟုန်ကို တစ်လှည့်စီ ကြည့်လိုက်ပြီး. . .

"ဒါနဲ့ ဒကာလေးတို့က ဘာတော်သလဲ"



ဟု စပ်စုလိုက်လေသည်။

ယခုတစ်ကြိမ်တွင် ယုပါဟုန်က ချိုယင်းဝေထက်ဦး၍

"ကျွန်မတို့ ရိုးရိုးမိတ်ဆွေတွေပါပဲ"

ဟု ပြောလိုက်လေသည်။

စုထိုက်ဆရာတော်က အနည်းငယ်ပြုံးလိုက်ပြီး. . .

"ဒါနဲ့ အခု ဒကာမလေးက ဘယ်သွားမလို့လဲ"

ယုပါဟုန်က စုထိုက်၏အမေးကို မဖြေဘဲ. . .

"ဆရာတော်တို့ကကော ဘယ်သွားမလို့လဲ"

ဟု ပြန်လည်မေးလိုက်လေသည်။

စုထိုက်ဆရာတော်က ယုပါဟုန်၏အမေးစကားကို ပြန်လည်ဖြေကြားခြင်းမပြုဘဲ ချိုယင်းဝေဘက်သို့လှည့်၍ ကြည့်လိုက်လေသည်။

ချိုယင်းဝေက စုထိုက်ဆရာတော်ကို လှည့်၍ကြည့်ရှုလိုက်သဖြင့် တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဆုံသွားလေသည်။

ပြီးမှ ချိုယင်းဝေက ရှေ့သို့ လှမ်းထွက်လိုက်ပြီး ယုပါဟုန်၏လက်မောင်းကို ကိုင်ကာ. . .

"ခင်ဗျား အရင်ပြန်နှင့်ပါ၊ ကျုပ်က ဆရာတော်နဲ့ တစ်နေရာသွားစရာ ရှိသေးတယ်၊ ပြီးမှ ပြန်လာမယ်"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်က မျက်မှောင်အနည်းငယ်ကြုတ်၍ ချိုယင်းဝေတို့ကို တစ်ချက်မျှဝေ့၍ အကဲခတ်ကြည့်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ကျွန်မသွားတော့မယ်"

ဟုပြောကာ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

ယုပါဟုန်၏အရိပ် ကွယ်ပျောက်သွားသည့်အခါမှ ဓ
ထိုက်ဘုန်းကြီးက ချီယင်းဝေကို စူးစိုက်ကြည့်လိုက်ပြီး. . .

"ဒကာလေးက ပေးထားတဲ့ကတိကို မေ့သွားတယ်ထ
တယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး. . .

"တပည့်တော်က ယုပါဟုန်ကို ပြောပြခဲ့တယ် ထင်
လား"

ဟု ဆရာတော်ကို ပြန်မေးလိုက်လေသည်။

စုထိုက်ဆရာတော်က. . .

"ဒါဖြင့် ဘာဖြစ်လို့ သူက လိုက်လာရတာလဲ"

ချီယင်းဝေက မိမိ၏ပခုံးကို တစ်ချက်တွန့်လိုက်ရင်း. . .

"သူဘာဖြစ်လို့ လိုက်လာရတယ်ဆိုတာကို သူပြော
သားပဲ"

စုထိုက်ဆရာတော်သည် ချီယင်းဝေကို အတန်ကြာ
အောင် စူးစိုက်ကြည့်နေသော်လည်း နောက်ထပ် ဘာမျှမပြော
တော့ချေ။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် စကားမပြော
ဘဲ အတန်ကြာအောင် တစ်ယောက်ကိုတစ်ယောက် နား
လည်နိုင်စွာ ကြည့်နေကြလေသည်။



တိတ်ဆိတ်မှုသည် သူတို့နှစ်ဦး၏ကြား၌ ပိုမို၍ ကြီးမား
လာသည်ဟု ထင်ရမိပေသည်။

ထို့နောက် စုထိုက်သည် ချာကနဲလှည့်ကာ ထိုနေရာမှ
ဆက်လက် ထွက်ခွာသွားလေတော့သည်။

ချီယင်းဝေသည် စုထိုက်ဆရာတော်၏ နောက်ကျော
ကိုတစ်ချက်ကြည့်ကာ မိမိပခုံးနှစ်ဘက်ကို တွန့်လိုက်ပြီး စုထိုက်
ဆရာတော်၏နောက်မှ လိုက်ပါသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အရုဏ်ဦး၏ရောင်ခြည်သည် ကမ္ဘာပေါ်တွင် စတင်ဖြန့်ကြက်စ ပြုလာပြီဖြစ်ပါသည်။

ထိုအရုဏ်ဦး၏ ရောင်ခြည်အောက်၌ ချိုယင်းဝေတို့သည် မြို့တံခါးဝသို့ ရောက်ရှိလာကြလေသည်။

အရုဏ်ဦး၏ ရောင်ခြည်နှင့်အတူ တံခါးစောင့်များသည် စတင်လှုပ်ရှားလာပြီး မြို့ရိုးတံခါးကို ဖွင့်လှစ်နေပြီ ဖြစ်ပါသည်။

အနီးအနား ကျေးရွာများမှ ဈေးရောင်းဈေးဝယ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နေသူများသည်လည်း ဖွင့်ထလာသော မြို့ရိုးတံခါးမှ တောင်းကြီးဟောင်းငယ် အသွယ်သွယ်ဖြင့် စတင် ဝင်ရောက်လာပြီ ဖြစ်ပါသည်။



တံခါးစောင့်များသည် စုထိုက်ဆရာတော်အား မှတ်မိသဖြင့် လှမ်း၍နှုတ်ဆက်စကား ဆိုကြလေသည်။

စုထိုက်ဆရာတော်ကလည်း ပြန်လည်၍ နှုတ်ဆက်လိုက်ပြီး မြို့ရိုးတံခါးမှ ထွက်ခွာသွားလေတော့သည်။

မကြာမီ သူတို့သည် တောင်ကုန်းတစ်ခုသို့ ရောက်ရှိလာလေသည်။

ထိုတောင်ကုန်းသို့ ရောက်လာသောအခါ တောင်ခြေ၌ ကျောက်ပြားတစ်ခု စိုက်ထူထားသည်ကို ချိုယင်းဝေက မြင်တွေ့လိုက်ရပြီး ထိုကျောက်ပြားပေါ်၌ 'အခွင့်မရှိ မဝင်ရ'ဟု ရေးသားထားလေသည်။

စုထိုက်ဆရာတော်က ကျောက်ပြား၏အနီးတွင် ရပ်လိုက်ပြီး ချိုယင်းဝေဘက်သို့ လှည့်ကာ. . .

"ဟောဒီတောင်ကုန်းဟာ အရိုးအိုးထားတဲ့နေရာပဲ"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းညိတ်ပြလိုက်ပြီး တောင်ကုန်းပေါ်သို့ လှမ်းကြည့်လိုက်လေသည်။

တောင်ကုန်းပေါ်သို့တက်ရန် ကျောက်လှေကားတစ်ခုရှိပြီး ထိုလှေကားထစ်များ၏အဆုံး၌ အတန်ငယ် ကျယ်ပြန့်သော ဂူကွက်လပ်တစ်ခုရှိကာ ထိုကွက်လပ်၌ မြေအိုးများ အစီအရီရှိလေသည်။

ထိုမြေအိုးများသည် မြေကြီးထဲသို့ တစ်ဝက်ခန့်မြုပ်ထားပြီး မြေပေါ်၌ တစ်ဝက်ခန့်ပေါ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်ခန့်ပေါ်နေသော မြေအိုး၏အပိုင်းတွင် ဘွဲ့အမည်များ ရေးထိုးထားလေသည်။

ချီယင်းဝေတို့သည် ကျောက်လှေကားအတိုင်း တက်လာပြီး မြေကွက်လပ်သို့ ရောက်သောအခါ ချီယင်းဝေက အရိုးအိုးများကို တစ်ချက်ငေးကြည့်လိုက်လေသည်။

ထို့နောက် သူသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး. . .

"အရိုးအိုးတွေ ဒီလောက်များတာ တုဟူးရဲ့အရိုးအိုးကို ဘယ်လိုတွေ့နိုင်မှာလဲ"

ရုပ်ဆိုးဘုန်းကြီးက. . .

"ကျုပ်နောက် လိုက်ခဲ့ပါ"

ဟု ပြောပြီး ညာဘက်သို့ကွေ့ကာ လျှောက်သွားသေသည်။

အတန်ငယ် လျှောက်သွားပြီးနောက် ရုပ်ဆိုးဘုန်းကြီးကမြေအိုးတစ်လုံးကို ညွှန်ပြလိုက်ပြီး. . .

"အဲဒါ တုချမ်းရဲ့အရိုးအိုးပဲ"

ဟု ပြောလိုက်လေသည်။

စုထိုက်ဆရာတော်က. . .

"အဖုံး ဖွင့်ပြလိုက်ပါ"

စုထိုက်ဆရာတော်၏စကား ဆုံးသည်နှင့် ရုပ်ဆိုးဘုန်းကြီးက တုချမ်း၏အရိုးအိုးမှ အဖုံးကို ဖွင့်ပြလိုက်လေသည်။

ချီယင်းဝေက ရုပ်ဆိုးဘုန်းကြီးကို တစ်ချက်ပြုံးပြလိုက်ပြီး



အရိုးအိုးထဲကို ငုံ့ကြည့်လိုက်လေသည်။

အရိုးအိုးများထဲ၌ အရိုးများ ရှိနေပေသည်။

ချီယင်းဝေက. . .

"ဒါ တုချမ်းရဲ့အရိုးစုလား"

ဟု မေးလိုက်လေသည်။

စုထိုက်ဆရာတော်က. . .

"တုချမ်းရဲ့အရိုးစု မဟုတ်ဘူးလို့ ဒကာလေးက ထင်လို့လား"

ဟုမေးလိုက်ပြီး ရုပ်ဆိုးဘုန်းကြီးအား. . .

"ကဲ. . . သူ့ကို အရိုးစုတွေ ထုတ်ပြလိုက်ပါ"

ဟု တဆက်တည်း ပြောလိုက်လေသည်။

ချီယင်းဝေက. . .

"ကိစ္စ မရှိပါဘူး၊ ကျွန်တော့်ဘာသာကျွန်တော် ထုတ်ကြည့်ပါ့မယ်"

ဟု ပြောလိုက်ပြီး တုချမ်း၏အရိုးစုများကို ထုတ်ယူ၍ သေချာစွာ အကဲခတ်ကြည့်လိုက်လေသည်။

သို့သော် မည်သည့်ထူးခြားမှုမျှ မတွေ့ရချေ။

ချီယင်းဝေသည် စိတ်ပျက်ဟန်ဖြင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

စုထိုက်ဆရာတော်က ချီယင်းဝေကို မျက်ခုံးပင့်၍ ကြည့်ရင်း. . .

"ဘယ့်နှယ်လဲ. . . ဘာထူးခြားတာ တွေ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး. . .

"ဘာမှ မတွေ့ဘူး"

စုထိုက်ဆရာတော်က. . .

"ဒါဖြင့် ကျုပ်တို့ တုဟူးရဲ့အရိုးအိုးကို ကြည့်ကြသေးတာပေါ့"

ဟု ပြောလိုက်လေသည်။

ထိုအချိန်တွင် မိုးစင်စင် လင်းနေပြီ ဖြစ်သဖြင့် ဝူးတင်သည် မိမိ၏လက်ထဲမှ မီးအိမ်ကို ငြိမ်းသတ်လိုက်လေသည်။

ထို့ကြောင့် တုဟူး၏အရိုးအိုး ရှိရာသို့သွားရောက်နေချိန်တွင် ဝူးတင်သည် တုချမ်း၏အရိုးအိုးထားရှိရာ နေရာ၌ ကျန်ရစ်ခဲ့လေသည်။

ထိုစဉ် ရုတ်တရက် ဝူးတင် မျက်လုံးများသည် လျှပ်တပြက် လူပ်ရှားသွားသော အစိမ်းရောင်အရိပ်တစ်ရိပ် မြင်တွေ့လိုက်ရလေသည်။

သို့ဖြစ်၍ ဝူးတင်သည် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး အစိမ်းရောင်အရိပ် မြင်တွေ့လိုက်သော နေရာသို့ သေချာစွာကြည့်လိုက်လေသည်။

သို့သော် သူသည် မည်သည့် လှုပ်ရှားမှုကိုမျှ မတွေ့ရတော့ချေ။

ထိုစဉ် ရုတ်တရက် ဝူးတင်၏ပခုံးပေါ်သို့ လက်တစ်ဘက် ကျရောက်လာတော့သည်။

* * *



ဝူးတင်သည် ရုတ်တရက် ထိတ်လန့်တုန်လှုပ်သွားပြီး မိမိလက်ထဲမှ မီးအိမ်ကို လွှတ်ချလိုက်လေသည်။

ပြီးမှ သူသည် မိမိ၏ ပခုံးသို့ လာရောက်ဆုပ်ကိုင်သော သက်ပိုင်ရှင်ကို လှည့်ကြည့်လိုက်လေသည်။

စုထိုက်ဆရာတော် ဖြစ်နေကြောင်း တွေ့ရမှ စိတ်သက်သာသွားဟန်ဖြင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

စုထိုက်ဆရာတော်က. . .

"ဘာဖြစ်လို့ ဒီလောက်တောင် ထိတ်လန့်နေရတာလဲ"

ဟု မေးလိုက်လေသည်။

ဝူးတင်က အစိမ်းရောင်လူရိပ် မြင်တွေ့လိုက်ရသော နေရာသို့ ညွှန်ပြလိုက်ပြီး. . .

"လူရိပ်တစ်ခု မြင်တွေ့လိုက်ရလို့ပါ"

ထိုစဉ် သူတို့နှစ်ဦး အနီးသို့ ချိုယင်းဝေ ရောက်လာလေသည်။

စုထိုက်ဆရာတော်က မျက်မှောင်အနည်းငယ် ကြုတ်လိုက်ပြီး. . .

"လူရိပ်တွေ့တယ် ဟုတ်လား၊ ယောကျ်ားလား မိန်းမလား"

ဝူးတင်က. . .

"ဒါတော့ တပည့်တော်လဲ သေသေချာချာ မသိဘူး"

စုထိုက်ဆရာတော်က. . .

"မင်း လူရိပ်တွေ့တယ်ဆိုတာ ဟုတ်ကော ဟုတ်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ဝူးတင်က ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"ဟုတ်ပါတယ်၊ လူရိုင်းပါ"

စုထိုက်ဆရာတော်က. . .

"ကဲ. . . မင်းတွေ့တဲ့နေရာ သွားကြည့်ရအောင်"

ဟု ပြောပြီး ဝူးတင်ကို ခေါ်၍ ထိုနေရာသို့ ထွက်သွားလေတော့သည်။

သူတို့၏နောက်မှ ချီယင်းဝေနှင့် ရုပ်ဆိုးဘုန်းကြီး လိုက်ပါသွားလေသည်။

သူတို့သည် လူရိုင်းတွေ့သော နေရာတဝိုက်၌ ရှာဖွေကြသော်လည်း သက်ရှိသတ္တဝါ၏ အရိပ်အယောင်ကိုမျှပင် တွေ့ရခြင်း မရှိပေ။

ချီယင်းဝေက. . .

"ကဲပါ ကျုပ်တို့ တုဟူးရဲ့အရိုးကိုပဲ ကြည့်ရအောင်"

ဟု ပြောလိုက်ပြီး တုဟူး၏အရိုးအိုး ရှိရာသို့ ပြန်လည်လျှောက်လာကြလေသည်။

ထို့နောက် ရုပ်ဆိုးဘုန်းကြီးက တုဟူး၏အရိုးအိုးကို အဖုံးဖွင့်ပေးပြီး အထဲမှ အရိုးစုများကို ထုတ်၍ ပေးလိုက်လေသည်။

ချီယင်းဝေသည် တုဟူး၏ အရိုးများကို တစ်ခုစီ စစ်ဆေး၍ ကြည့်ရှုလေသည်။

သို့သော် မည်သည့်ထူးခြားမှုမျှ မတွေ့ရချေ။

ထိုစဉ် ရုပ်ဆိုးဘုန်းကြီးက တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ချီယင်းဝေနှင့် စုထိုက်ဆရာတော်ကို ကြည့်လိုက်ပြီး. . .



"ကျုပ် အခုမှ သတိရလာတယ်"

စုထိုက်ဆရာတော်က မျက်မှောင်ကလေးကြုတ်ကာ

"ဘာကို သတိရတာလဲ"

ရုပ်ဆိုးဘုန်းကြီးက. . .

"တုဟူးရဲ့ အလောင်းကို သင်္ဂြိုဟ်ပြီးတဲ့နောက်မှာ ကျုပ်ဆီကို စုဟိုက် ရောက်လာသေးတယ်"

ချီယင်းဝေသည် ရုပ်ဆိုးဘုန်းကြီး၏ စကားကြောင့် မျက်မှောင်ကြုတ်ကာ. . .

"သူက ဘာလို့ ရောက်လာရတာလဲ"

ရုပ်ဆိုးဘုန်းကြီးက. . .

"ပစ္စည်းတစ်ခု ရှာမလို့လို့ ပြောတာပဲ"

ချီယင်းဝေက. . .

"ဘာပစ္စည်းလဲ"

ရုပ်ဆိုးဘုန်းကြီးက ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ဒါတော့ ကျုပ်လဲ မသိဘူး"

စုထိုက်ဆရာတော်က. . .

"သူ ရှာလို့ တွေ့သွားသလား"

ရုပ်ဆိုးဘုန်းကြီးက ဦးခေါင်းခါယမ်းကာ. . .

"ဒါလဲ ကျုပ် မသိဘူး"

ချီယင်းဝေက စုထိုက်ဆရာတော်ကို လှမ်း၍ ကြည့်လိုက်ပြီး. . .

"စုဟိုက် ဘာပစ္စည်းရှာလာတာ ဖြစ်မလဲလို့ ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ထင်သလဲ"

စုထိုက်ဆရာတော်က. . .

"အဲဒီအကြောင်းကို သိတဲ့ လူတစ်ယောက်ပဲ ရှိတယ်"

ချီယင်းဝေက. . .

"ဒါဖြင့် အဲဒီအကြောင်းကို ဘယ်သူမှ သိမှာ မဟုတ်ဘူး"

စုထိုက်ဆရာတော်က တစ်ချက်ပြုံးလိုက်ပြီး. . .

"စုဟိုက် ကိုယ်တိုင်ပဲပေါ့"

ချီယင်းဝေက. . .

"အင်း. . . စုဟိုက်လာရှာတဲ့ပစ္စည်းဟာ အလွန်အရေးကြီးတဲ့ ပစ္စည်းပဲ ဖြစ်ရမယ်၊ နောက်ပြီး မီးဒဏ်ကို ခံနိုင်တဲ့ ပစ္စည်းဖြစ်ရမယ်၊ ဒါကြောင့် စုဟိုက်လာရှာတဲ့ ပစ္စည်းဟာ ရိုကျင်ကျင်ကျမ်းစာတော့ မဟုတ်နိုင်ဘူး"

ဟု ပြောလိုက်လေသည်။

စုထိုက်ဆရာတော်က မဲ့ပြုံးပြုံးကာ. . .

"ဒီလိုဆိုရင် ဘယ်လို အရေးကြီးတဲ့ ပစ္စည်းမျိုးလို့ ဒကာလေး ထင်သလဲ"

ချီယင်းဝေက မိမိပခုံးနှစ်ဘက်ကို တွန့်ကာ. . .

"ဘယ်လို အရေးကြီးတဲ့ပစ္စည်း ဖြစ်မလဲဆိုတာ ဆရာတော်က ပိုပြီးသိမှာပေါ့"

ဟု ပြောလိုက်လေသည်။

စုထိုက်ဆရာတော်သည် ချီယင်းဝေ၏စကားကို မည်သို့မျှ ပြန်လည်ဖြေကြားခြင်း မပြုဘဲ ငြိမ်သက်၍နေပေသည်။



ချီယင်းဝေက. . .

"ဒါနဲ့ ဆရာတော်တို့ကျောင်းမှာ ရိုကျင်ကျင် ကျမ်းစာလို တန်ဖိုးရှိတဲ့ တခြားပစ္စည်းတွေ ပျောက်တာ မရှိဘူးလား"

စုထိုက်ဆရာတော်က. . .

"အခုအချိန်ထိတော့ ဘာမှမကြားသေးပါဘူး၊ ကဲ ဒကာလေး တုဟူးရဲ့အရိုးအိုးကို ကြည့်ပြီးပြီလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ကြည့်ပြီးပါပြီ"

စုထိုက်ဆရာတော်က. . .

"ဘာထူးခြားတာ တွေ့သေးလဲ"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းပြလိုက်ရင်း. . .

"မတွေ့ပါဘူး၊ ထူးထူးခြားခြား ဘာမှ မတွေ့ဘူး"

"ကဲ. . . ဒါဆို ကျုပ်တို့ ကျောင်းကို ပြန်သွားကြရအောင်"

ချီယင်းဝေက သဘောတူဟန်ဖြင့် ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

ထို့နောက် သူတို့သည် ထိုနေရာမှ တရွေ့ရွေ့ ထွက်ခွာသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



စုထိုက်ဘုန်းကြီးကျောင်းသို့ ချိုယင်းဝေတို့ ပြန်လည်ရောက်ရှိသောအခါ ကိုရင်လေးတစ်ပါးက စုထိုက်ဆရာတော်ကို ဆီး၍ ကြိုဆိုနေသည်ကို တွေ့လိုက်ရပေသည်။

ကိုရင်လေးက စုထိုက်ဆရာတော်ကို မြင်လိုက်ရသည်နှင့် ကျောင်းအဝင်ဝမှ ပြေးဆင်းလာပြီး စုထိုက်ဆရာတော်အား လက်နှစ်ဘက်ဆုပ်၍ ဂါရဝပြုလိုက်ပြီး. . .

"ဆရာတော်ကို ဧည့်သည်တစ်ယောက်က တွေ့ချင်လို့ စောင့်နေပါတယ်"

စုထိုက်ဆရာတော်သည် ဦးခေါင်းကို ညိတ်ပြလိုက်ပြီး

"ဧည့်သည်က ဘယ်မှာလဲ"

ဟု မေးလိုက်လေသည်။

"ဘုရားဝတ်ပြုတဲ့ အခန်းမှာပါ"

ကိုရင်လေးက ပြန်လည်ဖြေကြားလိုက်သဖြင့် စုထိုက်ဆရာတော်က အံ့အားသင့်သွားဟန်ဖြင့်. . .

"ဟုတ်လား. . . ဧည့်သည်က ဘယ်အရွယ်လောက် ရှိပြီလဲ"

ကိုရင်က. . .

"အသက် ၂၀ ကျော်လောက်ပဲ ရှိမယ်လို့ ခန့်မှန်းလို့ရပါတယ်"

စုထိုက်ဆရာတော်က ဦးခေါင်းကို ညိတ်လိုက်ပြီး. . .

"ကောင်းပြီလေ၊ ကျုပ်သွားတွေ့လိုက်ပါ့မယ်"

ထို့နောက် စုထိုက်ဆရာတော်သည် ချိုယင်းဝေဘက်သို့



လှည့်လိုက်ပြီး. . .

"ကိုင်း ကျုပ်ဧည့်သည်ကို သွားတွေ့လိုက်ဦးမယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက စုထိုက်ဆရာတော်ကို လက်နှစ်ဘက်ဆုပ်၍ ဂါရဝပြုလိုက်ပြီး. . .

"တပည့်တော်လဲ ပြန်လိုက်ပါဦးမယ်"

ဟု ပြောလိုက်လေသည်။

စုထိုက်ဆရာတော်က. . .

"ကောင်းပြီလေ"

ဟု ပြောကာ ချိုယင်းဝေအား နှုတ်ဆက်၍ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။

ချိုယင်းဝေသည် စုထိုက်ဆရာတော်အား ပြန်လိုက်ဦးမည်ဟု ပြောခဲ့သော်လည်း သူသည် ထိုနေရာမှ ထွက်ခွာသွားခြင်း မရှိပါ။

သူသည် ထိုနေရာမှ ထွက်ခွာမသွားသည့်အပြင် ထိုနေရာ၌ပင် အေးအေးဆေးဆေး ထိုင်နေလိုက်လေသည်။

ကိုရင်ကလေးသည် ချိုယင်းဝေ၏ အပြုအမူကြောင့် အံ့အားသင့်သွားပြီး. . .

"ဒကာကြီးက ပြန်မယ်ဆိုပြီး မသွားသေးဘူးလား"

ဟု စပ်စုလိုက်လေသည်။

ချိုယင်းဝေက ကိုရင်ကလေးကို မော့ကြည့်၍ ပြုံးပြလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"သွားမှာပါ၊ အခုတော့ မောလို့ ခဏထိုင်ပါရစေဦး"

ဟု ပြောလိုက်လေသည်။

ထိုစဉ် ချီယင်းဝေသည် မီမီတို့ဘက်သို့ လျှောက်လာနေသော နားထိုင်းဘုန်းကြီးကို လှမ်း၍မြင်တွေ့လိုက်ရလေသည်။

ထို့ကြောင့် သူသည် ထိုင်ရာမှ ထလိုက်ပြီး နားထိုင်းဘုန်းကြီးနှင့် စကားပြောရန် နားထိုင်းဘုန်းကြီးအား လှမ်း၍ပြုံးပြလိုက်လေသည်။

ထိုစဉ် ချီယင်းဝေ၏ အနီးသို့ အခြားကိုရင်တစ်ပါး ရောက်ရှိလာပြီး. . .

"ချီယင်းဝေဆိုတာ ဒကာကြီးလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ကိစ္စ ရှိလို့လား"

ဟု မေးလိုက်လေသည်။

ကိုရင်လေးက. . .

"ဆရာတော်က ဒကာကြီးကို ခေါ်ခိုင်းလိုက်တယ်"

ချီယင်းဝေက အံ့အားသင့်ဟန်ဖြင့် သူ၏မျက်ခုံးကို ပင့်တင်လိုက်ပြီး. . .

"ဆရာတော်က ခေါ်ခိုင်းလိုက်တယ် ဟုတ်လား"

ဟု သေချာစေရန် ထပ်မံမေးလိုက်လေသည်။

ကိုရင်လေးက. . .

"ဟုတ်တယ်"



ဟု ပြောကာ ဦးခေါင်းညိတ်ပြလိုက်လေသည်။

ချီယင်းဝေက နှုတ်ခမ်းကိုမဲ့၍ တစ်ချက်ပြုံးလိုက်ပြီး

"ဘာကိစ္စနဲ့ ခေါ်ခိုင်းတာလဲ ကိုရင် သိသလား"

ကိုရင်လေးက. . .

"ဧည့်သည်က ဒကာကြီးကို တွေ့ချင်လို့တဲ့"

ကိုရင်လေး၏စကားကြောင့် ချီယင်းဝေ၏မျက်ခုံးမွှေးများသည် အပေါ်သို့ မြင့်တက်သွားပြီး အံ့ဩဟန်ဖြင့် ကိုရင်လေးကို ကြည့်လိုက်လေသည်။

ပြီးမှ. . .

"ဘယ်က ဧည့်သည်လဲ"

ဟု မေးလိုက်လေတော့သည်။

ကိုရင်လေးက. . .

"ဒါတော့ ကျုပ်လဲ မသိဘူး"

ဟု ပြော၍ လှည့်ထွက်သွားလေတော့သည်။

ချီယင်းဝေသည် မီမီ၏ပခုံးကို ဟန်ပါပါ တစ်ချက်တွန့်လိုက်ပြီး ကိုရင်လေး နောက်မှ လိုက်ပါသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေသည် မိမိအား တွေ့လိုသည်ဆိုသော ဧည့်သည်ကို မြင်လိုက်သည်နှင့် တပြိုင်တည်း အံ့သြသွားပြီး နှုတ်မှ

"စူးခုံးယက်"

ဟု ရေရွတ်လိုက်မိလေတော့သည်။

သူသည် ဤနေရာ၌ စူးခုံးယက်ကို တွေ့ရလိမ့်မည်ဟု မမျှော်လင့်မထားချေ။

သို့ဖြစ်၍ မိမိ မထင်မှတ်သော နေရာ၌ စူးခုံးယက်အား တွေ့ရှိလိုက်သောအခါ ချိုယင်းဝေ အံ့အားသင့်သွားသည် မဟုတ်ပါလော။

စူးခုံးယက်က ချိုယင်းဝေကို ပြုံးပြလိုက်ပြီး. . .

"မင်း ဒီကိုရောက်နေတာ ကြာပြီလား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက. . .

"ကြာပြီ"

စူးခုံးယက်က ပြုံးလိုက်ပြီး. . .

"စပ်စုတယ်လို့တော့ မထင်ပါနဲ့၊ ခင်ဗျားဒီကို ဘာကိစ္စနဲ့ လာတာလဲ၊ အကူအညီလိုရင် ပြောပါ"

ချိုယင်းဝေက. . .

"မလိုပါဘူး၊ ကျုပ် ဒီကို လာတာ ခင်ဗျားကို ရှာဖို့ပဲ"

ချိုယင်းဝေ၏စကားကြောင့် စူးခုံးယက်သည် အံ့သြဟန်ဖြင့် မျက်ခုံးတစ်ချက် ပင့်တင်လိုက်ပြီး. . .

"ဘာ. . . ကျုပ်ကို ရှာဖို့ ဟုတ်လား"



ချိုယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဟုတ်တယ်၊ ကျုပ် ခင်ဗျားကို လိုက်ရှာနေတာ"

စူးခုံးယက်က အံ့သြဟန်ဖြင့်. . .

"ကိစ္စ အထူးရှိလို့လား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက. . .

"ကျုပ်ကိစ္စ နောက်မှ ပြောတာပေါ့၊ အခုတော့ ကျုပ်က ခင်ဗျားကို မေးရဦးမယ်"

စူးခုံးယက်က တစ်ချက်ပြုံးလိုက်ပြီး. . .

"မေးပါ၊ ခင်ဗျား ဘာသိချင်တာလဲ"

ချိုယင်းဝေက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီး. . .

"ခင်ဗျား ဒီကို ဘာကိစ္စနဲ့ လာတာလဲ"

ဟု မေးလိုက်လေသည်။

စူးခုံးယက်က တစ်ချက်ပြုံးလိုက်ပြီး. . .

"အရင်တစ်ခေါက်လာတုန်းက ကျုပ်ဓားကို ကျောင်းထိုင်ဆီမှာ အပ်ထားခဲ့တယ်လေ၊ အဲဒါ လာယူတာ"

စူးခုံးယက်၏စကားကြောင့် ချိုယင်းဝေသည် အံ့အားသင့်ဟန်ဖြင့် စုထိုက်ဆရာတော်ကို လှမ်း၍ ကြည့်လိုက်လေသည်။

စုထိုက်ဆရာတော်ကလည်း အံ့အားသင့်သော အမူအရာဖြင့် ချိုယင်းဝေကို လှမ်း၍ ကြည့်လိုက်လေသည်။

ထို့နောက် ချိုယင်းဝေက စူးခုံးယက်ကို အတန်ကြာ

www.burmeseclassic.com

www.burmeseclassic.com



အောင် စူးစိုက်၍ ကြည့်လိုက်ပြီး. . .

"ဟာ ထူးဆန်းတယ် သိပ်ထူးဆန်းတာပဲ၊ သိုင်းသမား တစ်ယောက်က သူ့ရဲ့ဓားကို တခြားလူတစ်ယောက်ဆီမှာ အပ် ထားတယ်ဆိုတာ စဉ်းစားစရာပဲ"

ချီယင်းဝေ၏စကားကြောင့် စူးခုံးယက်သည် မျက်မှောင် ကြုတ်လိုက်ပြီး. . .

"ခင်ဗျားစကားက ကျုပ်ပြောတာကို မယုံသလိုပဲ"

ချီယင်းဝေက တစ်ချက်ရယ်မောလိုက်သည်။

သူ၏ရယ်မောသံသည် စူးခုံးယက်ကို လှောင်ပြောင်နေ သကဲ့သို့ ထင်မှတ်ရပေသည်။

သူသည် ရယ်မောလိုက်ပြီးမှ. . .

"ဘယ်တုန်းကမှ ဓားနဲ့ကိုယ်နဲ့ မခွာတဲ့လူက ဓားကို အပ် ထားတာ စဉ်းစားစရာ မကောင်းဘူးလား"

စူးခုံးယက်က နှုတ်ခမ်းကို မဲ့၍ ပြုံးပြလိုက်ပြီး. . .

"ခင်ဗျား ယုံယုံ မယုံယုံ၊ ကျုပ်ဂရုမစိုက်ဘူး"

ဟု ပြောလိုက်လေသည်။

ထိုစဉ် စုထိုက်ဆရာတော်က ဝင်ရောက်၍ စူးခုံးယက် အား. . .

"နေပါအုံး၊ ဒကာလေးက ဓားကို ဘာဖြစ်လို့ ထားခဲ့ တာလဲ"

စူးခုံးယက်က. . .

"အရင်တစ်ခေါက်က တပည့်တော် ချီယင်းဝေနဲ့ မယှဉ်



ပြိုင်ချင်လို့ ဓားကို အပ်ထားခဲ့တာပါ"

ချီယင်းဝေက ရုတ်တစ်ရက် ရယ်မောလိုက်ပြီး. . .

"ခင်ဗျားစကားကို ဘယ်သူယုံမှာလဲ"

စူးခုံးယက်က နှုတ်ခမ်းတွန့်၍ မဲ့လိုက်ပြီး. . .

"ကျုပ်ပြောတာ မယုံရင် ခင်ဗျား စုဟိုက်ကို မေးကြည့်"

ချီယင်းဝေက. . .

"အဲဒါကြောင့် ပိုပြီး မယုံရတာပေါ့"

စူးခုံးယက်က. . .

"ခင်ဗျားသက်သက်မဲ့ ကျုပ်ကို စော်ကားတာလား"

ချီယင်းဝေက. . .

"ခင်ဗျားကို စော်ကားနေတယ်လို့ ထင်လို့လား"

စူးခုံးယက်က. . .

"ဒါဖြင့် ဘာဖြစ်လို့ စုဟိုက်ကို သွားမမေးကြတာလဲ"

ချီယင်းဝေက. . .

"စုဟိုက်ကို သွားမေးလို့ သူက ဘာမှပြောနိုင်မှာမှ မဟုတ်ဘဲ"

စူးခုံးယက်က. . .

"သူက ဘာဖြစ်နေလို့လဲ"

ထိုစဉ် စုထိုက်ဆရာတော်က ဝင်ရောက်၍. . .

"စုဟိုက် ပျံလွန်တော်မူသွားပြီ"

စူးခုံးယက်က နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး. . .

"သူသေသွားတာနဲ့၊ ကျုပ်ဓားက ဆုံးရတော့မှာလား"

www.burmeseclassic.com

www.burmeseclassic.com



စုထိုက်ဆရာတော်က မျက်မှောင်ကြုတ်၍ ရှူးခုံးယက်ကို တစ်ချက်စိုက်ကြည့်လိုက်ပြီး. . .

"စုဟိုက် ပျံလွန်တော်မူတာကို မင်း မအံ့ဩပါလား"

ရှူးခုံးယက်က တစ်ချက်ပြုံးလိုက်ပြီး. . .

"လူဆိုတာ တစ်နေ့ သေရမယ့် လူတွေချည်းပဲ၊ ဒါအံ့ဩစရာလား"

စုထိုက် ဘာမျှ မပြောတော့ပါ။

သူသည် အတန်ကြာအောင် ရှူးခုံးယက်ကို စိုက်ကြည့်လိုက်ပြီး. . .

"ဒကာလေးကို ကျုပ်တစ်ခုမေးမယ်"

ရှူးခုံးယက်က ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"မေးပါ"

စုထိုက်ဆရာတော်က သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး

"ဒကာလေးက ဘာဖြစ်လို့ ကျုပ်တို့နောက်ကို လိုက်ချောင်းရတာလဲ"

ဟု မေးလိုက်လေသည်။

ရှူးခုံးယက်သည် စုထိုက်ဆရာတော်၏စကားကြောင့် မျက်နှာတစ်ချက် ကွက်ကနဲပျက်သွားပြီး ချက်ချင်းက္ကန္ဒြေဆည်ကာ. . .

"လိုက်ချောင်းတာ မဟုတ်ပါဘူး၊ လမ်းကြုံလို့ အဲဒီနားက ဖြတ်သွားတာပါ"

ချီယင်းဝေက ရုတ်တရက် ရယ်မောလိုက်ပြီး. . .



"လမ်းကြုံရင်လဲ အဲဒီတောင်ကုန်းပေါ်မှာတင် ဆရာတော်နဲ့ တွေ့လိုက်ပါတော့လား၊ ဘာဖြစ်လို့ ပုန်းလျှိုးကွယ်လျှိုးနဲ့ သွားရတာလဲ"

ချီယင်းဝေး၏စကားကြောင့် ရှူးခုံးယက်သည် ဒေါသဖြစ်ကာ. . .

"ခင်ဗျားစကားက ဘာစကားလဲ၊ ခင်ဗျားကို မင်းရီးယံလက်ထဲက ကယ်ခဲ့တဲ့ ကျေးဇူးကို ထောက်အုံးမှပေါ့"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး. . .

"အဲဒီ ကျေးဇူးကိုထောက်လို့ ခင်ဗျားဆင်ထားတဲ့ ထောင်ချောက်ထဲ ကျုပ်ဝင်တိုးမိတာပေါ့"

ဟု အံကြိတ်၍ ပြောလိုက်လေသည်။

ရှူးခုံးယက်က မိမိ၏မျက်ခုံးမွေးကို ပင့်တင်လိုက်ပြီး. . .

"ဘာ. . . ကျုပ်က ခင်ဗျားကို ထောင်ချောက်ဆင်တယ်ဟုတ်လား"

ဟုပြောကာ တဟားဟားဖြင့် ရယ်မောလိုက်လေသည်။

ချီယင်းဝေက မဲ့ပြုံးတစ်ချက်ပြုံးကာ. . .

"ဒါဖြင့် ဘာဖြစ်လို့ ခင်ဗျားက စုဟိုက်ဆီ ကျုပ်ကို စာပို့ခိုင်းရတာလဲ"

ရှူးခုံးယက်က တဟားဟား ရယ်မောလိုက်ပြီး. . .

"ကျုပ် စာပို့ခိုင်းတာ ထောင်ချောက်လား"

ချီယင်းဝေက. . .

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားစာက ထောင်ချောက် မဟုတ်ဘူးလို့ ဘယ်သူက ပြောမလဲ"

စူးခုံးယက်က တစ်ချက်ပြုံးလိုက်ပြီး...

"ကျုပ်က ပြောမယ်"

ချီယင်းဝေက နှုတ်ခမ်းမဲ့လိုက်ပြီး...

"ခင်ဗျားပြောတိုင်း ယုံရမှာလား"

စူးခုံးယက်က တစ်ချက်ရယ်မောကာ....

"ကျုပ်ရဲ့စာက ထောင်ချောက်ဆိုရင် ခင်ဗျားက ဘာဖြစ်လို့ ဒီမှာရှိနေရတာလဲ"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက ဘာမျှ ပြန်လည်မပြောတော့ပါ။

ထို့ကြောင့် သူသည် ပါးစပ်ပိတ်၍ နေလိုက်လေတော့သည်။

စုထိုက်သည် ချီယင်းဝေနှင့် စူးခုံးယက်တို့ အချီအချ ပြောနေသည်ကို ငြိမ်သက်စွာ နားထောင်နေရာမှ ချောင်းတစ်ချက်ဟန့်လိုက်ပြီး စူးခုံးယက်ကို လှမ်း၍...

"ကျုပ်တစ်ခု မေးဦးမယ်"

ဟု ပြောလိုက်လေသည်။

စူးခုံးယက်က စုထိုက်ဆရာတော်ကို လှည့်ကြည့်လိုက်ပြီး

"မေးပါ... မေးနိုင်ပါတယ်"

ဟု ပြောလိုက်လေသည်။

စုထိုက်ဆရာတော်က စူးခုံးယက်ကို စူးစိုက်ကြည့်ကာ



"ဒကာလေးက ဘာဖြစ်လို့ စုဟိုက်ကို သတ်လိုက်ရတာလဲ"

ဟု မေးလိုက်လေသည်။

ယင်းစကားကြောင့် စူးခုံးယက်သည် မျက်လုံးပြူးသွားပြီး မိမိ၏ပါးစပ်ကိုဟကာ စုထိုက်ဆရာတော်ကို ကြည့်ရင်း စကားမပြောနိုင်အောင် အံ့ဩသွားလေတော့သည်။

အတန်ကြာမှ စူးခုံးယက်သည် တံတွေးတစ်ချက် မျိုချလိုက်ပြီး...

"ဘာ... စုဟိုက်ကို ကျုပ်သတ်တယ် ဟုတ်လား"

ဟု ထပ်မံမေးလိုက်လေသည်။

စုထိုက်ဆရာတော်က ဦးခေါင်းကို ညိတ်ပြလိုက်လေတော့သည်။

စူးခုံးယက်က ရုတ်တရက် တဟားဟားရယ်မောလိုက်ပြီး စုထိုက်ဆရာတော်အား...

"ဘာအထောက်အထားနဲ့ ကျုပ်ကို စွပ်စွဲတာလဲ"

ဟု မေးလိုက်လေသည်။

စုထိုက်ဆရာတော်က စူးခုံးယက်ကို တည်ငြိမ်စွာ တစ်ချက်ကြည့်လိုက်ပြီး...

"စုဟိုက်သေတာ ဒကာလေးရဲ့ဓားနဲ့ပဲ"

ဟု ဖြည်းညင်းစွာ ရှင်းပြလိုက်လေသည်။

စူးခုံးယက်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

"ကျုပ်သတ်တာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ဟစ်လိုက်လေသည်။

စုထိုက်ဆရာတော်က. . .

"ဒကာလေး သူ့ကိုသတ်တယ် မသတ်ဘူးဆိုတာ ဘယ်သူမှမပြောနိုင်ဘူး။ ဒါပေမယ့်. . ."

စုထိုက်ဆရာတော်သည် သူ၏စကားကို ဆက်၍ ဆုံးအောင်မပြောဘဲ ရပ်တန့်ထားလိုက်ပြီး စူးခုံးယက်ကို အကဲခတ်၍ ကြည့်လိုက်လေသည်။ ပြီးမှ. . .

"ဒါပေမယ့် ဓားကတော့ ဒကာလေးရဲ့ဓားဆိုတာ လူတိုင်းက ဝန်ခံကြမှာပဲ"

စူးခုံးယက်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး. . .

"ဓားက ကျုပ်ဓားမဟုတ်ဘူးလို့ ငြင်းတာမှ မဟုတ်ဘဲ"

စုထိုက်ဆရာတော်က. . .

"စုဟိုက်က အဲဒီဓားနဲ့ သေရတာပဲ"

စူးခုံးယက်က. . .

"ကျုပ်ဓားနဲ့ သေရတာနဲ့ပဲ ကျုပ်သတ်တယ်လို့ ဆရာတော်က စွပ်စွဲတာလား"

စုထိုက်ဆရာတော်က အနည်းငယ် ပြုံးလိုက်ပြီး. . .

"ဒီကိစ္စကို ဒကာလေး အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့၊ လောလောဆယ်တော့ ဒကာလေး ဒီကျောင်းမှာ ခဏနေပါဦး"

စူးခုံးယက်က နှုတ်ခမ်း တစ်ချက်တွန့်၍ မဲ့ပြုံးပြုံးလိုက်ပြီး. . .



"ဘာလဲ. . . ဆရာတော်က တပည့်တော်ကို ဖမ်းချုပ်တဲ့သဘောလား"

စုထိုက်ဆရာတော်က. . .

"ဒါကတော့ ဒကာလေး ထင်ချင်သလိုထင်ပါ၊ အမှန်တရားဆိုတာ တစ်နေ့တော့ပေါ်လာမှာပဲ"

စူးခုံးယက်က ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်ပြီး. .

"စုဟိုက်ကို ကျုပ်သတ်တာမဟုတ်ဘူး၊ ကျုပ် ဒီကျောင်းမှာ နေစရာလဲမလိုဘူး။ ကျုပ်ဓားကို ပြန်ပေးပါ"

စုထိုက်ဆရာတော်က. . .

"ရွှေမှန်ရင်မီးစားခံတယ်တဲ့၊ မဟုတ်တာ မလုပ်တဲ့လူတစ်ယောက်ဟာ အစစ်အဆေးခံရမှာကို မကြောက်ဘူးကွဲ့"

ဟု ပြောလိုက်လေသည်။

ထို့နောက် စုထိုက်ဆရာတော်သည် ချီယင်းဝေဘက်သို့ လှည့်ကာ. . .

ကဲ. . . ဒကာလေး မင်းပြန်တော့၊ ပြီးတော့ အခန်းတံခါးကို ပိတ်လိုက်ပါ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မည်သို့မျှ စောဒကမတက်တော့ဘဲ စူးခုံးယက်ကိုကြည့်ပြီး မိမိ၏ပခုံးနှစ်ဘက်ကို တွန့်ပြကာ အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

ထို့နောက် ချီယင်းဝေသည် အခန်းတံခါးကို ဆွဲ၍ပိတ်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါး ပိတ်သွားပြီးသည်နှင့် မကြာမီအချိန်အတွင်းမှာပင် အခန်းထဲမှ တိုက်ခိုက်သံများကို ကြားလိုက်ရလေသည်။

ထိုစဉ် စုဟုန်၊ စုကျိန်၊ စုကျူးတို့ ရောက်လာပြီး ချီယင်းဝေရှေ့မှဖြတ်ကာ အခန်းတံခါးကိုတွန်းဖွင့်၍ ဝင်ရောက်သွားလေသည်။

သူတို့ ဝင်ရောက်သွားပြီးနောက် အခန်းထဲ၌ အသံများ တိတ်ဆိတ်သွားပြီး မကြာမီမှာပင် အခန်းတံခါး ပြန်လည်ပွင့်လာကာ သူတို့၏လက်ထဲ၌ စူးခုံးယက် ရုန်းကန်ရင်း လိုက်ပါလာသည်ကို ချီယင်းဝေ တွေ့လိုက်ရလေတော့သည်။

စူးခုံးယက်သည် တံခါးဝ၌ရပ်နေသော ချီယင်းဝေကို မြင်တွေ့လိုက်ရသည်နှင့်. .

"ချီယင်းဝေ မင်းကို ငါမိတ်ဆွေတစ်ယောက်လို အသိအမှတ်ပြုခဲ့တယ်၊ ဒါပေမယ့် မင်းက ငါဒုက္ခရောက်တာကို လက်ပိုက်ကြည့်နေနိုင်ရက်တယ်"

ဟု အော်ဟစ်ပြောလိုက်လေသည်။

ချီယင်းဝေက နံရံကိုမှီပြီး စူးခုံးယက်အား ပြုံးပြကာ. . .

"ဆရာတော်က မတရားမလုပ်ပါဘူး၊ မင်းမဟုတ်ဘူးဆိုရင် ပြန်လွှတ်မှာပါ"

ဟု ပြောလိုက်လေသည်။

ထိုစဉ် စုထိုက်ဆရာတော်သည် အခန်းဝမှ ပေါ်ထွက်လာပြီး ချီယင်းဝေအား. . .



"ကဲ. . . ဒကာလေးပြန်တော့၊ ကျုပ်တို့ စူးခုံးယက်ကို စစ်ဆေးလိုက်ဦးမယ်"

ချီယင်းဝေက လက်နှစ်ဘက်ကိုဆုပ်၍ စုထိုက်ဆရာတော်အား ဂါရဝပြုလိုက်ပြီး ထိုနေရာမှ လှည့်ထွက်သွားလေတော့သည်။

သူ၏နောက်ကျောမှ မိမိအား အော်ဟစ်ကြိမ်းမောင်းနေသော စူးခုံးယက်၏အသံက လိုက်ပါသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေ ဧည့်ခန်းထဲသို့ ဝင်ရောက်လိုက်သည်နှင့် ဧည့်ခန်းထဲ၌ ထိုင်နေကြသော တိမ်းရှူလေး၊ ယုပါဟုန်နှင့် ဟန်တိအိတို့သည် ဝမ်းသာအားရလေသံဖြင့်...

"ဟော...ချီယင်းဝေ ပြန်လာပြီ"

ဟု ပြိုင်တူ နှုတ်ဆက်လိုက်လေတော့သည်။

ချီယင်းဝေက မိမိလက်ထဲမှ စက္ကူပန်းများကို ယုပါဟုန်ထံ ကမ်းပေးလိုက်ရင်း...

"ခင်ဗျားတို့ ဘာတွေ တိုင်ပင်နေတာလဲ"

ဟု မေးလိုက်လေသည်။

တိမ်းရှူလေးက ပြုံးလျက်...



"ခင်ဗျားအကြောင်းကို တွေးနေတာ"

ဟန်တိအိကလည်း...

"ဟုတ်တယ်၊ ခင်ဗျားအကြောင်းတွေးနေတာ၊ ဒါနဲ့ ခင်ဗျား စုဟိုက်ဘုန်းကြီးကျောင်းမှာ ဘာဖြစ်ခဲ့သေးလဲ"

ချီယင်းဝေက ပြုံးလျက်...

"အင်း...ပြောပြရမယ်ဆိုရင် အရှည်ကြီးပဲ"

ဟန်တိအိ...

"ဘာလဲ ခင်ဗျားက ကျုပ်တို့ကို မပြောပြချင်လို့လား"

ထိုစဉ် တိမ်းရှူလေးက ဝင်ရောက်၍ ဟန်တိအိကို လက်ကာပြလိုက်ပြီး...

"ဖြည်းဖြည်းပေါ့ဗျာ၊ အခု သူဗိုက်ဆာလာရောပေါ့"

ချီယင်းဝေက ပြုံးလိုက်ပြီး...

"ဟုတ်တယ်၊ ခင်ဗျားပြောမှ ကျုပ်လဲ ဗိုက်ဆာလာပြီ၊ ဪ ဒါနဲ့ ကျုပ် စူးခုံးယက်ကို တွေ့ခဲ့တယ်"

ဟန်တိအိက သူ၏မျက်ခုံးကို ပင့်တင်လိုက်ပြီး...

"ဟုတ်လား၊ ဘယ်မှာတွေ့တာလဲ"

ယုပါဟုန်ကလည်း ချီယင်းဝေကို မော့ကြည့်ပြီး...

"အခု သူဒီမြို့မှာ ရှိနေသလား"

ဟု မေးလိုက်ကြလေသည်။

ချီယင်းဝေက ခေါင်းညိတ်ပြကာ...

"သူ ဒီမြို့မှာရှိနေရုံမကဘူး၊ ဘုန်းကြီးကျောင်းမှာ အဖမ်းခံနေရပြီ"

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေ၏စကားကြောင့် တိမ်းရှိုလေး၊ ယုပါဟုန်နှင့် ဟန်တိအိတို့သည် မျက်လုံးပြူးကျယ်သွားကြပြီး တဒင်္ဂမျှ ငြိမ်သက်သွားလေတော့သည်။

အချိန် အနည်းငယ်ကြာမှ ဟန်တိအိက. . .

"ဘာဖြစ်လို့ သူ့ကိုဖမ်းထားတာလဲ"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက. . .

"သူ့ကို လူသတ်သမားလို့ သံသယဖြစ်တာနဲ့ စစ်ဆေးဖို့ဖမ်းထားလိုက်တာပဲ"

ဟန်တိအိက မယုံကြည်နိုင်သောလေသံဖြင့်. . .

"ဘယ်လို ဖြစ်သွားရတာလဲဗျာ"

ဟု ညည်းညည်းညူညူလေး မေးလိုက်လေသည်။

ချိုယင်းဝေက သူ၏ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်ပြီး. . .

"ဒါတော့ ကျုပ်လဲ မသိဘူး"

ဟု ဖြေကြားလိုက်လေတော့သည်။

ထိုစဉ် တိမ်းရှိုလေးက ထိုင်ရာမှထလိုက်ပြီး. . .

"ကဲ. . . ကဲ. . . ဒီအကြောင်းတွေ နောက်မှ ပြောကြတာပေါ့။ လောလောဆယ် ခင်ဗျား တစ်ခုခုစားပါဦးဗျာ"

ဟုပြောပြီး ချိုယင်းဝေကို ထမင်းစားခန်းထဲသို့ ခေါ်ဆောင်သွားလေတော့သည်။

* * *



ထိုနေ့ ညနေချိန်ဖြစ်ပါသည်။

ညနေဆည်းဆာ၏ နေရောင်ခြည်အောက်၌ ချိုယင်းဝေ၊ ဟန်တိအိ၊ ယုပါဟုန်နှင့် တိမ်းဝေ့ကျူးတို့သည် ကာလျံမြို့ ခင်းလမ်းမပေါ်၌ လမ်းလျှောက်နေကြလေသည်။

ထိုစဉ် ရုတ်တရက် ဟန်တိအိသည် သစ်ပင်တစ်ပင်၏ နောက်ကွယ်သို့ ဝင်ရောက်ပုန်းအောင်းလိုက်လေသည်။

ယင်းအဖြစ်အပျက်ကြောင့် ယုပါဟုန်သည် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး ဟန်တိအိအား သံသယမျက်လုံးများနှင့် သုမ်းကြည့်လိုက်လေသည်။

ထိုစဉ် သူတို့၏အနီးသို့ လူငယ်တစ်ယောက် ရောက်ရှိလာပြီး သူတို့အား တစ်ချက် ဝေ့ကြည့်လိုက်လေသည်။

ပြီးမှ ထိုလူရွယ်သည် တိမ်းဝေ့ကျူးအား မေးတစ်ချက်ဆတ်ပြကာ. . .

"ခင်ဗျားတို့ မင်းသားလေး ဟန်တိအိကို တွေ့ခဲ့လား"

ဟု မေးလိုက်လေသည်။

ယုပါဟုန်က ထိုရွယ်ကို တစ်ချက်မျှ အကဲခတ်ကြည့်လိုက်သည်။

ယင်းသို့ကြည့်လိုက်သည်နှင့် ထိုလူရွယ်မှာ ယောကျ်ားလေးအသွင် ဟန်ဆောင်ထားကြောင်း သတိပြုလိုက်မိလေသည်။

ထို့ကြောင့် ယုပါဟုန်သည် အနည်းငယ် ပြုံးလိုက်ပြီး. . .

"ညည်းက ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်လည် မေးလိုက်လေသည်။

ယုပါဟုန်၏ အမေးကြောင့် ယောကျ်ားလေးဟန် ဆောင်ထားသော မိန်းကလေး၏မျက်နှာသည် နီရဲသွားပြီး. . .

"ကျုပ်က ဟန်တီအိကို လိုက်ရှာနေတာ"

ယုပါဟုန်က ပြုံးလျက် သူ၏ပခုံးနှစ်ဘက်ကို အသာ တွန့်ပြလိုက်ပြီး. . .

"သူ့ကို မတွေ့မိပါလား"

ယောကျ်ားလေးဟန်ဆောင်ထားသော မိန်းကလေးက မျက်ခုံးကို အနည်းငယ်ကုပ်လိုက်ပြီး. . .

"ခုနက သူ့ကို ဒီမှာတွေ့လိုက်တယ်၊ အခု ဘယ်ပြေး သွားသလဲ မသိဘူး"

ယုပါဟုန်က ပြုံးလျက်. . .

"အမြင်မှားတာ နေမှာပေါ့"

ယောကျ်ားလေး ဟန်ဆောင်ထားသော မိန်းကလေးက ဦးခေါင်းကို ခါယမ်းကာ. . .

"မဖြစ်နိုင်ဘူး"

ထိုစဉ် တိမ်ဝေ့ကျူးက ဝင်ရောက်၍. . .

"ဒါနဲ့ ညည်းနာမည်က ဘယ်လိုခေါ်သလဲ၊ ဘာဖြစ်လို့ ယောကျ်ားလေးလို ဟန်ဆောင်ထားရတာလဲ"

ယောကျ်ားလေး ဟန်ဆောင်ထားသော မိန်းကလေးက ယုပါဟုန်နှင့် တိမ်ဝေ့ကျူးတို့ကို တစ်ချက် အကဲခတ်ကြည့်လိုက် ပြီး. . .



"ရှင်တို့က ဘယ်သူလဲ၊ ရှင်တို့ ဘယ်သူမှန်းမသိဘဲ ကျွန်မနာမည်ကို ပြောရမှာလား"

တိမ်ဝေ့ကျူးက ပြုံးလိုက်ပြီး. . .

"ညည်းကို အကြောင်းကိစ္စတစ်ခုရှိလို့ တို့ကမေးတာပဲ၊ ဒါကြောင့် ညည်းဘယ်သူဆိုတာ တို့ကိုပြောမှ တို့ဘယ်သူဆိုတာ ညည်းကို ပြောနိုင်မှာပေါ့"

ယောကျ်ားလေး ဟန်ဆောင်ထားသော မိန်းကလေးက ယုပါဟုန်ကို တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး. . .

"ရှင် ယုပါဟုန် မဟုတ်လား"

ဟု မေးလိုက်သည်။

ယုပါဟုန်က မျက်ခုံးလေးပင့်ကာ. . .

"အလို့. . .ညည်းက ကျုပ်ကိုသိတယ် ဟုတ်လား"

ယောကျ်ားလေးဟန်ဆောင်ထားသော မိန်းကလေးက

"ကျွန်မ သိလို့တော့မဟုတ်ဘူး၊ ဒါပေမယ့် ကျွန်မ ထင် ရင်တော့ မှားခဲ့ပါတယ်"

ယုပါဟုန်သည် ထိုယောကျ်ားလေး ဟန်ဆောင်ထား သော မိန်းကလေးကို ကြည့်နေရာမှ ရုတ်တရက် သတိရလာ ပြီး. . .

"ညည်းက ကွမ်းတိ မဟုတ်လား"

ဟု မေးလိုက်လေသည်။

ယောကျ်ားလေး ဟန်ဆောင်ထားသော မိန်းကလေး သည် တစ်ချက်ပြုံးလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်မ ကွမ်းတိပဲ"

ကွမ်းတိသည် ဟန်တီအိနှင့် တစ်ချိန်တုန်းက ချစ်ခဲ့ဖူးသူဖြစ်၏။

ယုပါဟုန်ကို ဟန်တီအိက တွေ့မြင်ပြီးသည့်နောက်ပိုင်းတွင် ဟန်တီအိသည် ကွမ်းတိကို တဖြည်းဖြည်း ခွာထုတ်ခဲ့လေသည်။

သို့ဖြစ်၍ ကွမ်းတိသည် ဟန်တီအိနောက်သို့ လိုက်လာရခြင်း ဖြစ်ပါသည်။

ယုပါဟုန်က ကွမ်းတိကို ပြုံးပြလိုက်ပြီး. . .

"မင်း သူ့အတွက် မစိုးရိမ်ပါနဲ့၊ ဟန်တီအိ ဘယ်သွားမလဲဆိုတာ ငါသိတယ်"

ကွမ်းတိက. . .

"ဒါဖြင့် သူဘယ်မှာရှိသလဲ"

တိမ်းဝေ့ကျူးက. . .

"တကယ်လို့ ရှင်ဟာ ဟန်တီအိရဲ့မိတ်ဆွေဆိုရင် တို့နဲ့မိတ်ဆွေပဲပေါ့"

ယုပါဟုန်ကလည်း ဦးခေါင်းကိုညိတ်ကာ. . .

"ဟုတ်ပါတယ်၊ ညည်းက တို့ရဲ့မိတ်ဆွေပဲပေါ့၊ အိမ်ကိုလိုက်ပြီး အနားယူပါဦးလား"

ကွမ်းတိက ဦးခေါင်းကိုခါယမ်းပြလိုက်ပြီး. . .

"ကျွန်မ ဟန်တီအိကိုပဲ တွေ့ချင်ပါတယ်"

ယုပါဟုန်က ပြုံးလျက်. . .



"ဟန်တီအိက အိမ်မှာ တိမ်းရှုံလေးနဲ့အတူ ရှိနေပါတယ်"

ယုပါဟုန်၏စကားကြောင့် ကွမ်းတိ၏မျက်နှာသည် ဝမ်းသာဟန်ဖြင့် ဝင်းလက်သွားပြီး. .

"ဒါဖြင့် ရှင်တို့အိမ်ကို လိုက်လည်ရတာပေါ့"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူတို့သည် တိမ်းရှုံလေး၏နေအိမ်သို့ ဦးတည်၍ သွားကြလေတော့သည်။

ချိုယင်းဝေသည် မိန်းကလေးသုံးဦးအကြား၌ ဘာမှ ဝင်ရောက်စွက်ဖက်ခြင်းမရှိဘဲ သူတို့၏နောက်မှ လိုက်ပါသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ ပြန်ရောက်သည်နှင့်တိမ်းဝေ့ကျူးက ကွမ်းတိတို့ တိမ်းရှုံလေးနှင့် မိတ်ဆက်ပေးလိုက်လေသည်။

တိမ်းရှုံလေးက ကွမ်းတိကို သိကျွမ်းရသည့်အတွက် ဝမ်းသာကြောင်းပြောဆိုပြီး ဧည့်ခန်းထဲ၌ နေရာထိုင်ခင်း ပေးလိုက်လေသည်။

ထို့နောက် သူသည် တိမ်းဝေ့ကျူးတို့ကို တစ်ချက် ဝေ့ကြည့်လိုက်ကာ. . .

"ဟန်တိအိ ပါမလာပါလား၊ ဘယ်ကျန်နေသလဲ"

ဟု မေးလိုက်လေသည်။

ယုပါဟုန်က သူမ၏မျက်ခုံးကိုပင့်လျက်. . .

"အိမ်ပြန်မရောက်သေးဘူးလား"

ဟု ပြန်၍ မေးလိုက်လေသည်။

တိမ်းရှုံလေးက ဦးခေါင်းကို ခါယမ်းပြကာ. . .

"မရောက်သေးဘူး"

တိမ်းဝေ့ကျူးက. . .

"ကျွန်မတို့က သူ အိမ်ပြန်ရောက်နေပြီမှတ်လို့"

ကွမ်းတိက နေရာမှထလိုက်ရင်း. . .

"ကျွန်မလိုက်လာတာတွေ့လို့ ရှောင်သွားသလား မသိဘူး"

ဟု ဝင်ပြောလိုက်လေသည်။

ယုပါဟုန်က လက်ကာပြလိုက်ပြီး. . .

"ဟုတ်မယ် မထင်ပါဘူး၊ သူ့မှာ တခြားကိစ္စလေးတွေ့ လို့နေ့တာပါတယ်၊ တော်တော်ကြာ ပြန်လာမှာပေါ့"



တိမ်းဝေ့ကျူးကလည်း. . .

"ဟုတ်ပါတယ် ရှင် ဒီကသာစောင့်ပါ၊ သူပြန်လာပါလိမ့်မယ်"

ချိုယင်းဝေက ကွမ်းတိကို ပြုံးပြလိုက်ပြီး. . .

"ဟုတ်ပါတယ်၊ ညီမ ဒီကပဲစောင့်ပါ"

ဟု ဝင်ရောက်ပြောလိုက်လေသည်။

ကွမ်းတိသည် သူတို့အား ဘာမှပြန်မပြောတော့ဘဲ ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေသည်။

ချိုယင်းဝေက ရေနွေးကြမ်းတစ်ခွက်ငှဲ့ကာ ကွမ်းတိကို ကမ်းပေးလိုက်ရင်း. . .

"ဒါနဲ့ ညီမကို အစ်ကို တစ်ခုမေးပါရစေ"

ကွမ်းတိက ချိုယင်းဝေကို မော့ကြည့်လိုက်၍ ချိုယင်းဝေက ကမ်းပေးသော ရေနွေးကြမ်းပန်းကန်ကို လှမ်းယူလိုက်ပြီး. .

"ဟုတ်ကဲ့. . . အစ်ကိုကြီးက ဘာမေးမလို့လဲ"

ချိုယင်းဝေက ကွမ်းတိ၏ရှေ့၌ ဝင်ရောက်ထိုင်လိုက်ပြီး

"ညီမတို့ ရှောင်လင်သစ္စာဖောက် တစ်ယောက်ကို ဖမ်းမိထားတယ်လို့ ကြားတယ်၊ အဲဒါဟုတ်လား"

ကွမ်းတိက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဟုတ်တယ်"

ဟု ပြောလိုက်လေသည်။

ပြီးမှ ကွမ်းတိသည် တစ်စုံတစ်ခုအား သတိရဟန်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေကိုကြည့်ကာ. . .

"အစ်ကိုကြီး စူးခုံးယက်ကို သိတယ်မဟုတ်လား"

ဟု မေးလိုက်လေသည်။

ချိုယင်းဝေက ဦးခေါင်းညိတ်ပြလိုက်လေသည်။

ကွမ်းတိက ပြုံးလိုက်ပြီး. . .

"စူးခုံးယက်က အဲဒီရှောင်လင် သစ္စာဖောက်ကို လာကယ်သေးတယ်"

ချိုယင်းဝေက အံ့သြဟန်ဖြင့်. . .

"ဟုတ်လား"

ကွမ်းတိက ဦးခေါင်းကိုညိတ်ကာ. . .

"ဟုတ်တယ်. . နှစ်ကြိမ်တောင်မှပဲ လာကယ်တယ်၊ တစ်ခါမှ မအောင်မြင်ဘူး"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေသည် ကွမ်းတိ၏စကားကြောင့် မျက်မှောင်ကလေးကြုတ်ကာ. . .

"နေပါဦး. . မင်းပြောသလိုဆိုရင် စူးခုံးယက်က မင်းတို့ဆီ ရောက်နေတယ်ပေါ့"

ကွမ်းတိက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. .

"ဟုတ်တယ်၊ သူ ကျွန်မတို့ဘက်ကို ရောက်နေတယ်"

ချိုယင်းဝေက. . .

"အခု သူ အဲဒီမှာပဲလား"

ကွမ်းတိက ဦးခေါင်းခါယမ်းပြကာ. . .



"သူ အခုဒီဘက်ကိုလာတယ်၊ ကျွန်မထက် သုံးနာရီလောက်စောပြီး ရောက်လိမ့်မယ်ထင်တယ်"

ချိုယင်းဝေက လက်ဖျစ်တစ်ချက်တီးလိုက်ပြီး ကွမ်းတိကို စူးစိုက်ကြည့်ကာ. . .

"မင်းကို တစ်ခုမေးဦးမယ်၊ မင်း သေသေချာချာ စဉ်းစားပြီးမှဖြေပါ"

ကွမ်းတိက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲ"

ချိုယင်းဝေက. . .

"အခု ငါမေးမယ့်စကားဟာ အရေးကြီးလို့ပါ"

ကွမ်းတိက. . .

"ကောင်းပြီလေ၊ အစ်ကိုကြီး ဘာမေးချင်သလဲ၊ မေးပါ"

ချိုယင်းဝေက နှုတ်ခမ်းတစ်ချက်ကိုက်၍ အနည်းငယ် စဉ်းစားလိုက်ပြီး. . .

"စူးခုံးယက် ဟိုမှာ ဘယ်လောက်ကြာကြာ နေခဲ့သလဲ၊ ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

ကွမ်းတိက. . .

"လွန်ခဲ့တဲ့ နှစ်လကျော်ကျော် လောက်ကတည်းက ရောက်နေခဲ့တာ"

ချိုယင်းဝေက. . .

"ညီမပြောတာ သေချာတယ်နော်"

ကွမ်းတိက. . .

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သူ့ကို တစ်ချိန်လုံး စောင့်ကြည့်နေခဲ့တယ် အခုလဲ သူ့နောက်ကို ခြေရာခံပြီးလိုက်လာတာ၊ ဒီရောက်မှ ကျွန်မ စီးလာတဲ့မြင်း ခြေခေါက်သွားလို့ မျက်ခြည်ပြတ်သွားခဲ့ရတယ်"

ချီယင်းဝေသည် ကျေနပ်စွာ တစ်ချက်ပြုံးလိုက်ပြီး. . .

"ဟုတ်ပြီ၊ ဒါဆိုရင် ဘုန်းကြီးကျောင်းမှာဖြစ်ခဲ့တဲ့ကိစ္စဟာ စူးခုံးယက်လက်ချက် မဟုတ်နိုင်ဘူး"

ဟု တစ်ကိုယ်တည်း ရေရွတ်သကဲ့သို့ ပြောပြီးထိုင်ရာမှ ထလိုက်လေသည်။

ပြီးမှ ကွမ်းတိကို တစ်ချက်ကြည့်ပြီး. . .

"တဲ့. . . ညီမ ကျုပ်နောက်ကို ခဏလိုက်ခဲ့စမ်းပါ"

ဟု ပြောလိုက်လေသည်။

ကွမ်းတိသည် ချီယင်းဝေ၏စကားကို နားမလည်ဟန်ဖြင့် ချီယင်းဝေကို မော့ကြည့်ကာ. . .

"ဘယ်သွားမလို့လဲ"

ဟု ပြန်လည် မေးလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို မော့လိုက်ပြီး. . .

"စုဟိုက်ဘုန်းကြီးကျောင်းကိုပါ"

ကွမ်းတိက ချီယင်းဝေကို နားမလည်ဟန်ဖြင့် တစ်ချက်ကြည့်ကာ. . .

"ဘာကိစ္စနဲ့သွားမှာလဲ၊ ကျွန်မက ဘာလို့လိုက်ရမှာလဲ"

ဟု ထပ်မံမေးလိုက်ပြန်လေသည်။



ချီယင်းဝေက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ကွမ်းတိကို စိုက်ကြည့်ကာ. . .

"စုဟိုက်ဘုန်းကြီးကျောင်းမှ ဖြစ်ခဲ့တဲ့ အမှုကိစ္စတွေဟာ စူးခုံးယက်ရဲ့လက်ချက်လို့ပဲ သံသယဖြစ်ပြီး စူးခုံးယက်ကို ဖမ်းထားကြတယ်၊ အဲဒါ စူးခုံးယက်မဟုတ်ကြောင်း သွားပြောမလို့"

ဟု ဖြည်းညင်းစွာ ပြောပြလိုက်လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ချီယင်းဝေသည် ခြေလှမ်းကျဲကျဲဖြင့် သွားနေလေသည်။

ကွမ်းတီသည် ချီယင်းဝေ၏နောက်မှ မပြေးရုံတမည် လိုက်ပါလာရလေသည်။

စုဟိုက်ဘုန်းကြီးကျောင်းကို ရောက်သောအခါ ချီယင်းဝေသည် ကွမ်းတီကို တစ်ချက် လှည့်ကြည့်လိုက်လေသည်။

ထို့နောက် သူသည် မြေကြီးကို ခြေတစ်ချက်ဆောင့်လိုက်ပြီး နံရံပေါ်သို့ ခုန်တက်လိုက်လေသည်။

ကွမ်းတီသည် ဦးခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး ချီယင်းဝေနောက်မှ လိုက်၍ နံရံပေါ်သို့ ခုန်တက်လိုက်လေသည်။

ချီယင်းဝေသည် မိမိ၏နံဘေးသို့ ရောက်လာသော ကွမ်းတီကို တစ်ချက်ကြည့်လိုက်သည်။

ပြီးမှ သူသည် ကျောင်းဝင်းထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

ကျောင်းဝင်းထဲ၌ လူသူကင်းရှင်းနေလေသည်။

ချီယင်းဝေက ကွမ်းတီ၏လက်ကို ဆွဲကိုင်လိုက်ပြီး နံရံပေါ်မှ ကျောင်းဝင်းထဲသို့ ခုန်ချလိုက်လေသည်။

ထို့နောက် သူတို့သည် မြေကွက်လပ်ကိုဖြတ်၍ စကြံလမ်းအတိုင်း ပြေးလွှားသွားလေတော့သည်။

သူတို့ ထွက်သွားပြီးနောက် ထင်းရှူးပင်ကြီးတစ်ပင်၏ နောက်ကွယ်မှ ဘုန်းကြီးတစ်ပါးပေါ်ထွက်လာပြီး သူတို့၏ နောက်ကျောအား စူးစိုက်ကြည့်နေလေသည်။



ထိုဘုန်းကြီးမှာ ခေါင်းလောင်းထိုးသော နားထိုင်းဘုန်းကြီးပင် ဖြစ်ပါသည်။

အကယ်၍သာ ချီယင်းဝေတို့သည် မိမိတို့၏နောက်ကျောကို စူးစိုက်ကြည့်နေသော နားထိုင်းဘုန်းကြီးကို မြင်တွေ့ခဲ့မည်ဆိုလျှင် . . .

* * *

စင်္ကြံလမ်း တစ်ဆစ်ချိုးလိုက်သည်နှင့် စင်္ကြံလမ်းကို ပိတ်၍ ဘုန်းကြီးသုံးပါး ရပ်နေသည်ကို ချီယင်းဝေ မြင်တွေ့လိုက်ရလေသည်။

ချီယင်းဝေက တုယင်းတို့ကို ပြုံးပြလိုက်ပြီး . . .

"ကျုပ် စုထိုက်ဆရာတော်နဲ့ တွေ့ပါရစေ"

ဟု ပြောလိုက်လေသည်။

တုယင်းက ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး . . .

"ဆရာတော်က ဘယ်သူ့ကိုမှ မတွေ့နိုင်ဘူးလို့ အမိန့်ပေးထားပါတယ်"

ချီယင်းဝေက ပြုံးလိုက်ရင်း . . .

"ဒါပေမယ့် ကျုပ်က ဆရာတော်ကို အရေးကြီးတဲ့ကိစ္စနဲ့တွေ့ချင်လို့ ပြောပေးပါ"

တုလျှံက ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်ပြီး . . .

"မဖြစ်နိုင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လေသည်။

ချိုယင်းဝေသည် တုယင်းကို တစ်ချက်ကြည့်လိုက်ပြီး ရှင်းပြလျှင် အကြောင်းထူးလိမ့်မည်မဟုတ်ဟု စိတ်ထဲမှတွေးကာ ကွမ်းတိကို တစ်ချက်လှည့်ကြည့်လိုက်လေသည်။ ပြီးမှ. . .

သူသည် ကွမ်းတိကို မျက်ရိပ်တစ်ချက်ပြလိုက်ပြီး ရုတ်တရက် နောက်သို့လှည့်ကာ ထွက်ပြေးလေတော့သည်။

တုယင်း၊ တုလျှံနှင့်တုလျှူတို့သည် ရုတ်တရက် နောက်သို့လှည့်၍ ထွက်ပြေးသွားသော ချိုယင်းဝေ၏ အပြုအမူကြောင့် တအံ့တသြ ငေးကြောင်သွားလေတော့သည်။

ပြီးမှ. . .

"သူခိုး. . . သူခိုး"

ဟု အော်ဟစ်ကာ ချိုယင်းဝေတို့၏နောက်သို့ ပြေးလိုက်လေတော့သည်။

* * *



"ဒေါင်. . . ဒေါင်. . . ဒေါင်"

ဟူသော ခေါင်းလောင်းသံ ပေါ်ထွက်လာပြီး စုဟိုက်ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ဘုန်းတော်ကြီးများ လှုပ်ရှား၍ သွားလေတော့သည်။

ခေါင်းလောင်းသံ အဆက်မပြတ် ပေါ်ထွက်နေသည်။

ဘုန်းကြီးများသည် မီးတုတ်များကိုင်ဆောင်ပြီး ကျောင်းဝင်းအနှံ့ ရှာဖွေနေလေသည်။

ချိုယင်းဝေသည် အဆောင်ခေါင်မိုးတစ်ခုပေါ်၌ ဝပ်လျက် အခြေအနေကို အကဲခတ်ကြည့်နေလေသည်။

ကွမ်းတိသည် ချိုယင်းဝေ၏ဘေး၌ဝပ်လျက် ချိုယင်းဝေကို ကြည့်နေလေသည်။

ချိုယင်းဝေသည် အတန်ကြာအောင် ဝပ်နေပြီးမှထကာ အဆောင်ခေါင်မိုးများပေါ်မှ စုထိုက်ဆရာတော် နေထိုင်ရာအဆောင်သို့ ကူးသွားလေတော့သည်။

ကွမ်းတိသည် အဆောင်ခေါင်မိုးတစ်ခုပေါ်သို့ လှမ်း၍ ခုန်ကူးလိုက်လေသည်။

ထို့နောက် ချိုယင်းဝေသည် ကွမ်းတိကို တစ်ချက်လှည့်ကြည့်ပြီး ရှေ့သို့ဆက်၍ လျှောက်သွားလေသည်။

ထိုစဉ် ရုတ်တရက်. . .

"အား"

ဟူသော ကွမ်းတိ၏ အော်ဟစ်သံကို ကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းတီ၏အသံကြောင့် ချိုယင်းဝေသည် အထိတ်တလန့်ဖြင့် နောက်လှည့်သို့ ကြည့်လိုက်မိလေသည်။

သို့သော် ချိုယင်းဝေသည် ကွမ်းတီကို မတွေ့ရတော့ချေ။

ထိုစဉ်. . .

ရုတ်တရက်. . .

ချိုယင်းဝေ ရပ်နေသော ခြေထောက်အောက်မှ အုတ်ကြွပ်များ ပြိုကျသွားပြီး ထိုအုတ်ကြွပ်များနှင့်အတူ ချိုယင်းဝေ၏ခန္ဓာကိုယ်သည်လည်း ကျွံကျသွားလေတော့သည်။

* * *



မှောင်မည်း၍နေလေသည်။

ချိုယင်းဝေသည် မိမိ၏ပတ်ဝန်းကျင်ကို တစ်ချက်လှည့်ကြည့်လိုက်သည်။

သို့သော် မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရချေ။

ထိုစဉ်. . .

"ရှဲ"

ဟူသောအသံနှင့်အတူ အလင်းရောင်တစ်ချက် ပေါ်ထွက်လာလေသည်။

ထို့နောက် ထိုအလင်းရောင်မှတဆင့် တဖြည်းဖြည်းသင်းထိန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိုယင်းဝေသည် ရုတ်တရက် အလင်းရောင်ကြောင့် မျက်လုံးကျိန်းစပ်သွားပြီး မျက်လုံးကို မှေးလိုက်လေသည်။

ထိုစဉ် မိမိအနီးသို့ လူရိပ်တစ်ရိပ် လျှောက်လာသော ခြေသံကို ချိုယင်းဝေ ကြားလိုက်ရလေသည်။

ထို့နောက် မီးတုတ်၏အလင်းရောင်၌ မိမိထံ လျှောက်လာသော လူ၏မျက်နှာကို ချိုယင်းဝေ မြင်တွေ့လိုက်ရလေသည်။ ယင်းသို့ မြင်တွေ့လိုက်သည်နှင့် ချိုယင်းဝေသည် အံ့အားသင့်သောလေသံဖြင့်. . .

"စူးခုံးယက်"

ဟု ဖြည်းညင်းစွာ ရေရွတ်လိုက်မိလေသည်။

* * *



စူးခုံးယက် ချိုယင်းဝေကို ပြုံး၍ကြည့်ကာ. . .

"ကြိုဆိုပါတယ်"

ဟုနှုတ်ဆက်လိုက်လေသည်။

ချိုယင်းဝေက မတ်တတ်ရပ်လိုက်ပြီး စူးခုံးယက်ကို ကြည့်ကာ. . .

"ကွမ်းတိ ဘယ်မှာလဲ"

ဟု မေးလိုက်လေသည်။

ထိုစဉ် အမှောင်ထဲမှ. . .

"ကျွန်မ ဒီမှာပါ"

အသံနှင့်အတူ ချိုယင်းဝေအနီးသို့ ကွမ်းတိရောက်လာလေသည်။

ချိုယင်းဝေက စူးခုံးယက်ကိုကြည့်ကာ. . .

"ခင်ဗျား ဘယ်လိုလုပ် ဒီကိုရောက်နေတာလဲ၊ စုထိုက်ကခင်ဗျားကို လွှတ်လိုက်ပြီလား"

ထိုစဉ် အမှောင်ထဲမှ အေးစက်သော လေသံဖြင့်. . .

"စုထိုက်က သူ့ကိုလိုက်ရှာနေတာ၊ ဘယ်လွှတ်ပေးပါ့မလဲ၊ တွေ့ရင်တောင် သူ့ကိုသတ်ပစ်ဦးမယ်"

ယင်းစကားသံ ဆုံးသည်နှင့် မီးတုတ်၏အလင်းရောင်အောက်၌ မျက်နှာဖုံးနှင့် လူတစ်ယောက်ကို ချိုယင်းဝေ မြင်တွေ့လိုက်ရလေသည်။

ချိုယင်းဝေသည် ထိုမျက်နှာဖုံးနှင့်လူအား တစ်ချက်မျှ စူးစိုက်ကြည့်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား စုကူး မဟုတ်လား"

ဟု မေးလိုက်လေသည်။

မျက်နှာဖုံးနှင့်လူက တစ်ချက်ရယ်မောလိုက်ပြီး. . .

"မင်း ဘယ်ဆိုးလို့လဲ၊ ကျုပ် ဘယ်သူမှန်းသိသားပဲ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မျက်မှောင်တစ်ချက်ကြုတ်ကာ. . .

"ခင်ဗျား ဘာဖြစ်လို့ ဒီကို တိတ်တိတ်ကလေး ပြန်လာရတာလဲ"

ဟု မေးလိုက်လေသည်။

စုကူးက တစ်စုံတစ်ခုအား ပြန်လည်ပြောရန် ဟန်ပြင်လိုက်စဉ် စူးခုံးယက်က လက်ကာပြလိုက်ပြီး ဟန့်တားလိုက်လေသည်။ ပြီးမှ. . .

"ကျုပ်တို့ ဒီမှာရှိမှန်း သူတို့သိသွားပြီ"

ဟု စုကူးကို လှမ်း၍ပြောလိုက်လေသည်။

ချီယင်းဝေက ပြုံးလျက်. . .

"ကိစ္စမရှိပါဘူး၊ ကျုပ်တို့ အခု စုထိုက်ဆီသွားပြီး ရှင်းပြရင် ကိစ္စတွေအားလုံး ပြေလည်သွားမှာပါ"

ဟု ဝင်ရောက်ပြောလိုက်လေသည်။

စူးခုံးယက် မဲ့ပြုံး တစ်ချက်ပြုံးလိုက်ပြီး. . .

"ကျုပ်တော့ မထင်ဘူး"

ဟု ပြောလိုက်လေသည်။

ထိုစဉ် စုကူးက ဝင်ရောက်ပြီး. . .



"ဟော့. . . စူးခုံးယက်၊ အပြင်မှာ သူတို့ရောက်နေပြီထင်တယ်၊ ခြေသံတွေကြားတယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ပြုံးလျက်. . .

"စူးခုံးယက်. . . ခင်ဗျား ထွက်မပြေးပါနဲ့၊ ကိစ္စတွေအားလုံး ကျုပ်တို့ ဖြေရှင်းနိုင်ပါတယ်"

စူးခုံးယက်က မဲ့ပြုံးပြုံးလျက်. . .

"ခင်ဗျားက ဘာကိုရှင်းနိုင်မှာလဲ"

ဟု ခပ်ငေါ့ငေါ့ကလေး မေးလိုက်လေသည်။

ချီယင်းဝေက ပြုံးကာ. . .

"ဒီမှာဖြစ်တဲ့ အမှုကိစ္စတွေဟာ ခင်ဗျားလက်ချက်မဟုတ်ကြောင်း ကျုပ်ရှင်းပြနိုင်တာပေါ့"

ထိုစဉ် အပြင်မှ ခြေသံများသည် တဖြည်းဖြည်းနှင့် နီးကပ်လာပြီဖြစ်သည်။

စုကူးက အပြင်မှ ခြေသံများကို နားထောင်နေရာမှ. .

"စူးခုံးယက် ကျုပ်တို့အတွက် အချိန်သိပ်မရှိဘူး၊ ဒီက အမြန်ထွက်မှ ဖြစ်မယ်"

~~ဟု ပြောလိုက်လေသည်။~~

စူးခုံးယက်က တစ်ချက်ပြုံးကာ. . .

"ဒီကိစ္စကို နောက်မှရှင်းတာပေါ့၊ အခုတော့ ကျုပ်တို့သွားတော့မယ်"

ဟု နှုတ်ဆက်လိုက်ပြီး စုကူးထံ လျှောက်သွား

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

စုကူးက ချီယင်းဝေကို လှမ်း၍. . .

"ကျုပ်တို့ နောက်မှတွေ့ကြသေးတာပေါ့"

ဟု လှမ်း၍နှုတ်ဆက်လိုက်လေသည်။

ထိုစဉ်. .

ရုတ်တရက်. . .

"ဝုန်း"

ဟူသောအသံနှင့်အတူ အခန်းတံခါးကျိုးပဲ့သွားပြီး အခန်းထဲသို့ ဘုန်းတော်ကြီးများ ဝင်ရောက်လာလေတော့သည်။

* * *



"ဝုန်း"

ဟူသောအသံနှင့်အတူ ပြတင်းပေါက်တံခါး ကျိုးပဲ့သွားပြီး ထိုပြတင်းပေါက်မှ ဘုန်းတော်ကြီးတစ်ပါး လွှင့်စဉ်ကျလာ လေသည်။

ထို့နောက် ထိုပြတင်းပေါက်မှ ချီယင်းဝေ ကျော်ထွက်လာပြီး အဆောင်စင်္ကြံအတိုင်း ပြေးလွှားကာ အမှောင်ထုအတွင်းသို့ ဝင်ရောက်သွားလေတော့သည်။

ချီယင်းဝေတို့သည် ဘုန်းတော်ကြီးများကို ပြန်လည်ခုခံတိုက်ခိုက်ရင်း လူစုကွဲသွားကြလေသည်။

ချီယင်းဝေသည် ပြေးလွှားနေရာမှ မိမိနောက်သို့ လှည့်ကြည့်လိုက်လေသည်။

မိမိနောက်သို့ မည်သူမျှ လိုက်ပါလာခြင်းမရှိကြောင်း သိရသောအခါမှ သူသည် ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး သက် ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

ထို့နောက် သူသည် စုထိုက်ဆရာတော်၏အဆောင်သို့ ခြေဦးတည်ပြီး ပြေးလွှားသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျောက်လှေကားတစ်ခု . . .။

မြေအောက်အခန်းသို့ ဆင်းသက်သော လှေကားဖြစ်ပါသည်။

ထိုနေရာသို့ ရောက်သောအခါ ချီယင်းဝေသည် ရုတ်တရက်ရပ်တန့်လိုက်ပြီး မြေအောက်ခန်းထဲသို့ တစ်ချက် လှမ်း၍ ကြည့်လိုက်လေသည်။

ထိုသို့ကြည့်လိုက်မိသည်နှင့် ချီယင်းဝေ၏စိတ်ထဲ၌ မြေအောက်ခန်း၌ အချုပ်ခံနေရသော စုစွမ်းဘုန်းကြီးကို သတိရလာလေသည်။

ထို့ကြောင့် ချီယင်းဝေသည် မြေအောက်ခန်းသို့ ကျောက်လှေကားထစ်များအတိုင်း ဆင်းသက်သွားလေတော့သည်။

မြေအောက်ခန်း၌ မှောင်မည်းနေလေသည်။

ချီယင်းဝေသည် ကျောက်လှေကားထစ်များကို တစ်ထစ် ပြီးတစ်ထစ် ဖြည်းညင်းစွာ ဆင်းသက်သွားလေသည်။

ကျောက်လှေကားထစ်များ ဆုံးသောအခါ မြေအောက်ခန်းသို့ ဝင်ရောက်သော သံတိုင်ကာပ် တံခါးတစ်ချပ်က ချီယင်းဝေကို ကာဆီးထားလေသည်။

ချီယင်းဝေက ယင်းသံတံခါးကို အသာတွန်းလိုက်ရာ 'ကျွီ'ဟူသောအသံနှင့်အတူ ပွင့်သွားလေတော့သည်။

ထို့ကြောင့် ချီယင်းဝေသည် မျက်မှောင် အနည်းငယ် ကြုတ်လိုက်လေသည်။



အမှန်မှာ ထိုသံတံခါးသည် အမြဲတန်းသော့ခတ်၍ ပိတ်ထားသည် မဟုတ်ပါလော။

ထိုသံတံခါးကို ဖြတ်ကျော်လိုက်သောအခါ အလင်းရောင် အနည်းငယ်သာရှိသော စင်္ကြံလမ်းပေါ်သို့ ချီယင်းဝေ ရောက်ရှိလာလေတော့သည်။

စင်္ကြံလမ်း၏နံရံပေါ်၌ မီးအိမ်များ ချိတ်ဆွဲ၍ မီးများ ထွန်းညှိထားသော်လည်း မီးအိမ်၌ ဆီများကုန်လုနေပြီဖြစ်သောကြောင့်အနည်းငယ်မျှသာ အလင်းရောင်ပေးစွမ်းနိုင်တော့သည် မဟုတ်ပါလား။

နောက်ဆုံး၌ ချီယင်းဝေသည် စုစွမ်းဘုန်းကြီးကို ချုပ်နှောင်ထားသော အချုပ်ခန်းသို့ ရောက်ရှိလာလေသည်။

ထိုနေရာသို့ ရောက်သည်နှင့် တပြိုင်တည်း ချီယင်းဝေ၏ မျက်လုံးများသည် ပြူးကျယ်သွားလေတော့သည်။

အကြောင်းမှာ စုစွမ်း၏ အချုပ်ခန်းတံခါးသည် ပွင့်ဟ၍နေသည် မဟုတ်ပါလော။

* * *

www.burmeseclassic.com

www.burmeseclassic.com



အချုပ်ခန်း၏ သမံတလင်းပေါ်၌ စုစွမ်း လဲကျနေလေသည်။

ချီယင်းဝေသည် စုစွမ်း၏အလောင်းကို ပွေ့ထူလိုက်လေသည်။

စုစွမ်း၏မျက်နှာကို မြင်တွေ့လိုက်သည်နှင့် ချီယင်းဝေသည် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး. . .

"ကောင်းလိုက်တဲ့ အဆိပ်"

ဟု ရေရွတ်လိုက်မိလေတော့သည်။

အဘယ်ကြောင့်ဆိုသော် စုစွမ်း၏မျက်နှာသည် အဆိပ်ကြောင့် ညိုမည်းနေသည် မဟုတ်ပါလား။

ချီယင်းဝေသည် စုစွမ်း၏အလောင်းကို အသာအယာ ပြန်လည်ချထားလိုက်စဉ် သူ၏မျက်လုံးများသည် နံရံပေါ်မှစာများကို မြင်တွေ့လိုက်ရလေသည်။

ထို့ကြောင့် ချီယင်းဝေသည် စကြိုနံရံပေါ်မှ မီးအိမ်တစ်လုံးကို သွားရောက်ဖြုတ်ယူကာ နံရံပေါ်မှစာများကို ကြည့်လိုက်လေသည်။

"ကျုပ်ကို ကျွေးနေတဲ့အစာထဲမှာ အဆိပ် နည်းနည်းချင်း ထည့်ကျွေးတာ ကျုပ်သိပြီ၊ ဒါကြောင့် ကျုပ် ဘာမှမစားတော့ဘူး"

"အစာကိုဖြတ်လိုက်မှ ပိုပြီး ခေါင်းကြိုန်းလာတယ်"

"ကျုပ် အခုသိပြီ အရင်က စဉ်းစားလို့မရခဲ့တဲ့ ပြဿနာရဲ့အဖြေကို ကျုပ်သိပြီ"



ချီယင်းဝေသည် နံရံပေါ်မှစာတန်းများကိုဖတ်ရင်း မျက်မှောင်ကြုတ်လိုက်လေသည်။

ထို့နောက် သူ့စိတ်ထဲမှလည်း. .

"ပြဿနာ. . . ဘာပြဿနာလဲ၊ စုစွမ်း ဘာတွေသိသွားလဲ၊ ရိကျင်ကျင်နဲ့ ပတ်သက်နေသလား"

ဟု တွေးလိုက်မိလေသည်။

ထို့နောက် ချီယင်းဝေသည် မီးအိမ်ကို မြှောက်ကာ နံရံပေါ်မှ စာများကို ဖတ်လိုက်လေသည်။

"ကျုပ်ကို မိန်းကလေးက မတရားစွပ်စွဲတာ ကျုပ်သိပြီ၊ ဒါဟာ လက်ချက်ဆိုတာလဲ ကျုပ်နားလည်ပြီ"

ဤစာကြောင်း၌ စာလုံးနှစ်လုံးကို တစ်စုံတစ်ယောက်က ဖျက်ထားဟန်ဖြင့် ပျက်နေလေသည်။

ထို့ကြောင့် ချီယင်းဝေသည် မျက်မှောင်ကြုတ်လိုက်ပြီး ပျက်နေသော စာလုံးမှာ အမည်တစ်ခု ဖြစ်ရမည်ဟု တွေးလိုက်မိသည်။

ဤသို့ဆိုလျှင် မည်သူ ဖြစ်မည်နည်း။

ဤကျောင်းဝင်းထဲမှ ဘုန်းကြီးများ၏ ဘွဲ့အမည်များသည် စာလုံးနှစ်လုံးသာ ရှိသော ဘွဲ့အမည်များ ဖြစ်ကြသည်။

တဆက်တည်းမှာပင် ထိုအမည်ပိုင်ရှင်သည် စုစွမ်းကို သတ်၍ နံရံပေါ်မှအမည်ကို ဖျက်ခဲ့ခြင်း ဖြစ်ရမည်ဟု တွေးလိုက်မိလေသည်။

ချီယင်းဝေသည် သက်ပြင်းတစ်ချက်မှုတ်ထုတ်ကာ နံရံ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ စာများကို ဆက်၍ဖတ်ပြန်လေသည်။

“ကျုပ်က သူ့ထက် သိုင်းပညာတော်လို့ ကျုပ်ကို မတရားစွပ်စွဲပြီးဖမ်းတာ၊ ပြီးတော့ ကျုပ်တို့ အားထားရတဲ့ စုကူး ဘယ်မှာလဲ”

“ရိကျင်ကျင် . . . ရွှေသော့ . . . စု . . . ကျုပ်သေတော့မယ်”

နံရံမှ စာကြောင်းများ ကုန်ဆုံးသွားပြီ ဖြစ်ပါသည်။

ချီယင်းဝေသည် ထိုစာများကို ဖတ်ရင်း ဦးနှောက်ခြောက်လာလေသည်။

ထိုစဉ် ရုတ်တစ်ရက် လှုပ်ရှားသံတစ်သံကို ချီယင်းဝေ ကြားလိုက်ရလေသည်။

ထို့ကြောင့် သူသည် လက်ထဲမှ မီးအိမ်ကို ရုတ်တရက် ငြိမ်းသတ်လိုက်ပြီး အသံကြားရာသို့ လှမ်းကြည့်လိုက်လေသည်။

ထိုစဉ် မြေအောက်ခန်း တံခါးဝသို့ လူရိပ်တစ်ရိပ် ပြေးထွက်သွားသည်ကို လှမ်း၍ မြင်တွေ့လိုက်ရလေသည်။

ထို့ကြောင့် ချီယင်းဝေသည် ထိုလူရိပ်နောက်သို့ လျှင်မြန်စွာ ပြေးလိုက်သွားလေတော့သည်။

အပြင်သို့ ရောက်သောအခါ မည်သည့် အရိပ်အရောင်ကိုမျှ မတွေ့ရတော့ချေ။

သို့သော် မလှမ်းမကမ်းတွင် လဲကျနေသော ဘုန်းကြီးတစ်ပါးကို မြင်တွေ့လိုက်ရလေသည်။

ထို့ကြောင့် ချီယင်းဝေသည် ထိုဘုန်းကြီး အနီးသို့ ချဉ်း



ကပ်သွားပြီး ပွေ့ထူလိုက်လေသည်။

ထိုဘုန်းကြီး၏မျက်နှာကို မြင်တွေ့လိုက်သည်နှင့် ချီယင်းဝေသည် အံ့အားသင့်ကာ . . .

“ဦးလေးဘုန်းကြီး ကျိမ်းဆင်းပါလား”

ဟု ရေရွတ်လိုက်မိလေသည်။

ထို့နောက် ချီယင်းဝေသည် ကျိမ်းဆင်း၏ဒဏ်ကို ကြည့်လိုက်လေသည်။

ထိုစဉ် ကျိမ်းဆင်းသည် အနည်းငယ်လှုပ်ရှားလာပြီး ချီယင်းဝေကို ကြည့်လိုက်လေသည်။

ထို့နောက် မိမိ၏ဒဏ်ရာမှ သွေးကို လက်ညှိုးဖြင့် တို့လိုက်ပြီး ချီယင်းဝေ၏ လက်မောင်းပေါ်သို့ စာရေးလိုက်လေသည်။

သို့သော် ကျိမ်းဆင်းသည် ချီယင်းဝေ၏လက်မောင်းပေါ်၌ စာလုံးတစ်လုံးသာ ရေးသားနိုင်ခဲ့ပြီး သေဆုံးသွားလေတော့သည်။

ချီယင်းဝေသည် ကျိမ်းဆင်းကို အသာအယာပြန်လည်ချထားလိုက်ပြီး မိမိလက်မောင်းပေါ်မှ စာလုံးကို ကြည့်လိုက်လေသည်။

ထိုစာလုံးမှာ ‘စု’ ဟူသော စာလုံးပင် ဖြစ်ပါသည်။

ချီယင်းဝေသည် ထိုစာလုံးကို အတန်ကြာအောင် ကြည့်နေပြီးမှ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်တော့သည်။

ထို့နောက် လေးကန်သော ခြေလှမ်းများဖြင့် ထိုနေရာမှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာသွားလေတော့သည်။

ချီယင်းဝေ ထွက်ခွာသွားပြီး မကြာမီမှာပင် မြေအောက်ခန်းထဲမှ ဘုန်းကြီးတစ်ပါး ထွက်လာသည်။

ထိုဘုန်းကြီးမှာ နားထိုင်းဘုန်းကြီးပင် ဖြစ်ပါသည်။

နားထိုင်းဘုန်းကြီးသည် ကျိမ်းဆင်း၏အလောင်းကို တစ်ချက်ငုံ၍ ကြည့်လိုက်ကာ ဦးခေါင်းကို ဘယ်ညာခါယမ်းလိုက်ပြီး အဝေးသို့ ရောက်ရှိသွားပြီ ဖြစ်သော ချီယင်းဝေ၏ နောက်ကျောကို လှမ်း၍ ကြည့်နေပေတော့သည်။

* * *



စကြ်ိလမ်း တစ်ဆစ်ချိုးသို့ ချိုးကွေ့လိုက်သည်နှင့် ဆူညံသော လူသံများကို ချီယင်းဝေ ကြားလိုက်ရလေသည်။

ထို့ကြောင့် ချီယင်းဝေသည် မှောင်ရိပ်အတွင်းသို့ ကပျာကယာ ဝင်ရောက်လိုက်ပြီး လူသံများ ပေါ်ထွက်လာရာဘက်သို့ တရွေ့ရွေ့ ချဉ်းကပ်သွားလေသည်။

မှောင်ရိပ်ကို အကာအကွယ်ယူ၍ စကြ်ိလမ်းအတိုင်း အတန်ငယ် လျှောက်မိသောအခါ စုဟုန်နှင့် တိမ်းရှိုလေးတို့ အချီအချ စကားပြောနေသည်ကို ချီယင်းဝေ မြင်တွေ့လိုက်ရသည်။

ထို့အပြင် တိမ်းရှိုလေး၏ နောက်၌ မီးတုတ်ကိုယ်စီ ကိုင်ဆောင်ထားသော လူများကို ချီယင်းဝေ မြင်တွေ့လိုက်ရသည်။

ထိုလူအုပ်ထဲ၌ ကွမ်းတိ၊ စူးခုံးယက်၊ ယုပါဟုန်နှင့် ဟန်တိအိတို့ ပါရှိနေသည်ကိုလည်း ချီယင်းဝေ တွေ့မြင်လိုက်ရပေသည်။

ချီယင်းဝေသည် အမှောင်ထုထဲမှ ထွက်လိုက်ပြီး တိမ်းရှိုလေးထံသို့ တစ်လှမ်းချင်း လျှောက်၍သွားသည်။

စုဟုန်က ချီယင်းဝေကို လှမ်း၍ မြင်တွေ့လိုက်သည်နှင့်

"ဟာ. . . ချီယင်းဝေ၊ အတော်ပဲ"

ဟု လှမ်း၍ ပြောလိုက်သည်။

ကွမ်းတိက ရပ်နေရာမှ ရှေ့သို့ သုံးလေးလှမ်းမျှ ထွက်လိုက်ပြီး

"အစ်ကိုကြီး. . . ဘာမှ မဖြစ်ဘူးနော်"

ဟု လှမ်း၍ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စုဟုန်က မိမိ၏ဘုန်းကြီးများကို နောက်သို့ ဆုတ်ရန် အချက်ပြလိုက်ပြီး တဆက်တည်း ချီယင်းဝေကို လှမ်း၍. . .

"ကဲ. . . ဒကာလေး ချီယင်းဝေကို ကျုပ်တို့ ဖမ်းမထားဘူးဆိုတာ သူတို့ကို ရှင်းပြလိုက်ပါ"

ဟု ပြောလိုက်သည်။

ချီယင်းဝေက စုဟုန်ဘက်သို့ လှည့်လိုက်ပြီး. . .

"ခင်ဗျားတို့ စူးခုံးယက်ကို ဖမ်းမလို့လား"

စုဟုန်သည် ချီယင်းဝေကို လှမ်းကြည့်လိုက်ပြီး. . .

"စူးခုံးယက်ကို ကျုပ်တို့လက်အပ်ပါ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ပြုံးလျက်. . .

"ဒီကျောင်းမှာ ဖြစ်ပျက်တဲ့ ကိစ္စတွေဟာ စူးခုံးယက်နဲ့ လုံးဝမပတ်သက်ဘူး။ ဒါကြောင့် စူးခုံးယက်ကို မအပ်နိုင်ဘူး"

စုဟုန်က မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ဒကာလေးက ဘာဖြစ်လို့ ပြောနိုင်ရတာလဲ"

ချီယင်းဝေက စုဟုန်၏အမေးကို ပြန်လည်ဖြေကြားခြင်း မပြုဘဲ. . .

"စုထိုက်ဆရာတော်နဲ့ တွေ့ပါရစေ"

စုဟုန်က ဦးခေါင်းခါယမ်းပြကာ. . .

"ဆရာတော်က ဘယ်သူ့ကိုမှ တွေ့ခွင့်မပြုဘူးလို့ အမိန့်မှတ်ထားတယ်"

ထိုစဉ် သူတို့အနီးသို့ စုတိတ်ဘုန်းတော်ကြီး ရောက်ရှိ



လာပြီး စုဟုန်ကို တီးတိုးပြောလိုက်သည်။

စုဟုန်က ဦးခေါင်းညိတ်၍ ပြလိုက်ပြီး ချီယင်းဝေကို လှမ်းကြည့်ကာ. . .

"ဆရာတော်က ချီယင်းဝေကို တွေ့ချင်တယ်လို့ ပြောပါတယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက စုဟုန်ကို တစ်ချက်ပြုံးပြလိုက်ပြီး. . .

"ကောင်းပါပြီ"

ဟု ပြောကာ တိမ်းရှိလေးတို့ကို ကြည့်လိုက်ပြီး. . .

"ကဲ. . . ကျုပ်တို့ စုထိုက်ဆရာတော်ကို သွားတွေ့ရအောင်"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူတို့သည် စုထိုက်ဆရာတော်ရှိရာ အဆောင်သို့သွားရန် ခြေလှမ်းပြင်လိုက်လေသည်။

သို့သော် စုဟုန်က သူတို့၏ရှေ့တွင် ကားဆီး၍ ရပ်တန့်လိုက်ပြီး ချီယင်းဝေကို စူးစိုက်ကြည့်ကာ. . .

"ဆရာတော်က ဒကာလေးချီယင်းဝေကိုသာ တွေ့ချင်တယ်လို့ ပြောတယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းတစ်ချက်ညိတ်လိုက်ပြီး. . .

"ဒါပေမယ့် စူးခုံးယက်ဟာ လူသတ်တရားခံ မဟုတ်ဘူးဆိုတာ ရှင်းပြချင်လို့ စူးခုံးယက်ကော သက်သေတွေပါ ခေါ်သွား

www.burmeseclassic.com

www.burmeseclassic.com



ချင်ပါတယ်"

စုဟုန်က လမ်းဖယ်မပေးဘဲ ချီယင်းဝေကို စူးစိုက်ကြည့်ကာ. . .

"ဆရာတော်က ဒကာလေးတစ်ယောက်ကိုပဲ ခေါ်သွားချင်ပါတယ်"

ဟု ထပ်မံ၍ ပြောလိုက်လေသည်။

ချီယင်းဝေက မိမိ၏ပခုံးကို တွန့်လိုက်ပြီး. . .

"တပည့်တော် တစ်ယောက်တည်း သွားလို့ အကြောင်းမှမထူးဘဲ၊ သူတို့ကိုပါ ခေါ်သွားပါစေ"

ထိုစဉ် စုတိတ်က ဝင်ရောက်၍. . .

"ဒကာလေးတစ်ယောက်တည်းပဲ လာနိုင်ရင်လာပါ။ မလာနိုင်ရင် ဒီက ထွက်သွားပါလို့ ဆရာတော်က မှာလိုက်ပါတယ်"

စုတိတ်၏စကားကြောင့် ချီယင်းဝေသည် မျက်မှောင်ကြုတ်လိုက်ပြီး အတန်ကြာအောင် စဉ်းစားနေလေသည်။

အတန်ကြာမှ. . . .

"ကောင်းပြီလေ"

ဟု ပြောလိုက်လေသည်။

ထို့နောက် သူသည် တိမ်းရှိုလေးတို့ဘက်လှည့်ကာ. . .

"ကဲ. . . ကျုပ်လိုက်သွားလိုက်ဦးမယ်"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်က. . .



"ရှင်လိုက်သွားချင်ရင် လိုက်သွား။ ကျွန်မတို့ ဒီမှာ ရှင်ပြန်လာတဲ့အထိ စောင့်နေမယ်"

စုဟုန်က ယုပါဟုန်ကို လှမ်းကြည့်လိုက်ပြီး. . .

"ဒကာမလေးတို့ ဒီကျောင်းဝင်းထဲမှာ မနေရဘူး၊ အားလုံးထွက်သွားကြပါ"

ယုပါဟုန် စုဟုန်ကို ပြုံးပြလိုက်ပြီး. . .

"ကောင်းပြီလေ. . . ကျွန်မတို့အားလုံး ကျောင်းဝင်းအပြင်က စောင့်နေမယ်၊ ပြီးတော့ ချီယင်းဝေကို ဆရာတော်တို့ ခေါ်သွားတယ်ဆိုတာ ကျွန်မတို့ သက်သေရှိတယ်"

ယုပါဟုန်၏စကားကြောင့် စုဟုန်သည် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး. . .

"ဒကာမလေး စကားက ဘယ်လိုအဓိပ္ပါယ် ရှိသလဲ"

ယုပါဟုန်က ပြုံးလိုက်ပြီး. . .

"ရှင်းပါတယ်၊ ချီယင်းဝေကို ဖမ်းချုပ်ထားမှာ စိုးရိမ်လို့ပါ"

ချီယင်းဝေက ယုပါဟုန်၏ပခုံးကို အသာကိုင်လိုက်ပြီး

"ကဲပါ. . . ညီမတို့အားလုံး ပြန်ကြပါ၊ ဆရာတော်နဲ့တွေ့ရင် ကိစ္စတွေ အကုန်လုံး ရှင်းသွားမှာပါ"

ဟု ပြောလိုက်လေသည်။

ယုပါဟုန်က ချီယင်းဝေကို အတန်ကြာအောင် ကြည့်လိုက်ပြီးမှ. . .

"ကောင်းပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ထိုနေရာမှ လှည့်ထွက်သွားလေတော့သည်။

စူးခုံးယက်၊ ကွမ်းတိ၊ ဟန်တိအိနှင့် တိမ်းရှိုလေးတို့သည် စုဟုန်တို့ကို တစ်ချက်ကြည့်လိုက်ပြီး မည်သည့်စကားမျှ မပြောဘဲ ထိုနေရာမှ လှည့်ထွက်သွားကြလေသည်။

ချီယင်းဝေက သူတို့၏နောက်ကျောကို ကြည့်လိုက်ရင်း သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

ပြီးမှ စုဟုန်ဘက်သို့ လှည့်လိုက်ပြီး. . .

"ကဲ. . . ကျုပ်တို့ ဆရာတော်ဆီ သွားရအောင်"

ဟု ပြောပြီး ထွက်ခွာသွားကြလေတော့သည်။

* * *



စုတိတ်သည် ချီယင်းဝေကို ဦးဆောင်၍ ဆရာတော်၏ အဆောင်သို့ ခေါ်ဆောင်သွားလေသည်။

သူတို့သည် ခေါင်းလောင်းမျှော်စင် အနီးသို့ ရောက်သောအခါ ပန်းရုံများကြားမှ လူရိပ်တစ်ရိပ် လှုပ်ရှားလိုက်သည်ကို ချီယင်းဝေ မြင်တွေ့လိုက်ရလေသည်။

ထို့ကြောင့် ချီယင်းဝေသည် ပန်းရုံများကြားသို့ လျှင်မြန်စွာ ပြေး၍ ထွက်သွားလေသည်။

ပန်းရုံများကြားသို့ ရောက်သောအခါ ချီယင်းဝေသည် မည်သည့် လူရိပ်လူရောင်ကိုမျှ မတွေ့ရတော့ချေ။

ထိုစဉ် သူ၏အနီးသို့ စုတိတ် ရောက်ရှိလာပြီး. . .

"ဒကာလေး. . . ဘာတွေ့လိုက်လို့လဲ"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းခါယမ်းပြလိုက်ပြီး. . .

"တပည့်တော် အကြည့်မှားသွားတာနဲ့ တူတယ်၊ ခုနက လူရိပ်တစ်ရိပ် တွေ့မိလိုက်လို့ပါ"

စုတိတ်က ဟိုဟိုသည်သည် လှမ်း၍ ကြည့်လိုက်ပြီး

"ဘာမှမတွေ့ပါလား"

ချီယင်းဝေက ဦးခေါင်းညိတ်ပြလိုက်ပြီး. . .

"ဟုတ်ပါတယ်. . . တပည့်တော် အကြည့်မှားလို့ပါ"

ထို့နောက် သူတို့သည် ဆရာတော်၏အဆောင် ရှိရာသို့ ဆက်လက်၍ လျှောက်သွားလေသည်။

သူတို့ ထွက်သွားပြီးမကြာမီမှာပင် ပန်းရုံများနှင့် မလှမ်း

www.burmeseclassic.com

www.burmeseclassic.com



မကာမ်းရှိ သစ်ပင်တစ်ပင်ပေါ်မှ လူရိပ်တစ်ရိပ်သည် ခုန်ဆင်းလာပြီး သူတို့၏နောက်ကျောကို လှမ်း၍ ကြည့်နေသည်ကို တွေ့လိုက်ရပေသည်။

ထိုလူရိပ်မှာ စုကူးဘုန်းတော်ကြီးပင် ဖြစ်ပါသည်။

ထို့နောက် စုကူးဘုန်းတော်ကြီးသည် ချိုယင်းဝေတို့၏နောက်သို့ တိတ်တဆိတ် လိုက်ပါသွားလေတော့သည်။

ထိုအချိန်တွင် ခေါင်းလောင်းမျှော်စင်၏ တံခါးချပ်သည် ပွင့်ဟလာပြီး လူရိပ်တစ်ရိပ် ပေါ်ထွက်လာကာ စုကူးဘုန်းတော်ကြီး၏နောက်သို့ စူးစိုက်ကြည့်နေပေသည်။

ထိုလူရိပ်မှာ နားထိုင်းဘုန်းကြီးပင် မဟုတ်ပါလော။

* * *



အဆောင်ထဲသို့ ချိုယင်းဝေ လှမ်း၍ ဝင်လိုက်သည်နှင့် ခေါင်းရင်းခန်း၌ စုထိုက်ဆရာတော် ထိုင်နေသည်ကို မြင်တွေ့လိုက်ရလေသည်။

ချိုယင်းဝေသည် စုထိုက်ဆရာတော်ကို လက်နှစ်ဘက်ဆုပ်၍ ဂါရဝပြုလိုက်ပြီး ဆရာတော်၏အနီးသို့ လျှောက်သွားလေ၏။

စုထိုက်ဆရာတော်က ချိုယင်းဝေကို မိမိ၏ရှေ့၌ ထိုင်ရန် ပြောလိုက်ပြီးလျှင်. . .

"ဒကာလေးက ကျုပ်ကို တွေ့ချင်နေတယ်ဆို"

ချိုယင်းဝေ ဦးခေါင်းညိတ်ပြလိုက်သည်။

စုထိုက်ဆရာတော်က. . .

"ကိစ္စအထူးရှိနေလို့လား"

ချိုယင်းဝေက. . .

"ကျမ်းစာခိုးတဲ့လူနဲ့ လူသတ်သမားဟာ စူးခုံးယက် မဟုတ်ဘူးဆိုတာ သိရလို့ ဆရာတော်ကို လာပြောတာပါ"

စုထိုက်ဆရာတော်က. . .

"ဘယ်လိုအကြောင်းနဲ့ ဒကာလေးက ပြောနိုင်ရတာလဲ"

"အမှုအခင်း ဖြစ်တဲ့ အချိန်မှာ စူးခုံးယက်ဟာ ဒီပတ်ဝန်းကျင်မှာ ရှိမနေပါဘူး"

ချိုယင်းဝေ၏စကားကြောင့် စုထိုက်ဆရာတော်သည် မျက်မှောင် အနည်းငယ်ကြုတ်လိုက်ပြီး. . .

"ဘယ်လိုအထောက်အထားနဲ့ ဒကာလေးက ပြောနိုင်ရ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

ချီယင်းဝေက. . .

"ဒီလိုပါ. . ."

ဟု အစချီလိုက်ပြီး ကွမ်းတီပြောပြသမျှကို အသေးစိတ် ပြောပြလိုက်လေသည်။

စုထိုက်ဆရာတော်က ချီယင်းဝေ ပြောသမျှကို ဦးခေါင်း တညိတ်ညိတ်ဖြင့် နားထောင်၍ နေလေသည်။

ပြီးမှ. . .

"ဒီအတိုင်းဆိုရင် စူးခုံးယက်ဟာ ဒီအနီးအနား ပတ် ဝန်းကျင်မှာမရှိတာ သေချာတာပေါ့ ဟုတ်လား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဟုတ်ပါတယ်"

စုထိုက်ဆရာတော်က. . .

"ဒါဖြင့်ရင် ဒကာလေး ဆရာတော်ကို လာတွေ့တာ ဟာ ဒီအကြောင်း ပြောပြပြီး စူးခုံးယက်ကို ပြန်ခေါ်မလို့ မဟုတ် လား"

ချီယင်းဝေက. . .

"မှန်ပါတယ်"

စုထိုက်ဆရာတော်က. . .

"အခု စူးခုံးယက်က ဒကာလေးတို့နဲ့အတူ ရှိနေပြီ မဟုတ်လား"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .



"ရှိနေပါတယ်"

စုထိုက်ဆရာတော်က တစ်ချက်ပြုံးလိုက်ပြီး. . .

"တဲ. . . ဒါဆို ဒကာလေးလာတဲ့ ကိစ္စပြီးပြီပဲ၊ စူးခုံးယက် ကို ထပ်ပြီး စစ်ဆေးစရာ မလိုတော့ဘူးပေါ့၊ ဒကာလေး ပြန်နိုင် ပြီ"

ဟု ပြောလိုက်ပြီး ဆရာတော်သည် ထိုင်ရာမှ ထလိုက် လေသည်။

ထို့နောက် အဆောင်တံခါးကို ချီယင်းဝေ ထွက်ခွာရန် ဖွင့်ပေးလိုက်လေသည်။

ချီယင်းဝေသည် ထိုင်ရာမှ ထလိုက်ပြီး အခန်းတံခါးဝ သို့ လျှောက်လာကာ စုထိုက်ဆရာတော် အနီး၌ ရပ်လိုက်လေ သည်။

ပြီးမှ သူသည် စုထိုက်ဆရာတော်ကို တစ်ချက်ကြည့် လိုက်ပြီး. . .

"လူသတ်တရားခံ ဘယ်သူ ဖြစ်မလဲ"

ဟု မေးလိုက်လေသည်။

စုထိုက်ဆရာတော်က ချီယင်းဝေကို အတန်ကြာအောင် စူးစိုက်၍ ကြည့်လိုက်လေသည်။

ပြီးမှ. . .

"ကျုပ်တို့ ကျောင်းဝင်းထဲက ကိစ္စကို ကျုပ်တို့ဘာသာပဲ ဖြေရှင်းတော့မယ်၊ ဒကာလေး ဝင်စွက်ဖို့ မလိုတော့ဘူး"

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး ထင်တယ်"

စုထိုက်ဆရာတော်က မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ဘာဖြစ်လို့လဲ"

"တပည့်တော်ခေါင်းထဲမှာ သံသယ ဖြစ်နေတာ ဘယ့်နှယ်လုပ်မလဲ"

စုထိုက်ဆရာတော်က. . .

"အခုအချိန်ကစပြီး ကျုပ်တို့ကျောင်းဝင်းထဲက ကိစ္စကိုလုံးဝ ဝင်မစွက်ပါနဲ့တော့၊ နောက်ပြီး ဒီကျောင်းဝင်းထဲကိုလဲ ဒကာလေး ဘယ်တော့မှ ပြန်မလာပါနဲ့"

စုထိုက်ဆရာတော်၏စကားကြောင့် ချီယင်းဝေသည် မည်သို့ ပြန်လည်ပြောရမှန်း မသိနိုင်အောင် ဖြစ်ကာ ပါးစပ်ပိတ်၍ နေလိုက်လေတော့သည်။

ပြီးမှ မိမိ၏ပခုံးနှစ်ဘက်ကို တွန့်လိုက်ပြီး အဆောင်အပြင်သို့ လှမ်းထွက်လိုက်လေသည်။

စုထိုက်ဆရာတော်က ချီယင်းဝေ ထွက်သွားသည်နှင့် အဆောင်တံခါးကို ပိတ်လိုက်လေသည်။

သို့သော် ရုတ်တရက် ချီယင်းဝေ အဆောင်တံခါးကို ပြန်လည်တွန်းဖွင့်လိုက်ပြီး တံခါးကြားမှ ခေါင်းပြူကာ စုထိုက်ဆရာတော်အား. . .

"ဪ ဆရာတော်ကို တပည့်တော်တစ်ခု ပြောရဦးမယ်"

စုထိုက်ဆရာတော်က. . .



"ဘာများလဲ"

ချီယင်းဝေက. . .

"ခေါင်းလောင်းထိုးတဲ့ နွားထိုင်းဘုန်းကြီးဟာ သိုင်းပညာ တတ်သလား"

ချီယင်းဝေ၏အမေးကြောင့် စုထိုက်ဆရာတော်သည် အနည်းငယ် တွေဝေသွားပြီး. . .

"နည်းနည်းပါးပါးတော့ တတ်မယ် ထင်တယ်"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ခါယမ်းကာ. . .

"နည်းနည်းပါးပါးတော့ မဟုတ်ဘူး ထင်တယ်၊ သူ့ရဲ့ သိုင်းပညာဟာ အဆင့်မြင့်လိမ့်မယ်လို့ တပည့်တော်ယူဆတယ်"

စုထိုက်ဆရာတော်က မျက်မှောင်အနည်းငယ်ကြုတ်ကာ. . .

"ဟုတ်ပါ့မလား"

ဟု မေးလိုက်လေသည်။

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

"ဒီလိုလုပ်ပါလား၊ တပည့်တော် သူ့ကို ပညာစမ်းကြည့်မယ်၊ အဲဒါ ဆရာတော်က ဘေးကနေ အကဲဖြတ်ပေါ့"

ဟု ပြောလိုက်လေသည်။

စုထိုက်ဆရာတော်က အတန်ကြာအောင် စဉ်းစားလိုက်ပြီး သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ကာ. . .

"ကောင်းပြီလေ၊ ဒါပေမယ့် ခြွင်းချက်တစ်ခုတော့ ထား

www.burmeseclassic.com

www.burmeseclassic.com



ရမယ်”

ချီယင်းဝေက. . .

“ဘယ်လိုခြွင်းချက်မျိုးလဲ”

“ဒကာလေးက ပညာစမ်းကြည့်ရုံသက်သက်ပဲ ဖြစ်ရမယ်၊ ထိခိုက်မှု မဖြစ်စေရဘူး”

ချီယင်းဝေက ဦးခေါင်းကိုညိတ်ကာ. . .

“စိတ်ချပါ”

ဟု ပြောလိုက်လေသည်။

ထို့နောက် သူတို့သည် နားထိုင်းဘုန်းကြီး ရှိရာ ခေါင်းလောင်းမျှော်စင်သို့ ထွက်ခွာသွားလေတော့သည်။

* * *



'ကျွီ'ဟူသော အသံနှင့်အတူ နားထိုင်းဘုန်းကြီး နေထိုင်သော ခေါင်းလောင်းမျှော်စင်အောက်မှ အခန်းတံခါး ပွင့်ဟသွားလေသည်။

ထို့နောက် ထိုပွင့်ဟသွားသော တံခါးမှ ချီယင်းဝေနှင့် စုထိုက်ဆရာတော် ဝင်ရောက်လာလေသည်။

အခန်းထဲ၌ မည်သည့်ပရိဘောဂမျှ များများစားစား မရှိပါ။

စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့် ခုတင်တစ်လုံးသာ ရှိပါသည်။

လရောင်အလင်းရောင်သည် ပြတင်းပေါက်မှ တဆင့် ခုတင်ပေါ်သို့ ကျရောက်လာနေလေသည်။

ခုတင်ပေါ်၌ စောင်ခေါင်းမြီးခြုံ၍ လူတစ်ယောက် အိပ်နေလေသည်။

ချီယင်းဝေသည် ခြေကို ဖွနင်းကာ ခုတင်အနီးသို့ ချဉ်းကပ်သွားလေသည်။

ထို့နောက် ခေါင်းမြီးခြုံထားသောစောင်ကို ဆွဲ၍ ဖယ်လိုက်ပြီး တိုက်ခိုက်လိုက်လေသည်။

သို့သော် ချီယင်းဝေ၏လက်သည် လမ်းတစ်ဝက်၌ ရပ်တန့်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် စောင်အောက်မှ ထွက်ပေါ်လာသော အရာသည် ချီယင်းဝေ တွေးထင်ထားသကဲ့သို့ နားထိုင်းဘုန်းကြီး မဟုတ်ဘဲ ခေါင်းအုံးများကို လူပုံသဏ္ဍာန် ပြုလုပ်

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်း ဖြစ်ပါသည်။

ထိုစဉ် ရုတ်တရက် အခန်းတံခါးဝ၌ နားထိုင်းဘုန်းကြီး ရပ်နေသည်ကို ချိုယင်းဝေ တွေ့မြင်လိုက်ရလေသည်။

* * *

နားထိုင်းဘုန်းကြီးနှင့် ချိုယင်းဝေတို့သည် တစ်ယောက်ကိုတစ်ယောက် အတန်ကြာအောင် စူးစိုက်ကြည့်နေကြလေသည်။

အတန်ကြာမှ နားထိုင်းဘုန်းကြီးသည် ရုတ်တရက်လှည့်၍ ထွက်ပြေးလေတော့သည်။

ချိုယင်းဝေသည် တုံ့ဆိုင်း၍ မနေဘဲ နားထိုင်းဘုန်းကြီးနောက်သို့ ပြေးလိုက်သွားပြီး တိုက်ခိုက်လိုက်လေတော့သည်။

သို့သော် ချိုယင်းဝေ၏တိုက်ခိုက်မှုကို နားထိုင်းဘုန်းကြီးက အသာအယာပင် ရှောင်တိမ်းလိုက်လေသည်။

နားထိုင်းဘုန်းကြီး၏သိုင်းကွက်ကို ချိုယင်းဝေ မြင်တွေ့လိုက်သည်နှင့် ထိုနားထိုင်းဘုန်းကြီး၏သိုင်းပညာသည် အဆင့်မြင့်မားကြောင်း သိလိုက်ရလေသည်။

ထိုစဉ် အခန်းထဲမှ စုထိုက်ဆရာတော် ထွက်လာပြီး ချိုယင်းဝေတို့အား ဟန့်တားလိုက်လေသည်။

ထို့ကြောင့် ဆက်လက်၍ မတိုက်ခိုက်တော့ဘဲ တစ်ယောက်ကိုတစ်ယောက် စူးစိုက်၍ ကြည့်နေကြလေသည်။



ဆရာတော်က နားထိုင်းဘုန်းကြီး၏ အနီးသို့ ရောက်လာပြီး နားထိုင်းဘုန်းကြီးအား သေချာစွာ ကြည့်ကာ. . .

"မင်း ဘယ်သူလဲ"

ဟု မေးလိုက်လေသည်။

နားထိုင်းဘုန်းကြီးက. . .

"ခေါင်းလောင်းထိုးတဲ့ ဘုန်းကြီးပါ"

ဟု ဖြေလိုက်လေသည်။

စုထိုက်ဆရာတော်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"မင်း မှန်မှန်ပြောပါ၊ မင်း. . . မင်း ဘယ်သူလဲ"

နားထိုင်းဘုန်းကြီးက. . .

"ခေါင်းလောင်းထိုးတဲ့ ဘုန်းကြီးပါ"

ဟု ထပ်မံ၍ ဖြေလိုက်လေသည်။

စုထိုက်ဆရာတော်က. . .

"မင်းရဲ့သိုင်းကွက်ဟာ အဆင့်အတန်းမြင့်တယ်၊ ပြီးတော့ ဒီကျောင်းက သိုင်းပညာနဲ့ ကွာတယ်"

နားထိုင်းဘုန်းကြီးက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး ချိုယင်းဝေကို တစ်လှည့်၊ စုထိုက်ဆရာတော်ကို တစ်လှည့်ကြည့်လိုက်လေသည်။

ထို့နောက် ရုတ်တရက် ရယ်မောလိုက်ပြီး. . .

"ဟုတ်တယ်. . . ကျုပ် ရှောင်လင်ဘုန်းကြီးပဲ"

ဟု ပြောလိုက်ပြီး သူ၏ခန္ဓာကိုယ်ကို ချာကနဲလှည့်ကာ ထိုနေရာမှ ထွက်ပြေးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုထိုက်ဆရာတော်နှင့် ချိုယင်းဝေတို့သည် ရုတ်တရက် ပြုမူလိုက်သော နားထိုင်းဘုန်းကြီး၏ အပြုအမူကြောင့် အံ့အားသင့်ကာ ငေးကြောင်၍ ကျန်ရစ်ခဲ့လေသည်။

* * *

ကျောင်းဝင်းအပြင်သို့ ရောက်သောအခါ နားထိုင်းဘုန်းကြီးသည် ဆက်လက်၍ မပြေးနိုင်တော့ပါ။

အကြောင်းမှာ သူ၏ပြေးလမ်းပေါ်၌ စူးခုံးယက်က ပိတ်၍ ရပ်နေသောကြောင့်ပင် ဖြစ်ပါသည်။

ထို့ကြောင့် နားထိုင်းဘုန်းကြီးသည် သူ၏ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး နောက်သို့ လှည့်ကြည့်လိုက်လေသည်။

ယင်းသို့ ကြည့်လိုက်မိသည်နှင့် မိမိ နောက်မှ ယုပါဟုန် ပေါ်ထွက်လာသဖြင့် နားထိုင်းဘုန်းကြီးသည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး စူးခုံးယက်၏ဘယ်ဘက်မှ ထွက်ပြေးရန် စဉ်းစားလိုက်လေသည်။

ထိုသို့ စဉ်းစားလိုက်သည့်တစ်ချိန်တည်းမှာပင် စူးခုံးယက်၏ ဘယ်ဘက်ရှိ ပန်းရုံအကြားမှ ကွမ်းတိနှင့် တိမ်းရှူလေးတို့ ထွက်ပေါ်လာသည်ကို နားထိုင်းဘုန်းကြီး မြင်တွေ့လိုက်ရလေ တော့သည်။

နားထိုင်းဘုန်းကြီးသည် သက်ပြင်းတစ်ချက်မှုတ်ထုတ် လိုက်ပြီး ချိုယင်းဝေဘက်သို့ လှည့်၍ ချိုယင်းဝေနှင့် ရင်ဆိုင်လိုက်



လေသည်။

ချိုယင်းဝေက နားထိုင်းဘုန်းကြီးကို ပြုံးပြကာ. . .

"ခင်ဗျားအဖမ်းခံပါ"

ဟု ပြောလိုက်ပြီး နားထိုင်းဘုန်းကြီး၏အနီးသို့ ချဉ်းကပ်သွားလေသည်။

ထိုစဉ် နားထိုင်းဘုန်းကြီးသည် သူ၏လက်ကို ရုတ်တရက် လှုပ်ရှားလိုက်ပြီး ချိုယင်းဝေအား စတင်တိုက်ခိုက်လိုက်လေသည်။

ရုတ်တရက် နားထိုင်းဘုန်းကြီးက တိုက်ခိုက်လိုက်သဖြင့် ချိုယင်းဝေသည် ကပျာကယာ ရှောင်တိမ်းလိုက်ပြီး နားထိုင်းဘုန်းကြီးကို ပြန်လည်၍ တိုက်ခိုက်လိုက်လေသည်။

သိုင်းကွက် သုံး-လေးကွက်မျှ ယှဉ်ပြိုင်ပြီးသောအခါ နားထိုင်းဘုန်းကြီးသည် ချိုယင်းဝေ ထင်မှတ်ထားသည်ထက် ပို၍ အဆင့်မြင့်ကြောင်း သိရှိလိုက်ရလေသည်။

ထို့ကြောင့် ချိုယင်းဝေသည် သိုင်းကွက်ပြောင်းလဲလိုက်ပြီး နားထိုင်းဘုန်းကြီးကို ထိုးစစ်ဆင်လိုက်လေသည်။

ချိုယင်းဝေ၏ တိုက်ကွက်များသည် လျှပ်စီးလက်သကဲ့သို့ လျင်မြန်ပြီး ထိရောက်သော တိုက်ကွက်များ ဖြစ်ပါသည်။

ထို့ကြောင့် နားထိုင်းဘုန်းကြီးသည် နောက်သို့ လေးငါးလှမ်းမျှဆုတ်၍ ချိုယင်းဝေ၏ ထိုးနှက်မှုကို ရှောင်တိမ်းလိုက်ရလေသည်။

သိုင်းကွက်နှစ်ဆယ်မျှ ယှဉ်ပြိုင်မိသောအခါ နားထိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးသည် အရေးနိမ့်စ ပြုလာပြီ ဖြစ်ပါသည်။

ထို့ကြောင့် နားထိုင်းဘုန်းကြီးသည် မိမိ၏သိုင်းကွက်ကို ပြောင်းလဲအသုံးပြုလိုက်လေတော့သည်။

စုထိုက်ဆရာတော်သည် ထိုသို့ နားထိုင်းဘုန်းကြီး ပြောင်းလဲအသုံးပြုလိုက်သော သိုင်းကွက်ကို မြင်တွေ့လိုက်သည်နှင့်. . .

"ရိကျောင်ကျောင်"

ဟု အော်ဟစ်ကာ နားထိုင်းဘုန်းကြီးကို စူးစိုက်ကြည့်လိုက်မိလေသည်။

စုထိုက်၏အော်သံကြောင့် နားထိုင်းဘုန်းကြီးသည် ချိုယင်းဝေကို တိုက်ခိုက်နေရာမှ ရပ်တန့်လိုက်ပြီး စုထိုက်ဆရာတော်ကို တစ်ချက်လှမ်းကြည့်ကာ. . .

"ရိကျောင်ကျောင်သိုင်းကွက်မှန်း ဆရာတော်က ဘယ်လိုသိတာလဲဟင်"

ဟု မေးလိုက်လေသည်။

နားထိုင်းဘုန်းကြီး၏အမေးကို စုထိုက်ဆရာတော် ဖြေကြားခြင်းမပြုမီ ချိုယင်းဝေက ဝင်ရောက်၍. . .

"ခင်ဗျားက ရိကျောင်ကျောင်သိုင်းကွက်ကို ဘာဖြစ်လို့ သိနေရတာလဲ"

ဟု မေးလိုက်လေသည်။

နားထိုင်းဘုန်းကြီးက ရှုတ်တစ်ရက် ရယ်မောလိုက်ပြီး

"ကျုပ်က ရှောင်လင်ဘုန်းကြီးပဲ၊ ရိကျောင်ကျောင်သိုင်းကွက်ကို သိနေတာ မဆန်းပါဘူး"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက ရယ်မောလိုက်ပြီး. . .

"ဒါဖြင့် ကျမ်းစာကို ဘာဖြစ်လို့ ခိုးရတာလဲ၊ ဘာဖြစ်လို့ လူသတ်ရတာလဲ"

နားထိုင်းဘုန်းကြီးက. . .

"ကျုပ် ဘယ်သူ့ကို သတ်လို့လဲ"

ချိုယင်းဝေက. . .

"တုဟူးကစပြီး စုဟိုက်အထိ ဘယ်သူသတ်သလဲ"

နားထိုင်းဘုန်းကြီးက တစ်ချက်ရယ်မောကာ. . .

"ကျုပ် မသတ်ဘူး"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး. . .

"ဒါဖြင့် ဘယ်သူသတ်သလဲ"

ဟု ထပ်မံ၍ မေးလိုက်လေသည်။

ထိုစဉ် စုထိုက်ဆရာတော်က ဝင်ရောက်၍ ချိုယင်းဝေအား. . .

"ဒကာလေး အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်၊ ဘုန်းကြီးတို့ကိစ္စ ဘုန်းကြီးတို့ပဲ ရှင်းပါ့မယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက စုထိုက်ဆရာတော်ကို တစ်ချက်ကြည့်၍ ပြုံးပြလိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"အမှုကိစ္စတစ်ခုကို လိုက်မှတော့ အဆုံးအထိ လိုက်ပါရစေ"

ဟု ပြောလိုက်လေသည်။

စုထိုက်ဆရာတော်က ရုတ်တရက် မျက်နှာတစ်ချက် ပျက်သွားပြီး. . .

"ဒီမှာ ဒကာလေး၊ အခုကိစ္စဟာ ကျောင်းဝင်းထဲက ကိစ္စဖြစ်တဲ့အပြင် ကျုပ်တို့အချင်းချင်းလဲ ဖြစ်နေတယ်၊ ဒါကြောင့် သူ့ကို ကျုပ်ကပဲ စစ်ဆေးမေးမြန်းပါ့မယ်၊ ဒကာလေးတို့ ဒီက ထွက်သွားပါ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက တစ်ချက်ပြုံးကာ ဦးခေါင်းကို ခါယမ်းလိုက်ပြီး. . .

"တပည့်တော်ရဲ့ဦးနှောက်ထဲက သံသယတွေ မပျောက်သေးဘူး"

စုထိုက်ဆရာတော်က. . .

"အခု တရားခံမိနေမှပဲ၊ သံသယရှင်းရောပေါ့"

ချီယင်းဝေက တစ်ချက်ပြုံးကာ. . .

"ဆရာတော်က နားထိုင်းဘုန်းကြီးကို တရားခံပါလို့ ဘယ်အထောက်အထားနဲ့ ပြောတာလဲ"

စုထိုက်ဆရာတော်က ရယ်မောလိုက်ပြီး. . .

"အခု လက်တွေ့ပဲ မဟုတ်လား"

"ဒီမှာ ဖြစ်ခဲ့တဲ့ အမှုအခင်းမှာ ပထမဆုံး တပည့်တော်



ကို တရားခံလို့ စွပ်စွဲခဲ့တယ်၊ နောက်တော့ စူးခုံးယက်ကို တရားခံလို့ စွပ်စွဲပြန်တယ်၊ အခု နားထိုင်းဘုန်းကြီးကို တရားခံလို့ စွပ်စွဲပြန်ပြီ"

စုထိုက်ဆရာတော်က အပြုံးမပျက်ဘဲ. . .

"ဒါပေမယ့် အထောက်အထား မခိုင်လုံလို့ ကျုပ်တို့က ဒကာလေးနဲ့ စူးခုံးယက်ကို လွှတ်ပေးခဲ့တယ် မဟုတ်လား"

ချီယင်းဝေက မပြုံးမရယ်ဘဲ ဆရာတော်ကို စူးစိုက်ကြည့်ကာ. . .

"နားထိုင်းဘုန်းကြီးက တရားခံ ဖြစ်ပါတယ်လို့ အထောက်အထား ခိုင်လုံပြီလား"

ဆရာတော်က မျက်နှာတစ်ချက် ကွက်ခနဲပျက်သွားပြီး

"ဒါကတော့ ကျုပ်တို့ကိစ္စပဲ၊ မတရားတာ မလုပ်ဘူးဆိုတာ ဒကာလေး အသိပဲ"

ဟု ပြောလိုက်လေသည်။

စုထိုက်ဆရာတော်၏ စကားဆုံးသည်နှင့် နားထိုင်းဘုန်းကြီးက ရုတ်တရက် ရယ်မောလိုက်ပြီး. . .

"ဒါကြောင့် စုစွမ်းက ပြောတာ၊ ခင်ဗျားဟာ သမာဓိရှိသလို ဟန်ဆောင်ပြီး ကောက်ကျစ်တယ်တဲ့"

ဟု ဝင်ရောက် ပြောဆိုလိုက်လေသည်။

နားထိုင်းဘုန်းကြီး၏ စကားကြောင့် စုထိုက်ဆရာတော်သည် မျက်မှောင်ကြုတ်သွားပြီး နားထိုင်းဘုန်းကြီးဘက်သို့ လှည့်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"စကားထဲက ဇာတိပြဆိုသလိုပဲ၊ ဒီကျောင်းဝင်းရဲ့ စည်းမျဉ်းတို့ ဖောက်ဖျက်ပြီး မသွားရ တားမြစ်တဲ့ နေရာကို သွားပြီး အပြစ်ကျူးလွန်ခဲ့ပါလား၊ ဒါဆို ကျမ်းစာထားတဲ့ အဆောင်ကို လည်း ဘုန်းကြီးရောက်မှာပဲ"

ဟု ပြောလိုက်လေသည်။

နားထိုင်းဘုန်းကြီးက မျက်နှာတစ်ချက် ပျက်သွားပြီး

"ကျုပ်ကို တရားခံလို့ စွပ်စွဲရတာလား"

ဟု မေးလိုက်လေသည်။

စုထိုက်ဆရာတော်က ပြုံးလျက်. . .

"ကျုပ်က မစွပ်စွဲရသေးပါလား၊ ကိုယ့်လိပ်ပြာ ကိုယ်မလုံလို့ မေးလိုက်တာလား"

ထိုစဉ် ချိုယင်းဝေသည် မျက်မှောင်ကြုတ်၍ စဉ်းစားနေရာမှ နားထိုင်းဘုန်းကြီးအား လှမ်း၍. . .

"တရားခံ ဘယ်သူဆိုတာ ခင်ဗျားသိလား"

ဟု မေးလိုက်လေသည်။

နားထိုင်းဘုန်းကြီးက စုထိုက်ဆရာတော်ကို ညွှန်ပြလိုက်ပြီး. . .

"သူပဲ"

ဟု ဖြည်းညင်းစွာ ပြောလိုက်လေတော့သည်။

* * *



စုထိုက်ဆရာတော်က ရုတ်တစ်ရက် ရယ်မောလိုက်ပြီး နားထိုင်းဘုန်းကြီးအား. . .

"သူခိုးက လူပြန်ဟစ်တယ်ဆိုတာ ဒါမျိုးပေါ့"

ဟု ပြောလိုက်လေသည်။

နားထိုင်းဘုန်းတော်ကြီး၏ မျက်နှာပေါ်၌ အပြုံးတစ်ချက် ပေါ်လာသည်။

ထိုအပြုံးသည် အသိရခက်သောအပြုံး ဖြစ်ကြောင်း ချိုယင်းဝေ စိတ်ထဲမှ ထင်မှတ်မိလိုက်လေသည်။

နားထိုင်းဘုန်းကြီးက ပြုံးလျက်. . .

"ဒီကျောင်းမှာဖြစ်တဲ့ အမှုအခင်းကို ဖန်တီးတာ ခင်ဗျားပဲ"

ဟု စုထိုက်ဆရာတော်ကို လက်ညှိုးဖြင့်ထိုးကာ ပြောလိုက်လေသည်။

ချိုယင်းဝေက နားထိုင်းဘုန်းကြီးကို ကြည့်လိုက်ပြီး. . .

"ခင်ဗျားမှာ ဘယ်လိုအထောက်အထား ရှိသလဲ"

ဟု မေးလိုက်လေသည်။

နားထိုင်းဘုန်းကြီးက ချိုယင်းဝေ၏စကားကို မဖြေမီ စုထိုက်ဆရာတော်က ဝင်ရောက်၍ ချိုယင်းဝေအား. . .

"ကဲ ဒကာလေး ပြန်ပါတော့၊ ကျုပ်တို့ကိစ္စ ကျုပ်တို့ပဲ ရှင်းပါမယ်"

ဟု ပြောလိုက်လေသည်။

ချိုယင်းဝေက စုထိုက်၏စကားကို လက်မခံသည့်အပြင်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ဘယ်ညာခါယမ်းပြလိုက်ပြီး စုထိုက်ဆရာတော်အား

"ဒီမှာ ဖြစ်တဲ့ အမှုအခင်းရဲ့လက်သည်ကို သိရမှပဲ တပည့်တော်သွားနိုင်မယ်၊ အဲဒီလိုမှ မဟုတ်ရင် ရင်ထဲမှာ မတင်မကျကြီးနဲ့ တစ်သက်လုံး ခံစားနေရလိမ့်မယ်"

နားထိုင်းဘုန်းကြီးက. ချိုယင်းဝေ၏စကားကို လက်ခံသည့်ဟန်ဖြင့်. . .

"ဟုတ်တယ်၊ ဘယ်သူက တရားခံဆိုတာ ရှင်းရှင်းလင်းလင်း ဖြစ်သွားတော့ ပိုကောင်းတာပေါ့"

စုထိုက်ဆရာတော်က ရုတ်တရက် မျက်နှာထားတင်းလိုက်ပြီး. . .

"လူစကားလူယုံ၊ ကျားစကားကျားယုံတဲ့ကွ၊ မင်းလို အခြေအမြစ်မရှိဘဲ စွပ်စွဲကြစတမ်းဆိုရင် လူတိုင်းတရားခံဖြစ်နိုင်တာပဲ၊ ကဲ ကောင်းပြီ၊ မင်းဘာပြောချင်သလဲ၊ ပြောပါ"

ချိုယင်းဝေက နားထိုင်းဘုန်းကြီးအား. . .

"ခင်ဗျားသိသမျှ ပြောပြစမ်းပါ"

နားထိုင်းဘုန်းကြီးက တစ်ချက်ပြုံးလိုက်ပြီး စုထိုက်ဆရာတော်အား. . .

"စုဟိုက်ကို ခင်ဗျားကိုယ်တိုင် စူးခုံးယက် ဓားနဲ့သတ်လိုက်တာ ကျုပ်တွေ့တယ်"

ဟု ပြောလိုက်လေသည်။

စုထိုက်ဆရာတော်က ထိတ်လန့်သော အမူအရာဖြင့် လက်နှစ်ဘက် ခါယမ်းပြလိုက်ပြီး. . .



"အောင်မယ်လေး၊ နားရှိလို့သာ ကြားလိုက်ရတယ်၊ ဟောဒီ ကျောင်းဝင်းတစ်ခုလုံးမှာ မေးကြည့်ပါ၊ လူကို မပြောနဲ့ ခြင်တစ်ကောင်တောင် ကျုပ် မသတ်ဖူးပါဘူး"

ချိုယင်းဝေ မျက်မှောင်အနည်းငယ်ကြုတ်လိုက်ပြီး နားထိုင်းဘုန်းကြီးကို တစ်ချက်ကြည့်ကာ. . .

"မျက်မြင်သက်သေဆိုလို့ ခင်ဗျားတစ်ယောက်ပဲ ရှိတယ်၊ စုဟိုက် သေတုန်းက ဒီအကြောင်းကို မပြောဘဲ အခုမှ ဘာဖြစ်လို့ ပြောရတာလဲ"

ဟု မေးလိုက်လေသည်။

နားထိုင်းဘုန်းကြီးက နှုတ်ခမ်းတစ်ချက်တွန့်၍ ပြုံးကာ

"အဲဒီတုန်းက ကျုပ်ပြောရင် ဘယ်သူမှယုံမှာလဲ မဟုတ်ဘူး၊ ကျုပ်အပေါ် အမှုပြန်ပတ်လာမှာလဲ စိုးလို့ပါ"

စုထိုက်ဆရာတော်က ပြုံးလိုက်ပြီး. . .

ချိုယင်းဝေ၊ စူးခုံးယက်၊ ယုပါဟုန်၊ တိမ်းရှုံလေးတို့ကို တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

ပြီးမှ နားထိုင်းဘုန်းကြီးဘက်သို့ လှည့်ကာ. . .

"ဟောဒီမှာရှိတဲ့ ပုဂ္ဂိုလ်တွေဟာ စဉ်းစားချင့်ချိန်တတ်တဲ့ ပုဂ္ဂိုလ်ကြီးတွေပဲ၊ မင်းရဲ့စကားကို သူတို့က ယုံကြည်ကြလိမ့်မယ်လို့ မင်းထင်သလား"

ဟု မေးလိုက်လေသည်။

နားထိုင်းဘုန်းကြီးက ချိုယင်းဝေတို့ဘက်သို့ လက်ဝှေ့ယမ်းပြလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က စည်းစားချင့်ချိန်တတ်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လို့ ကျုပ်လဲ ပြောပြရဲတာပေါ့"

နားထိုင်းဘုန်းကြီး၏ စကားကြောင့် စုထိုက်ဆရာတော်သည် မျက်နှာတစ်ချက်ပျက်သွားပြီး နားထိုင်းဘုန်းကြီးကို စူးစိုက်၍ ကြည့်ကာ

"ခင်ဗျားဟာ ကျုပ်တို့ စုဟိုက်ကျောင်းကလဲ မဟုတ်ဘူး၊ ပြီးတော့ ကျောင်းရဲ့စည်းကမ်းကိုလဲ ဖောက်ဖျက်ကျူးလွန်ခဲ့တယ်၊ ဒီတော့ ခင်ဗျားရဲ့စကားကို သူတို့ယုံနိုင်ပါ့မလား"

ထိုစဉ် ချီယင်းဝေက ဝင်ရောက်၍ နားထိုင်းဘုန်းကြီးအား မျက်မှောင်ကြုတ်၍ ကြည့်ကာ. . .

"ကျုပ်တို့ယုံတာ မယုံတာ ဘေးချိတ်ပြီးတော့ ခင်ဗျားသိသမျှ ပြောပြပါ"

ဟု ပြောလိုက်လေသည်။

နားထိုင်းဘုန်းကြီးက ပြုံးလိုက်ပြီး. . .

"ကျုပ်ပြောပြပါ့မယ်၊ စုထိုက်ဟာ စုဟိုက်နဲ့ ပူးပေါင်းပြီး ရိကျင်ကျင်ကျမ်းဟာ အခိုးခံရတယ်ဆိုပြီး သတင်းလွှင့်ဖို့ ကြံစည်နေကြတယ်၊ အမှန်တော့ ရိကျင်ကျင်ကျမ်းစာ ပျောက်ဆုံးနေတာ နှစ်ပေါင်းတစ်ရာရှိပြီ"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဆက်ပြောပါ"

နားထိုင်းဘုန်းကြီးက တံတွေးတစ်ချက်မျိုလိုက်ပြီး ချီယင်းဝေကို ကြည့်ကာ. . .



"အဲဒီအချိန်မှာ ခင်ဗျား ရောက်လာခဲ့တာပဲ"

စုထိုက်ဆရာတော်က တစ်ချက်ပြုံးလိုက်ပြီး. . .

"ကဲ. . . ကျုပ်တို့ မကောင်းကြံစည်နေပြီဆိုပါတော့၊ ကျုပ်တို့ တိုင်ပင်တာကို ခင်ဗျား ဘယ်လိုလုပ်သိသလဲ"

ဟု မေးလိုက်လေသည်။

နားထိုင်းဘုန်းကြီးက. . .

"ကျုပ်အတွက် မခဲယဉ်းပါဘူး၊ ခင်ဗျားတို့ နှုတ်ခမ်းလှုပ်တာကို ကြည့်လိုက်တာနဲ့ ဘာပြောတယ်ဆိုတာ ကျုပ်သိတယ်"

စုထိုက်ဆရာတော်က ရယ်မောကာ. . .

"ဘယ်သူ ယုံမလဲ"

ချီယင်းဝေက. . .

"ကျုပ်ယုံတယ်"

ဟု ဝင်ရောက်ပြောလိုက်လေသည်။

စုထိုက်ဆရာတော်က နှုတ်ခမ်းမဲ့၍ တစ်ချက်ပြုံးလိုက်ပြီး စူးခုံးယက်၊ ဟန်တိအံ၊ ကွမ်းတီနှင့် ယုပါဟုန်တို့ဘက်သို့ လှည့်ကာ. . .

"ခင်ဗျားတို့ ယုံသလား၊ အရူးမှပဲ ယုံမယ်"

ဟု ပြောလိုက်လေသည်။

စူးခုံးယက်၊ ဟန်တိအံ၊ ကွမ်းတီနှင့် ယုပါဟုန်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သော်လည်း စုထိုက်ဆရာတော်အား မည်သည့်စကားမျှ တုံ့ပြန်၍ ပြောခြင်း မရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ချီယင်းဝေက နားထိုင်းဘုန်းကြီးအား. . .

"ကဲ. . . ဆက်ပြောပါဦး"

ဟု ပြောလိုက်လေသည်။

နားထိုင်းဘုန်းကြီးက. . .

"ဒါကြောင့် ကျုပ်က သူတို့ကို သက်သေမကင်း ဖြစ်လာခဲ့တယ်၊ ဒါနဲ့ပဲ ကျုပ်လဲ သူတို့ကို အကဲခတ် ကြည့်နေခဲ့တယ်၊ အဲ ဒီအချိန်မှာ ခင်ဗျားရောက်လာတာပဲ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက ဦးခေါင်းကို ညိတ်ကာ. . .

"အင်း. . . ဆက်ပြောပါဦး"

နားထိုင်းဘုန်းကြီးက. . .

"ခင်ဗျား ရောက်လာတဲ့ ညမှာပဲ စုဟိုက်ဟာ ခင်ဗျား မြင်အောင် တမင် ကျမ်းစာထားတဲ့ အဆောင်ပေါ်က ခုန်ချပြီး ထွက်ပြေးခဲ့တယ်၊ ခင်ဗျားက သူ့နောက်ကို လိုက်လဲသွားရော ခင်ဗျားအပေါ် အပြစ်ပုံချဖို့ သူတို့ကြံစည်းတော့တာပဲ"

ချီယင်းဝေက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ဒါဖြင့် တုဟူးကို စုဟိုက်က သတ်တာပေါ့ ဟုတ်လား"

နားထိုင်းဘုန်းကြီးက. . .

"ဟုတ်တယ်. . . အဲဒီတုန်းက ကျုပ်ဟာ မျက်နှာကြက် အပေါ်မှာရှိတဲ့ လေဝင်ပေါက်က ကြည့်နေခဲ့တယ်"

ချီယင်းဝေက. . .

"ဘာဖြစ်လို့ ဝင်မကူတာလဲ"



"ကျုပ်ဝင်ကူဖို့ အချိန်မရလိုက်လို့ပါ"

ချီယင်းဝေက. . .

"တုချမ်းကိုရော စုဟိုက် သတ်တာပဲလား"

နားထိုင်းဘုန်းကြီးက. . .

"အမှန်တော့ တုချမ်းကို သတ်ဖို့မဟုတ်ဘူး၊ ခင်ဗျား ကြောင့် တုချမ်းဟာ တုဟူး ရေးခြစ်ခဲ့တဲ့ အကြောင်းကို သတိပြု မိပြီး လူသတ်သမားဟာ စုဟိုက် ဖြစ်ကြောင်း သိသွားခဲ့တယ်၊ ဒါကြောင့် တုချမ်းဟာ အစည်းအဝေးကို မတက်ဘဲ စုဟိုက်ကို ကျောင်းနောက်ဘက်မှာ တွေ့ပြီး ကျမ်းစာကို ပြန်ပေးဖို့ တောင်း ခဲ့တယ်၊ ဒါပေမယ့် စုဟိုက်က တုချမ်းကို နှုတ်ပိတ်လိုက်တယ်၊ အဲဒီအချိန်မှာ ကျောင်းအနောက်ဘက်က အိမ်သာထဲမှာ ကျုပ် ရှိနေတယ်"

ချီယင်းဝေက ဦးခေါင်းကို ညိတ်ပြကာ. . .

"အင်း. . . ခင်ဗျားပြောတာ အဆက်အစပ် ရှိပါတယ်၊ တုလိမ်က ကျုပ်ကို လုပ်ကြံရတာကကော"

နားထိုင်းဘုန်းကြီးက. . .

"ဒါက ရှင်းပါတယ်၊ ဒီကျောင်းထဲမှာ တုလိမ်ဟာ ခင်ဗျား အပေါ် သံသယ အကြီးဆုံးပဲ၊ ခင်ဗျားကို စုထိုက်က လွှတ်ပေး လိုက်တော့ သူက မကျေမနပ် ဖြစ်ခဲ့တယ်၊ စုဟိုက်က အဲဒါကို အခွင့်ကောင်းပြီး ခင်ဗျားကို နှုတ်ပိတ်ဖို့ တုလိမ်ကို တာဝန်ပေးခဲ့ တယ်"

ချီယင်းဝေက တစ်ချက်ပြုံးလိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို နှုတ်ပိတ်ဖို့ မအောင်မြင်တာ တွေ့လို့ စုဟိုက်က ဖြတ်ပြီး နှုတ်ပိတ်ခဲ့ပေါ့ ဟုတ်လား"

နားထိုင်းဘုန်းကြီးက. . .

"ဖြစ်နိုင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ တုလိမ် ထွက်သွားပြီး မကြာခင်မှာပဲ စုဟိုက်လိုက်သွားတာ ကျုပ်မြင်လိုက်ရတယ်"

ထိုစဉ် စုထိုက်ဆရာတော်က ရုတ်တရက် ရယ်မောလိုက်ပြီး. . .

"ဟား. . . ဟား. . . ဟား၊ ခင်ဗျားက ယုတ္တိယုတ္တာ ရှိအောင် ပြောတတ်တာပဲ၊ ဒါပေမယ့် ယုတ္တိ မရှိတာကတော့ အခုကိစ္စတွေ အားလုံး မျက်မြင်သက်သေက ခင်ဗျားတစ်ယောက်တည်း ဖြစ်နေတာပဲ"

ဟု ပြောလိုက်လေသည်။

ချီယင်းဝေက မျက်မှောင်ကြုတ်လျက် အတန်ကြာအောင် စဉ်းစားလိုက်ပြီး. . .

"ကျုပ်စဉ်းစားလို့ မရတာ တစ်ချက်ရှိသေးတယ်"

နားထိုင်းဘုန်းကြီးက. . .

"ဘာများလဲ"

ချီယင်းဝေက. . .

"လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာလောက်ကတည်းက ပျောက်ဆုံးခဲ့တဲ့ကျမ်းကို သူတို့က ဘာဖြစ်လို့ အခုမှ အခိုးခံရတဲ့ပုံစံ လုပ်ရတာလဲ"



နားထိုင်းဘုန်းကြီးက. . .

"ကျုပ်လဲ အဲဒါကို သိချင်လို့ သူတို့ရဲ့ လှုပ်ရှားမှုကို အကဲခတ်ကြည့်နေမိတာပေါ့၊ ကျုပ်အတင်ပြောရရင် ရွှေသော့ကို ရှာချင်လို့နဲ့တူတယ်"

ချီယင်းဝေက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"ခင်ဗျားပြောတာ ကျွန်တော်နားမရှင်းဘူး"

နားထိုင်းဘုန်းကြီးက. . .

"ဒီကျောင်းမှာရှိတဲ့ ရိကျင်ကျင်ကျမ်းစာဟာ တခြားကျမ်းစာ သုံးလေးခုနဲ့ မွှေနှောက်ပြီး ရေးထားတဲ့ကျမ်းစာ ဖြစ်ပြီး ရိကျင်ကျင်ကျမ်းစာ အဆုံးအထိ မရှိခဲ့ဘူး၊ ဒီအကြောင်းကို စုကူ၊ စုဟိုက်၊ စုစွမ်းနဲ့ စုရှမ်းတို့ပဲ သိတယ်၊ ဒါပေမယ့် အဲဒီကျမ်းစာရဲ့အဆုံးမှာ ရွှေသော့ရသူသည် ရိကျင်ကျင်ကျမ်းစာကို ပိုင်သောသူ ဖြစ်လိမ့်မည်လို့ စာတစ်ကြောင်းရေးထားတယ်"

ချီယင်းဝေက ဦးခေါင်းညိတ်ပြလိုက်ပြီး. . .

"ဒါကြောင့် ရွှေသော့ကို ရှာတယ်ဆိုပါတော့"

နားထိုင်းဘုန်းကြီးက ဦးခေါင်းညိတ်ပြလိုက်လေသည်။

စုထိုက်ဆရာတော်က ပြုံးကာ. . .

"ယုံတမ်းစကား တစ်ခုပါပဲလား"

ဟု ခနဲ့သည့်လေသံဖြင့် ဝင်ရောက်ပြောလိုက်လေသည်။

ထိုစဉ် ရုတ်တရက်. . .

"ချီယင်းဝေ အဲဒါ ယုံတမ်းစကား မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟူသော အသံနှင့်အတူ အမှောင်ရိပ်ထဲမှ လူရိပ်တစ်ရိပ် ပေါ်ထွက်လာလေသည်။

ထိုလူရိပ်၏မျက်နှာပေါ်၌ မျက်နှာဖုံးစွပ်၍ ထားလေသည်။

ထိုလူသည် ချီယင်းဝေတို့ အနီးသို့ လျှောက်လာပြီး စုထိုက်ဆရာတော်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်လေသည်။

ပြီးမှ ထိုလူရိပ်သည် မိမိ မျက်နှာပေါ်မှ မျက်နှာဖုံးကို ဖြည်းညင်းစွာ ဆွဲချွတ်လိုက်လေသည်။

စုထိုက်ဆရာတော်သည် ထိုလူ၏မျက်နှာကို မြင်တွေ့လိုက်သည်နှင့်. . .

"စုကူး"

ဟု ရေရွတ်လိုက်မိလေတော့သည်။

စုကူးက. . .

"ဟုတ်တယ်၊ ကျုပ် စုကူးပါပဲ"

စုထိုက်ဆရာတော်က စုကူးကို လက်နှစ်ဘက်ဆုပ်၍ ဂါရဝပြုလိုက်ပြီး. . .

"အစ်ကိုကြီးစုကူးလာတာ အတော်ပဲ၊ ဟောဒီက နားထိုင်းဘုန်းကြီးဟာ ကျုပ်တို့ကျောင်းရဲ့ လျှို့ဝှက်ချက်တွေကိုသိနေပြီး ကျောင်းမှာဖြစ်ပွားတဲ့ အမှုအခင်းတွေရဲ့လက်သည်ပါပဲ"

စုကူးက နားထိုင်းဘုန်းကြီးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ဦးခေါင်းကို ခါယမ်းကာ စုထိုက်အား. . .



"ရိကျောင်ကျောင်ကျမ်းဟာ အစစ်မဟုတ်ကြောင်း သိနေတဲ့နောက် သူက ကျမ်းစာကို ခိုးယူပါ့မလား"

စုထိုက်ဆရာတော်က ပြုံးလိုက်ပြီး. . .

"ရိကျောင်ကျောင်ကျမ်းအစစ်ကို တွေ့ဖို့ သွေးသော့ကိုရှာနေတာကော မဖြစ်နိုင်ဘူးလား"

စုကူးက ရယ်မောလိုက်သည်။

"သွေးသော့ကို ရှာနေတာဆိုရင်တော့ ခင်ဗျားလဲ ဖြစ်နိုင်တာပဲ"

ဟု ပြောလိုက်လေသည်။

စုကူး၏စကားကြောင့် စုထိုက်ဆရာတော်သည် မျက်နှာတစ်ချက်ပျက်သွားပြီး. . .

"ဒါဆိုရင် ခင်ဗျားကလဲ ဒီကိုလာတာ သွေးသော့ကိုရှာဖို့ပဲလား"

စုကူးက ဦးခေါင်းကို ညိတ်ပြလိုက်ပြီး. . .

"ဟုတ်တယ်၊ ရှာဖို့လာရုံတင်မကပါဘူး၊ သွေးသော့လဲ ကျုပ်လက်ထဲရောက်နေပြီ"

ဟုပြောကာ အင်္ကျီရင်ဘတ်ကြားမှ သွေးသော့ကို ထုတ်လိုက်လေသည်။

မီးတုတ်၏အလင်းရောင်အောက်၌ စုကူး၏လက်ထဲမှ သော့သည် သွေးရောင်ဝင်းလက်နေပေသည်။

ချီယင်းဝေ အပါအဝင် လူအားလုံးသည် စုကူးလက်ထဲမှသော့ကို ငေးကြည့်နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရုတ်တရက် စုထိုက်ဆရာတော်သည် စုကူးကို စတင် တိုက်ခိုက်လိုက်ရင်း ပါးစပ်မှလည်း. . .

"ဒီသော့ဟာ မင်းတို့နဲ့မဆိုင်ဘူး"

ဟု ပြောလိုက်လေသည်။

စုထိုက်ဆရာတော်၏ တိုက်ကွက်သည် အလွန်လျင်မြန်ပြီး အားမာန်အပြည့်ပါရှိလေသည်။

သို့သော် စုကူးသည် စုထိုက်ဆရာတော်၏ တိုက်ကွက်များကို အသာအယာပင် တိမ်းရှောင်လိုက်လေသည်။

ချိုယင်းဝေသည် ရုတ်တရက် ငေးကြောင်၍ ကြည့်နေရာမှ ဝင်ရောက်၍ စုထိုက်ဆရာတော်ကို ဟန့်တားလိုက်လေသည်။

ထို့ကြောင့် စုထိုက်ဆရာတော်နှင့် ချိုယင်းဝေတို့သည် တစ်ယောက်နှင့်တစ်ယောက် လက်ဝါးချင်းရိုက်မိကြပြီး. . .

"ဝုန်း"

ဟူသောအသံနှင့်အတူ ချိုယင်းဝေသည် နောက်သို့ သုံးလေးပတ်မျှ လန်၍ လဲကျသွားလေတော့သည်။

ချိုယင်းဝေသည် လဲကျရာမှ လူးလဲထလိုက်ပြီး စုထိုက်ဆရာတော်ကို မယုံကြည်နိုင်သော မျက်လုံးများဖြင့်ကြည့်နေမိလေသည်။

အကြောင်းမှာ စုထိုက်ဆရာတော်၏ အတွင်းအားသည် ချိုယင်းဝေ ခန့်မှန်းထားသည်ထက် သာလွန်နေသည် မဟုတ်ပါလား။



ထို့အပြင် စုကူးနှင့်တိုက်ခိုက်နေသော စုထိုက်၏တိုက်ကွက်များသည် အလွန်အဆင့်မြင့်ကြောင်း ချိုယင်းဝေ တွေ့လိုက်ရသည် မဟုတ်ပါလား။

ချိုယင်းဝေ ကြည့်နေစဉ်မှာပင် စုထိုက်နှင့် စုကူးအကြားသို့ နားထိုင်းဘုန်းကြီး ဝင်ရောက်သွားသည်ကို မြင်တွေ့လိုက်ရလေသည်။

* * *

စုထိုက်ဆရာတော်သည် နားထိုင်းဘုန်းကြီးအား စူးစိုက်၍ကြည့်လိုက်ပြီး တိုက်ခိုက်လိုက်လေသည်။

သို့သော် သူတို့၏တိုက်ခိုက်မှုသည် လမ်းတဝက်၌ ရပ်တန့်သွားလေတော့သည်။

အကြောင်းမှာ သူသည် နားထိုင်းဘုန်းကြီး၏ သိုင်းကွက်တစ်ကွက်ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် နားထိုင်းဘုန်းကြီးအား အံ့သြစွာကြည့်လိုက်ပြီး. . .

"မင်း ဘယ်သူလဲ"

ဟု မေးလိုက်လေသည်။

နားထိုင်းဘုန်းကြီးက ပြုံးလိုက်ပြီး. . .

"စု ရှမ်း ပါ. . ."

ဟု တစ်လုံးချင်း ပြောလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စုထိုက်ဆရာတော်က ဦးခေါင်းကို ခါယမ်းကာ. . .

"မဟုတ်ဘူး မဟုတ်ဘူး၊ မင်း. . .စုရှမ်းမဟုတ်ဘူး"

နားထိုင်းဘုန်းကြီးက မိမိ၏မျက်နှာအတုကို ဆွဲ၍ခွာလိုက်လေသည်။

နားထိုင်းဘုန်းကြီး၏ မျက်နှာအတု ကွာသွားပြီးနောက် မျက်နှာသစ်တစ်ခု ပေါ်လာလေသည်။

စုထိုက်ဆရာတော်သည် နားထိုင်းဘုန်းကြီး၏မျက်နှာကိုကြည့်ပြီး မယုံကြည်နိုင်လောက်အောင် အံ့ဩနေမိပေသည်။

အတန်ကြာမှ စကားထစ်ထစ်ငေါ့ငေါ့ဖြင့်. . .

"မဖြစ်နိုင်ဘူး၊ မင်းဟာ စုရှမ်းမဖြစ်နိုင်ဘူး၊ စုရှမ်းသေပြီ၊ ငါကိုယ်တိုင်သတ်လို့သေပြီ"

ဟု ပြောလိုက်လေသည်။

နားထိုင်းဘုန်းကြီးတစ်ဖြစ်လဲ စုရှမ်းက ရယ်မောလိုက်ပြီး. . .

"ကျုပ်မသေလို့ ခင်ဗျားတွေ့ရတာပေါ့"

စုထိုက်ဆရာတော်သည် အံကို တစ်ချက်တင်းတင်းကြိတ်လိုက်လေသည်။

သူ၏မျက်နှာပေါ်တွင် ဇောချွေးများ စီးကျနေပေသည်။

သူ၏ခြေဖျားလက်ဖျားများသည် အေးစက်နေပြီး သူ၏အသားအရေများသည် တဆတ်ဆတ် တုန်ယင်နေလေသည်။

ထို့နောက် သူသည် အရူးတစ်ယောက်သဖွယ် တဟားဟား ရယ်မောလိုက်ပြီး. . .



"အရင်က မသေပေမယ့် အခုသေရမယ်"

ဟုပြောကာ စုရှမ်းအား တရကြမ်း တိုက်ခိုက်လိုက်လေသည်။

တခဏအတွင်း၌ပင် လက်ဝါးချင်းရိုက်သံ၊ အော်ဟစ်သံများပေါ် ထွက်လာပြီး ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွားလေတော့သည်။

ချိုယင်းဝေနှင့် စူးခုံးယက်တို့သည် စုထိုက်ဆရာတော်အားဝင်ရောက်ဟန့်တားရန် ကြိုးစားသော်လည်း ဖဏ်ရာအသီးသီးရကာ နောက်ဆုတ်လိုက်ရလေတော့သည်။

စုစွမ်းနှင့် စုကူးတို့နှစ်ယောက် ပူးပေါင်း၍ စုထိုက်ကို တိုက်ခိုက်ကြသော်လည်း စုထိုက်က အသာစီးမှ တိုက်ခိုက်နေပေသည်။

"ဝုန်း"

တူသောအသံနှင့်အတူ စုရှမ်းသည် ရင်ဘတ်၌ စုထိုက်၏လက်ဝါးတစ်ချက်မိကာ နောက်သို့ သုံးလေးလှမ်းမျှ ဆုတ်သွားလေသည်။

စုကူးသည် စုထိုက်ကို တုံ့ပြန်တိုက်ခိုက်နေရာမှ ရုတ်တရက် ခွေသော့အား စုထိုက်၏ဦးခေါင်းပေါ်မှကျော်၍ နောက်သို့ပစ်လိုက်လေသည်။

စုထိုက်သည် စုကူးကို တိုက်ခိုက်နေရာမှ ရုတ်တရက် ရပ်တန့်လိုက်ပြီး နောက်သို့ တစ်ပတ်ကျွမ်းထိုးကာ ခွေသော့အား ကောက်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတဒင်္ဂအချိန်ကလေးအတွင်းမှာပင် စုကူးသည် လေထဲ၌ တစ်ပတ်ကျွမ်းထိုးလိုက်ပြီး မိမိရှိသမျှ အင်အားကို အသုံးပြုကာ စုထိုက်ကို ခြေစုံကန်လိုက်လေသည်။

စုထိုက်သည် ရွှေသော့ကို ကောက်ယူပြီး မတ်တတ်ရပ်လိုက်သည်နှင့် စုကူး၏ခြေထောက်အစုံက မိမိရင်ဘတ်သို့ ကန်လိုက်ခြင်း ခံလိုက်ရလေသည်။

"ဝုန်း"

ဟူသောအသံနှင့်အတူ စုထိုက်၏ခန္ဓာကိုယ်သည် နောက်သို့ လွင့်စဉ်သွားပြီး သူ၏လက်ထဲမှသော့လည်း လွင့်စဉ်သွားလေသည်။

ရွှေသော့သည် ချိုယင်းဝေ၏ခြေထောက်အနီးသို့ လွင့်စဉ်ကျလာလေသည်။

စုထိုက်သည် လဲကျရာမှ ကပျာကယာ ထလိုက်လေသည်။

ထိုစဉ် ရုတ်တရက် သူ၏ပါးစပ်မှ သွေးများ အန်ကျကာ မြေပေါ်သို့ ဖူးထောက်လဲကျသွားလေသည်။

သို့သော် သူသည် အားယူ၍ ပြန်လည်ထလိုက်ပြီး စုကူးနှင့်စုရှမ်းကို တစ်ချက်မျှ ကြည့်လိုက်လေသည်။

ထို့နောက် သူသည် ယိမ်းယိုင်သော ခြေလှမ်းများဖြင့် ချိုယင်းဝေရှိရာသို့ လျှောက်သွားလေသည်။

သို့သော် လမ်းတစ်ဝက်၌ ပြန်လည် လဲကျသွားပြီး အသက်ကို ပြင်းစွာ ရှူရှိုက်နေရလေသည်။

BURMESE CLASSIC



ထို့နောက် သူသည် လဲကျနေရာမှ ဝမ်းလျားထိုး၍ ချိုယင်းဝေ၏ခြေထောက်အနီးမှ ရွှေသော့ကို လှမ်းယူလိုက်လေသည်။

သို့သော် သူ၏လက်များ ရွှေသော့နှင့် တစ်လက်မအကွာခန့် အရောက်တွင် ရပ်တန့်သွားလေသည်။

တဆက်တည်းမှာပင် သူ၏ဝိညာဉ်သည် ခန္ဓာကိုယ်မှ ထာဝရခွဲခွာသွားပြီ ဖြစ်ပါတော့သည်။

စုကူးသည် စုထိုက်ဆရာတော်အနီးသို့ လျှောက်လာပြီး စုထိုက်၏အလောင်းကို ပွေ့ချီလိုက်လေသည်။

စုကူး၏မျက်လုံးအိမ်ထဲ၌လည်း မျက်ရည်စများ တွဲခိုနေလေသည်။

ထို့နောက် သူသည် ချိုယင်းဝေကို တစ်ချက်ကြည့်လိုက်ပြီး ဘာမှမပြောဘဲ စုထိုက်၏အလောင်းကို ပွေ့ချီ၍ ထိုနေရာမှ ထွက်ခွာသွားလေသည်။

ချိုယင်းဝေသည် မိမိခြေထောက်အနီးမှ ရွှေသော့ကို ကောက်ယူလိုက်ပြီး စုကူးအား လှမ်း၍. . .

"ဒီမှာ ခင်ဗျားတို့ရဲ့ရွှေသော့၊ ယူသွားဦးလေ"

ဟု ပြောလိုက်လေသည်။

စုကူးက ချိုယင်းဝေကို လှည့်ကြည့်လိုက်ပြီး. . .

"ဒီရွှေသော့ဟာ အစစ်မဟုတ်ဘူး၊ ကျုပ်ဘာသာကျုပ်လုပ်ထားတဲ့ အတုပါ"

ဟု ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူသည် ချိုယင်းဝေကို ပြုံးပြလိုက်လေ၏။

မျက်ရည်များကြားမှ စုကူး၏အပြုံးသည် ချိုယင်းဝေ၏ ရင်ကို ကြေကွဲသော ခံစားမှုတစ်ခု ပေးစွမ်းနေသည်ဟု ချိုယင်းဝေ၏ စိတ်ထဲ၌ ခံစားလိုက်ရလေသည်။

အကယ်၍သာ စုကူးနှင့်စုထိုက်တို့သည် ညီအစ်ကို အရင်းမှန်း ချိုယင်းဝေ သိခဲ့မည်ဆိုပါက ချိုယင်းဝေ၏ရင်ထဲ မည်သို့ခံစားရမည်နည်း။

ထိုစဉ် ခေါင်းလောင်းမျှော်စင်မှ ခေါင်းလောင်းသံ ပေါ် ထွက်လာလေသည်။

ထိုခေါင်းလောင်းသံသည် ကြေကွဲဝမ်းနည်းစရာများကို သယ်ဆောင်၍ လေထဲ၌ ပျံ့လွင့်သွားလေတော့သည်။

ပြီးပါပြီ။

BURMESE CLASSIC

www.burmeseclassic.com